The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 33 တနင်္လာနေ့တိုင်းထုတ်ဝေသည် August 31 , 2015

## မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ၌ လက်ရှိဖြစ်ပေါ်နေတဲ့ စိန်ခေါ်မှုများ

| ဆက်အောင် |

၂၀




## မြေပဲဆီလား စားအုန်းဆီလား ရွေးချယ်စားသုံးတတ်ကြစေဖို့



၁၄

၂၇

အီးယူနှင့် မြန်မာတို့ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးတော့မည်

၂၆

CP Five Star မှ စားသုံးသူများအား Honda Insight Hybrid ကားခြောက်စီးကို ကံစမ်းမဲဖောက်ပေးမည်

သမဝါယမဘဏ်မှ CB-MPU Credit Card ကို ပထမဦးဆုံးအဖြစ် စတင်ထုတ်ဝေ

၂၆

City Mart

City Mart Supermarket

လှည်းတန်း စင်တာ ဆိုင်ခွဲ

*Your Family's Lifestyle Choice*

**ကမာရွတ်မြို့နယ်၊ လှိုင်မြို့နယ်၊ ဗဟန်းမြို့နယ်နေ စားသုံးသူမိဘပြည်သူများနှင့် တက္ကသိုလ်နယ်မြေရှိ ကျောင်းသား၊ကျောင်းသူများအတွက်**

စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံကို စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်မည့် အပြင် အခြားသော ဝန်ဆောင်မှုများနှင့်အတူ (၂၂)ဆိုင်မြောက်ဆိုင်ခွဲသစ်ကို ကမာရွတ်မြို့နယ်၊ ပြည်လမ်းမကြီးပေါ်ရှိ လှည်းတန်းစင်တာကြီး၏ မြေအောက်ထပ်တွင် ဖွင့်လှစ်လိုက်ပါပြီ...

# NOW OPEN!

## Hledan Center Branch

On 21st August, 2015

**ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ်**

**" "အထူးဈေးနှုန်းများနှင့် ဆုလက်ဆောင်များစွာ" "**

**OPEN DAILY 9:00 am ~ 9:00 pm**

**City Mart Supermarket** (Hledan Center Branch)

ပြည်လမ်းမကြီး နှင့် လှည်းတန်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

Ph : 01- 230 4407, 01- 230 4408, 01- 230 4409

CITY BOOKS & MUSIC

CityCare

SEASONS Bakery & Café



# Ocean

SUPERCENTER



BEST VALUE PRODUCTS AND MORE...

**မိသားစုအားလုံး ဈေးဝယ်ထွက်ရန် အကောင်းဆုံး နေရာ**

LIKE US ON facebook

Ocean Supercenter Myanmar

www.oceansupercenter.com.mm

North Point ဆိုင်ခွဲ - ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း : ၀၁ - ၆၅၂၉၅၉ ~ ၆၂

ပုဇွန်တောင်ဆိုင်ခွဲ - မဟာဗန္ဓုလလမ်းနှင့် ဘာဝတီသာလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း : ၀၁ - ၃၉၇၁၃၄၊ ၃၉၇၁၃၉၊ ၃၉၇၉၀၆၊ ၃၉၇၉၀၇

ရွှေဂုံတိုင်ဆိုင်ခွဲ - ရွှေဂုံတိုင်လမ်းနှင့် ဗညားဒလလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း : ၀၁ - ၈၆၀၃၈၆၈

ဥတ္တရသီရိ နေပြည်တော်ဆိုင်ခွဲ - Commercial Complex၊ ဇေယျာသုခလမ်းနှင့် မန္တလေးလမ်းထောင့်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း : ၀၆၇ - ၄၁၀၆၂၀ ~ ၂၁

Junction Centre နေပြည်တော်ဆိုင်ခွဲ - Junction Centre (နေပြည်တော်)၊ ဟိုတယ်ဇုန်ရှေ့ ရာဇသင်္ဂဟလမ်းမကြီး၊ နေပြည်တော်။ ဖုန်း : ၀၆၇ - ၄၂၁၆၁၉ ~ ၂၀

Diamond Plaza မန္တလေးဆိုင်ခွဲ - Yadanarpon Diamond Plaza၊ ၇၈လမ်း၊ ၃၃နှင့် ၃၄လမ်းကြား၊ မန္တလေး။ ဖုန်း : ၀၂ - ၇၃၁ ၈၉၇၆၂၊ ၀၂ - ၇၃၁ ၁၁၅၀၁

မဟာလာမန္တလေးဆိုင်ခွဲ - ၇၃လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား၊ မန္တလာသီရိအားကစားကွင်းရှေ့၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။ ဖုန်း : ၀၂ - ၂၅၁၀၉၉၆၇၁၂ ~ ၁၆

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း

## Training of Trainers Short Course for International Trade Promotion

## သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းဖွင့်လှစ်သော Training of Trainers Short Course for International Trade Promotion သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံမှ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေပြီး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အသိုင်းအဝိုင်းများတွင် ပိုမိုတက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုမူဝါဒအသစ်ချမှတ်၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုချဲ့ထွင်မြှင့်တင်ရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများဖြစ်သော ဖြေလျှော့ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးကို ပိုမိုဖွင့်လှစ်ပေးခဲ့ရာတွင် ကုန်သွယ်မှုမြှင့်တင်ခြင်းဆောင်ရွက်လုပ်ကိုင်ရမည့် နည်းစနစ်များ၊ နိုင်ငံတကာ ကုန်သွယ်မှုနှင့်ပတ်သက်သည့်ဆောင်ရွက်နေမှုများကို ပိုမိုသိရှိနားလည်ရန် လိုအပ်လာသည့်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် JICA တို့ပူးပေါင်းပြီး ယခုသင်တန်းကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်မှုများ၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ၊ ဝန်ဆောင်မှုပုံစံများ၊ ဈေးကွက်သတင်းအချက်အလက်ကောက်ခံခြင်း၊ လက်ရှိမြန်မာနိုင်ငံ၌ ဖွင့်လှစ်ဆောင်ရွက်နေသည့် ကုန်သွယ်မှုဗဟိုစင်တာ၏ အခြေခံမူဝါဒများနှင့် ဝန်ဆောင်မှုများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်မှုများ စသည်တို့ကို သင်ကြားလေ့လာဆွေးနွေးနိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ Team Leader Mr. MISHIMA က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ သင်တန်းသား/သူ ၅၀ ဦးနှင့် ဖိတ်ကြားထားသူများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

## EDNA Myanmar ၏ တစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် နည်းပညာနှင့် လုပ်ငန်းဖွံ့ဖြိုးမှု မြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

EDNA Myanmar ၏ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် စွန့်ဦးတီထွင် စီးပွားရေးစွမ်းဆောင်မှုနည်းပညာနှင့် လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေး ဆွေးနွေးပွဲကို ဩဂုတ် ၂၉ရက်က ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို EDNA Myanmar မှကြီးမှူးကျင်းပခြင်းဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနမှ တာဝန်ရှိသူများ၊ EDNA Myanmar မှ ဖွင့်လှစ်လျက်ရှိသည့် တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးရေးသင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

ယင်းဆွေးနွေးပွဲတွင် ယခင်သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများက လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ၎င်းတို့ တွေ့ကြုံခဲ့ရသည့် အခြေအနေများ၊ အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေက တက်ရောက်လာကြသည့် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လက်ရှိလုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းများအား တစ်နိုင်တစ်ပိုင်အဆင့်မှ အသေးစား အလတ်စားအဆင့်သို့ တက်လှမ်းနိုင်အောင်လုပ်ဆောင်ကြရန်၊ ထိုမှတစ်ဆင့် နိုင်ငံတကာသို့ ထိုးဖောက်နိုင်သည်အထိ လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

အစိုးရဌာန ဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဝေဖန်အကြံပြု ပြောကြားလိုပါလျှင်
President Office
Hotline : 01 – 2399666
သို့ ဆက်သွယ်နိုင်ပါသည်။

ဌာနဆိုင်ရာတွေ ပညာပြရင်. . . .

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်ဌာန၏

Hotline ၀၁- ၂၃၉၉၆၆၆ သို့ ဖုန်းဆက်ပြီး
ပြည်သူများနေ့စဉ်ကြုံတွေ့နေရသော ဌာနဆိုင်ရာ အခက်အခဲများအား ဝေဖန်အကြံပြုနိုင်ပါပြီ။
(TW-KAWKAREIK)

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လွိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.33 Monday August 31 2015

# စက်တင်ဘာလလယ်မှာ ဆန် Export ပြန်ဖွင့်မည်ဆိုသည့် သတင်းကြောင့် ဆန်ကြမ်းအဝယ်လိုက်ကာ ဈေးပြန်တက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးကွက်မှာ ဩဂုတ်လ ၂၈ ရက်နေ့ဈေးနှုန်းများ အရ ဖျာပုံပေါ်ဆန်း လတ်စတစ်အိတ်ကို ၃၈၅၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းလတ်စ ၃၇၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းဈေးနှုန်း ၄၉၀၀၀ ကျပ်မှ ၅၁၀၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် ဆန်ချောတစ်အိတ်ကို ၅၀၀ ကျပ်ခန့်ဈေးပြန်ကျခဲ့တာ တွေ့ရပါတယ်။

ဆန်ချောအဝင်ပုံမှန်ရှိနေသော်လည်း အချောအဝယ် အနည်းငယ်ဆိုင်းနေလို့ ဆန်ချောဈေး အနည်းငယ်ကျရခြင်း ဖြစ်ကြောင်း၊ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ လတ်စတစ်အိတ် ၂၁၀၀၀ ကျပ်၊ ထိပ်စ ၂၃၀၀၀ ကျပ်၊ မိုးသုခဈေးနှုန်း ၂၃၅၀၀ ကျပ်မှ ၂၅၅၀၀ ကျပ်၊ မီးကောက် ၂၄၅၀၀ ကျပ်မှ ၂၅၅၀၀ ကျပ်၊ ဆင်းသွယ်လတ် ၂၅၀၀၀ ကျပ်မှ ၂၆၅၀၀ ကျပ်၊ နွေဆန်ရှယ်ဈေးနှုန်း ၂၁၀၀၀ ကျပ်မှ ၂၂၅၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၁၅၀၀ ကျပ်အတွင်း ဈေးတက်သွားတာ တွေ့ရပါတယ်။ လာမယ့် စက်တင်ဘာလလယ်မှာ Export ပြန်ဖွင့်မည်ဆိုတဲ့သတင်းကြောင့် ဆန်ကြမ်းအဝယ်လိုက်နေကာ ဈေးနှုန်းပါတက်သွားရခြင်းဖြစ်ကြောင်း၊ ဝါးတန်းဒိုင်သို့ ဆန်ချောပုံမှန်ဝင်နေ သော်လည်း ဆန်ကြမ်းတွေက အဝင်လည်း နည်းသွားချိန်မှာ အဝယ်လည်းသွက်လာလို့ ဆန်ကြမ်းဈေးတွေ တက်သွားရတာဖြစ်တယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် တစ်အိတ် ၁၀၈ ပေါင်ကို ၁၈၅၀၀ ကျပ်-၁၉၀၀၀ ကျပ်ခန့်ဈေးရှိပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးတက်ခဲ့ကြောင်း၊ ရေဘေးကြောင့် ဆန်ပြည်ပတင်ပို့မှုလိုင်စင် ပိတ်ထားသော်လည်း စက်တင်ဘာလလယ်မှာ ဆန် Export ပြန်ဖွင့်မည်ဟု ဆန်စပါးအသင်းချုပ် တာဝန်ရှိသူများ၏ ပြောကြားချက်များကြောင့် ဆန်ကြမ်းဈေးကွက် ရုတ်တရက်မြင့်တက်သွားရခြင်း ဖြစ်ကြောင်းနှင့် ရေဘေးအတွက် ဝယ်ယူမှုအချို့လည်း ရှိနေကြောင်း သိရှိရပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်ဆန်ဈေးကွက်မှာ ယခင်တစ်ပတ် ဆန်ဈေးနှုန်းများဖြစ်တဲ့ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ်ကို ၁၄၂-၁၄၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် မနောသုခ မော်ဘီ ၁၃၅-၁၃၈ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ ၁၂၅-၁၃၀ ယွမ်၊ ငစိန် ၅ မှတ် ၁၃၇-၁၃၉ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၂-၁၃၄ ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၆-၁၃၀ ယွမ်တို့ဖြင့် ဆက်လက်ရောင်းဝယ်နေသော်လည်း မူဆယ်ဆန်စပါးကုန်စည်ဒိုင်သို့ နှစ်ဖက်ကုန်သည် အလာကျဲသွားပြီး မူဆယ်ရောက်ပြီးသား လက်ကျန်ဆန်အနည်းငယ်သာ အရောင်းအဝယ်ရှိတော့ကြောင်း မူဆယ်ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဩဂုတ်လ ၂၁ ရက်နေ့ထိ တန်ချိန် ၆၇၆၂၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၄ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၂၈၁၁၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၁ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရှိရပါတယ်။ ပြည်တွင်းဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် ရေဘေးကြောင့် ပြန်စိုက်စပါးပေါ်ချိန်နောက်ကျနိုင်ခြင်း၊ ဩဂုတ်၊ စက်တင်ဘာလများသည် နှစ်စဉ် စပါး၊ ဆန်လက်ကျန် လျော့နည်းလာသောကာလဖြစ်ပြီး စပါး၊ ဆန်ဈေးကောင်းလေ့ရှိခြင်း၊ တိုင်းဒေသကြီးအချို့နှင့် ပြည်နယ်အချို့တွင် ရေလွှမ်းမိုးမှုခံခဲ့ရသဖြင့် စိုက်ပျိုးထားသည့် စပါးခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ ဝမ်းစာသိုလှောင်ထားသည့် စပါး၊ ဆန်များ ရေနစ်ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ရာ ဒေသတွင်း စားသုံးရန် ဆန်လိုအပ်ချက်များရှိနေသည့်ပြင် ရေဘေးကြောင့် ပြည်ပသို့ ဆန်တင်ပို့ခွင့်ရပ်နားထားခြင်းကို စက်တင်ဘာလလယ်တွင် ပြန်ဖွင့်မည်ဆိုသည့်သတင်းနှင့် ငွေလဲနှုန်း မြင့်မားနေခြင်းစတဲ့ အချက်များကြောင့် ဆန်ကြမ်းတွေ ဈေးဆက်မာနိုင်တယ်လို့ ဆန်ဈေးကွက်မှ သုံးသပ်လျက်ရှိကြောင်း သိရှိရပါတယ်။

**သန်းအေး-ဆန်စပါး**

# ရေပြန်လည်ကျဆင်းလာသဖြင့် ပုသိမ်ဆန်ဈေးကွက်တွင် ဈေးနှုန်းကျဆင်းကာ အရောင်းအဝယ်အေး

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ပေါ်ရှိ ဆန်ဈေးကွက်မှာ ဩဂုတ်လ ပတမပတ်ရေမကြီးမီဆန်ဈေးနဲ့ ဒုတိယပတ် ၁၀ ရက်ခန့် ရေကြီးချိန်ဈေးနှုန်းမြင့်တက်သွားရာမှ ယခုစတုတ္ထပတ်တွင် ဆန်ဈေးနှုန်း ပြန်လည်ကျဆင်း၍ အရောင်းအဝယ် အေးလျက်ရှိကြောင်း၊ ဩဂုတ်လ ပထမပတ်အတွင်းရေမကြီးမီ ဧရာဝတီပေါ်ဆန်း ဆန်တစ်အိတ်ကို ၄၀၀၀၀ ကျပ်၊ ၄၁၀၀၀ ကျပ်၊ ပေါ်ဆန်းရင် ဆန်တစ်အိတ် ၃၈၀၀၀ ကျပ်၊ ၃၉၀၀၀ ကျပ်၊ မနောသုခ၊ မျိုးပွား၊ မီးကောက်ဆန် တစ်အိတ်ကို ၁၉၀၀၀ ကျပ်၊ ၁၉၅၀၀ ကျပ်၊ သီးထပ်ရင် ဆန်တစ်အိတ်ကို ၁၈၀၀၀ ကျပ်၊ ၁၈၅၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

ဩဂုတ်လ ဒုတိယပတ် ပုသိမ်မြို့ပေါ် ၁၀ ရက်ခန့်ရေကြီးချိန် မြို့ပေါ်ရှိ ဆန်စက်များ ခေတ္တရပ်နားထားရပြီး လုပ်သားများ အလုပ်မဆင်းနိုင်ဘဲ သွားလာမှု အခက်အခဲဖြစ်ပွားခြင်း၊ ပြည်၊ ဟင်္သာတ၊ ကြံခင်း၊ မြန်အောင်မြို့များမှ ဆန်အဝယ်လိုက်သဖြင့် ဧရာဝတီပေါ်ဆန်းဆန် တစ်အိတ် ၄၂၀၀၀ ကျပ်၊ ၄၃၀၀၀ ကျပ်၊ ပေါ်ဆန်းရင် ဆန်တစ်အိတ် ၄၀၀၀၀ ကျပ်- ၄၁၀၀၀ ကျပ်ဈေးဖြစ်သွား၍ ပေါ်ဆန်းတစ်အိတ်ကို ကျပ် ၁၀၀၀ ၊ ၂၀၀၀ ခန့် ဈေးနှုန်းမြင့်တက်သွားပြီး မနောသုခ၊ မျိုးပွား၊ မီးကောက်ဆန် တစ်အိတ်ကို ၂၃၀၀၀-၂၄၀၀၀ ကျပ်၊ သီးထပ်ရင်ဆန် တစ်အိတ်ကို ၂၂၀၀၀-၂၃၀၀၀ ကျပ်ဈေးဖြစ်သွားပြီး၊ ဆန်တစ်အိတ်ကို ၄၀၀၀-၅၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းမြင့်သွားကြောင်း ဈေးကွက်မှ သိရပါတယ်။

ယခုဩဂုတ်လ စတုတ္ထပတ်တွင် ဆန်ဈေးနှုန်း လဆန်းပိုင်းက ဈေးနှုန်းအတိုင်း ဧရာဝတီပေါ်ဆန်း ၄၀၀၀၀-၄၁၀၀၀ ကျပ်၊ ပေါ်ဆန်းရင်ဆန် တစ်အိတ်ကို ၃၈၀၀၀-၃၉၀၀၀ ကျပ်၊ ဈေးနှုန်းပုံမှန်ဖြစ်သွားပြီး ရေကြီးချိန် မနောသုခမျိုးပွား မီးကောက် ဆန်တစ်အိတ်ကို ယခင် ၂၃၀၀၀-၂၄၀၀၀ကျပ်မှယခု ၂၂၀၀၀ -၂၃၀၀၀ ကျပ်၊ သီးထပ်ရင် ဆန် တစ်အိတ်ကို ယခင် ၂၂၀၀၀-၂၃၀၀၀ ကျပ်ဈေးမှ ယခု ၂၁၅၀၀-၂၂၀၀၀ ကျပ်ဖြစ်လို့ ဆန်တစ်အိတ်ကို ၅၀၀-၁၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းကျဆင်း၍ အရောင်းအဝယ် အေးသွားကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၇-၈-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၈ | ၃၇၇ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၀ | ၃၆၉ | ▽ | ၃၃၀ | ၃၂၅ | ▽ | ၃၆၀ | ၃၆၀ | □ | ၃၃၀ | ၃၂၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၉ | ၃၅၉ | □ | ၃၁၅ | ၃၁၀ | ▽ | ၃၄၀ | ၃၃၅ | ▽ | ၃၁၀ | ၂၉၅ | ▽ |
| ပေါင်းဆန် | ၃၆၅ | ၃၆၅ | □ | - | - | - | ၃၅၅ | ၃၅၅ | □ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၇-၈-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၅ | ၄၈၅ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၆၀ | ၄၆၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၈-၈-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၈၇၆ | □ | ၂၂၀၀၀ | □ | ၈၀၉၆ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၀၆၀ | □ | ၂၃၀၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၄၉၀၀ | △ | ၂၀၀၀၀ | □ | ၇၆၀၀ | △ | ၃၃၅၀၀ | △ |
| ရွှေဘို | ၅၄၀၀ | □ | ၂၂၀၀၀ | □ | ၁၃၃၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | ▽ | ၈၀၀၀ | △ | ၃၆၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၆၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၈၅၀ | △ | ၂၁၀၀၀ | △ | - | - | ၃၇၀၀၀ | ▽ |
| မန္တလေး | ၅၅၀၀ | △ | ၂၃၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၂၀၅၀၀ | □ | ၈၂၀၀ | □ | ၃၅၀၀၀ | □ |
| လွိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၄၅၀၀၀ | ▽ |
| မြိတ် | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၁၀၀၀ | □ |
| ဘားအံ | ၅၂၀၀ | □ | ၂၃၀၀၀ | △ | - | - | ၃၅၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၅၁၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်နဲ့ ဆန်ကွဲအနည်းငယ်စီတင်ပို့

မြန်မာနိုင်ငံတစ်ဝန်းရေကြီးမှုကြောင့် ပြည်တွင်းစားသုံးမှု ဖူလုံစေရန် ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုကို ခေတ္တရပ်ဆိုင်းထားတဲ့အတွက် လိုင်စင်ယူထားပြီး လက်ကျန်ဆန်များသာ တင်ပို့နေခြင်းဖြစ်ပါတယ်။ ဩဂုတ်လ ၁၆ ရက်မှ ၂၂ ရက်နေ့ထိ ကာလအတွင်းမှာတော့ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၁၀၅ သန်းဖိုးရှိပေါင်းဆန်နဲ့ ဆန်ဖြူ ၂၆၅ တန်ခန့်သာ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံတွေကတော့ ဒိန်းမတ်နိုင်ငံသို့ ပေါင်းဆန်တန် ၁၄၀ ကျော်၊ ယူအေအီးနိုင်ငံ ပေါင်းဆန်တန် ၁၀၀ ၊ စင်ကာပူနိုင်ငံသို့ ပေါ်ဆန်း ၁၅ မှတ် ၂၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ဆန်ကွဲ ၂၂၇၆ တန်ကျော်ကိုတော့ တရုတ်နိုင်ငံသို့ ၅၀၁ တန်၊ ဘူလ်ဂေးရီးယားသို့ တန် ၈၅၀ ၊ နယ်သာလန်သို့ ၁၂၅ တန်နဲ့ ဘယ်လ်ဂျီယံသို့ တန် ၈၀၀ အသီးသီး တင်ပို့ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှ ရငွေကတော့ ကန်ဒေါ်လာ သုည ဒသမ ၆၁၃ သန်းဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၈-၈-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၁/၈ | ၂၈/၈ | ပြောင်းလဲမှု | ၂၁/၈ | ၂၈/၈ | ပြောင်းလဲမှု | ၂၁/၈ | ၂၈/၈ | ပြောင်းလဲမှု | ၂၁/၈ | ၂၈/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၄၁၅ | ၂၃၀၂ | ▼ | ၂၅၅၀ | ၂၄၈၃ | ▼ | ၂၇၀၀ | ၂၅၁၀ | ▼ | - | - | - |
| ၂ | ပဲစင်းငုံ | ၂၇၇၆ | - | - | ၂၆၆၇ | ၂၅၈၃ | ▼ | - | ၂၅၀၀ | - | - | - | - |
| ၃ | ပဲတီစိမ်း | ၂၀၈၀ | ၂၀၆၅ | ▼ | ၁၃၅၁ | ၁၃၉၆ | ▲ | ၁၇၇၉ | ၁၇၇၉ | ■ | ၁၆၈၅ | ၁၅၈၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၈၅၀ | ၁၈၅၀ | ■ | - | - | - | - | - | - | ၁၅၃၀ | ၁၅၁၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၂၃၀ | ၁၂၆၅ | ▲ | - | ၁၁၆၇ | - | - | - | - | ၁၁၀၅ | ၁၁၆၀ | ▲ |
| ၆ | ထောပတ်ပဲ | ၉၂၀ | ၉၂၀ | ■ | ၈၇၉ | ၉၀၇ | ▲ | ၈၆၃ | ၈၈၄ | ▲ | ၈၄၂ | ၇၉၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၈-၈-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၀/၈ | ၂၇/၈ | ပြောင်းလဲမှု | ၂၀/၈ | ၂၇/၈ | ပြောင်းလဲမှု | ၂၀/၈ | ၂၇/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၅၀ | ၁၁၂၀ | ▼ | ၁၃၀၃ | ၁၁၉၆ | ▼ | ၁၂၂၆ | ၁၂၁၁ | ▼ |
| ၂ | ပဲစင်းငုံ | ၁၃၂၀ | ၁၃၅၀ | ▲ | ၁၄၇၉ | ၁၄၆၁ | ▼ | ၁၄၄၁ | ၁၄၃၈ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၉၂၀ | ၈၇၈ | ▼ | ၁၀၇၃ | ၉၈၄ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၇၄ | ၇၇၂ | ▼ | ၇၂၀ | ၇၃၄ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၄.၁၅) မှ |
| | (၁၅.၈.၁၅)ထိ | (၂၂.၈.၁၅)ထိ | (၂၂.၈.၁၅) ထိ |
| မတ်ပဲ | ၁၀၃၇၈ | ၁၀၂၃၈ | ၃၄၅၀၁၃ |
| ပဲတီစိမ်း | ၃၉၁၅ | ၇၉၆ | ၈၄၀၀၀ |
| ပဲစင်းငုံ | ၅၀၉၄ | ၅၄၇၀ | ၁၀၄၀၀၁ |
| ကုလားပဲ | ၁၂၆၃ | ၂၇၂ | ၂၂၉၇၉ |
| ပဲလွန်းဖြူ | ၁၃၁ | ၁၉၁ | ၁၀၄၄၀ |
| မြေထောက်ပဲ | ၂၃၂ | ၈၉ | ၁၀၄၀၃ |

## မုံရွာကုန်စည်ဒိုင်စိမ်းကြီးဈေးကွက် ပဲသစ်ပေါ်ချိန် ဈေးကျ

ပြီးခဲ့တဲ့ ဩဂုတ်လ လဆန်းပိုင်းက ဒိုင်မှာ ပဲလက်ကျန်နည်းပြီး Export ဝယ်လက်ဝယ်လိုအားကောင်းခဲ့လို့ စိမ်းကြီးဈေးမှာ တစ်တင်း ၄၁၀၀၀ ကျပ်ထိ ဈေးပေါက်ခဲ့ပြီး ယခုတစ်ပတ် မိုးပဲတီအသစ်တွေ ပေါ်ချိန်မှာတော့ တစ် တင်း ၃၄၀၀၀ ကျပ်ထိ ဈေးကျဆင်းသွားတာ တွေ့ရပါတယ်။

မုံရွာခရိုင် လေးမြို့နယ်မှာတော့ ရာသီဥတုအခြေအနေအရ မိုးကြိုပဲတီကို ရေသွင်းစိုက်ပျိုးမှုများပြားခဲ့ရာ ၁၇၂၈၅ ဧက လျာထားတဲ့အနက် ဧက ၂၃၈၅၀ အမှန်စိုက်နိုင်ခဲ့လို့ ဧက ၆၀၀၀ ကျော်ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်လို့ အချက်အလက်တွေအရ သိရပါတယ်။

ယခုအခါတွင် ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးမှုနောက်ကျခဲ့ရာ လျာထားဧက ၇၃၅၅၀ အနက် ၂၃၆၆၂ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပြီး ဆက်လက်စိုက်ပျိုးကြမယ်လို့ တောင်သူတွေက ဆိုပါတယ်။

လောလောဆယ် မုံရွာဒိုင်မှာ စိမ်းကြီးအသစ်တွေ တစ်ရက် အိတ် ၅၀၀ ခန့်ဝင်ခဲ့ပြီး ဝင်သလောက်ပေါက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲစင်းငုံဈေးအမြင့်နဲ့ ဆက်လက်အရောင်းအဝယ်ဖြစ်

ယခုဩဂုတ်လကုန်ပတ်အတွင်း ပြည်ပဲဈေးကွက်မှ ပဲဈေးနှုန်းအမြင့်ဆုံး ဆက်ရနေတဲ့ ပဲကတော့ ပဲစင်းငုံသီးနှံဖြစ်ပါတယ်။ ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲသီးနှံများထဲတွင် ပဲစင်းငုံဈေးမှာ ဈေးအမြင့်ဆုံးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခင်တစ်ပတ်မှစ၍ ကျပ်ငါးသောင်းကျော်ထိ မြင့်တက်ခဲ့ပြီး ယခုအပတ်မှာ ဆက်လက်မြင့်တက်ခဲ့တာကြောင့် တစ်တင်း ၅၃၀၀၀ ကျပ်ထိ ဈေးကောင်းရနေသလို နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရန်ကုန်ဝယ်လက်မှ ပြည်ပဝယ်လက်ပေါ်မူတည်ပြီး မှာယူတာကြောင့် အရောင်းအဝယ်ဖြစ်တဲ့ ရက်များမှာ အိတ် ၅၀၀ ကျော်ထိ အရောင်းသွက်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာကုန်စည်ဒိုင်ဩဂုတ်လတတိယပတ်ပဲဈေးကွက် မတ်ပဲတက်ဈေးစံချိန်တင်



မုံရွာကုန်စည်ဒိုင် ဩဂုတ်လ တတိယပတ် ပဲဈေးကွက်မှာ မတ်ပဲဈေးစံချိန်တင်မြင့်တက်ခဲ့ရာ တစ်တင်း ၅၄၀၀၀ ကျပ်အထိ ပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။ ဒိုင်မှာ ပဲဟောင်းလက်ကျန်မရှိသလောက်နည်းနေပြီး တစ်ရက်အိတ် ၅၀၊ ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ပါတယ်။ ယခုတစ်ပတ်အတွင်း ရေဦးနယ်ဘက်က မတ်ပဲအသစ်တွေစတင် ဝင်လာခဲ့ရာ တစ်တင်း ၄၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ် နည်းအငယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ်မှာ Export ဝယ်လက်လိုအပ်ချက်ရှိနေလို့ ငုံနီဈေးလည်း တစ်တင်း ၅၁၀၀၀ ကျပ်အထိ အမြင့် ဈေးနဲ့ဖွင့်ခဲ့ပေမယ့် အရောင်းအဝယ် အဖြစ်နည်းတယ်လို့ ဆိုပါတယ်။ ပြည်တွင်းသုံး ထောပတ်ပဲဈေး ဝယ်လိုအားတက်လာလို့ လဆန်းပိုင်းက တစ်တင်း ၁၅၅၀၀ ကျပ်နဲ့ ငြိမ်နေရာက ယခုတစ်ပတ်မှာ ၁၆၈၀၀ ကျပ်ထိ မြင့်လာပါတယ်။

စွန်တာနီ ဈေးကွက်မှာတော့ ဒီလဆန်းက တစ်တင်း ၂၀၅၀၀ ကျပ်အထိ ဈေးမြင့်ခဲ့ပေမယ့် အရောင်းအဝယ် သိပ်မလိုက်ခဲ့ဘဲ ယခုတစ်ပတ် တစ်တင်း ၁၈၀၀၀ ကျပ်ပေါက်ဈေးမှာတော့ ဒေသတွင်း ပဲကြာဇံစက်သမားအဝယ်လိုက်ခဲ့လို့ တစ်ရက် အိတ် ၂၀၀၊ ၃၀၀ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒေသတွင်း လက်လီဝယ်လိုအားသာရှိတဲ့ ပဲနီလုံးကြားလည်း လဆန်းက တစ်တင်း ၂၀၅၀၀ ကျပ်ပေါက်ခဲ့ရာမှ ယခုတစ်ပတ်မှာ ၁၇၅၀၀ ကျပ်အထိ ဈေးကျခဲ့ပြီး အရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့တာ တွေ့ရပါတယ်။

ပဲကြီးဈေးကွက်မှာတော့ ဒေသတွင်း ပဲကြော်ဖိုနဲ့ ရေစကြိုဝယ်လက်ပုံမှန်ရှိနေပြီး တစ်တင်း ၁၃၅၀၀ ကျပ်မှာ ငြိမ်နေကာ တစ်ရက်အိတ် ၃၀၀၊ ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။ ယခုတစ်ပတ်မှာ စီပီပြောင်းဈေးကွက်အနည်းငယ်သွက်လာကာ အဟောင်း တစ်တင်း ၁၁၀၀၀ ကျပ်နဲ့ အသစ် တစ်တင်း ၁၀၀၀၀ ကျပ်အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး ဈေးကွက်သာလို့ ရေစကြိုဘက်က စီပီပြောင်းတွေ တစ်ရက်အိတ် ၅၀၀ ခန့် မုံရွာဈေးကွက်သို့ ဝင်ရောက်နေတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲပုပ်ယခုလကုန်ရက်မှာ ဈေးပြန်လျှော့ခဲ့သလို ယခင်နှစ်ဈေးထက်လည်း ဈေးလျှော့

ပြည်ပဲဈေးကွက်အတွင်း ယခင်တစ်ပတ်အထိ ပဲဈေးများ အားလုံးလိုလို ဈေးမြင့်တက်ခဲ့တာကြောင့် တစ်နှစ်ပတ်လုံး ဈေးငြိမ်နေတဲ့ ပဲပုပ်သီးနှံဟာ ဈေးမြင့်တက်လာခဲ့တာကို တွေ့ရပြီး ယခုလကုန်ရက်မှာတော့ ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပြန်လျှော့သွားကာ တစ်တင်း ၁၇၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ပဲပုပ်မှာပဲလက်ကျန်များသာရှိပြီး ဝယ်လက်အနေဖြင့်လည်း ဒေသတွင်းသာ အရောင်းအဝယ် ဖြစ်ခဲ့လို့ အိတ် အနည်းငယ်သာ ရောင်းချမှုရှိခဲ့ပါတယ်။ လက်လီအရောင်းအဝယ်ဖြစ်တဲ့ ပဲထဲမှာ ပဲပုပ်သီးနှံဈေးဟာ အနိမ့်ဆုံးဖြစ်နေခဲ့တာကိုလည်း တွေ့ရပါတယ်။ ယခင်နှစ်ဩဂုတ်လအတွင်း တစ်တင်း ၂၀၀၀၀ ကျပ်ရရှိပြီး ယခုနှစ်ဈေးကတော့ ဈေးမြင့်လာခဲ့ပေမဲ့ ယခင်နှစ်ဈေးကို မမီခဲ့ဘူးလို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



## ပြည်ဘိုကိတ် လက်ကျန်နည်းလို့ ဈေးမြင့်လာ

ပြည်ပဲဈေးကွက်အတွင်း လက်လီအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဘိုကိတ်ပဲသီးနှံဟာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲအနည်းငယ်ရှိခဲ့လို့ ဒေသတွင်း ဝယ်လက်ဖြစ်တဲ့ လက်လီသမားအချို့ အဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှ ဩဂုတ်လလယ်မှစ၍ ဈေးပိုလာခဲ့ပြီး ယခုလကုန်ပတ်မှာလည်း ဈေးဆက်ပိုလာခဲ့ကာ တစ်တင်း ၂၄၀၀၀ ကျပ်ထိ ရရှိခဲ့ပါတယ်။

ဘိုကိတ်ပဲဈေးနှုန်းမှာ ပဲသစ်ပေါ်စအချိန်က တစ်တင်း ၁၅၀၀၀ ကျပ်ခန့်သာ ရရှိပြီး ဈေးငြိမ်ငြိမ်နဲ့သာ တစ်နှစ်ပတ်လုံးအရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုဩဂုတ်လမှစ၍ ဈေးနှုန်းများ အသီးသီးမြင့်တက်လာမှုအပေါ် ဘိုကိတ်ပဲသီးနှံလည်း ဈေးမြင့်တက်ခဲ့လို့ ယခုလအတွင်း လဆန်းရက်အစမှာ တစ်တင်း ၁၈၀၀၀ ကျပ်သာရရှိခဲ့ပြီး လကုန်မှာ တစ်တင်း ကျပ်ခြောက်သောင်းခန့်ပိုခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲဈေးကွက်မှာ ပြည်ပဝယ်လက်ရှိတဲ့ပဲများနည်းတူ ပြည်တွင်းအရောင်းအဝယ်ဖြစ်တဲ့ ပဲများလည်း ဈေးကောင်းရနေ

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရဲ့အဓိက အရောင်းအဝယ်ဖြစ်သော ပဲများရဲ့ ဈေးနှုန်းအားလုံးလိုလို ဈေးလျော့နည်းကျဆင်းသွားခြင်းမျိုးမရှိသလောက်ဖြစ်ခဲ့ပြီး ပဲဈေးအားလုံး ဈေးမြင့်တက်လျက်ရှိရာ Export ဝယ်လက်ရှိသော ပဲတီစိမ်း၊ ပဲစင်းငုံနှင့် မတ်ပဲသီးနှံများအနက် မတ်ပဲသီးနှံသာ အမြင့်ဈေးနဲ့ငြိမ်နေပြီး ပဲတီစိမ်းနဲ့ ပဲစင်းငုံသီးနှံများ ဈေးဆက်မြင့်လာခဲ့ပါတယ်။ ဒေသတွင်းလုပ်ငန်းသမားများသာ အဝယ်ရှိတဲ့ပဲများအနက် ကုလားပဲသီးနှံမှာ ဈေးမြင့်လာပြီး ပဲကြီးနဲ့ အခြားပဲများအားလုံး ဈေးငြိမ်နေခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ ပဲအဝင်မရှိခဲ့ဘဲ လှောင်ပဲလက်ကျန်များရှိခဲ့လို့ ရန်ကုန်ဝယ်လက်မှာ Export ဝယ်လက်ရှိတဲ့ အဝယ်လိုက်တဲ့ရက်များမှာ အိတ် ၂၀၀ နဲ့ ၃၀၀ ကြား အရောင်းအဝယ်ဖြစ်သော်လည်း နေ့စဉ်တော့ အရောင်း အဝယ်မဖြစ်ဘူးလို့ သိရပါတယ်။ မတ်ပဲဈေးနှုန်းမှာ ပဲစင်းငုံနဲ့ ဈေးပြိုင်မြင့်တက်လျက်ရှိရာမှ ဩဂုတ်လဆန်း မှစ၍ ပဲစင်းငုံမှာ မတ်ပဲထက်ဈေးပိုနေကာ တတိယပတ်မှစ၍ ပဲစင်းငုံဈေးမှာ မတ်ပဲဈေးထက် တစ်တင်း ကျပ် ၅၀၀၀ ကျော် ထိ ဈေးပိုရနေခဲ့တာတွေ့ရပါတယ်။

မတ်ပဲဈေးနှုန်းများမှာ ယခင်နှစ်က ဩဂုတ်လအတွင်း လဆန်းရက်ထက် လကုန်မှာဈေးလျော့သွားတာ တွေ့ရပြီး ယခုနှစ်ကတော့ လဆန်းရက်ဈေးထက် လကုန် ရက်များမှာ ဈေးပိုရခဲ့ပါတယ်။ ယခင်နှစ် ဩဂုတ်လအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ မတ်ပဲဈေးမှာ လအစတွင် တစ်တင်း ၂၈၆၀၀ ကျပ်ရှိခဲ့ပြီး လကုန်ပတ်မှာတော့ တစ်တင်း ၂၇၂၀၀ ကျပ်ဖြင့် ဈေးလျော့သွားခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံမှာ ယခုတစ်ပတ်တွင် ပဲအဝင်ပြန်ရှိလာပြီး တစ်ရက်အိတ် ၅၀ ကျော်မှ ၁၀၀ အထိ ဝင်ရောက်လာသလို အဝယ်ကလည်း မန္တလေးလိုင်းသမားများအဝယ်ရှိလို့ အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ကျပ် ၄၀၀၀ ခန့်ပိုလာလို့ တစ်တင်း ၃၅၀၀၀ ကျပ်ရရှိခဲ့တယ်လို့ သိရပါတယ်။ ပဲတီစိမ်းသီးနှံက မတ်ပဲ၊ ပဲစင်းငုံသီးနှံကဲ့သို့ ယခုနှစ်အတွင်း ဈေးမကောင်းခဲ့သော်လည်း နှစ်စဉ်ပဲဈေးနှုန်းအရ ပဲတီစိမ်းသီးနှံမှာ နှစ်စဉ်ဈေးကောင်းရခဲ့တဲ့သီးနှံဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်ကလည်း ဩဂုတ်လအတွင်း ပဲတီစိမ်းသီးနှံမှာ တစ်တင်း ၃၂၉၀၀ ကျပ်ရရှိပြီး မတ်ပဲဈေးနဲ့ ပဲစင်းငုံဈေးက ၎င်းဈေးထက်လျော့နည်းခဲ့ပါတယ်။ ကျပ် ၃၀၀၀၀ အောက်သာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့သီးနှံများ ဖြစ်ခဲ့ပါတယ်။

ကုလားပဲသီးနှံမှာလည်း ယခုနှစ်အတွင်း ဈေးကောင်းရခဲ့တဲ့ သီးနှံဖြစ်နေခဲ့ပါတယ်။ ပဲအဝင်မရှိသော်လည်း လက်ကျန်လှောင်ပဲများရှိခဲ့တဲ့အတွက် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ ယခုလအတွင်း ဈေးမြင့်လာပြီး တစ်တင်း ၃၀၀၀၀ ကျပ်ဖြင့် ဈေးအမြင့်ရနေခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးထပ်မြင့်တက်ခဲ့လို့ တစ်တင်း ၃၁၇၀၀ ကျပ်အထိ ရရှိခဲ့ကာ ခွဲစက်သမားများမှ အဝယ်ပုံမှန်ရှိတဲ့အတွက် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ကုလားပဲသီးနှံမှာ ပဲသစ်အဖွင့်ဈေး တစ်တင်း ၁၆၀၀၀ ကျပ်ကျော်ရှိခဲ့ပြီး နောက်ပိုင်း တဖြည်းဖြည်းဈေးကောင်းလာခဲ့ကာ မေ၊ ဇွန်မှစ၍ တစ်တင်းကို ၂၀၀၀၀ ကျပ်ကျော်အထိ ရရှိလာခဲ့သလို ဩဂုတ်လအတွင်းမှာတော့ ဈေးအမြင့်ဆုံး ရလာခဲ့ပြီဖြစ်ပါတယ်။ ယခင်နှစ်ကလည်း တစ်နှစ်လုံး ကုလားပဲဈေးမှာ ဈေးအေးခဲ့တဲ့ သီးနှံဖြစ်ခဲ့ပြီး ယခုနှစ်မှာတော့ ကုလားပဲသီးနှံဈေးကောင်းရလာပြီဖြစ်ပေမယ့် တောင်သူများထံမှာ မျိုးပဲလောက်သာ ကျန်ရှိတဲ့အတွက် အကျိုးအမြတ်ရရှိမှုနည်းခဲ့ပါတယ်။

ပဲကြီးသီးနှံမှာလည်း ကုလားပဲသီးနှံကဲ့သို့ ဒေသတွင်းသာ အရောင်းအဝယ်များပြီး ပဲလှော်ဖို လုပ်ငန်းရှင်များ နေ့စဉ်ဝယ်ယူကြတယ်လို့ သိရပါတယ်။ လက်ကျန်ပဲများ တစ်ရက်အိတ် ၂၅၀ ကျော် ၃၀၀ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာတော့ ယခင်ပတ်အတိုင်း (ရွှေကျွန်း) တစ်တင်း ၃၅၀၀၀ ကျပ်၊ (ကမ်းနား)တစ်တင်း ၃၃၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့ပါတယ်။ ဒေသတွင်း အရောင်းအဝယ်ဖြစ်တဲ့ ပဲထဲမှာ ပဲကြီးသီးနှံမှာ ဈေးလည်းကောင်းခဲ့သလို အရောင်းအဝယ်လည်း သွက်နေခဲ့တာကို တွေ့ရပါတယ်။ ပဲကြီးသီးနှံဈေးဟာ ယခင်နှစ်ထက် တစ်တင်းကို ကျပ်တစ်သောင်းကျော် ဈေးပိုရလာခဲ့တယ်လို့ သိရပါတယ်။

လက်လီသမားများနဲ့ အိတ် အနည်းငယ်သာ အရောင်းအဝယ်ဖြစ်နေတဲ့ စားတော်ပဲသီးနှံဈေးဟာ တစ်တင်း ၃၅၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးအမြင့်နဲ့သာ ဈေးဆက်ငြိမ်နေသလို ပဲနီပြားသီးနှံကလည်း တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့်သာ လက်လီသမားအဝယ်လိုက်ခဲ့လို့ အိတ် ၅၀ မှ ၁၀၀ ကြား အရောင်းအဝယ်သွက်လာခဲ့တယ်လို့ သိရပါတယ်။ ယခုဩဂုတ်လကုန်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုပမာဏအနေဖြင့် မတ်ပဲနှင့် ပဲတီစိမ်းသီးနှံမှာ ပြည်ပဝယ်လက်ရှိပေမဲ့ ပဲတီစိမ်းသီးနှံသာ နေ့စဉ်အရောင်းအဝယ်ဖြစ်ပြီး မတ်ပဲသီးနှံကတော့ ရက်ခြား အရောင်းအဝယ်ဖြစ်ခဲ့သလို ဒေသတွင်းအရောင်းအဝယ်ဖြစ်တဲ့ ကုလားပဲ၊ ပဲကြီးသီးနှံနဲ့ အခြားပဲများကတော့ နေ့စဉ်အရောင်းအဝယ်ဖြစ်နေခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ထောပတ်ပဲ ဈေးပိုလာသော်လည်း လက်ကျန်ပြတ်

ဩဂုတ်လအတွင်း ပြည်ပဲဈေးကွက်ရဲ့ လက်လီသာ အရောင်းအဝယ်ဖြစ်တဲ့ ပဲများထဲမှာ ထောပတ်ပဲ သီးနှံဟာ ပဲလက်ကျန်မရှိတော့တဲ့အတွက် အရောင်းအဝယ်လည်း မရှိသလောက်ဖြစ်ခဲ့ပါတယ်။ လလယ်ထိသာ လက်လီသမား အနည်းငယ်အဝယ်ရှိပြီး ပဲဈေးမှာ တစ်တင်း ၁၈၀၀၀ ကျပ်ခန့်သာရရှိခဲ့ပါ တယ်။

ထောပတ်ပဲသီးနှံဟာ ပဲသစ်ပေါ်စ မတ်လတွင် တစ်တင်း ၁၆၀၀၀ ကျပ်ဈေးဖွင့်ပြီး ပဲအဝင်လှိုင်လာချိန်မှစ၍ ဈေးလျော့ခဲ့ကာ တစ်တင်း ၁၅၀၀၀ ကျပ်အောက်ဖြင့်သာ ဈေးအေးခဲ့ပါတယ်။ ပဲလက်ကျန်ပါးလာချိန် ဩဂုတ်လဆန်းမှစ၍ ဈေးမြင့်လာပြီး ယခုလကုန်မှာတော့ ၎င်းဈေးအတိုင်း ဈေးအမြင့်နဲ့သာ ပဲလက်ကျန်ပြတ်သွားပြီလို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



## မုံရွာကုလားပဲ လက်ကျန်နည်းလို့ ရောင်းလက်ကဲ

မုံရွာကုန်စည်ဒိုင်ဩဂုတ်လတတိယပတ် ပဲဈေးကွက်မှာ ကုလားပဲမျိုးစုံဝယ်လိုအားကောင်းနေပေမယ့် ကုန်သည်တွေရဲ့ ပဲလက်ကျန်လျော့နည်းလာတဲ့ အခြေအနေကြောင့် နေ့စဉ်အရောင်းအဝယ်မဖြစ်ဘူးလို့ ဒိုင်ရပ်ကွက်က သိရပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်က တစ်တင်း ၃၀၀၀၀ ကျပ်အထိ အမြင့်ဈေးရခဲ့တဲ့ V2 ဟာ ယခုအပတ်မှာ တစ်တင်း ၂၈၀၀၀ ကျပ်မှ ၂၈၈၀၀ ကျပ်အတွင်း ပေါက်ဈေးဖြစ်ခဲ့သလို၊ 929 ကုလားပဲကလည်း တစ်တင်း ၂၉၅၀၀ ကျပ်မှ ၂၉၈၀၀ ကျပ်အတွင်း ပေါက်ဈေးအနည်းငယ်ကျဆင်းခဲ့ပါတယ်။

ဝယ်လက်အားဖြင့် Export အတွက် ရန်ကုန်ဝယ်လက်ရှိသလို ဒေသတွင်းက ပဲခွဲစက်နဲ့ ကြာဆံစက်သမားတွေ ကုန်ကြမ်းလိုအပ်ချက်ရှိပြီး ပေါက်ဈေးအရ ချိန်ဆဝယ်ယူမှုတွေရှိခဲ့လို့ နေ့စဉ်အရောင်းအဝယ်မဖြစ်ပေမယ့် ဖြစ်တဲ့နေ့မှာတော့ အိတ် ၂၀၀ မှ ၃၀၀ ကြား ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ဘိုကလေးတွင် EDNA Myanmar နှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ပဉ္စမအကြိမ်လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေး အခမ်းအနားကျင်းပ

အာရှစွန့်ဦးတီထွင် စီးပွားရေးစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုကွန်ရက် (မြန်မာ) EDNA (Myanmar) မှ တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် လုပ်ကိုင်လိုသူများအတွက် စွန့်ဦးတီထွင်စွမ်းဆောင်မှု နည်းပညာလုပ်ငန်း ဖွံ့ဖြိုးမှုမြှင့်တင်ရေး အခမ်းအနားကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့နဲ့ ပူးပေါင်းကာ ဘိုကလေးမြို့နယ်မြို့တော်ခန်းမတွင် ဩဂုတ်လ ၂၃ ရက်နေ့မှာကျင်းပရာ ဧည့်သည်တော် ၂၇ ဦး၊ ဌာနဆိုင်ရာ ရှစ်ဦး၊ သင်တန်းသား ၁၉၉ ဦး၊ စုစုပေါင်း ၂၃၄ ဦး တက်ရောက်ကြောင်းသိရ ပါတယ်။

အခမ်းအနားမှာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ဖျာပုံခရိုင်ဦးစီးမှူး ဦးမြင့်အောင်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက်လုပ်ငန်းတာဝန်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရဲ့ ကုန်သွယ်မှုကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်များကို တင်ပြဆွေးနွေးပါတယ်။

ဒေါ်မြင့်မြင့်ဦး "သစ်ထူးအောင်" အသင့်စား ငါးခြောက်ဖုတ်လုပ်ငန်းက ၎င်းအနေဖြင့် လုပ်ငန်းစတင်ချိန်တွင် အခက်အခဲပေါင်းများစွာ ရင်ဆိုင်ခဲ့ရပြီး လုပ်ငန်းကို ခေတ္တခဏ ရပ်ဆိုင်းခဲ့ရကြောင်း၊ EDNA (Myanmar) မှ စီးပွားရေးနည်းပညာ သင်တန်းတက်ရောက်ပြီး၊ သင်ခန်းစာများနှင့် ချိတ်ဆက်လုပ်ဆောင်ရာမှာ အောင်မြင်မှုများရှိခဲ့ပါကြောင်း၊ လက်ရှိနှစ်နှစ်တာကာလအတွင်း ဖောက်သည်များပြားလာခြင်း၊ နယ်မြေချဲ့ထွင်နိုင်ခြင်းတို့ကြောင့် လုပ်ငန်းသိသိသာသာ တိုးတက်လာပုံအတွေ့အကြုံများကိုလည်းကောင်း၊ ကိုမျိုးသက်ဆွေ "အနန္တဂုဏ် ရည်" ဆန်စက်လုပ်ငန်းရှင်များက ၁၃ နှစ်ကြာ ကျောင်းသား ကူးတို့သင်္ဘောပြေးဆွဲခြင်း လုပ်ငန်းကို ၂၀၁၀ ခုနှစ်ထိလုပ်ကိုင်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှစ၍ ဆန်စပါး လုပ်ငန်းကို ကူးပြောင်း လုပ်ကိုင်ကာ လေးနှစ်ကာလအတွင်း အရည်အသွေးမြင့်ဆန်များဖြင့် ဈေးကွက်ထိုးဖောက်နိုင်ခြင်း၊ ဝန်ဆောင်မှုကောင်းမွန်ခြင်းကြောင့် လုပ်ငန်းသိသိ သာသာတိုးတက်လာခဲ့ပုံတို့ကိုလည်းကောင်း တန်ဖိုးရှိလှတဲ့ အတွေ့အကြုံများကို အသီးသီးဆွေးနွေးပေးခဲ့ကြတယ်လို့ သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

## ချင်း

### ပြည်ချင်း ဈေးကွက်အဝင်များပြီး အရောင်းအဝယ်အေး

ပြည်ဈေးကွက်သို့ အောင်ပန်းချင်းများ ယခုတစ်ပတ်မှာ ပိဿာ ၃၀ ဝင်အိတ် ၂၅၀ ခန့် အဝင်ရှိပြီး အရောင်းအဝယ်မှာလည်း တစ်နေ့ပိဿာချိန် ၂၀၀ ခန့်နဲ့ အေးနေပါတယ်။ ချင်းတစ်ပိဿာ ကျပ် ၁၁၀၀ -၁၂၀၀ ကြားမှာ ရှိတာကြောင့် ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲဘဲ အရောင်းအဝယ်ဖြစ်နေပါတယ်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးတို့သို့လည်း အနည်းငယ်သာတင်ပို့မှုရှိကြောင်း ချင်းဈေးကွက်မှ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### နယ်စပ်မှ ချင်းခြောက်ထက် ချင်းစိုပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ တတိယပတ်အတွင်း ကန်ဒေါ်လာ ၁၆၀၀ တန်ဖိုးရှိ ချင်းစို ၅ တန်နဲ့ ကန်ဒေါ်လာ ၂၄၇၅ တန်ဖိုးရှိ ချင်းခြောက် တစ်တန်ခွဲ တင်ပို့ခဲ့ပါတယ်။ အလားတူ မြန်မာ-ဘင်္ဂလား ဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၁၉၉၉၉ တန်ဖိုးရှိ ချင်းစို ၃၆ တန်ခွဲနဲ့ စစ်တွေကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၁၂၁၆၀ တန်ဖိုးရှိ ချင်းစို ၁၆ တန်တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ယခင်တစ်ပတ်က မူဆယ်စခန်းတစ်ခုတည်းမှ ချင်းစို ၆ တန်နဲ့ ချင်းခြောက် ၁၇ တန်တင်ပို့ခဲ့လို့ ယခုသီတင်းပတ် ချင်းခြောက်တင်ပို့မှုထက် ချင်းစို ပိုမိုတင်ပို့လာပါတယ်။

**မော်မော်အောင်**



### မိုးများလို့ ရှမ်းချင်းဥမတွေ စောစောဖော်

ရာသီဥတုပြောင်းလဲမှုကြောင့် ရှမ်းပြည်နယ်မှာ သီးနှံထွက်ရှိမှုတွေ ပြောင်းလဲလာပါတယ်။ အရင်နှစ်တွေက ချင်းတက်တွေက ဥမတွေကုန်ခါနီး၊ စက်တင်ဘာလလယ် ဒါမှမဟုတ် လကုန်ခန့်မှသာ တူးဖော်လို့ရရှိတာပါ။ ဒီနှစ်တော့ ဇွန်၊ ဇူလိုင်မှာ မိုးအရမ်းကောင်းခဲ့တာကြောင့် ရေဝပ်တဲ့နေရာတွေက ချင်းတက်တွေအပင်ပုပ်ပြီး အရွက်တွေဝါလာတာကြောင့် စောစောစီးစီးပဲဖော်ရတယ်လို့ သိရပါတယ်။

ချင်းဥမတွေလည်း လက်ကျန်တွေ အတော်ကျန်ရှိနေပြီး ရောင်းအားကလည်း ခပ်ပါးပါးသာဖြစ်နေတယ်လို့ ဈေးကွက်မှ သိရှိရပါတယ်။ ချင်းရောင်းအားကျနေလို့ အဝင်ကလည်း ပုံမှန်ခန့်သာရှိနေတယ်လို့ သိရပါတယ်။ အောင်ပန်း၊ ဟဲဟိုးနဲ့အနီးတစ်ဝိုက် ကျေးရွာတွေက ချင်းဥမတွေကတော့ အောင်ပန်းဈေးကွက်ကို တစ်ရက်မှာ ပျမ်းမျှ ပိဿာချိန် ၁၅၀၀ မှ ၂၀၀၀ ခန့်သာ အဝင်ရှိနေတယ်လို့လည်း သိရပါတယ်။ ပြည်ပတင်ပို့ဖို့အတွက်ဝယ်ယူနေတဲ့ ဝယ်လက်တွေကလည်း ဇူလိုင်လကစပြီး အဝယ်ရပ်သွားခဲ့တယ်လို့လည်း ဒေသခံကုန်သည်တွေထံက သိရှိရပါ တယ်။

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ရှမ်းချင်းသစ်တွေကိုလည်း အရည်အသွေးပေါ် မူတည်ပြီး ဈေးဖြတ်ဝယ်ယူနေပါတယ်။ ရေနာမပါတဲ့ချင်းသစ်ကို တစ်ပိဿာ ၅၀၀ ကျပ်နဲ့ ဝယ်ယူနေပြီး ရေနာပါရင်တော့ ၃၀၀ ကျပ်မှ ၄၀၀ ကျပ်နဲ့ဝယ်ယူပြီး ချင်းဥမကတော့ တစ်ပိဿာ ၆၀၀ ကျပ်-၆၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ **ဧခိုင်-တောင်ကြီး**

## ဝဥ

### ဝဥခြောက် ပုံမှန်တင်ပို့

ဝဥပင်ဟာ မြန်မာနိုင်ငံ တောင်ပေါ်ဒေသများမှာ အလေ့ကျပေါက်တဲ့အပင်ဖြစ်ပြီး ဇွန်၊ ဇူလိုင်လများမှ စတင်ပေါ်ကာ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေမှာ ရာသီကုန်ပါတယ်။ ပြည်တွင်းမှာတော့ ဝဥကို တိုင်းရင်းဆေးဖော်စပ်ရာနဲ့ မာလာဟင်းချက်ရာမှာ သုံးကြသလို တရုတ်နိုင်ငံမှာတော့ တရုတ်တိုင်းရင်းဆေးဝါးများ ဖော်စပ်ဖို့ ကုန်ကြမ်းအနေနဲ့ လည်းကောင်း၊ စားသောက်ကုန်လုပ်ငန်းများမှာ လည်းကောင်း အသုံးပြုကြတာပါ။

ဩဂုတ်လ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၃၆ သန်းတန်ဖိုးရှိတဲ့ ဝဥခြောက် ၁၉ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်ကလည်း ၂၂ တန်တင်ပို့ခဲ့တဲ့အတွက် တရုတ်ပြည်သို့ ဝဥခြောက် ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။ **မော်မော်အောင်**

## နနွင်း

### နနွင်းတန်ချိန် တစ်ရာကျော်တင်ပို့

ဩဂုတ် ၂ရက်မှ ၈ ရက် သီတင်းပတ်အတွင်း နနွင်း ၁၁၄ ဒသမ ၉၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံကို ၅၆ ဒသမ ၃၆၂ တန်နဲ့ အိန္ဒိယနိုင်ငံကို ၅၈ ဒသမ ၅၆၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာလည်း တန်ချိန် တစ်ရာကျော် တင်ပို့ခဲ့ပြီး ဝင်ငွေကန်ဒေါ်လာ ၉၀၃၅၆ရရှိခဲ့တယ်လို့ သက်ဆိုင်ရာဌာနရဲ့ စာရင်းဇယားများအရ သိရှိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၄ ဩဂုတ်လ ဒုတိယပတ်အတွင်း နနွင်းတင်ပို့မှုမှာ ၂၈ တန်သာရှိခဲ့တာကြောင့် ဒီနှစ်မှာ နနွင်းတင်ပို့မှုအားသာခဲ့တယ်လို့ ဆိုရပါမယ်။

**သီတာဝင်း(DOT)**

### မူဆယ်နှင့် စစ်တွေကုန်သွယ်ရေးဇုန်မှ နနွင်းတက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တို့မှ ဩဂုတ်လ တတိယပတ်အတွင်း ကန်ဒေါ်လာ ၂၉၆၂၂ တန်ဖိုးရှိ နနွင်းတက် ၄၃ တန်ခွဲနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၆၄၀၀ တန်ဖိုးရှိ နနွင်းတက် ၄ တန်တင်ပို့ခဲ့ပါတယ်။ယခင် ရက်သတ္တပတ်က မူဆယ်စခန်းတစ်ခုတည်းမှ ၇၁ တန်ထိ တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ကတည်းက နနွင်းအရောင်းအဝယ်ပြန်ကောင်းလာခဲ့ပြီး တရုတ်ဝယ်လက်အများစုဟာ နနွင်းတက်(ရှမ်းစ)ကို အဝယ်များတယ်လို့ သိရပါတယ်။ လက်ရှိနနွင်းဈေးက အောင်ပန်းစဆိုလျှင် ၁၀၀၀-၁၅၀၀ ကျပ်ဈေးရှိပြီး ဟိုပုံးစကတော့ တစ်ပိဿာကို ၁၃၀၀ ကျပ်ဈေးရှိတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ရှမ်းနနွင်းဈေးကွက် ပုံမှန်အရောင်းအဝယ်ရှိ

ရှမ်းနနွင်းကတော့ အရောင်းအဝယ်ပါးနေတာ နှစ်လသုံးလခန့်ရှိနေပြီလို့ အောင်ပန်းဈေးကွက်မှ သိရှိရပါတယ်။ အဝင်ကလည်းမရှိသလို ရောင်းအားကလည်း နည်းနေတော့ ပွဲရုံလက်ကျန်တွေနဲ့သာ အရောင်းအဝယ်လုပ်နေကြရပါတယ်။ ဈေးပတ်သမားတွေကလည်း တစ်ခါဝယ်ရင် ၅ အိတ်မှ ၁၀ အိတ်ခန့်သာ ဝယ်ယူမှုရှိနေပါတယ်။ ဝယ်နေကြဝယ်လက်တွေဖြစ်တဲ့ ရန်ကုန်၊ မန်း၊ ပြည်စတဲ့ဝယ်လက်တွေကတော့ ဝယ်ယူမှုနားနေပြီး တောင်တွင်းကြီး၊ နတ်မောက်စတဲ့မြို့တွေကသာ ဝယ်ယူနေတယ်လို့ သိရပါတယ်။

ပြည်တွင်းစားသုံးမှုနဲ့ ပရဆေးဖော်ဖို့အတွက်သာ အဝယ်ရှိနေတဲ့အတွက် ရှမ်း နနွင်းကပုံမှန်လောက် အရောင်းအဝယ် မဖြစ်ဘူးလို့လည်း သိရပါတယ်။ နနွင်းပွဲရုံတွေကလည်း ရာသီပေါ်သီးနှံတွေကိုပါတွဲပြီး ရောင်းဝယ်မှုပြုနေရတယ်လို့လည်း သိရပါတယ်။ တောင်သူတွေလာရောင်းတဲ့ နနွင်းကို ဈေးကွက်မရှိပေမယ့် ဝယ်ယူထားပေးရတဲ့ ပွဲရုံတွေ ရှိနေလို့သာ ဈေးကွက် မပျောက်သွားသေးတာလို့လည်း သိရပါတယ်။ ရှမ်းနနွင်းကတော့ ဈေးကွက် သိပ်မကောင်းသလို ဈေးကလည်း ငြိမ်နေပါတယ်။ တစ်ပိဿာပေါက်ဈေးကတော့ အောင်ပန်းစတွေဆိုရင် ၁၂၀၀ ကျပ်-၁၃၀၀ ကျပ်နဲ့ ဆင်တောင်နနွင်းကတော့ ၁၈၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **ဧခိုင်-တောင်ကြီး**

၂၄-၈-၂၀၁၅ မှ ၂၈-၈-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း
ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 255 | 16,066,492.567 |
| 2 | Form D | 31 | 1,926,862.930 |
| 3 | Form E | 86 | 1,416,949.804 |
| 4 | Korea GSP | 7 | 106,645.260 |
| 5 | Form AK | 49 | 2,626,772.330 |
| 6 | Form AJ | 11 | 322,339.972 |
| 7 | Form AI | 26 | 939,504.990 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| Grand Total | | 465 | 23,405,567.853 |

## ကြက်သွန်နီ

### ပြည်ကြက်သွန်နီဈေးဆက်ကျ လက်လီသမားတွေ အရောင်းအဝယ်ဖြစ်

ပြည်ကြက်သွန်နီပွဲရုံများတွင် ယခုဩဂုတ်လ နောက်ဆုံးပတ်၌ ကြက်သွန်နီဈေး အနည်းငယ် ထပ်ကျလာတာ တွေ့ရပါတယ်။ ပွဲရုံလက်ကားဈေးတွေကျပေမယ့် လက်လီသမားတွေထံမှာတော့ ဈေးသိပ်ကျတာ မတွေ့ရဘဲ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပွဲရုံဈေး တစ်ပိဿာကို (ကြီး) ၁၃၀၀ ကျပ်၊ (လတ်) ၁၁၀၀ ကျပ်၊ (သေး) ၉၀၀ ကျပ် တို့ဖြစ်ပါတယ်။ လက်လီသမားတွေ အရောင်းအဝယ် ဖြစ်နေတာကြောင့် ပွဲရုံတွေမှာ အိတ်ဆွဲသမားတွေ အဆွဲများလာပြီး အရောင်းအဝယ်ပုံမှန်ပြန်ဖြစ်နေပါတယ်။ မိုးရွာရက်ပေါ် မူတည်ပြီး တစ်ရက်ကို အိတ် ၁၂၀ အထက် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

### မူဆယ်နဲ့ မြဝတီမှ ကြက်သွန်နီ ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် တတိယပတ်တွင် ကန်ဒေါ်လာ ၃၅၁၉၅ တန်ဖိုးရှိကြက်သွန်နီ ၁၀၃ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၈၀၃၂ တန်ဖိုးရှိ ကြက်သွန်နီ ၃၇၄ တန်ခွဲနဲ့ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၅၇၁၅၄ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၅၀၊ ကန်ဒေါ်လာ ၁၄၄၅၈၃ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၁၀၀ ကို တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိမောင်တောစခန်းမှလည်း ကန်ဒေါ်လာ ၁၁၄၀၀ တန်ဖိုးရှိတဲ့ ကြက်သွန်နီ တန် ၃၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်က စစ်တွေကုန်သွယ်ရေးစခန်းက ကြက်သွန်ဖြူ ၆ တန် တင်ပို့ခဲ့ပါတယ်။ ကြက်သွန်နီကို ယခင်တစ်ပတ်က မူဆယ်မှ ၂၇၇ တန်ကျော်၊ မြဝတီမှ ၅၇၃ တန်ခွဲနဲ့ တာချီလိတ်မှ တန် ၅၀ တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်နယ်စပ်မှ ကြက်သွန်နီ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

စားဖိုဆောင်သီးနှံဖြစ်တဲ့ ကြက်သွန်နီမှာ ကုန်အဝင်နည်းလာပြီး ဈေးကွက်အတွင်းမှာလည်း အရောင်းအဝယ် အေးနေကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ကြက်သွန် ကားအဝင်မှာ သုံးစီးခန့်သာရှိခဲ့ပြီး ဆိပ်ဖြူရှယ်တစ်ပိဿာကို ၉၂၅ ကျပ်၊ ဆိပ်ဖြူလတ်သန့် ၇၅၀ ကျပ်၊ ဆိပ်ဖြူလတ် ချော ၅၂၅ ကျပ်ခန့် ပေါက်ဈေးရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# စဉ်ဆက်မပြတ် သိပ္ပံ

ခင်မောင်ညို (ဘောဂဗေဒ)

၂၀၀၀ ပြည့်နှစ်ခန့်က ဂျပန်နိုင်ငံ ဝါဆီဒါတက္ကသိုလ်တွင် "အာရှ ဘဏ္ဍာရေး အကျပ်အတည်းနှင့် လူမှုရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှု" ဟူသော ခေါင်းစဉ်ဖြင့် ပြုလုပ်သော နိုင်ငံတကာ ဆွေးနွေးပွဲတစ်ခုသို့ တက်ရောက်ခဲ့သည်။ ကိုယ်ကလူမှုရေးဆိုလျှင် ပညာရေး၊ ကျန်းမာရေး လောက်မြင်ရာ၊ ဟိုရောက်မှ မသန်စွမ်းကိစ္စမျိုးတွေအထိ အကျယ်အပြန့် ပါဝင်ကြောင်း သဘောပေါက်ခဲ့ရသည်။ ထိုစဉ်က အင်တာနက်၊ အီးမေးလ် ကျယ်ကျယ်ပြန့်ပြန့် မသုံးနိုင်သေး၍ နိုင်ငံတကာ ကျောင်းတစ်ကျောင်းမှ တစ်ဆင့် သုံးခဲ့ရသည်။ Power Point သုံးနည်းကို ဂျပန်မိတ်ဆွေတွေက သင်ပေးကြသည်။ ထိုစဉ်က သိရှိခဲ့သော မိတ်ဆွေများအနက် ထိုင်းပါ မောက္ခဆူရီချိုင်းနှင့် သုံးလေးကြိမ်ခန့် ပြန်ဆုံကြရာ သူကမမှတ်မိတာများသည်။ ယခုနောက်ဆုံး ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ဆုံတွေ့ကြတော့လည်း သူက ရုတ်တရက်မမှတ်မိ။

ထိုင်းနိုင်ငံ၊ ချူလာလောင်ကွန်းတက္ကသိုလ်တွင် ပြုလုပ်သည့် ဆွေးနွေးပွဲများသို့ အနည်းဆုံးသုံးကြိမ်ခန့် ရောက်ဖူးသည် ထင်သည်။ ယခုရောက်သော ကာလနှင့် ယခင်နောက်ဆုံးရောက်ခဲ့သည့် ကာလ ကြားနှစ်နှစ်ခန့် ခြားသွားပြီ။

ယခုဆွေးနွေးပွဲမှာ ခေါင်းစဉ်ကစ၍ အစတွင် ဘာမှန်းမသိ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဟူသော အကြောင်းအရာကို သိထားသော်လည်း စဉ်ဆက်မပြတ်သိပ္ပံ (Sustainable Science) ဆိုသော ဝေါဟာရကို တစ်ခါမျှ မကြားဘူး။ ကမ္ဘာ့အရေးအရာတွေကို လေ့လာရာတွင် သဘာဝသိပ္ပံနှင့် လူမှုရေးသိပ္ပံဟု ခွဲလေ့ရှိကြသည်။ အများအားဖြင့် သဘာဝသိပ္ပံကို ပို၍ စိတ်ဝင်စားကြသည်။ လူမှုရေးသိပ္ပံကို စိတ်ဝင်စားမှု နည်းသည်ဟု ဆိုနိုင်သည်။

သဘာဝသိပ္ပံပညာသည် တိုးတက်မှု ရှိသော်လည်း တိုးပွားလာသော လူမှုရေးပြဿနာများကို ဖြေရှင်းနိုင်စွမ်းမရှိ။ ထိုအခါ သဘာဝသိပ္ပံနှင့် လူမှုရေး သိပ္ပံကို ပေါင်းစည်းကာ၊ စဉ်ဆက်မပြတ်သိပ္ပံအဖြစ် တည်ထောင်ပြီး ကမ္ဘာ့ အဆင့်၊ ရပ်ရွာအဆင့်၊ လူတစ်ဦးချင်းအဆင့် ပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းအားထုတ်လာခဲ့ကြခြင်း ဖြစ်သည်။

ထို့ကြောင့် ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မိုးလေဝသ၊ ဘာသာစကား၊ လူမှုရေးသိပ္ပံ စသည်ဖြင့် ဘာသာရပ်ပေါင်းစုံမှ ပညာရှင်များကို တွေ့ကြုံရ ဟောပြောဆွေးနွေးကြရသည်။

ဆွေးနွေးပွဲက လူ ၅၀ ခန့်တက်ပြီး ၃၀ ခန့် ဆွေးနွေးကြခြင်း ဖြစ်ရာ အားလုံးခေါင်းထဲဝင်ဖို့ မလွယ်။ နှစ်ရက်ခွဲခန့်ကြာပြီး၊ နံနက် ၈း၃၀ နာရီမှစကာ ညစာစားပွဲရှိလျှင် ည ၇း၃၀ အထိ ရောက်သွားတတ်သဖြင့် ငုတ်တုတ်ထိုင်နေရလျှင်ပင် မသက်သာ။ ကြားထဲမှာ ကော်ဖီခဏခဏတိုက် သော်လည်း ရေနွေးကိုသာ ဖိသောက်ရသည်။ အချို့ ပညာရှင်များဆိုလျှင် ၁၀ မိနစ်ခန့်အချိန်ပေးသည်ကို နာရီဝက်ခန့်ရအောင် ပြောသွားသည်။ ညနေပိုင်း ရောက်နေ၍ဆိုပြီး အပြောလျှော့ရန် မစဉ်းစားကြ၊ ပြောစရာတွေကလည်း ရှိနေကြသည်ကိုး။ ဆွေးနွေးပွဲတစ်ခုလုံးတွင် မှတ်မှတ်သားသား ဖြစ်ခဲ့ရသော ဝေါဟာရတစ်လုံး ရှိသည်။

ငယ်စဉ်က စာတတ်မြောက်ရေး လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့သည်။ ကိုယ့်ကိုယ်ကိုလည်း စာတတ်သည်ဟု ထင်သည်။ သို့သော် ကွန်ပျူတာ တတ်ရမယ်။ အိုင်တီ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ တွေ ပေါ်လာသောအခါ ထိုပညာတွေ မတတ်သည့်သူ စာရင်းတွင်ပါသွား သည်။ ယခုဆွေးနွေးပွဲတွင် နောက်တစ်မျိုးစာမတတ်သူဖြစ်ရပြန်သည်။ အနာဂတ်စာတတ်မြောက်မှု (Future Literary) တဲ့။

တကယ်တော့ ကျွန်တော်တို့တစ်တွေသည် အနာဂတ်ကို မြင်ပုံမြင် နည်းမတူကြ။ အနာဂတ်ပညာတတ်မြောက်မှု ဆိုသည်မှာ "လောလောဆယ် အခြေအနေတွေ၊ လုပ်ရပ်တွေကြောင့် အနာဂတ်တွင် ဘာဖြစ်လာနိုင်သည်ကို သိမြင်နိုင်စွမ်း" တဲ့။ ထိုသိမြင်နိုင်စွမ်း ကျွန်တော်တို့မှာ လုံးဝမရှိတာလား၊ နည်းနည်းပဲ ရှိတာလား။

သာဓကအားဖြင့် အခြားဒေသများတွင် ဖြစ်ရပ်တွေက တစ်ဖြောင့် တည်းသွားတတ်ကြသော်လည်း အာရှတွင် သံသရာလည်နေတတ်၊ တစ်ကျော့ပြန်နေတတ်ကြသည်။ အာရှဒေသ၏ သမုတိသစ္စာ သဘော၊ ကာလ-ဒေသ-ပယောဂတွေကတစ်မျိုး။ ကမ္ဘာ့ အနာဂတ်အတွက် ပြင်ဆင်ရန် ၁၅ နှစ်သာ ကျန်တော့သည်ဟု Bill Gates က ဆိုသည်။ ၁၅ နှစ်ဆိုသည်မှာတိုတိုလေး "ကမ္ဘာ့အရေး၊ လူတွေ အမြတ်တွေအရေး" (Planet, People, Profit) ဘယ်လောက် နားလည်သလဲ။

သူတို့တတ်သိထားသည့် ပညာတွေက ဘယ်လောက် အသုံးဝင်သလဲ၊ ကိုယ့်အရပ် ကိုယ့်ဒေသမှာ၊ ကိုယ်တတ်သိထားသည့် ပညာတွေက၊ ပိုပြီး အသုံးမဝင်ဘူးလား?

သဘာဝသိပ္ပံတွေ၊ လူမှုသိပ္ပံတွေ ပေါင်းစည်းဖို့ သဘောတရား အရပြောကြသော်လည်း ဘာသာရပ်တစ်ခုကို ဖောက်ချလေ့လာနေသူ ပညာရှင်တစ်ဦးက အခြားပညာရပ်တွေကို စိတ်ဝင်စားဖို့ ပူးပေါင်းဆောင် ရွက်ဖို့ မလွယ်။

တစ်ဖန် လူမှုရေးသိပ္ပံဘာသာရပ်တွေ၊ ပညာရှင်တွေကို လေးစားမှုက နည်းသည်။ သူတို့တစ်တွေ၏ သုတေသနတွေကို စာနယ်ဇင်းတွေက စိတ်မဝင်စား။ မူဝါဒချမှတ်သူတွေက သတင်းတွေလောက် စိတ်မဝင်စား။ သုတေသန တွေ့ရှိချက်တွေကို မူဝါဒချမှတ်သူတွေ လက်ထဲ ရောက်အောင် ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုချိတ်ဆက်ကြ၊ ဆက်သွယ်ကြ မလဲ။ သူတို့မှာလည်း အကန့်အသတ်တွေရှိသည်။ မတူကွဲပြားသော ဦးစားပေး အစီအစဉ်တွေ ရှိနေသည်ကို စာနာထောက်ထားရန်လည်း လိုသည်။

တစ်ဖက်တွင် ကိုယ့်သုတေသနတွေက ဘယ်လောက် ပြည့်စုံသည်၊ ခိုင်မာသည်ဆိုသည်မှာ စဉ်းစားစရာ။ သင်ကြားပုံတွေ၊ သင်ယူမှုတွေ ကရော ခေတ်နှင့်အမီ ဘယ်လောက် ပြောင်းလဲနိုင်သလဲ?

အသိပညာတွေ ရှာဖွေရေး၊ ဖော်ထုတ်ရေး၊ မျှဝေရေးတို့ကဲ့သို့ပင် အသိပညာ၊ အတတ်ပညာတွေ ပေါင်းစည်းမှု၊ ထိုအသိပညာ၊ အတတ်ပညာများကို လက်တွေ့လုပ်ရပ်များ အဖြစ်သို့ ပြောင်းလဲပစ်ရန်မှာလည်း အရေးကြီးသည်။ ဆရာတွေ၏ အရည်အချင်းကို တိုးမြှင့်ပေးရန် လိုအပ်သလို ကျောင်းသားတွေကို ကမ္ဘာ့နိုင်ငံသားကောင်း (Global Citizen) များအဖြစ် အသွင်ပြောင်းပေးနိုင်ရန်လည်း လိုအပ်သည်။ လူငယ်တွေ၏ အားကို စုစည်းရယူကာ သူတို့ကို လုပ်ပိုင်ခွင့်ပေးရန်လည်း အရေးကြီးသည်။

လူမှုရေးပြဿနာတွေ များပြားလာသည့်ကြားမှ လူမှုရေးသိပ္ပံဌာနတွေ၊ သုတေသနအသုံးစရိတ်တွေ၊ ရန်ပုံငွေတွေ လျှော့ချခြင်း ခံရသည် မှာ အလားအလာမကောင်း။ လက်တွေ့နှင့် ကင်းဝေးသည့် သဘောတရား တွေ ဖြစ်နေလို့လား။ နိုင်ငံတကာမှာ စာတမ်းတင်ပြ ထုတ်ဝေနိုင်ရေးကို၊ ပြည်တွင်းတွင် အကျယ်အပြန့်ဖြန့်ချိနိုင်ရေးထက် ပို၍အလေးပေးနေကြ ရော့သလား။ စွမ်းဆောင်ရည်တိုင်းတာသည့် ညွှန်းကိန်းတွေကို ပြုပြင်ကြ ရတော့မှာလား?

သုတေသီတို့၏ ပြောစကား နားမထောင်ရာတွင် အစိုးရတွေသာမက အာဆီယံအဖွဲ့ အစည်းကြီးပင် ထိပ်ဆုံးကပါနေသည်။ ဆက်ဆံ ရေးတည်ဆောက်ရာတွင် အချိန်ပေးရသည်ကို နားလည်ရန် လိုသည်။

ပညာရှင်တွေစုံသော အစည်းအဝေးဖြစ်၍ ဘာသာရပ်ပေါင်းစုံကိုကြားနာရကြောင်း ဖော်ပြခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်တွေကို ရာသီဥတုပြောင်းလဲမှုဟု အမှတ်မမှားကြစေလိုကြောင်း ဆွေးနွေးချက်မျိုးကို ကြားရသည်။

မသွားမီရက်က ဧရာဝဏ်နတ်ကွန်းတွင် ပုံးပေါက်ထား၍ လူ ၂၀ ခန့် သေဆုံး၊ ရာချီ၍ ဒဏ်ရာတွေ ရကြပြီးနောက် လူစည်ကားရာနေရာ ၁၀ ခုခန့်ကို ရှောင်ရှားကြရန်၊ မြန်မာသံရုံးအပါအဝင် အများက ဝိုင်းဝန်းသတိပေးကြရာ အပြင်ထွက်ရန် အတော်ခက်သွား သည်။ အစိုးရိမ် ကြီးကြသော ပြည်တွင်းပြည်ပ မိတ်ဆွေတွေကလည်း အမျိုးမျိုးအကြံပေးကြသည်။ သို့သော်လည်း အိမ်ရှင်တို့၏ အစီအစဉ်ဖြင့် သုတေသနဆွေးနွေးပွဲ တစ်ပိုင်း ကို Central Hotel တွင် ပြောင်းလုပ်သည်။ ဟိုရောက်မှ (၁၀) ကြိမ် မြောက်သုတေသနပြပွဲတွင် ပါဝင်ခြင်းဖြစ်သည်ဟု သိလိုက်ရပြီး အခြား ပညာရှင်များ၊ တာဝန်ရှိသူများလည်း ပါဝင်ဆင်နွှဲကြသည်။

ဆွေးနွေးပွဲညစာ တည်ခင်းဧည့်ခံရာ၌ ကျောင်းသားများကို ဖိတ်ကြားပြီး ကျောင်းသားများ၏ အမြင်ကို ဆွေးနွေးခွင့်၊ မေးမြန်းခွင့် ပေးထားသည်ကိုလည်း ထူးထူးခြားခြားတွေ့ကြုံခဲ့ရသည်။

ပြည်တွင်းမှာ ခရီးသွားလျှင် ကိုယ်စုဆောင်းသိမ်းဆည်းထားသော ပညာရပ်တွေကို ဖြန့်ဝေမျှဝေရန် ဖြစ်ပြီး၊ ပြည်ပတွင် ခရီးသွားလျှင် အခြားသူများထံမှ လေ့လာရန်၊ ဆည်းပူးရန်၊ မျှဝေရန် ဆိုသည့် သဘောက ပိုများသည်။

ရထားသမျှကို မျှဝေရန်၊ မျှဝေစရာတွေ တိုးပွားရန်အတွက် ပြည်တွင်းပြည်ပခရီးတွေကို တတ်နိုင်သလောက် သွားနေရပါဦးမည်။ စဉ်ဆက်မပြတ်အောင် ကြိုးစားနေရပါဦးမည်။

၂၄. ၈. ၂၀၁၅

## အိန္ဒိယနိုင်ငံတွင် India International Trade Fair (IITF) ပြပွဲ ပြသမည်

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ India Trade Promotion Organization (ITPO) မှ ဦးစီး၍ "India International Trade Fair (IITF)" ပြပွဲကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၂၇ ရက်နေ့ အထိအိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ Pragati Maidan တွင် ကျင်းပသွားမည် ဖြစ်ပါသည်။ "India International Trade Fair (IITF)" ပြပွဲသို့ သွားရောက်ပြသမည့် မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ပြပွဲဆိုင်ရာအချက်အလက်များကို www.iitf.in ၌ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး ဆက်သွယ်ရန်ပုဂ္ဂိုလ်မှာ Mr. J Guna Sekaran (အထွေထွေမန်နေဂျာ၊ ဖုန်း-၉၁-၁၁-၂၃၃၇၁၈၂၉၊ sekaran@itpo.gov.in) သို့ ဆက်သွယ်၍ အသေးစိတ်မေးမြန်းနိုင်ပါသည်။ စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ကုန်စည်ပြပွဲနှင့်ကုန်သွယ်မှုဗဟိုဌာနများ ဌာနခွဲ၊ မြန်မာကုန်သွယ်မှုဗဟိုဌာန နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (ကုန်စည်ပြပွဲ)

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဓာတ်ဆီ အဝင်လျော့ပြီး ဒီဇယ်အဝင်ပို

ဩဂုတ် ၁၆ ရက်မှ ၂၂ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၁၆၄၄၈၇၅ တန်ဖိုးရှိ ဒီဇယ် ၇၆၂၁၃သမ ၂၅၀ တန်နဲ့ ကန်ဒေါ်လာ ၄၇၄၈၅၃၃ တန်ဖိုးရှိ ဓာတ်ဆီ ၆၂၁၃သမ ၄၆၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီကို မလေးရှားနဲ့ စင်ကာပူနိုင်ငံတို့မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်မှာ ဒီဇယ်အဝင်မှာ ၃၁၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၄၀ ကျော် အဝင်ပိုခဲ့ပြီး ယခင်တစ်ပတ်ဓာတ်ဆီအဝင်မှာ ၄၂၁ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၅၉ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာဩဂုတ် ၂၄ ရက်နေ့မှ ဩဂုတ် ၂၈ရက်နေ့အတွင်း ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေပြီး မော်လမြိုင်မှာ ဈေးကျလာတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီရော ဒီဇယ်ပါ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ ဈေးငြိမ်နေပြီး အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၆၀ ကျပ်၊အောက်တိန်း (92) ၇၁၀ကျပ်၊ အောက်တိန်း (95) ၈၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ်လ ၂၄ရက်နေ့ ဓာတ်ဆီ ဝယ်ဈေး ၁၃၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၀၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၀ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ကျပ်ဝန်းကျင် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဩဂုတ်လ ၂၄ ရက်မှာ ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၂၇ ရက်နေ့တွင် ဝယ်ဈေး၂၀၀၀ ကျပ်၊ ရောင်းဈေး ၃၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေပြီး ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးနည်းနည်းကျလာခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၇၃၅ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၃၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေး များမှာ ဩဂုတ်လ ၂၄ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ရောင်းဈေး ၁၃၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၂၆ ရက်နေ့တွင် ဝယ်ဈေး၊ရောင်းဈေး ၂၀၀၀ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဩဂုတ်လ ၂၄ ရက်နေ့ ဝယ်ဈေး ၁၄၆၀၀၀ ကျပ်၊ရောင်းဈေး ၁၄၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်များတွင် ဝယ်ဈေး၊ ရောင်းဈေး၁၀၀၀ ကျပ် ဈေးကျဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီ အတက်အကျ ၁၀၀၀ ကျပ် ဈေးကစားခဲ့ပြီး ဒီဇယ်မှာ ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ ကျပ်ဈေးကျလာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ဓါတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ဓာတ်ဆီရော ဒီဇယ်ပါဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၃၂၀၀ ကျပ်၊ဒီဇယ်၃၃၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၃၀၀ ကျပ်၊ ဒီဇယ် ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊အောက်တိန်း၊ ဒီဇယ်မှာဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၆၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၁၅၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## Energy NYMEX 28-8-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 42.95 | 0.39 | 0.92 |
| Brent Crude Futr (USD/bbl) | 47.82 | 0.26 | 0.55 |
| Gasoline Rbob Fut (Cent/gal) | 154.24 | -0.44 | -0.30 |
| Natural Gas Futr (USD/MMBtu) | 2.67 | 0.01 | 0.38 |
| Heating Oil Futr (Cent/gal) | 150.81 | 1.21 | 0.81 |

# တစ်ပတ်အတွင်း မြန်မာ့ငွေလဲနှုန်း ကျပ်နှစ်ဆယ်ကျော်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက စံချိန်တင်မြင့်တက်ခဲ့သည့် မြန်မာ့ငွေလဲနှုန်းများသည် ကျပ်နှစ်ဆယ်ကျော်အထိ ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာအား ကောင်းလာခြင်းနှင့်အတူ ဈေးကွက်အတွင်း ဝယ်လိုအား မြင့်တက်လာခြင်း၊ သွင်းကုန်ပမာဏ များပြားနေခြင်းတို့ကြောင့် ပြည်တွင်းငွေလဲနှုန်းများသည်ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကစံချိန်တင်သည့်နှုန်းအဖြစ် ၁၂၉၅ ကျပ်သို့ရောက်ရှိခဲ့သည်။

ယခုတစ်ပတ်အတွင်းတွင်မူ ဈေးကွက်အတွင်း ပြန်လည်ရောင်းချလာသဖြင့် ဈေးများပြန်လည်ကျဆင်းလာခဲ့ပြီး နေ့စဉ် ဈေးကျဆင်းလျက်ရှိကြောင်း ဈေးကွက်အတွင်း ဝယ်ရောင်းလုပ်နေသည့်ငွေလဲစင်တာတစ်ခုမှသိရ သည်။

"ဒီတစ်ပတ်ဈေးကွက်ထဲမှာ ဒေါ်လာအဝယ်ထက် အရောင်းက စံချိန်တင်လောက်အောင်များလာတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက ဘဏ်တွေရဲ့ ကောလာဟလကြောင့် ဘဏ်ကငွေတွေထုတ်၊ ဒေါ်လာဝယ်၊ ရွှေဝယ်တဲ့သူတွေက ဒီတစ်ပတ်ထဲကျတော့ လက်ထဲမှာကြာကြာမထားချင်တာရယ်၊ ဈေးပြန်ကျလာတာရယ်တွေကြောင့် ပြန်ရောင်းထုတ်လာကြတယ်။ အဲဒါကြောင့်လည်း ဈေးက ပြန်ကျလာတာပါ"ဟု ၎င်းကဆိုသည်။

ဈေးကျဆင်းသွားမှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်ပြန်လည်ဖြစ်လာခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ ဩဂုတ်လ ၂၄ရက်နေ့က ရောင်းဈေး ၁၂၉၃ ကျပ်ဖြင့်ဈေးဖွင့်ခဲ့သော်လည်း ဈေးပိတ်ချိန်တွင် ၁၂၉၀ ကျပ်သို့ ဈေးကျဆင်းသွားခဲ့သည်။ သို့သော် ဩဂုတ်လ ၂၆ရက်နေ့ ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၇၉ကျပ်၊ ဝယ်ဈေး ၁၂၇၄ ကျပ်သို့ ထပ်မံဈေးကျဆင်းခဲ့ ကာ ဩဂုတ်လ ၂၈ရက်နေ့တွင် ရောင်းဈေး ၁၂၇၃ကျပ်၊ ဝယ်ဈေး ၁၂၆၇ကျပ် အထိ ဈေးကျဆင်းသွားခဲ့သည်။

**မယ်သီတာ**



# တစ်ပတ်အတွင်း မြန်မာ့ရွှေဈေး ကျပ် တစ်သောင်းခွဲကျော် ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ပြည်တွင်းငွေလဲနှုန်းမြင့်တက်မှုနှင့်အတူ လိုက်ပါမြင့်တက်ခဲ့သည့်မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ပြန်လည်ကျဆင်းလာခဲ့ကာ စံချိန်တင်ကျဆင်းမှုအဖြစ် ကျပ် ၁၆၀၀၀ အထိ ကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဘဏ်များ၏ ကောလာဟလများကြောင့် ရွှေနှင့် ဒေါ်လာဘက်သို့ လှည့်လာခဲ့သည့်အတွက် ရွှေဈေးရော ဒေါ်လာဈေးပါ မြင့်တက်ခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ အဆိုပါသတင်းများ ခိုင်မာမှုမရှိသဖြင့် ဝယ်ယူထားသည့်ရွှေများအား ပြန်လည်ရောင်းချလာသည့်အတွက် ရွှေဈေးကွက်အတွင်း ဈေးများကျဆင်းလာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့ တစ်ပတ်တုန်းကတော့ ဈေးကွက်ထဲမှာ ရွှေဝယ်တဲ့သူတွေ ပြည့်နေတာ။ ခုဒီတစ်ပတ်ကျတော့ ရွှေပြန်ရောင်းတဲ့သူတွေနဲ့စည်ကားနေပြန်ရော၊ ဘဏ်ရဲ့ဂယက်က တော်တော်လေးကို ထိခိုက်မှုရှိခဲ့ပါတယ်။ ရွှေဈေးတွေ ဒေါ်လာဈေးတွေ မလိုအပ်ဘဲ မြင့်တက်ခဲ့သလို ကုန်ဈေးနှုန်းတွေလည်း မြင့်တက်ခဲ့ရတဲ့အတွက် ပြည်သူတွေအနေနဲ့ ကောလာဟလတွေကို ချင့်ချိန်ပြီးမှ ယုံကြစေချင်ပါတယ်။ ခုချိန်မှာ ဈေးက ပြန်ကျလာတဲ့အတွက် ပြန်ရောင်းတဲ့သူတွေ တော်တော်လေးကိုများလာတယ်။ ရောင်းအားများလာလေ ဈေးက ပိုကျလေဖြစ်နေမှာပဲ"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးသည် ဩဂုတ်လ ၂၄ ရက်နေ့က ကျပ် ၇၇၂၅၀၀ ရှိခဲ့ပြီး ဩဂုတ် ၂၆ရက်နေ့တွင်ကျပ် ၇၆၀၀၀၀ သို့ ကျဆင်းခဲ့သည်။ ထို့နောက် ဆက်လက်ကျဆင်းခဲ့ရာ ဩဂုတ်လ ၂၈ရက်နေ့တွင် ကျပ်၇၅၅၀၀၀ ဖြင့် ဈေးဖွင့်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဩဂုတ်လ ၂၄ ရက်နေ့တွင် ၁၁၅၆ ဒေါ်လာရှိခဲ့ပြီး ဩဂုတ်လ ၂၆ရက်နေ့တွင် ၁၁၃၇ သို့ ကျဆင်းခဲ့ကာ ဩဂုတ်လ ၂၈ရက်နေ့တွင် ၁၁၂၈ သို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

August 28, 2015
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.39 |
| BDT | Bangladesh Taka | 77.75 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.39 |
| EUR | Euro | 0.89 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 66.10 |
| IDR | Indonesia Rupiahs | 14037.89 |
| JPY | Japan Yen | 121.01 |
| MYR | Malaysia | 4.20 |
| PKR | Pakistan Rupees | 103.83 |
| PHP | Philippines Pesos | 46.77 |
| RUB | Russia Rubles | 66.27 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1176.17 |
| LKR | Sri Lanka Rupe | 134.09 |
| THB | Thailand Baht | 35.85 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 22471.91 |

*Source : xe.com*

## World Gold Price

August, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 24 | 1150 | 1152 | 1151 |
| 25 | 1143 | 1144 | 1145 |
| 26 | 1136 | 1136 | 1135 |
| 27 | 1125 | 1125 | 1125 |
| 28 | 1128 | 1129 | 1128 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 24-8- 2015 | 773.50 | 772.00 |
| 25-8- 2015 | 770.00 | 770.20 |
| 26-8- 2015 | 759.50 | 759.20 |
| 27-8- 2015 | 755.00 | 755.10 |
| 28-8- 2015 | 756.00 | 756.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ် ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 24 | 6 .40 | 35.75 | 76.94 | 66.46 |
| 25 | 6. 41 | 35.53 | 77.24 | 66.25 |
| 26 | 6 42 | 35.61 | 77.75 | 66.19 |
| 27 | 6 .41 | 35.69 | 78.29 | 66.12 |
| 28 | 6.39 | 35.85 | 77.75 | 66.10 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 24-August | 15.12 | 1744.96 | 1527.01 | 5029.02 | 1013.00 |
| 25-August | 14.77 | 1738.46 | 1526.34 | 5040.67 | 982.00 |
| 26-August | 14.55 | 1746.98 | 1535.52 | 5099.81 | 980.00 |
| 27-August | 14.16 | 1708.67 | 1523.20 | 5060.83 | 990.00 |
| 28-August | 14.51 | 1790.88 | 1557.70 | 5198.14 | 1006.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေတန်ချိန် ရှစ်သောင်းကျော်ဝင်

ပြည်တွင်းကို ဩဂုတ် ၁၆ ရက်မှ ၂၂ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၇၅၆၆၈၀၇ တန်ဖိုးရှိ ဘိလပ်မြေ ၈၆၁၉၂ ဒသမ ၃၅၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယမှ ၆၁၄၈ ဒသမ ၂၀၉ တန်၊ စင်ကာပူနိုင်ငံမှ ၅၀ ဒသမ ၁၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၇၉၉၉၄ တန်ဝင်လာခဲ့တယ်လို့ သိရပါတယ်။

ဝင်လာခဲ့တဲ့ ဘိလပ်မြေများမှာ စိန်၊ ဆင်၊ RAMCO ၊ ANCHOR နဲ့ INSEE ဘိလပ်မြေများ ဝင်လာခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ အများဆုံးဝင်ခဲ့ပြီး ဒုတိယအများဆုံးမှာ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် သုံးသောင်းတစ်ထောင် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် ၅၄၈၆၁ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေ ဈေးငြိမ်ပြီး အရောင်းအဝယ်အေးနေ

ဩဂုတ် ၁၆ ရက် ရက်မှ ၂၂ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၈၆၁၉၂ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၃၁၃၃၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန် ၅၄၈၆၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၇၁၆၅ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၅၇၉၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၈၆၂၀ တန် ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်နေသေးတယ်လို့ သိရပါတယ်။ မိုးကာလ ဖြစ်နေပေမယ့် အသုံးရှိနေတာကြောင့် အရောင်းအဝယ်က ဖြစ်နေတာပါပဲလို့ ဘိလပ်မြေအရောင်းဆိုင်မှတာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၆၁၀၀ ကျပ်၊ စိန် ၆၀၀၀ ကျပ်၊ အပါချီ ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အနီ) ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင် (အစိမ်း) ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအေးတယ်လို့ သိရပါတယ်။ မိုးကာလမှာ အရောင်းထိုင်းတယ်။ ဒီတစ်ပတ်မှာဆင်(ထိုင်း)က၁၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ကြံ့(မြိုင်ကလေး) က ၁၅၀ ကျပ်နဲ့ စိန် က၅၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ စိန် (ထိုင်း) ၅၁၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်အေးတယ်လို့သိရပါတယ်။ မိုးများလာတာကြောင့် အသုံးနည်းတယ်။ အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန် (ယိုးဒယား) ၇၂၀၀ ကျပ်၊ ခြင်္သေ့ ၅၀၀၀ ကျပ်၊ အပါချီ ၅၁၀၀ကျပ်၊ ကျားခေါင်း ၄၉၀၀ကျပ်၊နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၉၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာတန်ချိန် ၁၅၀၀၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ်လ ၁၆ ရက်မှ ၂၂ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၂၈၆၅၉၅ တန်ဖိုးရှိ မြေဩဇာ ၁၅၃၀၄ ဒသမ ၆၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကွန်ပေါင်း FOLIAR ၊ ရွှေနဂါးတော့ပ်ဝမ်း မြေဩဇာများ ဝင်လာပါတယ်။ အများဆုံးက TOP ONE မြေဩဇာဖြစ်ပြီး တန်ချိန် ၁၃၀၅၈ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ၅၉၀၀ ကျော် ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် တန်ချိန် ၉၃၅၇ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်နေ

ဩဂုတ်လ ၁၆ ရက်မှ ၂၂ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၁၅၃၀၄ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၅၉၄၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၃၅၀ ကျော်အဝင်ပိုခဲ့တယ် လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၂၀၇၄၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၈၁၀၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၆၀၀ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး၊ မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးငြိမ်ပြီး မကွေးဈေးကွက်မှာ ဈေးအနည်းငယ်မြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာက မိုးသီးနှံအတွက် အဝယ်လိုက်နေတာကြောင့် ရောင်းအားမြင့်လာတယ်လို့ သိရပါတယ်။ ဒီအချိန်က ကွန်ပေါင်း(အစိမ်း) ရောင်းအား သွက်တာကြောင့် ဈေးနည်းနည်း မြင့်တာကလွဲပြီး ကျန်မြေဩဇာများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၄၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည်(ထိုင်း) ၃၆၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ်လည်(ထိုင်း) ၃၁၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာကအရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ဈေးက ပြောင်းလဲမှုမရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အပြာ) ၁၇၀၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၆၀၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၅၀၀ ကျပ်၊ အာမို ၁၅ ပတ်လည် ၃၇၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၅၁၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)၂၃၄၀၀ ကျပ်၊ ယူရီးယား၃၈၅၀၀ ကျပ်၊ တီစူပါ ၂၆၅၀၀ ကျပ်၊ ပိုတက် ၂၆၅၀၀ ကျပ်၊ တောင်သူမ ၁၅၉၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်း ဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးနေသလို ဒီတစ်ပတ်မှာလည်း ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေး ကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၄၇၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၁၄၀၀ ကျပ်၊တီစူပါ ၁၆% (တရုတ်) ၁၂၀၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၇၃၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၆၀၀၀ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၀၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၆၇၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၈၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ၊ နို့မှုန့် အဝင်ပို

ဩဂုတ် ၂ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၆၅၆၅၀ တန်ဖိုးရှိ နို့ဆီ ၂၇၃ ဒသမ ၂၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ နို့ဆီ ၉၃ တန်သာ ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်ပိုခဲ့ပါတယ်။

နို့မှုန့်က တရုတ်နိုင်ငံမှ ၃၆ ဒသမ ၀၆၂ တန်၊ ဖိလစ်ပိုင်မှ ၁၁ ဒသမ ၇၈၁ တန်နဲ့ စင်ကာပူမှ ၁၀၆ ဒသမ ၆၂ တန် တင်သွင်းခဲ့ပါတယ်။ စုစုပေါင်းဝင်လာတဲ့ တန်ချိန်မှာ ၁၅၄ ဒသမ ၄၆၃ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်မှာ ၁၃ တန်သာ ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ နို့မှုန့်အဝင်ပိုခဲ့ပါတယ်။

**MIRT (DOT)**

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့တစ်ပတ် ငွေဈေးတက်တာကြောင့် ဈေးမြင့်ခဲ့တဲ့ မြေဩဇာက ဒီတစ်ပတ်မှာတော့ ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)၂၂၅၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၂၄၃၀၀ ကျပ်၊ တီစူပါ (၄၆%-တရုတ်)၂၁၂၀၀ ကျပ်၊ တီစူပါ( ၁၆%-တရုတ်) ၁၁၈၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။



### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၅/၈ မှ ၂၁/၈ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၈/၈ မှ ၁၄/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၃၇၁.၂၅ | ၁၃၃၈.၅၀ | (-) ၉၆၇.၂၅ |
| ၂။ | လွယ်ဂျယ် | ၃၅၂.၀၀ | ၂၈၆.၀၀ | (+) ၆၆.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၁၈၂၂.၀၀ | ၂၂၈၉.၀၀ | (-) ၄၆၇.၀၀ |
| ၅။ | တာချီလိတ် | ၁၄၀၅.၀၀ | ၂၀၀.၀၀ | (+) ၁၂၀၅.၀၀ |
| ၆။ | မြဝတီ | ၅၀၄.၁၀ | ၂၂၀၉.၇၀ | (-) ၁၇၀၅.၆၀ |
| ၇။ | ကော့သောင်း | ၁၈၇၁.၀၀ | ၉၃၇၀.၅၀ | (-) ၇၄၉၉.၅၀ |
| ၈။ | မြိတ် | ၈၄၀.၀၀ | ၁၀၀.၀၀ | (+) ၇၄၀.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၇၁၆၅.၃၅ | ၁၅၇၉၃.၇၀ | (-) ၈၆၂၈.၃၅ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၅/၈ မှ ၂၁/၈ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၈/၈ မှ ၁၄/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၅၁၂.၉၅၀ | ၁၆၄၃၃.၃၇၀ | (+) ၂၀၇၉.၅၈၀ |
| ၂။ | လွယ်ဂျယ် | ၄၅၆.၀၀၀ | ၂၉၈.၈၀၀ | (+) ၁၅၇.၂၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၇၉.၅၀၀ | ၈၅၁.၇၅၀ | (+) ၂၂၇.၇၅၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၄၆၅.၃၀၀ | ၃၀၇.၃၀၀ | (+) ၁၅၈.၀၀၀ |
| ၆။ | ကော့သောင်း | ၂၂၉.၅၀၀ | ၂၁၂.၀၀၀ | (+) ၁၇.၅၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိုဒ် | - | - | - |
| | စုစုပေါင်း | ၂၀၇၄၃.၂၅၀ | ၁၈၁၀၃.၂၂ | (+) ၂၆၄၀.၀၃၀ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### ဆီထွက်သီးနှံပေါ်ချိန် ပြည်ပဲဆန်နှင့် နှမ်းဈေး အနည်းငယ်ပြန်ကျ

ယခုတစ်ပတ် ပြည်ဈေးကွက်၌ ဆီထွက်သီးနှံများဖြစ်သော နှမ်းနှင့်မြေပဲဆန်ဈေးအနည်းငယ် ကျလာပါတယ်။ မြေပဲမှာ ပေါင်းတည်၊ ပေါက်ခေါင်းနဲ့ ရွှေတောင်နယ်ဘက်ရှိ ကျေးရွာများမှာ စတင်ထွက်ပေါ် နေပြီဖြစ်ပါ တယ်။ ထွက်လာတဲ့ မြေပဲအစို (အခွံပါ) ၁၈ ပြည် တစ်တင်းကို ၁၂၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီဆန်ကို ဆီစက်သမားများကအဝယ် ရှိသလို လုံးဆန်ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိ သော်လည်း စတင်ထွက်လာပြီဖြစ်လို့ ဈေးအနည်းငယ်ပြန်ကျသွားတာ ဖြစ်ပါတယ်။

နှမ်းမှာလည်း ပြည်ဈေးကွက်သို့ တစ်နေ့ကို အိတ် ၁၀၀၀ ခန့် ဝင်ရောက်လာသဖြင့် အထွက်များလာလို့ နှမ်းဈေးအနည်းငယ်ပြန်ကျလာတာဖြစ်ပါတယ်။ နှမ်းဈေးမှာ နှမ်းနီ တစ်တင်းကို ၃၀၀၀၀ ကျပ်၊ ရိုးရိုးနှမ်းနက် တစ်တင်း ၅၅၀၀၀ ကျပ်ဖြင့် ဈေးအနည်းငယ်ကျလာသော်လည်း စမုံနက်နှမ်းဈေးကတော့ တစ်တင်းကို ၆၆၆၀၀ ကျပ်ဖြင့် ဈေးတန်းနေပါတယ်။ ဆီကြိတ်နှမ်းနီဈေးကျသဖြင့် နှမ်းဆီဈေးမှာ တစ်ပိဿာ ၄၇၀၀ ကျပ်ဖြင့် ဈေးအနည်းငယ် ကျလာပါတယ်။ မြေပဲဆန်ဈေးမှာလည်း ဆီဆန် တစ်ပိဿာ ၂၇၀၀ ကျပ်၊ လုံးဆန် တစ်ပိဿာ ၃၁၀၀ ကျပ်ဖြင့် ဈေးအနည်းငယ်ကျလာပါတယ်။ မြေပဲဆီဈေးမှာ တစ်ပိဿာကို ယခင်က ၆၈၀၀ ကျပ်မှ ယခုအခါ ၆၀၀၀ ကျပ်ထိ ဈေးကျလာကြောင်း သိရပါတယ်။

**ဝေဝေမင်း-ပြည်**

### ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့

ဩဂုတ်လ တတိယပတ်မှာတော့ မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၃၀၉ သန်းတန်ဖိုးရှိတဲ့ နှမ်းဖြူ ၁၀၉၂ တန်၊ နှမ်းနက်တန် ၄၅၀ နဲ့ နှမ်းညို ၆၆ တန် တင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ ယခင်တစ်ပတ်အတိုင်း ကန်ဒေါ်လာ သုည ဒသမ ဝ၃၂ သန်းဖိုးရှိ နှမ်းဖြူ(အခွံချွတ်)၁၈ တန်တင်ပို့ခဲ့ပါတယ်။ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်စခန်းမှ နှမ်းရောင်စုံ ၁၀၁၀ တန်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ် ချင်းရွှေဟော်စခန်းက နှမ်းပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၁၇၅၁၇၆၁ ကျပ်၊ နှမ်းနက် တစ်တန် ၂၀၄၅၃၀၃ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် နှမ်းဖြူ ၁၇၈၃၁၆၇ ကျပ်နဲ့ နှမ်းနက် ၂၀၈၁၉၇၂ ကျပ်သို့ဈေးများ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ နှမ်းအဓိက စိုက်ပျိုးတဲ့ဒေသများအနက် မကွေးတိုင်းပွင့်ဖြူနဲ့ အောင်လံမြို့တို့တွင် ရေဘေးအန္တရာယ်နဲ့ ကြုံတွေ့ခဲ့ပေမယ့် နှမ်းစိုက်ဧကများ ဆိုးရွားစွာပျက်စီးမှုမရှိကြောင်း မြန်မာနိုင်ငံနှမ်းကုန်သည်များအသင်းက တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### ဈေးကွက်အပေါ် ယုံကြည်မှုမြင့်တက်လာသဖြင့် စားအုန်းဆီဈေးမြင့်တက်

ကမ္ဘာ့အီကွိတီရှယ်ယာဈေးကွက်များနှင့် ကုန်စည်ဈေးကွက်များမြင့်တက်လာမှုကြောင့်လည်းကောင်း၊ မကြာသေးမီက စားအုန်းဆီများ ရောင်းထုတ်လာတဲ့အတွက်ကြောင့်လည်းကောင်း စားအုန်းဆီဈေးမှာ ခြောက်ရက်ဆက်တိုက်ကျဆင်းခဲ့ပါတယ်။ ဈေးနှုန်းကျဆင်းမှုကြောင့် အဝယ်ပြန်လိုက်လာတဲ့အတွက် ဩဂုတ်လ ၂၇ ရက်မှာ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်မှာ နိုဝင်ဘာမှာ ဖြန့်ချိမယ့် စားအုန်းဆီရဲ့ အခြေခံဈေးနှုန်းက ၃ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၁၉၂၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၄၄၄. ၃၅) ရှိခဲ့ပါတယ်။ ယခုဈေးနှုန်းက တစ်ရက်အတွင်း မြင့်တက်ရာမှာ ဇွန်လ ၁ ရက်နေ့နောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

ယခုတစ်ရက်အတွင်း ရောင်းဝယ်နိုင်တဲ့ပမာဏက ၂၅ တန်ရှိ အတွဲပေါင်း ၆၄၉၂၂တွဲရှိခဲ့ရာ တစ်ရက်အတွင်း ပျမ်းမျှရောင်းဝယ်ခဲ့ရတဲ့ အတွဲ ၃၅၀၀၀ ထက်ပိုမိုမြင့်မားလာတာကို တွေ့ရပါတယ်။

"အပြုသဘော အလားအလာရှိတဲ့အချက်တစ်ခုက ပြည်တွင်းသန့်စင်ရေးလုပ်ငန်းတွေအတွက် အမြတ်အစွန်းကောင်းနေတာကို တွေ့ရတာပဲဖြစ်ပါတယ်" ဟု ကွာလာလမ်ပူရှိ ကုန်သည်တစ်ဦးက ပြောပါတယ်။ ဩဂုတ် ၂၅ ရက်က အခြေအနေကိုကြည့်ရင် စားအုန်းဆီဈေးကွက်က ၂၀၀၉ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ပြီး၊ ဩဂုတ်လ ၂၆ ရက်အထိ ခြောက်လတာကာလအတွင်း ၉ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

ဇီဝလောင်စာဆီထုတ်လုပ်ရေးက ဝယ်လိုအားကျဆင်းမယ်ဆိုရင် လက်ကျန်တွေ မြင့်မားလာပြီး၊ စားအုန်းဆီဈေးက ရင်းဂစ် ၁၈၀၀ အထိ ကျဆင်းနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံရဲ့ စားအုန်းဆီသန့်စင်ရေးမှာ အကြီးမားဆုံးစက်ရုံကြီးအဖြစ် ဆောင်ရွက်နေတဲ့ ဂူချီဘိုယာကုမ္ပဏီရဲ့ စားအုန်းဆီသန့် ထုတ်လုပ်ရေးလုပ်ငန်းဌာနခွဲဥက္ကဌ နီတက်ရှ်ရာကရာက ပြောပါတယ်။

စားအုန်းဆီဈေးနှုန်းတွေက ဩဂုတ်လ ၂၅ ရက်နေ့မှာ ၂၀၀၉ ခုနှစ် မတ်လနောက်ပိုင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ပြီး ခြောက်ရက်အတွင်း ၉ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

မလေးရှားရင်းဂစ်တန်ဖိုး ကျဆင်းတာကလည်း ပင်လယ်ရပ်ခြားဒေသရှိဝယ်လက်တို့အတွက် စားအုန်းဆီဈေးကို သက်သာစေခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးက ယခုနှစ်အတွင်းမှာ ၁၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး၊ ဒေသတွင်းမှာ စွမ်းဆောင်ရည် အနိမ့်ဆုံးငွေကြေးဖြစ်ခဲ့ပါတယ်။

ဟင်းရွက်ဆီဈေးကွက်ထဲရှိ တခြားစားသုံးဆီတွေရဲ့ အခြေအနေကိုကြည့်ပါက အမေရိကန်ပဲပုပ်ဆီရဲ့ စက်တင်ဘာလအတွက် ကြိုတင်စာချုပ်ဈေးမှာ ၂ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်မှာ ပဲပုပ်ဆီဈေးက သုည ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

**ညဏ်တင်**



### ပြည်တွင်းဆီဈေးနှုန်းများ (၂၈-၈-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၄၅၀၀ | ၄၅၀၀ | □ | ၁၃၇၀ | ၁၃၀၀ | ▽ |
| မန္တလေး | ၅၀၀၀ | ၅၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၄၇၀ | ၁၃၉၀ | ▽ |
| ပဲခူး | ၃၄၀၀ | ၃၆၀၀ | △ | ၄၉၀၀ | ၄၉၀၀ | □ | ၁၄၅၀ | ၁၄၀၀ | ▽ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၀၀ | ၁၆၀၀ | ▽ |
| မုံရွာ | ၆၆၀၀ | ၆၆၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၅၀ | ၁၄၅၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |

*Source: mirt*

### စားအုန်းဆီဈေးနှုန်းများ (၂၄-၈-၂၀၁၅ မှ ၂၈-၈-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၄-၈-၂၀၁၅ | ၅၅၅ |
| (၂) | ၂၅-၈-၂၀၁၅ | ၅၅၀ |
| (၃) | ၂၆-၈-၂၀၁၅ | ၅၄၅ |
| (၄) | ၂၇-၈-၂၀၁၅ | ၅၄၀ |
| (၅) | ၂၈-၈-၂၀၁၅ | ၅၅၀ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၈-၈-၂၀၁၅ US$/Ton

| အမျိုးအစား | ဩဂုတ်လတတိယပတ် | ဩဂုတ်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၁၂.၀၀ | ၄၉၈.၀၀ | ▽ |
| RBD P.Olein | ၅၂၉.၀၀ | ၅၁၅.၀၀ | ▽ |
| RBD P.Strarin | ၄၃၅.၀၀ | ၃၉၅.၅၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၈- ၈ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၁၄၅.၈၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၂.၈၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၅.၇၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၅၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၅.၆၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၁.၄၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၂၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၂၇၀.၀၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၈-၈-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚CMax ၅၅၀ ဒေါ်လာ၊ FOB ၅၂၅ဒေါ်လာနှင့် USD ဈေး ၁၂၇၅ ကျပ်) ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၈-၈-၂၀၁၅)နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၇၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ကိုရီးယားနှစ်နိုင်ငံ၏ မာရသွန်ဆွေးနွေးပွဲကြောင့် အေးစက်စက်ဆက်ဆံရေးကို နွေးထွေးစေမည်ဟုဆို

မြောက်ကိုရီးယားမှ ထောင်ထားသည့် မိုင်းကြောင့် တောင်ကိုရီးယားစစ်သည်နှစ်ဦး ခြေထောက်ပြတ်သည့် ဒဏ်ရာရရှိခဲ့ကြောင်း တောင်ကိုရီးယား၏ စွပ်စွဲချက်ကြောင့် ပေါ်ပေါက်ခဲ့သည့် နှစ်နိုင်ငံကြားတင်းမာမှုကို လျှော့ချရန်အတွက် ရှည်ကြာလှသည့် နှစ်နိုင်ငံဆွေးနွေးပွဲကို ဩဂုတ်လ ၂၃ ရက်နေ့က ပန်မွန်ဂျုံတွင် ဆက်လက်ပြုလုပ်ခဲ့ကြသည်။ ဩဂုတ်လ ၂၂ ရက်နေ့ညနေ ခြောက်နာရီခွဲက စတင်ခဲ့သည့် နှစ်နိုင်ငံကိုယ်စားလှယ်လေးဦး သည် ၁၀ နာရီကြာ ဆွေးနွေးခဲ့ကြသော်လည်း သဘောတူညီချက် တစ်စုံတစ်ရာ ထွက်ပေါ်လာခြင်းမရှိချေ။ ဩဂုတ်လ ၂၃ ရက်နေ့က ပထမအကြိမ်ဆွေးနွေးပွဲသည် နာရီအနည်းငယ်ကြာမြင့်ခဲ့ပြီး၊ ဒုတိယအကြိမ်ဆွေးနွေးပွဲကို ညနေ သုံးနာရီခွဲက ပြန်လည်စတင်ခဲ့ကြသည်။ ဝါဒဖြန့်ချီရေး အသံချဲ့စက်များပိတ်ပေးမည်လား၊ စစ်ပွဲရင်ဆိုင်မည်လားဆိုသည့် တောင်းဆိုချက်ကို ဩဂုတ်လ ၂၂ ရက်နေ့ညနေငါးနာရီတွင် နောက်ဆုံးပြန်ကြားရန် မြောက်ကိုရီးယားက တောင်ကိုရီးယားနိုင်ငံကို တောင်းဆိုထားသည်။ ယင်းနေ့ညနေငါးနာရီ မတိုင်မီက နှစ်နိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးပွဲကို စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းဆွေးနွေးပွဲ စတင်ရန် မြောက်ကိုရီးယားက ချက်ချင်းတောင်းဆိုခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားသမ္မတရုံးက မြောက်ကိုရီးယား၏ တောင်းဆိုချက်ကို ယင်းနေ့မှာပင် ခေါင်းဆောင်ကင်ဂျုံအန်၏ လက်ထောက်စစ်ရေးအကြီးအကဲ Hwang Pyong-so ကို ဆွေးနွေးပွဲသို့ ဖိတ်ခေါ်ခြင်းအားဖြင့် လက်သင့်ခံခဲ့သည်။

နှစ်နိုင်ငံမှ ကိုယ်စားလှယ်လေးဦး၏ ဆွေးနွေးပွဲသည် ဒုတိယနေ့ရောက်ခဲ့သည့်တိုင် သဘောတူညီချက် မရရှိခဲ့ချေ။ မြောက်ကိုရီးယားက တောင်ကိုရီးယားနိုင်ငံအား ဝါဒဖြန့် အသံချဲ့စက်များ ပိတ်ပေးရန် တောင်းဆိုချက် အချိန်လည်း ကုန်ဆုံးကျော်လွန်သွားခဲ့ပြီးဖြစ်သည်။ မြောက်ကိုရီးယားသည် တောင်ကိုရီးယားစစ်သည်နှစ်ဦးအား ခြေထောက်ပြတ်စေခဲ့သည့် မြေမြှုပ်မိုင်းကို ထောင်ထား၍ ရန်စခြင်းကို တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ အသံချဲ့စက်များ ရပ်ပေးရန်သာ တောင်းဆိုနေခဲ့ကြောင်း အစိုးရအရာရှိတစ်ဦးက ဩဂုတ်လ ၂၂ ရက်နေ့က မီဒီယာသို့ ပြောကြားခဲ့သည်။ ဆိုးလ်က မြေမြှုပ်မိုင်းကိစ္စအတွက် ပြုံယမ်းအား တောင်းပန်ရန် တောင်းဆိုခဲ့သော်လည်း မြောက်ကိုရီးယားကိုယ်စားလှယ်များက တုံ့ပြန်ခြင်းမပြုခဲ့ပေ။ မြောက်ကိုရီးယားမှ ကိုယ်စားလှယ်နှစ်ဦး ဖြစ်သည့် Hwang Pyong-so နှင့် Kim Yang-gon တို့သည် ဆိုးလ်၏ဝါဒဖြန့် အသံချဲ့စက်များကို ဖယ်ရှားပေးရန်သာ တောင်းဆိုရမည်ဆိုသည့် ကင်ဂျုံအန် ၏ ညွှန်ကြားချက်တစ်ခုအတွက်သာ လာရောက်သည်ဟု ယူဆရကြောင်း တောင်ကိုရီးယား ထောက်လှမ်းရေးဌာနက သုံးသပ်ခဲ့သည်။

ပြုံယမ်းသည် မြေမြှုပ်မိုင်းနှင့် ပတ်သက်၍ ငြင်းဆန်နေခဲ့ပြီး ဆိုးလ်ကလည်း မတောင်းပန်ပါက အသံချဲ့စက်ထုတ်လွှင့်နေမှုကို မရပ်နိုင်ကြောင်း ထပ်တလဲလဲ ပြောဆိုနေခဲ့သည်။ ယင်းကဲ့သို့ မတိုးသာမဆုတ်သာ အခြေအနေသည် ဆွေးနွေးပွဲ ရည်ရွယ်ချက် အထမမြောက်ဘဲ ပြုံယမ်းကသာ တောင်းပန်လိုက်ပါက ကိုရီးယားကျွန်းဆွယ်အရေးမှာ ယခုထက် သဘောတူညီချက် ပိုမိုနိုင်မည်ဖြစ်ကြောင်း တောင်ကိုရီးယား အစိုးရအရာရှိ တစ်ဦးက ပြောဆိုခဲ့သည်။ အားကိုးအားထားပြုနိုင်သည့် ကိစ္စတစ်ခုမှာ ပြုံယမ်းသည် ယခုထက်တိုင် ဆွေးနွေးပွဲက ထွက် ခွာသွားခြင်း မရှိသေးခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် သူ၏ မဟာမိတ်ဖြစ်သော တရုတ်နိုင်ငံ၏ ဖိအားပေးမှုရှိလာပါက အပြောင်းအလဲ အနည်းငယ်ရှိလာနိုင်သည်။ ယခုဆွေးနွေးပွဲသာ ပျက်ပြားသွားပါက ပြုံယမ်းသည် မည်သူ့ကိုမျှ အပြစ်တင်နိုင်မည် မဟုတ်ချေ။ ကိုရီးယားစစ်ပွဲကြောင့် တောင်/ မြောက် ကွဲကွာနေသော မိသားစုများအား ပြန်လည်ပေါင်းစည်းပေးရေး အစီအစဉ်တစ်ရပ်ဖြင့် မြောက်ကိုရီးယားက တောင်ကိုရီးယားကို မက်လုံးပေးထားသည်။

တောင်/မြောက်အရေး ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ ပြုံယမ်းက ဆွေးနွေးရန် စတင်ဖိတ်ခေါ်လာခြင်းသည် ၎င်း၏ခြိမ်းခြောက်အကျပ်ကိုင်သည့် (Blackmail tactics) လုပ်ရပ်ဟောင်း အတိုင်းသာဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၎င်းအပြင်ဖြစ်နိုင်သည်မှာ တစ်ဖက်က ရန်စသည့် လုပ်ရပ်အတွက် ပြင်ဆင်နေနိုင်ရန် အခြားတစ်ဖက်က ဆွေးနွေးပွဲတစ်ခုအား လုပ်ဆောင်နေသည့် လမ်းလွှဲသည့်နည်းဗျူဟာ (Diversionary tactic) လည်းဖြစ်နိုင်ကြောင်း ခန့်မှန်းခဲ့ကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ဂျပန်နိုင်ငံ အိုဆာကာတွင် မြန်မာ Symposium ပွဲကျင်းပမည်

ဂျပန်နိုင်ငံ၊ အိုဆာကာမြို့အခြေစိုက် ကန်ဆိုင်းစီးပွားရေး အသင်းချုပ်အနေဖြင့် အာဆီယံ-ဂျပန်စင်တာနှင့် Resona Foundation for Asia & Oceania တို့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ ၏ စီးပွားရေးဝန်းကျင်နှင့် ပတ်သက် သည့် Symposium ကို စက်တင်ဘာလ ၁ ရက်နေ့တွင် အိုဆာကာမြို့ Cityplaza Osaka ၌ ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပြီး အဆိုပါ Symposium တွင် မြန်မာနိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင်၊ စိန်ခေါ်မှုများနှင့်အလားအလာများ ကန်ဆိုင်းဒေသမှ ကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်း များကို အဓိကထား ဆွေးနွေးသွားကြမည်ဖြစ်သည်။

အဆိုပါ မြန်မာ Symposium ပွဲသို့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတစ်ဦးမှ တက်ရောက်၍ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားအပေးဆုံးကဏ္ဍများ မြန်မာအနေဖြင့် ဂျပန်ကုမ္ပဏီများထံမှ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ယုံကြည်မျှော်လင့်ချက်များ မြန်မာနိုင်ငံတွင် စီးပွားရေးဝန်းကျင် တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နေ သည့် လုပ်ငန်းများ၊ မူဝါဒများကို ဆွေးနွေးဟောပြောသွားမည်ဖြစ်သည်။

အဆိုပါ Myanmar Symposium သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် လုပ်ငန်းရှင်များအဖွဲ့လည်း တက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာ Symposium ကို အိုဆာကာတွင် ကျင်းပနိုင်ရေးအတွက် အိုဆာကာဒေသအစိုးရ၊ အိုဆာကာကုန်သွယ်ရေးနှင့်စက်မှုလက်မှုဖောင်ဒေးရှင်းတို့မှ ပူးပေါင်းစီစဉ်ခဲ့ကြခြင်းဖြစ်ပြီး အိုဆာကာ ကုန်သည်စက်မှုအသင်းနှင့် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့အစည်းတို့မှ ပံ့ပိုး ကူညီကြကြောင်းလည်း သိရှိရသည်။ ၎င်း မြန်မာ Symposium သို့ ကန်ဆိုင်းဒေသ စီးပွားရေးအသင်းချုပ်၊ Resona Foundation for Asia and Oceania နှင့် ဂျပန်ပြည်ပကုန်သွယ်ရေး အဖွဲ့အစည်းမှ အသင်းဝင် စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

**မင်းဇော်ဦး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့**

# မြန်မာနိုင်ငံတွင် လျင်မြန်စွာ ရင်းနှီးမြှုပ်နှံကြရန် ထိုင်းလုပ်ငန်းရှင်များအားတိုက်တွန်း

ထိုင်းလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ တိုးတက်လာမည့် အလားအလာကောင်းများကို အသုံးချသင့်သည်ဟု စီးပွားရေးကိုဦးဆောင်နေသူများက တိုက်တွန်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခြားသောနိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကိုလည်း ကြိုဆိုလျက်ရှိရာ ယှဉ်ပြိုင်မှုသည် အလွန်မြင့်မားလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ထိုင်းစီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် အတွက် မြန်မာနိုင်ငံအတွင်းမှ လုပ်ငန်းတူစီးပွားဖက်များအား ရှာဖွေခြင်းဖြင့် စတင်ရန်တိုက်တွန်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်နှံခွင့်ပေးထားသော်လည်း ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် အချိန်မရွေးပြောင်းလဲနိုင်ကြောင်း၊ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်နိုင်ငံရေး အခြေအနေပြောင်းလဲမှုများကို သိရှိနားလည်စေရန်အတွက် မြန်မာနိုင်ငံသား စီးပွားဖက်များရရှိထားရန် လိုအပ်ကြောင်း ထိုင်း-မြန်မာ စီးပွားရေး ကောင်စီဥက္ကဋ္ဌ မစ္စတာပါနီတန်က ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း နှစ်စဉ်သံမဏိသုံးစွဲမှုသည် နည်းပါးနေဆဲဖြစ်ပြီး တစ်နှစ်လျှင်တန်ချိန်နှစ်သန်းသုံးသန်းသာသုံးစွဲကြောင်း၊ သို့ရာတွင် အခြေခံအဆောက်အအုံ စီမံကိန်းများနှင့်တည်ဆောက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု အရှိန်မြင့်လာခြင်းနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိဝယ်လိုအား သိသိသာသာ မြင့်တက်လာမည့် အရိပ်လက္ခဏာ ရှိနေကြောင်းလည်း ၎င်းကပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ထိုင်းစီးပွားရေး လုပ်ငန်းရှင်များ၏ ဆုံးဖြတ်ချက်နှေးကွေးမှုကြောင့် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံသူအဆင့်မှ ဆဋ္ဌမအဆင့်သို့လျော့ကျသွားခဲ့သည်။

Millcon Steel Plc ကုမ္ပဏီသည် မြန်မာနိုင်ငံရှိ များစွာသော အခြေခံအဆောက်အအုံစီမံကိန်းများကြောင့် မြင့်တက်လာသည့် လိုအပ်ချက်ကို ဖြည့်စွမ်းပေးရန် မြန်မာနိုင်ငံ၌ စက်ရုံများတည်ထောင်၍ ရင်းနှီးမြှုပ်နှံခြင်းမပြုမီ ဒေသခံစီးပွားဖက်ကို ရှာဖွေခဲ့ကြောင်း၊ Millcon Steel Plc သည် သီလဝါအထူးစီးပွားရေးဇုန်၌ (မတည်ရင်းနှီးငွေ)အမေရိကန်ဒေါ်လာ ၁၅ သန်းဖြင့် ဖက်စပ်ကုမ္ပဏီ တည်ထောင်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် အဆင်သင့်ဖြစ်စေရန် လိုအပ်သောအခြေခံအဆောက်အအုံများ တည်ဆောက်ပြီးဖြစ်ကြောင်းဥက္ကဋ္ဌနှင့် CEO ဖြစ်သူ Mr.Sittichai ကပြောကြားခဲ့ပါသည်။

အဆိုပါ ဖက်စပ်ကုမ္ပဏီတွင် Millcon Steel Plc က၄၅ ရာခိုင်နှုန်း၊ Thai General Engineering Construction Plc က၄၅ ရာခိုင်နှုန်းနှင့် ပြည်တွင်းစီးပွားဖက်က ၁၀ ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ကြကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကိုရီးယားသမ္မတနိုင်ငံ အခွန်ငွေများ တိုးတက်ကောက်ခံရရှိ

ယခုနှစ် ပထမခြောက်လအတွင်း အခွန်တိုးတက်ကောက်ခံရရှိမှုသည် ယခင်နှစ်အလားတူကာလထက် ဝမ် ၈ ဒသမ ၂ ထရီလီယံပိုမိုရရှိခဲ့သည်။ ဘဏ္ဍာရေးနှင့်နည်းဗျူဟာဝန်ကြီးဌာန၏ ဩဂုတ်လ ၂၀ ရက်နေ့က ကြေညာချက်အရ ဇန်နဝါရီလမှ ဇွန်လအထိ ဗဟိုအစိုးရ၏ အခွန်ကောက်ခံရရှိမှုသည် ဝမ် ၁၀၆ ဒသမ ၆ ထရီလီယံဖြစ်ပြီး ယခုနှစ်လျာထားချက်၏ ၄၉ ဒသမ ၄ ရာခိုင်နှုန်း အထိရရှိပြီးဖြစ်ကြောင်း သိရှိရသည်။

၂၀၁၄ ခုနှစ်၏ ပထမခြောက်လပတ်ကုန်တွင် လျာထားချက်၏ ၄၅ ရာခိုင်နှုန်းသာ အခွန်ကောက်ခံရရှိခဲ့သည်။ စီးပွားရေး မကောင်းသည့်ကာလရှည်ကို ဖြတ်သန်းပြီးနောက် ပြန်လည်ရှင်သန်လာသော အိမ်ခြံမြေဈေးကွက်နှင့်အခြားစီးပွားရေး အခြေအနေများ အမြတ်အစွန်းပိုမိုရရှိလာခြင်းကြောင့် အခွန်ငွေတိုးတက်ကောက်ခံရရှိလာခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးအာဏာပိုင်များက ယုံကြည်လက်ခံလာခဲ့ကြသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# မြောက်ကိုရီးယား- တရုတ်ကုန်သွယ်မှု ၁၀ ရာခိုင်နှုန်းကျော် လျော့ကျ

မြောက်ကိုရီးယားနိုင်ငံနှင့် တရုတ်၊ ရုရှားတို့၏ ကုန်သွယ်မှု နှေးကွေးသွားခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခုနှစ် ပထမ ခြောက်လပတ်အတွင်းများစွာ လျော့ကျသွားခဲ့သည်။ မြောက် ကိုရီးယား၏ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများသည် စီးပွားရေး ကျဆင်းသည့်ဒဏ်ကို ပိုမိုခံစားကြရပြီး မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုးရေး ကဏ္ဍတွင်လည်း ထုတ်လုပ်မှုလျော့ နည်းလျက်ရှိနေကြောင်း၊ တောင်ကိုရီးယား နိုင်ငံပိုင် Korea Development Institute ၏ အစီရင်ခံစာတွင် ဖော်ပြပါရှိပါသည်။

"Is the North Korea Economy Getting Really Better?" ဟုအမည်ပေးထားသည့် ယင်းအစီရင်ခံစာတွင် ဖော်ပြထားချက်အရ ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ငါးလတာကာလတွင် တရုတ်နှင့်ကုန်သွယ်မှုပမာဏသည် ပို့ကုန်တွင် ဒေါ်လာ ၉၅၄ ဒသမ ၃၂ သန်းဖြစ်ခဲ့ပြီး၊ သွင်းကုန်တန်ဖိုး ဒေါ်လာ ၁,၀၈၉ ဒသမ ၈၅ သန်းဖြစ်ခဲ့သည်။ ယင်းပမာဏသည် ယခင်နှစ် အလားတူကာလထက် ၁၀ ဒသမ ၃ ရာခိုင်နှုန်းနှင့်၁၄ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးလျော့ကျခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားသည် တရုတ်နိုင်ငံနှင့် အဓိကကုန်သွယ်လျက်ရှိပြီး တစ်နိုင်ငံလုံးကုန်သွယ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်မှာ တရုတ်နှင့်ဖြစ်သည်။ မြောက်ကိုရီးယား၏ စိုက်ပျိုးရေးကဏ္ဍသည်လည်း ကုန်ထုတ်လုပ်မှု လျော့ကျသွားသည်ကို တွေ့ရသည်။ ယခုနှစ်တွင် မြောက်ကိုရီးယား၌ မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးထွက်ကုန် ၁၀ ရာခိုင်နှုန်းကျော် လျော့နည်းနိုင်ကြောင်း ကုလသမဂ္ဂ အစားအစာနှင့်စိုက်ပျိုးရေးအဖွဲ့က ခန့်မှန်းထားခဲ့သည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနိုင်ငံအပါအဝင် အာဆီယံဒေသတွင်းနိုင်ငံများ၏ စီးပွားရေး တိုးတက်မှု နှေးကွေးလျက်ရှိ

ထိုင်းနိုင်ငံ၏ မက်ခရိုစီးပွားရေးပတ်ဝန်းကျင်သည် ဆိုးရွားသော အခြေအနေများနှင့် ပြောင်းလဲမှုများကို ရင်ဆိုင်နေရသော်လည်း နိုင်ငံ၏ စီးပွားရေးအခြေခံများသည် ခိုင်မာနေဆဲဖြစ်ကြောင်း၊ နိုင်ငံ၏သာမန်ငွေစာရင်းတွင် ပိုငွေပြလျက်ရှိခြင်း၊ နိုင်ငံခြားငွေလဲနှုန်း တည်ငြိမ်ခြင်း၊ အလုပ်လက်မဲ့နှုန်း နိမ့်နေခြင်းတို့က ဤအခြေအနေကို ထင်ဟပ်လျက်ရှိကြောင်း ထိုင်းနိုင်ငံဗဟိုဘဏ်က ခိုင်မာစွာပြောဆိုခဲ့ပါသည်။

လယ်သမားများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခက်အခဲများ လျော့ပါးသက်သာစေရန် ရည်ရွယ်၍ဆောင်ရွက်လျက်ရှိသော အစိုးရ၏ စီမံချက်များသည် ဖြစ်နိုင်ချေရှိကြောင်း၊ ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအလားအလာ အားပျော့နေရခြင်းမှာ အဓိကအားဖြင့် ပြည်ပတင်ပို့မှု ကျဆင်းနေခြင်းကို အရင်းခံ၍ ဖြစ်ပေါ်လာကြောင်း ထိုင်းနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ မစ္စတာပရာဆမ် ကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေး နာလန်ထူလာမှုနှေးကွေးနေခြင်းနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှု ကြာရှည်နေခြင်းတို့သည် ထိုင်းနိုင်ငံ ဗဟိုဘဏ်၏ GDP တိုးတက်မှုနှုန်း ခန့်မှန်းချက်ကို လျှော့ချရန် လှုံ့ဆော်ပေးခဲ့ပါသည်။ ထိုင်းနိုင်ငံဗဟိုဘဏ်၏ ခန့်မှန်းချက်အသစ်ကို ငွေကြေးမူဝါဒအစီရင်ခံစာ ထုတ်ပြန်သည့် စက်တင်ဘာလ ၂၅ ရက်တွင် ကြေညာမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေး တိုးတက်မှုသည် နှေးကွေးလျက်ရှိပြီး ယခုနှစ် ဒုတိယသုံးလပတ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်း အမျိုးသားစီးပွားရေး နှင့်လူမှုရေးဖွံ့ဖြိုးမှုအဖွဲ့ (NESDB) မှ ပြောကြားခဲ့ပါသည်။

ယခုနှစ် ပထမနှစ်ဝက်၌ ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ပထမနှစ်ဝက်၌ သုည ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ဒုတိယနှစ်ဝက်၌ ၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ပြည်ပတင်ပို့မှုသည် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဒဏ်ကိုခံနေရစဉ်တွင် စီးပွားရေး တိုးတက်မှုအတွက် အဓိက အထောက်အကူဖြစ်စေခဲ့သော ကဏ္ဍများမှာ အစိုးရရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းတို့ဖြစ်ကြောင်း သိရှိရပါသည်။

ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ သိသိသာသာ တိုးတက်ခဲ့သော်လည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် မိုးခေါင်မှု၏ အကျိုးသက်ရောက်မှုကို ရင်ဆိုင်ခဲ့ရပါသည်။ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ ကျဆင်းခြင်းသည် ပြည်ပတင်ပို့မှုဦးစားပေးလုပ်ငန်းများ ကျဆင်းမှုကို ထင်ဟပ်ပြနေပါသည်။

ယခုနှစ် ဒုတိယ သုံးလပတ်စီးပွားရေးအခြေအနေသည် အားရစရာ မရှိသောကြောင့် NESDB သည် ၂၀၁၅ ခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းကို မေလ၌ ၃-၄ ရာခိုင်နှုန်းဟု ခန့်မှန်းခဲ့ရာမှ ဩဂုတ်လ ၁၇ ရက်နေ့၌ရင်း၏ ခန့်မှန်းချက်ကို ၂ ဒသမ ၇ -၃ ဒသမ ၂ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပါသည်။ ယခင်က သုည ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းခဲ့သော ယခုနှစ် ပြည်ပတင်ပို့မှု တိုးတက်မှုနှုန်းကိုလည်း ၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းလိမ့်မည်ဟု ပြင်ဆင်ခန့်မှန်းခဲ့ပါသည်။

ယခုနှစ် ဒုတိယနှစ်ဝက်တွင် အမေရိကန်မှလွဲ၍ အခြားသောအဓိကကုန်သွယ်ဖက်နိုင်ငံများအားလုံးနီးပါးသို့တင်ပို့မှုသည် ကျဆင်းခဲ့ကြောင်း၊ အစိုးရအနေဖြင့် ယခုနှစ်ကျန်ရှိသောကာလများတွင် အစိုးရသုံးစွဲမှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အရှိန်မြှင့်တင် ဆောင်ရွက်သင့်ကြောင်း NESDB အတွင်းရေးမှူးချုပ် Mr.Arkhom ကပြောကြားခဲ့ပါသည်။

စီးပွားရေးတိုးတက်မှုနှုန်း နှေးနေခြင်းသည် ထိုင်းနိုင်ငံ တစ်နိုင်ငံတည်းတွင်သာ ဖြစ်ပေါ်နေခြင်း မဟုတ်ကြောင်း၊ အခြားသောနိုင်ငံများ အထူးသဖြင့် အာရှနိုင်ငံများသည်လည်း ၎င်းတို့၏ တိုးတက်မှုနှုန်း ခန့်မှန်းချက်များကို ပြင်ဆင်လျှော့ချလျက်ရှိကြောင်း၊ အာရှနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းခန့်မှန်းချက် ပြင်ဆင်လျှော့ချရခြင်း၏ အဓိကအကြောင်းရင်းများ အနက် တစ်ခုမှာ ပြည်ပတင်ပို့မှု နှေးကွေးကျဆင်းနေခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# စက်တင်ဘာလအတွင်း ထိုင်း-ပါကစ္စတန် FTA ညှိနှိုင်း ဆွေးနွေးပွဲများ ကျင်းပမည်

ထိုင်းနိုင်ငံနှင့်ပါကစ္စတန်နိုင်ငံတို့အကြား လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ် (FTA) ချုပ်ဆိုနိုင်ရေးအတွက် ပထမဆုံးအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာလအတွင်း စတင်ကျင်းပမည်ဖြစ်ပါသည်။ နှစ်နိုင်ငံအကြား FTA ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ၂၀၁၇ ခုနှစ်တွင် အပြီးသတ်ဆွေးနွေးရန် မျှော်လင့်ထားကြောင်း သိရှိရပါသည်။

ပါကစ္စတန်နိုင်ငံ၌ ဩဂုတ်လ ၁၂ရက်နှင့်၁၃ ရက်နေ့တို့တွင် ကျင်းပခဲ့သော တတိယအကြိမ် ပူးတွဲကုန်သွယ်ရေးကော်မတီ အစည်းအဝေး၌ ထိုင်းနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ FTA ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို စက်တင်ဘာလတွင် စတင်မည်ဟု သဘောတူကြေညာခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ အစည်းအဝေး၌ နှစ်နိုင်ငံအကြား FTA သည် နှစ်နိုင်ငံ ပြည်ပတင်ပို့မှုများသာမက ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရန် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်း ပါကစ္စတန်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးက ပြောကြားခဲ့ပါသည်။

ပါကစ္စတန်နိုင်ငံသည် ထိုင်းနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သကဲ့သို့ အဓိကပို့ကုန်ဈေးကွက်လည်းဖြစ်ပါသည်။ ပါကစ္စတန်နိုင်ငံသည် ထိုင်းနိုင်ငံ၏ ဒုတိယအများဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပါသည်။

ထိုင်း-ပါကစ္စတန်နှစ်နိုင်ငံ ကုန်သွယ်မှုသည် တဖြည်းဖြည်းမြင့်တက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုသည် ၂၀၁၀ ပြည့်နှစ်၌ အမေရိကန်ဒေါ်လာ ၉၁၆သန်းရှိခဲ့ရာမှ ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ဘီလီယံအထိ မြင့်တက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံဘက်မှ ကုန်သွယ်မှုပိုငွေ (Trade Surplus) ရလျက်ရှိကြောင်း၊ ပြီးခဲ့သည်နှစ်၌ ထိုင်းနိုင်ငံမှ ပါကစ္စတန်နိုင်ငံသို့ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈၇၆ သန်းရှိပြီး ထိုင်းနိုင်ငံအနေဖြင့် ပါကစ္စတန်မှ တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ သန်း ၁၄၀ သာရှိကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# တင်းကျပ်သော စည်းမျဉ်းများကြောင့် အထူးစီးပွားရေးဇုန်များကို ထိခိုက်

ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဒေသများရှိ အထူးစီးပွားရေးဇုန်များ၌ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် စိတ်အားထက်သန်လျက်ရှိသော်လည်း အချို့သော စည်းမျဉ်းစည်းကမ်းများသည် လက်ရှိအခြေအနေနှင့်ကိုက်ညီခြင်းမရှိဘဲ မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်ရှိ စီးပွားရေးဇုန်များအတွက် ပိုမိုဆွဲဆောင်မှုရှိသော အလားအလာများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။

ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ၄၅ ကီလိုမီတာခန့်တွင် တည်ရှိသော မြဝတီစီးပွားရေးဇုန်ကို ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း၌ တည်ဆောက်ခဲ့ကြောင်း၊ မြဝတီစီးပွားရေးဇုန်သည် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လျက်ရှိကြောင်း၊ မဲဆောက်-မြဝတီ အကြား ၄၅ ကီလိုမီတာ အဝေးပြေးလမ်း တည်ဆောက်ပြီးနောက် သယ်ယူပို့ဆောင်မှုပိုမိုကောင်းမွန်လာခြင်းနှင့်အတူ ရင်းနှီးမြှုပ်နှံသူများသည် မြဝတီစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် မြဝတီစီးပွားရေးဇုန်အတွက် မြေဧရိယာ ရိုင် ၈၀၀၀ သတ်မှတ်ပေးခဲ့ပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အထူးအခွင့်အရေးများပေးကာ ကမ်းလှမ်းခဲ့ပါသည်။ မြဝတီစီးပွားရေးဇုန်တွင် သိုလှောင်ရုံနေရာပါရှိသော ပို့ကုန်-သွင်းကုန်ဇုန်၊ စက်မှုဇုန်တို့ပါဝင်ပါသည်။

ထိုင်းနိုင်ငံ၏ အထူးစီးပွားရေးဇုန်များအတွက်ပေးသော အထူးအခွင့်အရေးများသည် မြန်မာနိုင်ငံမှပေးသော အထူးအခွင့်အရေးများနှင့် အလားတူပင်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များမှ ဆိုပါသည်။ သို့ရာတွင် အီးယူမှဖွံ့ဖြိုးမှုနည်းသော နိုင်ငံများအတွက် ပေးသောအကောက်ခွန်သက်သာခွင့်သည် မြန်မာနိုင်ငံအား အခွင့်အလမ်းပိုမိုကောင်းစေလျက်ရှိပါသည်။ ထုတ်လုပ်မှုစရိတ် သက်သာပြီး အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် အီးယူသို့ တင်ပို့နိုင်ခြင်းသည် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

Vol: 15, No.33 Monday August 31 2015

# မြေပဲဆီလား စားအုန်းဆီလား ရွေးချယ်စားသုံးတတ်ကြစေဖို့



|မယ်စားသုံး၊ ခင်သီ (စားသုံးသူ) ရန်ကုန်|

**ကုန်အမှတ်တံဆိပ်မပါတဲ့မြေပဲဆီကို မြေပဲဆီလို့ ထင်ယောင်ထင်မှားနဲ့ ဝယ်ယူစားသုံးတာဟာ စားသုံးသူရဲ့အပြစ်လို့ဆိုရပေမယ့် အခုနောက်ပိုင်းမှာတော့ ကုန်အမှတ်တံဆိပ်ကို ထင်ထင် ရှားရှားတပ်ပြီး**

ပြီးခဲ့တဲ့ဩဂုတ်လ ၂၂ ရက်နေ့က မြန်မာ့အလင်းနဲ့ကြေးမုံသတင်းစာတို့မှာ စားအုန်းဆီကို မြေပဲဆီလို့ ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ရောင်းချထားတဲ့ အမှတ်တံဆိပ်များနဲ့ မြေပဲဆီအတုတွေကို ဈေးကွက် အတွင်းမှ အမြန်ဆုံးဖယ်ရှားပေးဖို့နဲ့ ဆက်လက်ထုတ်လုပ်ရောင်းချတာကို တွေ့ရှိခဲ့မယ်ဆိုရင် အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(ခ)အရ ထိရောက်စွာ အရေးယူသွားမယ့်အကြောင်း ဖော်ပြထားတာကို ဖတ်ရှုလိုက်ရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနဟာ အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်အတွက် စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်လျက် ရှိပါတယ်။

စစ်ဆေးဆောင်ရွက်ချက်များအရ ဈေးကွက်များတွင်ရောင်းချလျက်ရှိတဲ့ စားသုံးဆီအမှတ်တံဆိပ်များဖြစ်သည့် စိန်မမ၊ မော်ကွန်းသစ် (MKT)၊ Hi Plus၊ စိန်၊ ရွှေအိုး၊ ရွှေပဒေသာ၊ ကံသာမြင့်၊ Golden Royal(ရွှေတော်ဝင်)၊ Ruby (ပတ္တမြား)၊ သပြေ တို့မှာ အမှတ်တံဆိပ်များတွင် မြေပဲဆီဟုဖော်ပြထားပြီး မြေပဲဆီအစစ်မဟုတ်ဘဲ “စားအုန်းဆီနှင့် အခြားစားသုံးဆီအရောများ” ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှတ်တံဆိပ်ပါ ဖော်ပြချက်နဲ့ ကိုက်ညီမှုမရှိတဲ့ စံမညီစားသုံးဆီများဖြစ်တယ်လို့ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနရဲ့စစ်ဆေးတွေ့ရှိချက်ကို အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ပြည်သူများရဲ့နေ့စဉ်စားသောက်မှုပုံစံမှာ စားသုံးဆီဟာ မရှိမဖြစ်လိုအပ်လှတဲ့ကုန်ပစ္စည်းတစ်မျိုးလည်းဖြစ်ပါတယ်။ ဒါကြောင့် နေ့စဉ်စားသောက်နေတဲ့အစားအသောက်တွေမှာ မပါမဖြစ် ပါဝင်နေတဲ့စားသုံးဆီကို သတ်မှတ်စံနှုန်းများနဲ့ ညီညွတ်မှုရှိစေဖို့အတွက် ဈေးကွက်အတွင်းမှာ ရောင်းချလျက်ရှိနေတဲ့ စားသုံးဆီတွေကို ဆက်လက်စစ်ဆေးပြီး စံချိန်စံညွှန်းနဲ့ကိုက်ညီမှုမရှိတဲ့စားသုံးဆီတွေကို စစ်ဆေးဖော်ထုတ်သွားမယ်လို့ ဆိုပါတယ်။

နိုင်ငံတော်အနေနဲ့ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀) ဖြင့် အခန်း ၁၂ ခန်း၊ ပုဒ်မ (၃၁) ခု ပါရှိသည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဥပဒေတွင် စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ ထုတ်လုပ်ရောင်းချသူစီးပွားရေးလုပ်ငန်းရှင်၏တာဝန်၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များပါဝင်သဖြင့် စားသုံးသူများ အနေဖြင့် ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရေး ရွေးချယ်ဝယ်ယူစားသုံးသွားရန် လိုအပ် သကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့လည်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာမှာ စီးပွားရေးကျင့်ဝတ်နဲ့အညီလုပ်ကိုင် ခြင်း၊ ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုအပေါ် ရှင်းလင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်းစတဲ့တာဝန်များကိုလည်း ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒါ့အပြင် စီးပွားရေးလုပ်ငန်းရှင်များကလည်း ကုန်စည် (သို့မဟုတ်)ဝန်ဆောင်မှုသည် သတ်မှတ် စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့်ကိုက်ညီသည်ဟု မမှန်မကန်ဖော်ပြခြင်း၊ ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှု၏ ချွတ်ယွင်းချက်ကို ဖုံးကွယ်ဖော်ပြ၍ ရောင်းဝယ်မှုပြုလုပ်ရာတွင် စားသုံးသူအား လိမ်လည်လှည့်ဖြား၍ ရောင်းဝယ်မှုပြုလုပ်ခြင်း မပြုရဟု တားမြစ်ချက်များနှင့်အညီ မိမိတို့ထုတ်လုပ်သည့်ကုန်ပစ္စည်းများကို စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ခြင်း၊ အမှတ်တံဆိပ်တွင်ဖော်ပြပါရှိသည့်အတိုင်း ကုန်စည်ကို ထည့်သွင်းထုပ်ပိုးရောင်းချခြင်းများ ဆောင်ရွက်ရန်လိုအပ်ပါတယ်။

ဒါမှသာစားသုံးသူများ၏ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုဖော်ဆောင်ဖြည့်ဆည်းပေးရန်နှင့် စီးပွားရေးလုပ်ငန်းရှင်တို့ကလည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအပေါ် အလေးထား လိုက်နာခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသော အပြုအမူများဖြစ်ပေါ်စေရန် ဆောင်ရွက် ပေးမှသာလျှင် စားသုံးသူပြည်သူများအနေဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် အမှတ်တံဆိပ်ပါ ဖော်ပြချက်နှင့် ကိုက်ညီမှုမရှိသည့် မြေပဲဆီများကို သတိပြုရှောင်ရှား၍ ရွေးချယ်ဝယ်ယူ စားသုံးနိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီ၊ မုန်ညှင်းဆီ၊ ဖွဲနုဆီစတဲ့ ဆီတွေထွက်ရှိပါတယ်။ ဒီဆီတွေထဲမှာ မြေပဲဆီနဲ့ နှမ်းဆီကို တွင်တွင်ကျယ်ကျယ် ဘိုးစဉ်ဘောင်ဆက်ကပင် သုံးစွဲခဲ့ကြပါတယ်။ ဒီ အချက်ကို အခွင့်ကောင်းယူကာ ဝိသမစီးပွားရေးသမားလောဘ သားတွေက အများပြည်သူတွေကို မျက်လှည့်အမျိုးမျိုးပြကာ ဈေးကွက်မှာ အမည်နာမအမျိုးမျိုးတပ်ကာ ရောင်းချနေကြတာကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။

ပြည်တွင်းမှာရောင်းချနေတဲ့စားသုံးဆီ အများပြည်သူအခေါ် မြေပဲဆီနဲ့ပတ်သက်ပြီး နည်းနည်းတင် ပြလိုပါတယ်။ ပြည်တွင်းဈေးကွက်အတွင်းမှာရောင်းချနေတဲ့မြေပဲဆီကို ဆုံဆီ၊ ဆုံဆီ(ရှယ်)၊ မြေပဲဆီ(ရှယ်)၊ မြေပဲဆီ(ရိုးရိုး)ဆိုပြီး အမျိုးမျိုးသောအမည်နာမတွေ တပ်ပြီးရောင်းချနေကြတာကို ဈေးသွားနေတဲ့ အိမ်ရှင်မတိုင်း မြင်တွေ့ကြမှာဖြစ်ပါတယ်။

မိမိတို့နိုင်ငံမှာ မြေပဲဆီတစ်ပိဿာကို အသားဈေး ၇၂၀၀ ကျပ် ပေါက်ပါတယ်။ ကုန်အမှတ်တံဆိပ်တပ်ရောင်းတဲ့ နာမည်ကြီး ပဲဆီသန့် ထုတ်လုပ်သူများရဲ့ပြောကြားချက်အရဆိုလျှင် ပဲဆီ၊ နှမ်းဆီစစ်စစ် ထုတ်လုပ် ရာမှာ ၎င်းတို့ အမှန်တကယ်ကုန်ကျတဲ့စရိတ် မြေပဲ/နှမ်း တစ်တင်းဈေး၊ ပုံမှန်ထွက်ရှိမယ့် ဆီပိဿာချိန်၊ စက်ကြိတ်ခ၊ အလုပ်သမားခတွေအပါအဝင် တစ်ပိဿာကို ပျမ်းမျှကုန်ကျစရိတ် ၆၅၀၀ ကျပ်ကျော်ရှိတဲ့ အတွက် ရောင်းဈေးဟာ တစ်ပိဿာကို ကျပ် ၇၀၀၀ ကျော် (သယ်ယူပို့ဆောင်ခ၊ အရောင်းကော်မရှင်ခများ အပါအဝင်) ဈေးနဲ့ ရောင်းချနေပါတယ်။ ဒီအချိန်မှာ အရောအနှောတွေနဲ့ ရောင်းတဲ့ဆီဈေးကတော့ ကျပ် ၆၀၀၀ မှ ၆၅၀၀ ဝန်းကျင်ပဲရှိပါတယ်။ တစ်ခါတစ်ရံမှာ ကျပ် ၄၀၀၀ နဲ့ ကျပ် ၅၀၀၀ ကြားမှာ ရောင်းချနေတာကို လည်းတွေ့မြင်နေရပါတယ်။

စားသုံးသူတွေဟာ ကျန်းမာရေးရှုထောင့်ထက် ဈေးနှုန်းအပေါ်မှာ အခြေခံပြီး ဝယ်ယူစားသုံး နေကြရပါတယ်။ သာမန်လက်လုပ်လက်စားပြည်သူတွေကတော့ စားအုန်းဆီကို ဝယ်ယူစားသုံးနေကြပေမယ့် အလယ်အလတ်တန်းစား ပြည်သူတွေနဲ့ ဝန်ထမ်းတွေကတော့ မြေပဲဆီအမည်ခံစားအုန်းဆီအရောကိုသာ ဝယ်ယူစား သုံးနေကြရပါတယ်။

ဒါကို စီးပွားရေးအတ္တသမားတွေက အခွင့်ကောင်းယူပြီး စားအုန်းဆီများရောနှောခြင်း၊ စားသုံးရန် မသင့်တဲ့/ ဆပ်ပြာချက်လုပ်ရာမှာသုံးတဲ့ စားအုန်းဆီအခဲများကို အရည်ပျော်အောင် မခဲအောင်လုပ်ပြီး နှမ်းဆီအနံ့၊ မြေပဲအနံ့တွေထည့်ကာ မြေပဲဆီ/ နှမ်းဆီအစစ်များရဲ့ ထက်ဝက်ဈေးနဲ့ ဈေးကွက်အတွင်းမှာ နေရာယူ ရောင်းချနေကြတာတွေနေရပါတယ်။ဈေးချိုတာကို ဝယ်စားမိရာမှ စားသုံးရန်မသင့်တဲ့ စက်မှု ကုန်ကြမ်းသုံး စားအုန်းဆီခဲများရဲ့ဘေးထွက်ဆိုးကျိုးများကြောင့် ရောဂါကို ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝယ်ယူသလို ဖြစ်နေကြရပါတယ်။

ဒါဟာလည်း ကြီးမြင့်လာတဲ့ကုန်ဈေးနှုန်းနဲ့ဝင်ငွေရဲ့ မျှတမှုမရှိတဲ့အချိုးကြောင့်လည်း အခုလိုမျိုး ဝိသမ သမားတွေ၊ စီးပွားရေးကျင့်ဝတ်ကို ဖောက်ဖျက်သူတွေရဲ့ ကိုယ်ကျိုးစီးပွားရှာတဲ့အတွက်ကြောင့်ဖြစ်ရတယ်လို့ ဆိုချင်ပါတယ်။

ယခင်က ကုန်အမှတ်တံဆိပ်မပါတဲ့မြေပဲဆီကို မြေပဲဆီလို့ ထင်ယောင်ထင်မှားနဲ့ ဝယ်ယူစားသုံးတာဟာ စားသုံးသူရဲ့အပြစ်လို့ ဆိုရပေမယ့် အခုနောက်ပိုင်းမှာတော့ ကုန်အမှတ်တံဆိပ်ကို ထင်ထင်ရှားရှားတပ်ပြီး စားအုန်းဆီကို အနံ့ထည့်ထားတဲ့မြေပဲဆီကို ကုန်အမှတ်တံဆိပ်တပ်ပြီး ရောင်းချလာတဲ့စီးပွားရေးသမားတွေကို ထိထိရောက်ရောက်အရေးယူသင့်ပါတယ်။

မိမိရဲ့ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်ပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့စိတ်ဓာတ်မျိုးနဲ့ စီးပွားရေးလောကထဲမှာ ရှင်သန်နေကြတဲ့ဝိသမလောဘသမားတွေကို ပြည်သူတွေကလည်း တာဝန်ရှိသူတွေ နဲ့အတူ ပူးပေါင်းပါဝင် တိုက်ဖျက်ကြဖို့ လိုအပ်လှပါကြောင်း တင်ပြလိုက်ရပါတယ်။



# “သူများငိုမှ ကိုယ်ရယ်မယ်”ဆိုတဲ့ စိတ်ဓာတ်အစား Gift Economy လှူဒါန်းပေးကမ်းခြင်းနဲ့ အခြေခံစီးပွားရေးကို ဖော်ဆောင်ကြစို့

မြင့်ဦး-ပခုက္ကူ

ခုတလော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ တီဗွီ၊ ရေဒီယို၊ FM ဘယ်အရာကိုပဲကြည့်ကြည့်၊ နားပဲ ထောင်ထောင်၊ သတင်းအားလုံးဟာ ရေဘေးတွေနဲ့ ဒုက္ခရောက်ကြတဲ့ တိုင်းသူပြည်သားတွေရဲ့ စိတ်မကောင်းစရာ၊ ရင်နာစရာ၊ သနားဖွယ်ရာ မြင်ကွင်းတွေပဲ များပါတယ်။ ရာသီဥတုရဲ့ဖောက်ပြန်မှု၊ ရာသီဥတု ဖောက်ပြန်ပျက်စီးအောင်လူတွေရဲ့ မဆင်မခြင်ပြုလုပ်မှုကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ သစ်တောပြုန်းတီးမှုတွေ၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်သုံးစွဲမှုကြောင့် အိုဇုန်းလွှာတွေ ပျက်စီးလို့ပဲဖြစ်ဖြစ်၊ ဘယ်လိုပဲဖြစ်ဖြစ် ယခုအနေအထားမှာ ရေဘေးဒုက္ခခံစားနေကြရတာတော့အမှန်ပါ။

ကိုယ့်နိုင်ငံတစ်ခုတည်းလားဆိုတော့ မဟုတ်ပါဘူး။ အိမ်နီးချင်းနိုင်ငံများမှာလည်း အနည်းနဲ့အများတော့ ရေဘေးဒုက္ခ ခံစားနေကြရတာတွေကို တွေ့နေရပါတယ်။ ကိုယ့်အညာမှာလည်း “မိုးခေါင်ရေကြီး” ဆိုတာလို မိုးအရွာနည်းခဲ့ပေမယ့် ချင်းတွင်းနဲ့ ဧရာဝတီက ရေကြီးလေတော့ ထိခိုက်တဲ့နေရာတွေရှိပါတယ်။ ကိုယ့်အညာဒေသကလည်း ဘယ်လိုပြောရပါ့မလဲ။ ငယ်ငယ်တုန်းက ကြည့်ခဲ့တဲ့ စွဲမက်နှစ်သက်ခဲ့ဖူးတဲ့ နိုင်ငံကျော်ရုပ်ရှင်မင်းသားကြီး မြတ်လေးရဲ့ ဇာတ်ကားတစ်ကားကို သွားသတိရဖူးပါတယ်။ ဇာတ်ကားနာမည်က “သူများရယ်ဖို့ ကိုယ်ငိုမယ်”ဆိုတာပါ။ တစ်ပါးသူစိတ်ချမ်းသာဖို့၊ ရယ်နိုင်ဖို့ ကိုယ့်ဘဝအနစ်နာခံခဲ့တဲ့သဘောပါ။ ကိုယ့်အညာကျတော့ မိုးကျဖို့အရေး မိုးရွာဖို့အရေး၊ အောက်ပိုင်းဒေသများ၊ ဧရာဝတီ၊ ရခိုင် မိုးရွာရေကြီးပြီး ဒုက္ခဖြစ်မှ အညာက မိုးကျမိုးရွာတာဆိုတော့ မင်းသားကြီး မြတ်လေး က “သူများရယ်ဖို့ ကိုယ်ငိုမယ်” ကိုယ့်အညာက “သူများငိုမှ ကိုယ်ရယ်မယ်” ဆိုတာလို ပြောင်းပြန်ပြောရမလိုပါ။ ခုတစ်လော ဆက်တိုက် မိုးကျနေပါတယ်ဗျာ။

ဘာပဲပြောပြော ရေဘေးဒုက္ခတွေကို နေရာတော်တော်များများမှာ တွေ့ကြုံ ခံစားနေကြရပါတယ်။ ဒီမှာ ဘာသွားတွေ့သလဲဆိုတော့ မြန်မာလူမျိုးတို့ရဲ့ သဒ္ဒါတရား၊ ရေဘေးဖြစ်တဲ့နေရာ ဒေသတွေကို လှူကြတန်းကြ၊ ပေးကမ်းစွန့်ကြဲကြဆိုတာသွားတွေ့ရပါတယ်။ ကောင်းမွန်တဲ့ စိတ်ဓာတ်ပေါ့ဗျာ။ ကိုယ့်ဒေသမှာလည်း ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက်စသဖြင့် လူမှုရေးစိတ်ဓာတ်ရှိသောပုဂ္ဂိုလ်များဦးဆောင်လို့ အလှူခံထွက်ကြ။ အချို့အဖွဲ့ဆိုရင် အဆိုအတီးအကတွေဖျော်ဖြေလို့ အလှူခံကြတယ်။ ကျန်သောပြည်သူများကလည်း လှူကြပါတယ်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်ကြက်သွန်ကအစ အဝတ်အထည်၊ ငွေကြေးတတ်နိုင်သလောက် လှူကြတာကို တွေ့ရပါတယ်။ အလှူရေစက် လက်နဲ့မကွာ သဒ္ဒါဖြူဖွေး အလှူပေးနေသောငါတို့လူမျိုးတွေပါလားလို့ ဂုဏ်ယူတယ်၊ အားကျတယ်၊ ပီတိဖြစ်ခဲ့တယ်ပေါ့ဗျာ။

အဲဒီအလှူကိုပြန်ကြည့်ရင် ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်မြို့၊ ဘယ်ရွာမှာ ရေဘေးဒုက္ခခံစားနေကြရသော ပြည်သူတွေအတွက်ပါ။ ငါနှင့်သိသော၊ ရင်းနှီးသော၊ ကျေးဇူးခံ၊ ကျေးဇူးစားရှိသော ဘယ်ပုဂ္ဂိုလ်၊ ဘယ်သူဆိုတာတွေ မပါပါဘူး။ လူသားချင်း ကိုယ်ချင်းစာသော အယုတ်၊ အလတ်၊ အမြတ်မရွေး ရေဘေးဒုက္ခခံစားနေကြသော ဘယ်ရပ်ရွာ၊ ဘယ်ဒေသက ဘယ်လိုလူမျိုးဆို အဆင်ပြေကြပါစေ။ ဒုက္ခရန်ဘေး ကင်းစင်ဝေးကြပါစေဆိုသော စေတနာသန့်သန့်နဲ့ပါဗျာ။ အဲဒီဖြစ်စဉ်တစ်ခုအပေါ်မှာမူတည်ပြီး အတွေးတစ်စဝင်ခဲ့ပါတယ်။ အဲဒါဘာလဲဆိုတော့ Gift Economy ဆိုတာကိုပါ။ ဘာသာပြန်ကြည့်ရင်တော့ ပေးကမ်းခြင်းကိုအခြေခံသော စီးပွားရေးလို့ဆိုရမလားပါ။ လူမှုရေးနဲ့ဆိုင်တဲ့ စီးပွားရေးတစ်ခုပေါ့ဗျာ။

ခုတလော ပခုက္ကူကုန်စည်ဒိုင်မှာ ရောင်းဝယ်မှုဖြစ်တဲ့ အနေအထား၊ ပခုက္ကူပတ်ဝန်းကျင်ဒေသတွေမှာ စိုက်ပျိုးတဲ့သီးနှံများ၊ စိုက်မိုးရ၊ အောင်မိုးမရဆိုတာတွေနဲ့ အသီးအနှံမထွက်လို့ မြေပြန့်ဒေသနဲ့ ဆက်သွယ်ရောင်းဝယ်နေတဲ့ပွဲရုံများ ငုတ်တုတ်မေ့လို့ ယောဒေသနဲ့ ဆက်သွယ်ရောင်းဝယ်တဲ့ ပွဲရုံတွေမှာသာ ခပ်ပါးပါး အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။ ဆိုလိုချင်တာက စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေ မိုးမကောင်းလို့ အသီးအနှံမရတော့ ရောင်းဝယ်ဖောက်ကားကြတဲ့ကုန်သည်များ အလုပ်မဖြစ်တော့တာကို ပြောချင်တာပါ။ ဒါဆိုရင် မိုးရေမရတော့လို့ သီးနှံဆုံးရှုံးရောင်းဝယ်မှုမဖြစ်တာကို ဒီအတိုင်းကြည့်မနေဘဲ မိုးရေမရရင် ရေရရှိရေး နည်းလမ်း ၆ ခုထဲက မြေအောက်ရေရအောင် ဖန်တီးပေးနိုင်ရင် သူ့မှာလည်းကောင်း၊ ကိုယ့်မှာလည်း အဆင်ပြေဆိုတဲ့ “သားရွှေအိုးထမ်းလာတာကို မြင်ရတဲ့ကိန်း” မရောက်သွားဘူးလားဆိုတာ ထည့်သွင်းစဉ်းစားရမှာပါ။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ကိုယ့်အိမ်နားမှာ ထန်းလျက်ပွဲရုံတွေရှိပါတယ်။ နယ်ကထန်းလျက် လာရောင်းတဲ့လှည်းများ ကိုယ့်အိမ်ဘေးက ပွဲရုံကိုအသွား လှည်းနောက်က တွဲလဲခိုလိုက်လို့ ထန်းလျက်တောင်းစားဖူးပါတယ်။ ထူးထူးခြားခြားမှတ်မိတာကတော့ ထန်းလျက်လာရောင်းချကြတဲ့ ထန်းသမားများဟာ သူနဲ့ပတ်သက်ဆက်နွယ်တဲ့ ပွဲရုံတွေကိုပဲ ဆက်တိုက်လာရောက်ရောင်းချနေကြတာပါပဲ။ ဈေးပိုပေးလည်း သူရောင်းနေကျပွဲရုံကိုပဲ ရောင်းပါတယ်။ ဘာကြောင့်လဲလို့မေးကြည့်တဲ့အခါ သူတို့ဈေးပိုပေးတာခဏပဲ။ ကျုပ်တို့ရွာဘုရားပွဲမှာ ဒီပွဲစားက ဘုရားဆွမ်းလောင်းပွဲမှာ ဝက်သားပိဿာဘယ်လောက်ဆွမ်းချတယ်။ ပြီးတော့ ဘယ်မြို့က အငြိမ့်ဇာတ်ထည့်ပေးတယ်။ ရွာဘုရားပွဲက လွှတ်စည်ကားတာ။ ဒီကျေးဇူးကိုထောက်ပြီး ဘယ်ပွဲရုံက ဘယ်လောက်ဈေးပိုပေးပေး၊ ကျုပ်တို့ကတော့ ကျေးဇူးခံ၊ ကျေးဇူးစားရှိတဲ့ ကိုယ့်ရွာဘုရားပွဲစည်ကားအောင်လှူတဲ့ ပွဲရုံမှာပဲရောင်း တယ်လို့ပြောကြပါတယ်။

အဲဒီဖြစ်စဉ်တစ်ခုမှာ ဒီထန်းလျက်ပွဲစားနဲ့ ထန်းလျက်ရောင်းသူအကြားမှာ ကျွန်တော်တင်ပြခဲ့တဲ့ Gift Economy လှူဒါန်း လက်ဆောင်ပေးကမ်းခြင်း၊ စီးပွားရေးစနစ်တစ်ခု မဟုတ်ပါလားဗျာ။ ကိုယ့်ရပ်ကိုယ့်ရွာ တစ်နှစ်မှာ တစ်ခါသာ ကျင်းပတဲ့ ဘုရားပွဲမှာ စည်ကားအောင် ဆိုင်း၊ အငြိမ့်ဇာတ်ထည့်ပေးတယ်။ အဲဒါကို တောသူတောင်သား သဘာဝအရ ဂုဏ်ယူတယ်။ ဒီကျေးဇူးကြောင့် အနည်းအကျဉ်း ဈေးကွာတာ ဈေးနည်းတာကို ဂရုမစိုက်ဘဲ သိနေသော်လည်းပဲ ဒီပွဲစားဆီမှာပဲရောင်းတယ်။ လှူဒါန်းလက်ဆောင်ပေးကမ်းခြင်း စီးပွားရေးလို့ပဲ ပြောရမှာဖြစ်ပါတယ်။

တစ်နိုင်ငံလုံး အတိုင်းအတာ ရေကြီးမြေပြိုမှုဖြစ်တယ်။ ဘေးဒုက္ခတွေနေတဲ့ နေရာဒေသကလူတွေကို လူသားချင်းကိုယ်ချင်းစာစိတ်နဲ့ ကျေးဇူးခံကျေးဇူးစားမရှိဘဲ သိတောင်မသိတဲ့၊ မြင်တောင်မမြင်ဖူးတဲ့သူတွေကိုတဲ့(ဒွဲ့)ပြောရရင် ကိုယ့်အတွက် အပြန်ပြန်အလှန်လှန် ကျေးဇူးတရား မရနိုင်တဲ့လူတွေကို လူသားအချင်းချင်း ကိုယ်ချင်းစာတရားနဲ့ စေတနာအပြတ်လှူဒါန်းတယ်။ ဒါတစ်ချက်။

ထန်းလျက်ပွဲစားနဲ့ ထန်းလျက်ရောင်းသူ ထန်းသမား အတ္တပရ ကိုယ့်အကျိုးသူ့အကျိုး အပြန်ပြန်အလှန်လှန် ရှိခဲ့ကြတော့ ဈေးနှုန်းနည်းနေတာတောင်သိလျက်နဲ့ အခြားပွဲရုံမှာ သွားမရောင်းခဲ့ကြဘူး။ လှူဒါန်းလက်ဆောင် ပေးကမ်းသော စီးပွားရေးတစ်ခုဖော်ဆောင်ခဲ့ကြတယ်။ ဒါက တစ်ချက်။

ဒီအချက်တွေအပေါ် လေ့လာသုံးသပ်ကြည့်ရင် တစ်ချက်က ကိုယ်ကျိုးမမျှော်ဘဲ စိတ်စေတနာသန့်သန့်နဲ့ ပြတ်သားစွာ အကူအညီပေး၊ အလှူပေးတယ်။ နောက်တစ်ချက်က Gift Economy လှူဒါန်းလက်ဆောင် ပေးကမ်းခြင်းစီးပွားရေး၊ နှစ်ချက်စလုံးမှာ ပထမအချက်က အကောင်းဆုံးလို့ပြောနေပေမယ့် ဒုတိယအချက်လည်း သူ့နည်းသူ့ဟန်နဲ့ အပြန်ပြန်အလှန်လှန်အကျိုးပြုတဲ့ စီးပွားရေးတစ်ခုလို့ပြောရင်လက်ခံရမှာပါ။ ကောင်းပြီ၊ အခုပခုက္ကူမှာဖြစ်ပေါ်နေတဲ့ အရောင်းအဝယ်မြေပြန့်ဒေသတွေမှာ မိုးလေဝသ မမှန်လေတော့ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေ အသီးအနှံ၊ အစေ့အဆန်မရဘူး။ ဆောင်းပါးအစမှာ စိုက်မိုးတော့ရတယ်။ အောင်မိုးတော့မရဘူး။ ဒီအကျိုးဆက်က ရောင်းဝယ်ဖောက်ကားကြတဲ့ ကုန်သည်ပွဲစားများ ငုတ်တုတ်မေ့နေရတယ်။ ဒီပြဿနာကို ဒီအတိုင်းလက်ပိုက်ကြည့်နေကြမှာပဲလား။ ဒီအတိုင်းလုပ်နေကြမှာလား။ စိုက်မိုးသာရပြီးအောင်မိုးမရတဲ့ဒေသတွေမှာ တတ်နိုင်သူလုပ်ငန်းရှင် ကုန်သည်ပွဲစားတွေက စုပေါင်းအရင်းအနှီးစိုက်ထုတ်ပြီး မြေအောက်ရေရအောင် ရေတွင်းတွေ တူးပေးနိုင်မယ်ဆိုရင် အင်ဂျင်စက်တွေနဲ့ ရေတင်နိုင်မယ်ဆိုရင်၊ တောင်သူတွေလည်းပစ္စည်းရ၊ ကိုယ်လည်း အရောင်းအဝယ်ဖြစ်၊ တစ်ခါရေတွင်းတူးပေးတဲ့ ကျေးဇူးရှိတဲ့တောင်သူတွေရတဲ့ အသီးအနှံကို ကျေးဇူးရှိတဲ့ ဒီလုပ်ငန်းရှင်တွေဆီကို ရောက်လာမှာမလွဲပါဘူး။

ဒီတော့ ကျွန်တော်တို့တစ်တွေ စဉ်းစားကြရအောင်ပါ။ ကိုယ့်လုပ်ငန်းရဲ့ အနာဂတ်ယုံကြည်မှုရှိဖို့ ယုံကြည်မှုရဖို့ တည်ဆောက်ရာမှာ ဘယ်လိုစနစ်နဲ့သွားမလဲ။ Gift Economy ပေးကမ်းလှူဒါန်းခြင်းကို အခြေခံတဲ့ စီးပွားရေးစနစ်ကို တည်ဆောက်ကြမလားဆိုတာပါ။ ၂၀၁၄ ခုနှစ်က တစ်ကမ္ဘာလုံးမှာ ပေးကမ်းကူညီမှုညွှန်းကိန်းအရ မြန်မာဟာ နံပါတ်တစ်နေရာမှာ ရပ်တည်ခဲ့တယ်။ သေသေချာချာပြန်စဉ်းစားရင် ပေးကမ်းကူညီမှုမှာ ကမ္ဘာမှာ အချမ်းသာဆုံးဖြစ်တဲ့ အမေရိကန်နဲ့တန်းတူ နံပါတ်တစ်နေရာမှာ အတူပူးတွဲဖြစ်တည်နေတာပါ။ ဒီနေရာမှာ သဒ္ဒါတရားနဲ့ အလှူအတန်း၊ အပေးအကမ်းနဲ့ပတ်သက်ရင် သဒ္ဒါမချို့တဲ့ မြန်မာဆိုတဲ့ လူမျိုးတွေပါလို့ ဂုဏ်ယူစရာမဟုတ်ပါလား စာရှုသူတို့။

ဆောင်းပါးအစမှာ နိုင်ငံကျော်ရုပ်ရှင်မင်းသားကြီး မြတ်လေးရဲ့ “သူများရယ်ဖို့ ကိုယ်ငိုမယ်” ဆိုတဲ့ ဇာတ်ကားနာမည်ကို ကိုယ့်ဒေသမှာ မိုးကောင်းဖို့၊ မိုးရွာဖို့ စိုက်ပျိုးတဲ့အသီးအနှံ အစေ့အဆန်ထွက်ဖို့ ရောင်းဝယ်ဖောက်ကားဖို့ ပြောင်းပြန် “သူများငိုမှ ကိုယ်ရယ်မယ်” ဆုတောင်းပေးနေမယ့်အစား အပြန်အလှန်အကျိုးရှိတဲ့ Gift Economy ဆိုတဲ့ လှူဒါန်းပေးကမ်းခြင်းကို အခြေခံတဲ့ စီးပွားရေးစနစ်တွေ အကောင်အထည်ဖော်ကြရအောင်ပါလားဗျာ။

Commodity Exchange News
Vol: 15, No.33 Monday August 31 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃၁–၈–၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲဈေးလှုပ်ပြီး အရောင်းအဝယ်ဖြစ်

ဘုရင့်နောင်ဈေးကွက်တွင် ဒီတစ်ပတ်မတ်ပဲ (RC) ကို ဈေးကွက်စဖွင့်ချိန်မှာ အိန္ဒိယဝယ်လက်က တစ်တန်ကို ၁၄၅၃၀၀၀ ကျပ် ဈေးဖြင့်ဈေးဖွင့်အဝယ်ရှိခဲ့ပြီး နောက်ပိုင်းရက်တွေမှာ ဈေးပေးအဝယ်ရှိလို့ တစ်တန်ကို ၁၄၅၅၀၀၀ ကျပ်ဈေးအထိ ဈေးမြင့်ခဲ့ပေမယ့် ဈေးကွက်ပိတ်ချိန်မှာတော့ ဝယ်လိုအားပြန်ကျတာကြောင့် ဈေး ကျလာပြီး တစ်တန်ကို ၁၄၂၅၀၀၀ ကျပ်သာရှိတော့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပြီး ဈေးကောင်းရမှ ထုတ်ရောင်းမှုတွေ ရှိနေ ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းသေးကို မျိုးသမားတွေ ဝယ်လိုအားများ၊ ကုလားပဲအုပ်စု ပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းလုံးသေးကို မျိုးသမားတွေဝယ်လိုအားများသလို ရောင်းသူကုန်သည်များကလည်း ပုံမှန် အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ် ပိဿာကို ၂၀၅၀ ကျပ် (တစ်တန်ကို ၁၂၅၅၃၉၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားများပေမယ့် ရောင်းသူကုန်သည်များက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်း နည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲ ဖြူလုံးကြီးတစ်ပိဿာကို ၁၅၁၅ ကျပ် (တစ်တန်ကို ၉၂၇၇၇၀ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၁၅၂၆ (တစ်တန်ကို ၉၃၄၅၀၇ ကျပ်) ဈေးနှင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၂၀၀ ခန့် ဖြစ်ခဲ့ ကြောင်း သိရပါတယ်။

## ရေစကြိုမှာ ကုလားပဲဈေးတန့်ပြီး အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲ စက်တွေက ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၅၂၀ ကျပ် (တစ်တန်ကို ၉၃၀၈၃၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံပစ္စည်းလက်ကျန် နည်းပေမယ့် အရောင်းအဝယ် ခပ်ပါးပါးဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ၊ မတ်ပဲနှင့် ပဲတီစိမ်းကြီးအနေနှင့် ပစ္စည်းလက်ကျန်ပါးလာသလို ဝယ်လက်တွေကလည်း ဝယ်လိုအားခပ်ပါးပါးသာရှိကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီကတော့ ဒေသခံကုန်သည်အချင်းချင်းလှည့် ပတ်ရောင်းဝယ်ကြလို့ တစ်ပိဿာ ၂၆၆၇ ကျပ် (တစ်တန်ကို ၁၆၃၃၂၄၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ်အနည်းငယ်သာ ဖြစ်ခဲ့ ကြောင်း သိရပါတယ်။ မတ်ပဲကတော့ ရန်ကုန်ဝယ်လက်တချို့နှင့် ပဲခွဲစက်လုပ်ငန်းရှင်များက ဝယ်လိုအား အထိုက်အလျောက်ရှိ ပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်း နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၅၆၀ ကျပ် (တစ်တန်ကို ၁၅၆၇၇၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို တရုတ် ဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားရှိခဲ့ ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၆၉၀ ကျပ် (တစ်တန်ကို ၁၀၃၄၉၃၉ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့်သာဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## အောင်လံဈေးကွက်မှာ ကုလားပဲ၊ ပဲတီစိမ်းနှင့် သိပ္ပံနှမ်းအရောင်းအဝယ် ပုံမှန်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်များက တစ်ပိဿာကို ၁၅၂၅ ကျပ် (တစ်တန်ကို ၉၃၃၈၉၄ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း ကြီးကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအလိုက်ဈေးပေး အဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၅၀၀ ကျပ် (တစ်တန်ကို ၉၁၈၅၈၅ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းကိုတော့ Export ဝယ်လက်တွေက ဝယ်လိုအားများခဲ့ကြောင်း၊ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာ ၄၆၆၇ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## မကွေးဈေးကွက်မှာ ပဲတီစိမ်းနှင့် ပဲနောက် အရောင်းအဝယ်ပါးပါးဖြစ်၊ နှမ်းဖြူ အဝင်လှိုင်သော်လည်း အရည်အသွေးကြောင့် ဈေးကောင်းမရ

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းနှင့် ပဲနောက်ကို Export ဝယ်လက်တွေက ဝယ်လိုအားခပ်ပါးပါးသာရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် ပဲတီစိမ်းတစ်ပိဿာ ၁၆၈၅ ကျပ်(တစ် တန်ကို ၁၀၃၁၈၇၇ ကျပ်)၊ ပဲနောက်တစ်ပိဿာ ၁၇၄၀ ကျပ် (တစ် တန်ကို ၁၀၆၅၅၅၈ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။ နှမ်းဖြူကတော့ နယ်စုံမှအဝင်များပေမယ့် အရည် အသွေး မကောင်းတာကြောင့် ဈေးကောင်းမရဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လိုအား ပုံမှန်ရှိနေ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ် ရောင်းသူ ကုန်သည်တွေ ထံမှာ မတ်ပဲလက်ကျန်နည်းနေပေမယ့် Export အတွက် အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ တစ် ပိဿာကို ၂၃၀၀ ကျပ် (တစ်တန်ကို ၁၄၀၈၄၉၇ ကျပ်)ဈေးဖြင့် ဝယ်လိုအား ပုံမှန် ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်း(သစ်) စတင်ဝင်ပေမယ့် အစိုဓာတ်ကြောင့် လက်ကျန်ပြောင်းတွေသာ အရောင်းအဝယ်ဖြစ်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်း(သစ်) တွေ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၅၅၀ ကျပ်ဈေးဖြင့် ဈေးဖွင့် အရောင်းရှိပေမယ့် အစိုဓာတ်ရှိသေးတာကြောင့် အဝယ် မလိုက်သေးကြောင်း သိရပါတယ်။ လက်ကျန်ပြောင်းတွေကိုတော့ ရန်ကုန်-မန္တလေး ဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များက တစ် ပိဿာကို ၆၅၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် နှစ်သိန်း ခန့်အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းလက်ကျန်နည်းပေမယ့် တရုတ်ဝယ်လိုအား ပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ရောင်းသူကုန်သည်တွေ ထံမှာ ပြောင်းလက်ကျန်နည်းနေပေမယ့် တရုတ်ရဲ့ ဝယ်လိုအား ကတော့ နေ့စဉ်ရှိနေကြောင်း သိရပါတယ်။ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာကို ၅၆၀ ကျပ်ဈေးဖြင့် တစ်ရက်ကို ပိဿာချိန် ၅ သောင်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ ပဲမျိုးစုံပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာကို ၂၄၂၅ ကျပ် (တစ်တန်ကို ၁၄၈၅၀၄၅ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကတော့ မြို့ခံပဲခွဲစက်တွေရဲ့ ဝယ်လိုအားဆက်တိုက်ရှိပေမယ့် လှောင်လက်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ် ပိဿာကို ၁၆၀၀ ကျပ်(တစ်တန်ကို ၉၇၉၈၂၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းဝင်ရောက်မှုနည်း

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းဝင်ရောက်မှု နည်းလာကြောင်း၊ တစ်ပတ်အတွင်း တန်ချိန် ၉၀၀၀ ခန့်သာဝင် ရောက်ကြောင်း သိရပါတယ်။ ပြောင်း(သစ်)တစ်ချို့လည်း ဈေး ကွက်ထဲဝင်လာပြီး အရောင်းအဝယ်သိပ်မဖြစ်သေးကြောင်း သိရပါ တယ်။ လက်ကျန်ပြောင်းတွေကိုတော့ တရုတ်ဝယ်လက်က ၅၀ ကီလို တစ်အိတ်ကို အနိမ့်ဆုံး ၉၉ ယွမ်မှ အမြင့်ဆုံး ယွမ် ၁၀၀ အကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရ ပါတယ်။

## မုံရွာဈေးကွက်တွင် ပဲတီစိမ်း(သစ်)ဝင်ရောက်၊ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက် ဝယ်အားများ

မုံရွာဈေးကွက်တွင် ဒီတစ်ပတ်နယ်စုံမှ ပဲတီစိမ်းကြီး(သစ်) တွေဝင် ရောက်လာသလို တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ် လက်ကလည်း ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ် ပိဿာကို ၁၇၉၀ ကျပ် (တစ်တန်ကို ၁၀၉၆၁၇၈ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားများပေမယ့် ရောင်းသူကုန်သည် တွေက ဝယ်ဈေးမကြိုက်နှစ်သက်လို့ အရောင်းနည်းခဲ့ကြောင်း သိရ ပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၅၁၆ ကျပ် (တစ်တန်ကို၉၂၈၃၈၃ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏ နည်းခဲ့ကြောင်း သိရပါတယ်။

# ထိုင်းနိုင်ငံမြောက်ပိုင်းသို့ လေ့လာရေးခရီးတစ်ခေါက်

**မောင်မောင်အေး-လွိုင်ကော်**

ကယားပြည်နယ် ခရီးသွားလာရေးဖွံ့ဖြိုးမှုအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ NES ရဲ့ အစီအမံနဲ့ နယ်သာလန်နိုင်ငံရဲ့ NTF III အထောက်အပံ့ရယူပြီး၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနက ကျွမ်းကျင်သူတွေနဲ့ ၂၀၁၄ ဩဂုတ်လထဲက စတင်အကောင်အထည်ဖော် ကွင်းဆင်းဆောင်ရွက်နေပါတယ်။ ယင်းသို့ ဆောင်ရွက်ချိန်မှာ ကဏ္ဍအလိုက် အပြည်ပြည်ဆိုင်ရာက ကျွမ်းကျင်သူတွေဟာ ကွင်းဆင်းခြင်း၊ အချက်အလက် စုဆောင်းခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ အကြောင်းအချက် ကိန်းဂဏန်းများပြုစုခြင်း၊ ကျေးရွာအရောက်သွားရောက် လေ့လာခြင်းများအပြင် စီမံကိန်းနဲ့ဆက်စပ်တဲ့ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များကို လိုအပ်သလို အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း ဆွေးနွေးရှင်းလင်းပွဲများ ပြုလုပ်ပေးခြင်းလိုအပ်တဲ့ လက်တွေ့လေ့လာရေးခရီးများကိုလည်း စီမံဆောင်ရွက်ပေးလေ့ရှိပါတယ်။

ပြီးခဲ့တဲ့ မေလအတွင်းက ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ အမှတ်တရအရောင်းဆိုင်များ၊ ရိုးရာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို လေ့လာပြီးတဲ့နောက် ယခုတစ်ခါ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၄ မှ ၁၈ ရက်နေ့ထိ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ပြည်နယ် မြောက်ပိုင်းစွန်းဒေသတွေဆီကို လေ့လာရေးခရီးထွက်ခဲ့ပြန်ပါတယ်။ အဖွဲ့မှာ ကယားပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး၊ ဟိုတယ်၊ ခရီးရုံးမှ ကိုယ်စားလှယ်တစ်ဦးတို့နဲ့အတူ ဒီမောဆိုးမြို့နယ် ပန်ပက်ကျေးရွာမှတစ်ဦး၊ ကလဲကျေးရွာမှ ရွာသူရွာသား တစ်ဦးစီ၊ ITC ရုံးအဖွဲ့မှ ဒေသတာဝန်ခံ တစ်ဦး၊ စုစုပေါင်း ၁၄ ဦးတို့ ပါဝင်ကြပါတယ်။

အဖွဲ့ဟာ ၂၀၁၅ ဩဂုတ်လ ၁၄ ရက်နေ့ နံနက် ၇း၀၀ နာရီမှာ လွိုင်ကော်နဲ့ ဒီမောဆိုးမြို့နယ်တွေက လူစုထွက်ခွာပြီး နယ်စပ် B.P ၁၃ စခန်းကို နေ့လယ် ၂း၀၀ နာရီမှာ ရောက်ရှိပါတယ်။ ထိုင်းနိုင်ငံက ခရီးသွားလုပ်ငန်းအခြေခံ လူမှုအဖွဲ့အစည်း (CBT) က B.P ၁၃ ထိလာကြိုပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ပြည်နယ်ထဲကို ခရီးဆက်ထွက်ခဲ့ပါတယ်။ ပွေးတနုံးရဲစခန်းရုံးရောက်တာနဲ့ ရဲလုံခြုံရေးကားက ရှေ့ကလမ်းတစ်လျှောက် လိုက်ပါလာပြီး ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲမှာတော့ ခွန်ရုံးခရိုင် Ban Muang Pon ဆိုတဲ့ ရှမ်းရွာလေးတစ်ရွာကို ရောက်ရှိပါတယ်။ ရွာဆိုပေမယ့် တိုက်တွေတာတွေနဲ့ သန့်ရှင်းသပ်ရပ်ပြီး ကွန်ကရစ်လမ်းနဲ့ လျှပ်စစ်မီးနဲ့ အင်တာနက်နဲ့ မြို့အငယ်စားလေးလိုပါပဲ။ ခရိုင်နဲ့ ကျေးရွာက အုပ်ချုပ်သူတွေနဲ့ CBT အဖွဲ့ဝင်တွေက လှိုက်လှိုက်လှဲလှဲကြိုဆိုကြပြီး ညစာစားရင်း ရှမ်းရိုးရာ အဆို၊ အက၊ အတီးအမှုတ်တွေနဲ့ ဖြေဖျော်ဧည့်ခံကြပါတယ်။

ထူးခြားတာကတော့ မယ်ဟောင်ဆောင်အုပ်ချုပ်ရေးမှူး Mr. Suprapd Panusampd နဲ့ အဖွဲ့ဝင်များဟာ ည ၉ နာရီမှာ ရွာကိုရောက်ရှိပြီး နှုတ်ခွန်းဆက်စကားဆိုကာ မြန်မာအဖွဲ့ဝင်အားလုံးကို လက်ဆောင်ပစ္စည်းတွေ ပေးခဲ့ပါတယ်။ စာရေးသူအနေနဲ့ကတော့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၆ ရက် လွိုင်ကော်ကုန်စည်ပြပွဲ၊ ဖွင့်ပွဲ မျက်နှာဖုံးပုံပါတဲ့ Commerce ဂျာနယ်ကို လက်ဆောင်ပေးခဲ့ပါတယ်။ သူကလဲ ပြန်လည်အမှတ်ရပြီး ကယားပြည်နယ်အစိုးရ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များရဲ့ ဧည့်ဝတ်ကျေပွန်မှုများကို တသသပြောနေပါတယ်။ နောက်မှာ ညီအစ်မမြို့တော်အဖြစ် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အားကစားကဏ္ဍတွေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပါတယ်။

နောက်တစ်နေ့ ဩဂုတ်လ ၁၅ ရက်နေ့မနက်စောစောမှာတော့ ဈေးကို သွားလေ့လာရာ ဒေသထွက်ပစ္စည်းတွေ ရောင်းချနေကြတာတွေ့ရပါတယ်။ ရွာထဲမှာ လေ့လာစရာတွေဖြစ်တဲ့ အလှူမင်္ဂလာပွဲ၊ ဘုရားပွဲနဲ့ နာရေးကိစ္စတွေမှာ ပြင်ဆင်ရတဲ့ ရောင်စုံစက္ကူနဲ့ တံခွန်၊ ကုက္ကား ပြုလုပ်တဲ့ နေရာ၊ ဝါးနှီးနဲ့ ဦးထုပ်၊ ခမောက်၊ ဘုရားပုံတော်ရက်လုပ်တဲ့နေရာ၊ ထိုင်းပိုးထည်တွေကို ချုပ်လုပ်တဲ့နေရာနဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ကျောင်းတွေကို သွားရောက်ဖူးမျှော် လေ့လာခဲ့ရပါတယ်။

နေ့လယ်ပိုင်း ၂ နာရီမှာ ရှမ်းရွာကနေပြန်လည်ထွက်ခွာ လာရာ Pang Ma Pha ခရိုင်ထဲက Ban Muang Pam ဆိုတဲ့ စကောကရင်ရွာကလေးကို ညနေ ၅း၃၀ မှာ ရောက်ရှိခဲ့ပါတယ်။ ရှမ်းပြည်တောင်မြန်မာနိုင်ငံနယ်စပ်နဲ့ ၃၀ ကီလိုလောက်ပဲ ဝေးပါတော့တယ်။ ဒီရွာကလေးကတော့ ခရီးလည်းကွာလှမ်းလှပြီး သဘာဝအလှတွေနဲ့ ဝန်းရံထားခြင်းဟာ သူရဲ့အားသာချက်ပါပဲ။ အဖွဲ့ဝင်တွေ ရေမိုးချိုး ညစာစားပြီးပြီ။ CBT ခန်းမမှာ ပြန်စုကာ အကြီးအကဲတွေက ဒီစကောကရင် ရွာကလေးရဲ့ သမိုင်းကြောင်းတွေ၊ CBT အစီအမံတွေ ပြုလုပ်ပြီး၊ ရွာကလေးမှာ ဝင်ငွေတွေတိုးတက်လာပုံ၊ ရွာကိုလည်း လူသိများလာပုံ၊ နိုင်ငံခြားသားများလည်း တိုးတက်လာရောက်လာပုံတွေနဲ့ နောက်တစ်နေ့မှာ လေ့လာရမယ့် အစီအစဉ်တွေကို ရှင်းပြဆွေးနွေးပါတယ်။

နောက်တစ်နေ့ ဩဂုတ်လ ၁၆ ရက်နေ့မှာတော့ မနက်စောစာ သုံးဆောင်အပြီးတည်းတဲ့ အိမ်တွေက ထုတ်ပေးလိုက်တဲ့ ထမင်းထုပ်ကိုယ်စီနဲ့ ရွာပတ်ဝန်းကျင်ခရီးကို Trecking သွားကြရပါတယ်။ ဒါကလည်း နိုင်ငံခြားခရီးသွားတွေ ဒီဘက်နိုင်ငံတွေရောက်ခဲ့ရင် ပြင်းပြတဲ့ ဆန္ဒတစ်ခုပါ။ ပတ်ဝန်းကျင်ကရှုမျှော်ခင်းတွေကိုကြည့်ရှုခံစားရင်း လေကောင်းလေသန့်လည်းရ၊ ပေါက်ရောက်တဲ့သစ်ပင်ပန်းပင်တွေ၊ ကျေးငှက်သာရကာတွေရဲ့ အသံတွေ၊ လယ်ကွင်း ယာခင်းတွေ၊ တောင်ဆင်းတောင်တက်တွေနဲ့ ကျန်းမာရေးအတွက်လည်းကောင်း၊ ဗဟုသုတလည်းရတဲ့ ကဏ္ဍ တစ်ခုပါပဲ။ ခရီးဆုံးသတ်မှတ်ထားတဲ့ လယ်တဲတစ်ခုမှာ သဘာဝဝါးကျည်တောက်နဲ့ ရေနွေးအိုး၊ ဟင်းအိုးတည်၊ ဝါးကျည်တောက်ခွက်နဲ့ရေ၊ ရေနွေးသောက် မောပန်းတယ်ဆိုတာ ဘယ်လိုစာလုံးပေါင်းရမှန်း မသိနိုင်အောင်ပါပဲ။ ပျော်ရွှင်ခဲ့ရပါတယ်။ ပြီးတော့ရွာထဲမှာ ဝါးနှီး၊ ပန်းပု၊ ဆေးဘက်ဝင်သစ်ရွက်သစ်ခေါက်တွေကို လေ့လာခဲ့ရပါတယ်။

ညနေ ၃နာရီခွဲမှာတော့ စကောကရင်ရွာကို လက်ပြနှုတ်ဆက်ခဲ့ပြီး၊ Pang Ma Pha ခရိုင်ထဲကပဲ Ban Ja Bor ဆိုတဲ့ လားဟူအမည်းတို့ရဲ့ ရွာကလေးကို ရောက်ရှိခဲ့ပါတယ်။ အဝတ်အစားများဟာ အမည်းအနက်တွေဖြစ်ပြီး အနားကွပ်မှာတော့ ရောင်စုံ၊ ဂဏ်စတန်းမှာလည်း အနီ၊ အပြာ၊ အဝါ၊ အစိမ်း၊ အဖြူစတာတွေနဲ့ ဒီဇိုင်းဖော်ထားလို့ အမြင်ဆန်းလှပါတယ်။ အိမ်ခြေလည်း သိပ်မများသလို လူဦးရေလည်း သိပ်မများလှပါဘူး။ ရွာရဲ့တည်နေရာကတော့ တောင်မြင့်တောင်ပတ်တွေနဲ့ဝိုင်းနေပြီး သူကိုယ်တိုင်လည်း ကုန်းမြင့်ပေါ်မှာတည်ရှိပါတယ်။ မြူရောင်တိမ်တွေကလည်း တောင်ကမ်းပါးယံ ဘေးပတ်လည်မှာ ဝန်းရံခစားနေတော့ မမေ့ရက်နိုင်စရာ ရှုမျှော်ခင်းများပါပဲ။ မြန်မာနိုင်ငံ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ ၁၆ ကီလိုမီတာပဲ ဝေးပါတော့တယ်။

ဒီရွာမှာ အထူးလေ့လာခဲ့ရတာက ရိုးရာနတ်ကိုးကွယ်တဲ့ လူမျိုးစုတွေဖြစ်ပြီး ရိုးရာကပွဲတွေကို ညပိုင်းမှာ အတူကခုန်ခဲ့ကြပါတယ်။ နောက်တစ်နေ့ ဩဂုတ်လ ၁၇ ရက်နေ့မှာတော့ သူတို့ရဲ့ ကျားမဝတ်စုံတွေကို ချုပ်လုပ်ပုံတွေကို လေ့လာခဲ့ပါတယ်။ လက်နဲ့တစ်ထည်လုံးချုပ်ရတာဖြစ်ပြီး ဒီအရည်အသွေးက လားဟူအမျိုးသမီးတွေရဲ့ ပြယုဂ်ဖြစ်သလို သူတို့တစ်တွေ လင်ကောင်းသားကောင်းရနိုင်မယ့် အရည်အချင်းစစ် စာမေးပွဲလိုပါပဲ။ လားဟူအမျိုးသားတွေက ကပွဲတွေမှာ သူတို့ဝတ်စုံကိုကြည့်ပြီး အမှတ်ပေးအကဲဖြတ်ကြတယ်လို့ဆိုပါတယ်။ အမျိုးသားတွေရဲ့ အရည်အချင်းကတော့ တောင်း၊ ပလိုင်းစတဲ့ ဝါးနှီးရက်လုပ်တတ်ရမယ်။ တောထဲဝင်ပြီး ထင်း၊ ဝါးခုတ်နိုင်ရမယ်။ လယ်ယာလုပ်ငန်း လုပ်နိုင်စွမ်းရှိရမယ်ဆိုတဲ့ အကဲဖြတ်အမှတ်တွေရှိပါတယ်။

လားဟူတွေရဲ့ ဘူးသီးခြောက်နဲ့ဝါးကိုဆက်ပြီး လေမှုတ်ပေါက်၊ လေထွက်ပေါက်ကလေးတွေနဲ့ပြုလုပ်ထားတဲ့ ရိုးရာလေမှုတ်တူရိယာဟာ ရွာတည်ကတည်းက အရေးပါတဲ့ပစ္စည်းတစ်မျိုးဖြစ်ပါသတဲ့။ CBT အဖွဲ့ခေါင်းဆောင် ကတော့ သူတို့လူမျိုးရဲ့ ရိုးရာ၊ အိမ်၊ လူနေမှုစရိုက်၊ စားသောက်နေထိုင်ပုံ၊ နှစ်သစ်ကူးပုံ၊ ကခုန်ပုံ၊ အနီးမှာရှိတဲ့ (Coffin Grave) ဆိုတဲ့ ဂူအကြောင်းအသေးစိပ် ကြေကြေညက်ညက်ရှင်းပြနိုင်ပါတယ်။ လွိုင်ကော်ကနေ ရှားတော သွားရာလမ်းမှာရှိတဲ့ ကျတ်ဂူဆိုတာနဲ့ အတော်ဆင်ပါတယ်။ ၁၅ ပေ၊ ၁၈ ပေလောက်ရှိတဲ့ သစ်သား ခေါင်းတလားတွေကို ကျောက်ဂူအတွင်း အမြင့်တွေပေါ်မှာ တင်ထားတာတွေ့ရတာတွေဟာ တစ်ပုံစံထဲပါပဲ။ နိုင်ငံခြားသား ခရီးသွားတွေကို ဘယ်လိုခေါ်ဆောင်၊ ဘယ်လိုပြသ၊ ဘယ်လိုကပြ၊ ဘယ်လိုရှင်းပြပြီး ကျေးရွာဝင်ငွေရအောင် လုပ်နေတယ်ဆိုတာတွေကိုလည်း ဆရာစားမချန်ပဲ CBT ခေါင်းဆောင်ကရှင်းပြပါတယ်။ ဗဟုသုတလည်း အတော် ရပါတယ်။

နေ့လယ် ၁း၃၀ နာရီမှာ လားဟူဝတ်စုံတွေဝတ်ပြီး သူတို့နဲ့ အမှတ်တရ ဓာတ်ပုံရိုက်ကာ မယ်ဟောင်ဆောင်ကို ထွက်ခဲ့ပါတယ်။ မယ်ဟောင်ဆောင်ရောက်တော့ ၃း၄၅ နာရီရှိပြီး၊ Weare ဆိုတဲ့ အဖွဲ့အစည်းရဲ့ ရက်ကန်းထွက် အဝတ်အထည်ပစ္စည်းမျိုးစုံပြခန်းကို ဝင်ရောက်လေ့လာဖြစ်ခဲ့ပါတယ်။ ညပိုင်းမှာ မယ်ဟောင်ဆောင်မြို့လယ်က Piya ဧည့်ရိပ်သာမှာတည်းခိုပြီး နောက်တစ်နေ့ ၁၈ ရက် မနက်မှာ မယ်ဟောင်ဆောင်ဈေးထဲမှာ ဈေးဝယ် လေ့လာကြပြီး မယ်ဟောင်ဆောင်ပြည်နယ်ရဲ့ Tourist & Sports ဝန်ကြီးဌာနရုံးမှာ CBT ပညာရှင်တွေက ရှင်းလင်းပြောပြ အပြန်အလှန်ဆွေးနွေးကြပြီး၊ ကယားပြည်နယ်မှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် အားအင်တွေထည့်ပေးခဲ့ပါတယ်။ မနက် ၁၀ နာရီမှာ မယ်ဟောင်ဆောင်က ပြန်လည်ထွက်ခွာလာရာ လွိုင်ကော်မြို့ကို ည ၇း၃၀ မှာ ချောချောမောမော ပြန်လည်ရောက်ရှိခဲ့ပါတယ်။ တစ်ရွာချင်းမှာ လေ့လာခဲ့ရတဲ့ မှတ်သားမိတာတွေ နောက်တစ်ပတ်များမှ ဆက်လက်တင်ပြပါ့မယ်။

## မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၃/၂၀၁၅) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဩဂုတ်လ ၂၈ ရက်နေ့ နေ့လည် ၁း၀၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ၃/၂၀၁၅ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးအောင်ဇံ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသူက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၂/၂၀၁၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များအား ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီမှ ဆွေးနွေးခဲ့သည့် အချက်များဖြစ်သော ရေတ်သီးမှုန့်ထုတ်လုပ်သော လုပ်ငန်းရှင်များအား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီးသင်တန်းများပေးရန် ဆိုးဆေးကို လုပ်ငန်းရှင်များမှ အဝတ်အထည်သုံး ဆိုးဆေးနှင့် အစားအသောက်သုံး ဆိုးဆေးဟု ကွဲပြားအောင် ရောင်းချရန်နှင့် စားဆီများကိုရောနှော၍ မြေပဲဆီအဖြစ်ရောနှောရောင်းချနေမှုများကို တင်ပြခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသော မန္တလေးတိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းလုပ်ဆောင်ချက်များနှင့်ပတ်သက်၍ FDA မှ စားသုံးရန်မသင့်ထုတ်ပြန်ကြေညာထားသော စားသောက်ကုန်များကို စားသုံးသူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် ဌာနများမှ အသိပေးထုတ်ပြန်စေရေး၊ အေးခဲကြက်သားများတွင် Stapphy Locaccus aureus ဘတ်တီးရီးယားပိုးတွေ့ရှိသော ယုန်မင်းအေးခဲကြက်သားလုပ်ငန်းအား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ (၁၉)အရ လုပ်ငန်းလိုင်စင်ယာယီပိတ်သိမ်းရေး၊ ဆိုးဆေးလုပ်ငန်းရှင်များအားခေါ်ယူ၍ အသိပညာပေးဆွေးနွေးမှုများပြုလုပ်ရေး၊ ငရုတ်သီးမှုန့်ထုတ်လုပ်ငန်းများနှင့်ပတ်သက်၍ ကုန်ကြမ်းအဆင့်ဖြစ်သော ဖလံဖြူခြောက်တွင် ကင်ဆာဖြစ်စေနိုင်၍ အရည်အသွေးမီ ကုန်ကြမ်းများကိုသုံးစွဲစေရန် အသိပညာပေးရေးတို့ကို ဆွေးနွေးတင်ပြကြပြီး အစည်းဝေးကို ညနေ ၁၅း၃၀ အချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

**တင်ချစ်ကောင်း-မန္တလေး**

## မြန်မာ-တရုတ်နယ်စပ်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၉၉၈ သန်းဖိုးရှိတဲ့ ရေထွက်ကုန် ၈၆၄ တန်ကျော်ကို ဩဂုတ်လ ၁၅ ရက်မှ ၂၁ ရက် နေ့ထိ ကာလအတွင်းမှာ တရုတ်နိုင်ငံကို တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့တဲ့ ရေထွက်ကုန်တွေကတော့ ကဏန်း ၃၃၈ တန်ခန့်၊ ငါးရှဉ့် ၂၄၅ တန်ကျော်၊ ရေခဲငါး ၉၆ တန်ကျော်၊ ငါးမှုန့် ၃၄ တန်၊ ငါးလေးခြောက် ၁၇ တန်၊ ငါးဆားနယ် ၂၆ တန်၊ ငါးစီဖောင်း တန်ဝက်ကျော်၊ ငါးကြင်းစီဖောင်း ၄ တန်ကျော်၊ ရေခဲပုစွန် ၂၉ တန်ကျော်နဲ့ငါးဟောက်အရှင် ၄ တန်ကျော် ဖြစ်ပါတယ်။ မူဆယ်မှ ယခင်တစ်ပတ် တင်ပို့မှုထက် ၁၃၄ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၇၉ သန်းဖိုးရှိ ငါးရှဉ့် ၆၉ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကတော့ ငါးရှဉ့် တင်ပို့မှုမရှိခဲ့ပါဘူး။ ဒါ့ကြောင့် ယခုတစ်ပတ်မှာတော့ မူဆယ်နဲ့ ချင်းရွှေဟော်မှ ရေထွက်ကုန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ဟိုင်းမှာလ်ဂျစ်ကားငယ်များနဲ့ ကုန်သွယ်မှုပြုနေရတာကြောင့် ရိဒ်ခေါဒါရ်ရဲ့ ကုန်စည်တင်ပို့ခနှုန်းများ မြင့်တက်

ဩဂုတ်လအတွင်း မိုးသည်ထန်စွာ ရွာသွန်းမှုကြောင့် လမ်းတံတားများ ပျက်စီးခဲ့ပြီး ကုန်သွယ်မှုပြတ်တောက်ခဲ့ရတဲ့ မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်လမ်းများ ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း ဒေသခံယာဉ်လိုင်းများထံမှ သိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းပြည်နယ် ရိဒ်ခေါဒါရ်သို့ ဟိုင်းမှာလ်ဂျစ်ကားငယ်များနဲ့ သယ်ယူပို့ဆောင်နေရတာကြောင့် ကုန်စည်တင်ပို့ခဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း ရိဒ်ခေါဒါရ်မြို့ရှိ ကုန်သည်များနဲ့ ယာဉ်လိုင်းများထံမှ သိရပါတယ်။ချင်းပြည်နယ်တွင်း မိုးရွာသွန်းမှုကြောင့် ကားလမ်းများ မပျက်စီးမီက ရိဒ်ခေါဒါရ်သို့ တင်ပို့ရတဲ့ ကွမ်းသီးတစ်အိတ်ကုန်တင်ခနှုန်းသည် ကျပ်တစ်သောင်းခန့်သာဖြစ်ပြီး ယခုအချိန်တွင် ကျပ်နှစ်သောင်းငါးထောင်ကျပ်ထိ မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ အခြားကုန်စည်များမှာလည်း ယခင်က တစ်ပိဿာ ၁၅၀ ကျပ်မှ ၂၀၀ ကျပ်အထိသာ ပေးချေရပြီး ယခုအခါ တစ်ပိဿာ ကျပ်တစ်ထောင်ထိမြင့်တက်သွားခဲ့ပါတယ်။ မိုးရွာသွန်းမှုကြောင့် လမ်းတံတားများ ပျက်စီးခဲ့ပြီး လမ်းပိုင်းများ မြေပြိုကျမှုကြောင့် ကလေးနဲ့ တမူးမြို့ များတွင်လည်း ကုန်တန်ဖိုးများ ထက်ဝက်ခန့်မြင့်တက်ခဲ့ရပြီး တန်ဆာခများလည်း မြင့်တက်ခဲ့ကြောင်း ဒေသခံများရဲ့ပြောကြားချက်အရ သိရပါတယ်။ ကလေး-ရိဒ် ကားလမ်းသည် မိုင်ပေါင်း၈၀ကျော်ရှည်လျားပြီး မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှုပြုရာတွင် ဒုတိယအကြီးဆုံးနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းလည်း ဖြစ်ပါတယ်။ မိုးရာသီရောက်တိုင်း လမ်းမြေသားများ ပွဲ့ကျခြင်း၊ ပြိုကျခြင်းများ ဆက်တိုက်ဖြစ်ပေါ်နေပြီး တီးတိန်-ရိဒ်အကြား ကားလမ်းသည်လည်း ယခုချိန်အထိ ကတ္တရာလမ်းမခင်းနိုင်ခြင်းကြောင့် မိုးရာသီတွင် လေးဘီးလုံးရုန်းအားရှိတဲ့ ဟိုင်းမှာလ်ဂျစ်ကားငယ်များနဲ့သာ ကုန်သွယ်မှုပြုလျက်ရှိကြောင်းသိရပါတယ်။

**ခင်မိုးသူ**

## မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းများမှ ဩဂုတ်လ ၁၅ ရက်မှ ၂၁ ရက်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၈၂၄ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၇၄၅ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၇၆၅ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့နိုင်မှုများမှာ-

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၃၁ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၆၄ တန်ကျော်၊ ကဏန်း ၂၈ တန်ကျော်နဲ့ ပုစွန် ၁ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၂၃၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၂၇၅ တန်ကျော်၊ ပုစွန် ၅၀၀ ကီလိုဂရမ်နဲ့ ကင်းမွန် ၉ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၄၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၄၆၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၃၄၃ တန်ကျော်၊ ပုစွန် တန် ၂၀ ကျော်၊ ကင်းမွန် ၁ တန်ကျော်၊ သဲကဏန်း ၆၁၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၈၃၃ တန်ကျော်လျော့နည်းခဲ့ပါတယ်။

**ခင်မြနွယ်**

## မြိတ်ကုန်သွယ်ရေးစခန်းမှ ဩဂုတ်လအတွင်း ကဏန်းမျိုးစုံတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြိတ်ကုန်သွယ်ရေးစခန်းမှ ဩဂုတ်လ ၁ ရက်မှ ၂၁ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၃၅၆ သန်း တန်ဖိုးရှိကဏန်းမျိုးစုံဖြစ်သော သဲကဏန်း ၁ တန်ကျော်၊ အေးခဲကဏန်းပျော့ ၆၄ တန်ကျော်နဲ့ ကဏန်းသေး (အသေ) ၃ တန်နီးပါး တင်ပို့နိုင်ခဲ့တဲ့အပြင် ကန်ဒေါ်လာ ၄ ဒသမ ၇၇၈ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၃၅၀၅ တန်ကျော်၊ ပုစွန် ၁၀၁ တန်ကျော် ကင်းမွန် ၃ တန်ကျော်၊ ငါးမှုန့်တန် ၈၄၀၊ ပုစွန်ခြောက် ၁၀ တန်ကျော်၊ ငါးခြောက် ၆ တန်ကျော်နဲ့ ကင်းမွန်ခြောက် တစ်တန်ကျော် တင်ပို့နိုင်ခဲ့အတွက် ရေထွက်ကုန် စုစုပေါင်း ၄၅၃၈ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း ငါးမှုန့် ၇၉၉၅ တန်တင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်မှ ဩဂုတ်လ ၂၄ ရက်အတွင်း ကန်ဒေါ်လာ ၅ ဒသမ ၅၀၈ သန်းတန်ဖိုးရှိ ငါးမှုန့် ၇၉၉၅တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။လအလိုက် ငါးမှုန့်တင်ပို့မှုများမှာ-

ကန်ဒေါ်လာ(သန်း)

| စဉ် | လ | တန်ချိန် | တန်ဖိုး |
|---|---|---|---|
| ၁ | ဧပြီလ | ၁၇၁၀ | ၁. ၂၄၇ |
| ၂ | မေလ | ၁၄၅၅ | ၁. ၀၁၂ |
| ၃ | ဇွန်လ | ၂၂၈၅ | ၁. ၄၅၃ |
| ၄ | ဇူလိုင်လ | ၁၇၀၅ | ၁. ၁၇၂ |
| ၅ | ဩဂုတ်လ | ၈၄၀ | ၀. ၆၂၄ |

(၁ ရက်မှ ၂၁ ရက်)

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းငါးမှုန့် တင်ပို့မှုမှာ ဇွန်လတွင် အများဆုံးဖြစ်ပါတယ်။ **ခင်မြနွယ်**

## မူဆယ်နဲ့ စစ်တွေနယ်စပ်များမှ ဆီးသီးခြောက် တန်နှစ်ထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်နဲ့ စစ်တွေကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ ၁၅ ရက်မှ ၂၁ ရက် အတွင်း ကန်ဒေါ်လာ ၁၈၄၀၀၀ ဖိုးရှိ ဆီးသီးခြောက် ၂၀၂၆ တန်တင်ပို့နိုင်ခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၉၅၂၀ တန်ဖိုးရှိ ဆီးသီးခြောက် ၅၆ တန် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးသီးခြောက် ၁၂၅၀ တန် တင်ပို့နိုင်ခဲ့တာကြောင့် ယခုသီတင်းပတ်မှာ ဆီးသီးခြောက် ၇၇၆ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ စစ်တွေစခန်းကတော့ ယခင် သီတင်းပတ်က ဆီးသီးခြောက် ၁၅ တန်သာ တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာတော့ ၄၁ တန် ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုသီတင်းပတ်တွင် ဆီးသီးခြောက်အပြင် ကန်ဒေါ်လာ ၂၇၀၀၀၀ ဖိုးရှိဆီးဆံ ၆၈ ဒသမ ၄ တန်လည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **တင်တင်ထွန်း**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်၊ လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချောတန် လေးရာနီးပါးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းက ဩဂုတ်လ ၈ ရက်မှ ၂၁ ရက်ထိ သီတင်းပတ်အတွင်း ရေထွက်ကုန်၊ လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချောတန် ၃၉၀ ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၃၀ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၀၇၇သန်းဖိုး တင်ပို့ခဲ့သဖြင့် ယခုသီတင်းပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်းဖိုး ပိုမိုတင်ပို့ ခဲ့တာတွေ့ရပါတယ်။ ယခုသီတင်းပတ်မှာ့ ရေချိုငါးမြစ်ချင်း ၈၄ တန်၊ ချင်း (အစို) ၁၆ တန်၊ မန်ကျည်းစေ့ ၂၀၇ တန်၊ ဆီးသီးခြောက် ၅၆ တန်၊ နနွင်းတက် ၂ တန်၊ မန်ကျည်းဖတ် ၂ တန်နဲ့ ဆီးယိုထုပ် ၂၃ တန်တို့ကို ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

## မောင်တောမှ လဲမှို့ကီလို နှစ်သောင်းကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဩဂုတ်လ ၁၅ ရက်မှ ၂၁ ရက်တာကာလအတွင်းမှာ ၁၉၉၉၉ ဒေါ်လာတန်ဖိုးရှိ လဲမှို့(အစေ့ပါ)ကီလို ၂၃၅၂၉ ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှုမရှိဘဲ ယခုသီတင်းပတ်မှသာ တင်ပို့နိုင်ခြင်းဖြစ်ပါတယ်။လဲမှို့ပင်များကို ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင်ခြံစည်းရိုးများ၊ လယ်ယာကန်သင်းများမှာ အများအပြားစိုက်ပျိုးလေ့ရှိကြပါတယ်။ယခုနှစ်တွင် ရာသီဥတု အခြေအနေအရ အသီးသီးနှုန်းနည်းတာကြောင့် အထွက်နည်းကြောင်းသိရပါတယ်။ လဲမှို့ပင်များရဲ့သက်တမ်းမှာ ၁၀ နှစ်မှ ၁၅ နှစ်အထိ ရှင်သန်နိုင်တယ်လို့ သိရပါတယ်။ လဲမှို့(အစေ့ပါ)၁ ကီလိုရဲ့ လိုင်စင်ကြေးမှာ သုည ဒသမ ၈၅၀ ဒေါ်လာရှိတယ်လို့ မောင်တောစခန်းမှ သတင်းရရှိပါတယ်။ **မြင့်မြင့်မာ**

## မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ သီဟိုဠ်စေ့ ၂၂ တန်ကျော်တင်ပို့

မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ဩဂုတ်လ ၁၅ ရက်မှ ၂၁ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၆၈ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ကြည့်ပါက ၂၄ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ-

မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၁၉ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၅ တန်ကျော်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၂၉ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃ တန်ကျော်နဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းကလည်း ကန်ဒေါ်လာ သုည ဒသမ ၀၂၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂ တန်ကျော် အသီးသီး တင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

## ကင်တာယာဉ်ပေါ်မှ အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ ကုန်ပစ္စည်းကို တာချီလိတ် Mobile Team မှ စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ် Mobile Team အဖွဲ့မှ ညွှန်ကြားရေးမှူးဦးစီးတဲ့အဖွဲ့က ဩဂုတ်လ ၂၂ ရက် ၁၅း၃၀ ချိန်တွင် တာဝန်ထမ်းဆောင်စဉ် ဝမ်းကောင်းမွန်ကျေးရွာအနီး ကျိုင်းတုံမှ တာချီလိတ်သို့ သွားရောက်မည့် ခြောက်ဘီးကင်တာ ယာဉ်အမှတ် (1 H/xxxx) ယာဉ်အားစစ်ဆေးခဲ့တယ်လို့သိရပါတယ်။ ယာဉ်အား အဖွဲ့စုံဖြင့် အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်ရာယာဉ်ပေါ်မှ အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ ပြည်ပနိုင်ငံထုတ် တစ်ရှူးစက္ကူလိပ်အထုပ် ၃၀ နဲ့ ဂျုံမှုန့်အိတ် ၂၀ တို့အား စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အဆိုပါ သိမ်းဆည်းရမိအကောက်ခွန်မဲ့ ပစ္စည်းများအား တာချီလိတ်မြို့နယ်အကောက်ခွန်သို့အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး လွှဲပြောင်းအပ်နှံသွားမယ်လို့သိရပါတယ်။

**MIRT**

## အခွန်ဆောင်ပြီးစားသောက်ကုန်များနဲ့ ရောနှောသယ်ဆောင်လာတဲ့ အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများအား သိမ်းဆည်းရမိ

ဩဂုတ်လ ၁၆ ရက်နေ့ ဝ၈း၂၀ ချိန်ခန့်က လွယ်တော်ခမ်းစစ်ဆေးရေးဂိတ်မှာ Mobile Team အဖွဲ့ တာဝန်ထမ်းဆောင်နေစဉ် တာချီလိတ်မှ မိုင်းဆတ်သို့သွားရောက်မယ့် ယာဉ်အမှတ် 4 G/xxxx Vigo ဟိုင်းလပ်ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်မှာ ၃ ရာခိုင်နှုန်းအခွန်ပေးဆောင်ပြီး သယ်ဆောင်လာတဲ့ စားသောက်ကုန်ပစ္စည်းများနဲ့ ရောနှော၍ ၃ ရာခိုင်နှုန်းအခွန်နဲ့ မသက်ဆိုင်တဲ့ အကောက်ခွန်မဲ့ သယ်ဆောင်လာ တဲ့လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ ဆိုင်ကယ်အပိုပစ္စည်းတစ်မျိုးနဲ့ အထောက်အထားမဲ့သယ်ဆောင်လာတဲ့ တစ်ဖက်နိုင်ငံထွက် ကြက်ဥ အလုံး ၆၀၀ တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ပါတယ်။ အဆိုပါ သိမ်းဆည်းရမိ ပစ္စည်းများအား အဖွဲ့စုံနဲ့ စစ်ဆေးပြီး တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနတွင် အမှုတွဲ ဖွင့်လှစ် လွှဲပြောင်းအပ်နှံသွားပြီး ခန့်မှန်းတန်ဖိုးကိုလည်း ဆက်လက်တင်ပြသွားမယ်လို့ သိရပါတယ်။ ကြက်ဥအလုံး ၆၀၀ ကိုလည်း မြေမြှုပ်ဖျက်ဆီးပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## ခရီးသည်ပစ္စည်းများအကြား ရောနှောသိုဝှက်သယ်ဆောင်လာတဲ့ ကျပ် ၂၄ သိန်းကျော်တန်ဖိုးရှိ ပစ္စည်းများဖမ်းဆီးရမိ

ဩဂုတ် ၁၅ ရက်နေ့က နောင်ချိုအေးရှားဝေါလ်တိုးဂိတ်အနီး ယာယီအခြေပြု Mobile Team အဖွဲ့ဟာ တစ်ဖက်နိုင်ငံထုတ် ရေဒီယို (SSY-NS-0764၊ NNS-NS-0184) ၇၁ လုံးနဲ့ Hot Plate ၂ ဖာ၊ တစ်ဖက်နိုင်ငံထုတ် ပင်လယ်စာအသားလုံး ၂၈၀ ထုပ်၊ မာလာချောင်း ၁၈ ထုပ်၊ မှိုခြောက်ပန်းခြောက် ၃ အိတ်၊ ငံပြာရည် ၈ ဖာ၊ ဟင်းခတ်မှုန့် ၆ ဖာ၊ ခေါက်ဆွဲထုပ် ၃ ထုပ်၊ အမွှေးတိုင် ၃ ဖာနဲ့ ပိုးသတ်ဆေး ၂ ဖာတို့ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၂၄ ဒသမ ၆၃၀ သိန်းဖိုးကို သိမ်းဆည်းရမိခဲ့ကြောင်းနဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲများ ဖွင့်လှစ်အရေးယူထား တယ်လို့သိရပါတယ်။ အဲဒီနောက် ဌာနဆိုင်ရာ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့နဲ့ FDA ထောက်ခံချက်မပါသော စားသောက်ကုန်များကို ဖျက်ဆီးသွားမယ်လို့သိရပါတယ်။ **MIRT**

## အကောက်ခွန်မဲ့ကန့်သတ်ကုန် အမဲသား (အစို၊ အခြောက်)များအား ခရီးသည်တင်ယာဉ်များဖြင့် သယ်ဆောင်လျက်ရှိနေ

နောင်ချို အေးရှားဝေါလ်တိုးဂိတ်အနီးယာယီအခြေပြုပြီး တရားမဝင်ကုန်စည်စီးဆင်းမှု တားဆီးရေး တာဝန်ယူနေတဲ့ Mobile Team အဖွဲ့ဟာ ဩဂုတ်လ ၂၀ ရက်မှ ၂၃ ရက်ထိ လေးရက်တာ အတွင်းမှာ ခရီးသည်တင်ယာဉ်များဖြစ်တဲ့ Power 5 ၊ GI Group ၊ ဓူဝံတို့ပေါ်မှာ တစ်ဖက်နိုင်ငံသို့ တင်ပို့မယ့် အမဲသားခြောက်အထုတ်ကြီး ၂၀၊ အထုပ်သေး ၅ အိတ်နဲ့ အမဲသားအစို ၄၇ အိတ်ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ ဩဂုတ်လ ၁၅ ရက်မှ ၁၉ ရက်အတွင်းမှာလည်း ခရီးသည်တင်မှန်လုံ ယာဉ်များပေါ်မှ အမဲသားခြောက် ၄၅ ထုပ်ကိုလည်းကောင်း အေးခဲအမဲသား ၁၂ ထုပ်၊ ငါးပုံးနဲ့ ဝမ်းတွင်းသားများလည်း သိမ်းဆည်း ရမိခဲ့တယ်လို့သိရပါတယ်။

**MIRT**

## တရားဝင်တင်သွင်းခွင့် အထောက်အထားမရှိတဲ့ ဖုန်းနဲ့ ဆက်စပ်စ္စည်းများအား အကောက်ခွန်အမှုတွဲဖွင့်လှစ်

ရန်ကုန်-မြဝတီလမ်းကြောင်းပေါ်ရှိ ညောင်ခါးရှည် အခြေပြု Mobile Team လရ-၂ အဖွဲ့က ဩဂုတ်လ ၁၅ ရက်နေ့မှ ကျိုက်ထိုဘက်မှ ဝင်ရောက်လာတဲ့ ကိုယ်ပိုင်ယာဉ်အမှတ် 2H/xxxx ပေါ်မှ ဖုန်းနဲ့ ဆက်စပ်ပစ္စည်းများကို စစ်ဆေးတွေ့ရှိ၍စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့ပါတယ်။ အဆိုပါဖုန်းနဲ့ဆက်စပ်ပစ္စည်းများကို ရောင်းချပြီး လက်ကျန်ပြန်လည်သယ်ဆောင်လာခြင်းဖြစ်ကြောင်း ပြောကြားခဲ့၍ မူလတရားဝင် တင်သွင်းထားသော ID မိတ္တူကိုစစ်ဆေးရာ ID ခေတ်ပုံမိတ္တူများနဲ့ တရားဝင်တင်သွင်းခွင့်အထောက်အထား ပြသနိုင်ခြင်းမရှိတဲ့ ZTX X8, ZTX A8S, Boss Style G8, KZG key Pad,Boss style 16, Boss style 5S စုစုပေါင်း ၄၅ လုံးကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းနိုင်ခဲ့ပါတယ်။စစ်ဆေးတွေ့ရှိဖုန်းနဲ့ဆက်စပ်ပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၅ သိန်းကျော်ခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ထားပြီး ဖြစ်တယ်လို့ သိရပါတယ်။

**MIRT**

## အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ ကြွေပြားများကို စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ် Mobile Team အဖွဲ့မှ ညွှန်ကြားရေးမှူးဦးစီးတဲ့အဖွဲ့သည် ဩဂုတ်လ ၂၂ ရက် ၁၉း၁၅ ချိန်တွင် Mobile Team တာဝန်များထမ်းဆောင်စဉ် မယ်ယန်းစစ်ဆေးရေးဂိတ်၌ တာချီလိတ်မှ မိတ္ထီလာသို့ သွားရောက်မည့် ယာဉ်အမှတ်(3B/xxxx) အားစစ်ဆေးခဲ့တယ်လို့သတင်းရရှိပါတယ်။ အဆိုပါယာဉ်ပေါ်မှ အကောက်ခွန်မဲ့တင်ဆောင်လာတဲ့ တစ်ဖက်နိုင်ငံထုတ် ကြွေပြား ၁၅ ဖာအား စစ်ဆေးတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ အကောက်ခွန်မဲ့ ကြွေပြားများအား အဖွဲ့စုံဖြင့် စစ်ဆေးပြီး တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနတွင် အမှုတွဲဖွင့်လှစ်သိမ်းဆည်းခဲ့တယ်လို့သိရပါတယ်။ **MIRT**

## လုပ်ငန်းသုံးကုန်မာပစ္စည်း၊ လျှပ်စစ်ဆက်စပ်ပစ္စည်းများ၊ အထည်မျိုးစုံကို လရ-၁ အဖွဲ့ကသိမ်းဆည်း

ခရီးသည်တင်ပစ္စည်းများအကြား ရောနှောသိုဝှက်တင်ဆောင်လာသော လုပ်ငန်းသုံးကုန်မာပစ္စည်းများ ဖြစ်တဲ့ကျောက်လှည့် နှစ်ဖာ၊ဆူးသွားနှစ်ဖာ၊ ပလာယာ ၁၀ ဖာ၊ Remote Control ၃ ဖာ၊ Game Remote + AV ကြိုး အားသွင်းကြိုး ၈၉ ခု ၊ Radio ၇ ဖာ၊ အထည်မျိုးစုံ လေးထုပ်နဲ့ ခြင်ထောင်လေးထုပ်တို့ကို ဩဂုတ်လ ၂၁ ရက်နဲ့ ၂၈ ရက်များမှာ နောင်ချို Asia World Toll Gate အနီး Mobile Team ယာယီအခြေပြု အဖွဲ့က စစ်ဆေးတွေ့ရှိ ခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူသိမ်းဆည်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ကျပ်သိန်း ၂၂၀ ကျော်တန်ဖိုးရှိ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံးများနဲ့လက်ဝတ်ရတနာများအား မူဆယ်တွင် သိမ်းဆည်းရမိ

ဩဂုတ်လ ၁၃ ရက် ၁၅း၀၀ ချိန်မှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ထုတ်နုတ်အင်အားအဖွဲ့ Mobile Team အဖွဲ့ဟာ Asia World Toll Gate အနီး တရားမဝင်အကောက်ခွန်မဲ့ ပစ္စည်းတားဆီးရေးနဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ် Harrier ယာဉ် 9C/xxxx ပေါ်မှ တရားမဝင်တင်ဆောင်လာသော ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံးများ ၇၀ ကီလို၊ ရွှေ/ငွေ သတ္တုနဲ့ ပြုလုပ်ထားတဲ့ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်အရွယ်စုံပါ လည်ဆွဲ၊ ဆွဲပြား၊ နားဋ္ဌောင်းများ ခန့်မှန်းတန်ဖိုးကျပ် ၂၂၃ ဒသမ ၆၀ သိန်းတို့ကို စစ်ဆေးတွေ့ရှိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူထားတယ်လို့ သတင်းရရှိပါတယ်။

အဆိုပါ ပစ္စည်းများကို တင်ဆောင်လာသော Harrier ယာဉ်(ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၆၀)ကိုလည်း အမှုတွဲဖွင့်အရေးယူပြီး မူဆယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့တယ်လို့ သိရပါတယ်။

**MIRT**

## ဇူလိုင်လ ၂၇ ရက်မှ ဩဂုတ်လ ၃ ရက်ထိ နောင်ချို ယာယီအခြေပြု Mobile Team မှ စားသောက်ရန်မသင့်တဲ့ စားသောက်ကုန်များအား ဖျက်ဆီး

အကောက်ခွန် အမှုတွဲ ၁၇ ခုဖြင့် ဖွင့်လှစ်သိမ်းဆည်းထားသော စားသောက်ကုန်ပစ္စည်းမျိုးစုံ ခန့်မှန်း တန်ဖိုးကျပ် ၁၁၄ ဒသမ ၆၀၀ သိန်းအား ဌာနဆိုင်ရာ အဖွဲ့စုံဖြင့် ဖျက်ဆီးမှုကို ဩဂုတ်လ ၄ ရက် ၁၀း၀၀ ချိန်က ပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ ဖျက်ဆီးခဲ့တဲ့ ပစ္စည်းတွေကတော့ အားဖြည့်အချိုရည်၊ လိုက်ချိစ်ဘူး၊ခေါက်ဆွဲစိမ်း၊ ငံပြာရည်၊ မျှစ်ထုပ်၊ ရေညှိပြား၊ ဆေးဘဲဥ၊ မုန့်ဖုတ်ရာတွင်သုံးသော အနံ့မှုန့်၊ မာလာချောင်း၊ ကော်ဖီမစ်၊ အကြော်ခံဆီပုံးများ၊မုန့်မျိုးစုံ၊ ပင်လယ်စာ၊ အသားထုပ်တို့ဖြစ်ကြပါတယ်။

**MIRT**

## ခရီးသည်ပစ္စည်းများနဲ့ ရောနှောတင်ဆောင်လာသော တစ်ဖက်နိုင်ငံထုတ် စားသောက်ကုန်များအား လရ-၁ အဖွဲ့မှသိမ်းဆည်းရမိ

မူဆယ်မှ မန္တလေးသို့ ဦးတည်မောင်းနှင်တဲ့ ခရီးသည်တင်ယာဉ်များဖြစ်တဲ့ GI Group ၊ ရောင်နီဦးစတဲ့ ယာဉ်များ ပေါ်မှ ဩဂုတ်လ ၁၉ ရက်မှ ၂၂ ရက်ထိ ရက်များအတွင်းမှာ နောင်ချို Asia World Toll Gate အနီး ယာယီအခြေပြုတဲ့ Mobile Team လရ-၁ အဖွဲ့က အကောက်ခွန်မဲ့ သယ်ဆောင်လာသော တစ်ဖက်နိုင်ငံထုတ် ခေါက်ဆွဲဖာ ၁၀ ဖာ၊ မာလာခြောက် ၃ အိတ်၊ မုန့်မျိုးစုံ ၁၅ ဖာ၊ မျှစ်ခြောက်၊ ငရုတ်သီးမှုန့်နဲ့ တစ်ဖက်နိုင်ငံထုတ် ဆားအိတ် ၂၀၀ တို့ကို စစ်ဆေးတွေ့ရှိတဲ့အတွက် သိမ်းဆည်းခဲ့ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်နိုင်ရေး ဆောင်ရွက်နေပြီလို့ သတင်းရရှိပါတယ်။ **MIRT**

# မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ၌ လက်ရှိဖြစ်ပေါ်နေတဲ့ စိန်ခေါ်မှုများ

| ဆက်အောင် |




မြန်မာနိုင်ငံမှာ ဒေါ်လာဈေးက တစ်လလောက်တည်ငြိမ်နေခဲ့ပြီး ဩဂုတ်လလယ်လောက်ကတည်းက ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ဒေါ်လာဈေးကျဆင်းလာရတဲ့ ပထမအကြောင်းရင်းကတော့ တရုတ်ယွမ်ဈေးပြုတ်ကျတာနဲ့ ပတ်သက်ခဲ့ပါတယ်။ တရုတ်ယွမ်ဈေးပြုတ်ကျတဲ့ အကျိုးသက်ရောက်မှုကို နိုင်ငံအတော်များများခံခဲ့ရပါတယ်။ အဲဒီအကျိုးသက်ရောက်မှု အခံရဆုံးနိုင်ငံတွေထဲမှာတော့ အင်ဒိုနီးရှားနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့လည်း ပါဝင်တာကိုတွေ့ရပါတယ်။ ဒုတိယအကြောင်းရင်းကတော့ နိုင်ငံရေးနဲ့အတူတွဲပါလာတဲ့ ကောလာဟလကြောင့်ဖြစ်ပါတယ်။ ဘဏ်အချို့ကို ပိတ်သိမ်းမယ်ဆိုတဲ့ ကောလာဟလကနေစပြီး အဲဒီဘဏ်တွေမှာ ငွေသား အများအပြားထုတ်ယူမှုတွေ ဖြစ်လာခဲ့ပါတယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုမှာ Portfolio Investment Management ဆိုတာရှိပါတယ်။ အဲဒါကတော့ မတူညီတဲ့ စတော့ရှယ်ယာတွေကို တစ်ပေါင်းတည်းရင်းနှီးမြှုပ်နှံပြီး ကိုယ်လိုချင်တဲ့ရင်းနှီးမြှုပ်နှံမှုဗျူဟာ (ဥပမာ- Marketing ဗျူဟာ၊ Tactical asset allocation ဗျူဟာ စသဖြင့်) ကို အကောင်အထည်ဖော်ဆောင်နိုင်ဖို့ အချို့ရှယ်ယာတွေကို ရောင်းချပြီး အချို့ရှယ်ယာတွေကို ဝယ်ယူအစားထိုးကာ Portfolio rebalancing ပြုလုပ်တဲ့ ရင်းနှီးမြှုပ်နှံမှုပုံစံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း Portfolio investment ပုံစံနဲ့ ငွေတက်ရင်ငွေဝယ်၊ ရွှေတက်ရင် ငွေရောင်းပြီး ရွှေဝယ်၊ မြေတက်ရင် ရွှေရောင်းပြီး မြေဝယ် စတဲ့ဆောင်ရွက်ချက်တွေကို တွေ့နိုင်ပါတယ်။ အခုမှာလည်း ဘဏ်တွေက ငွေသားတွေ အများအပြားထုတ်ပြီးတော့ ငွေနဲ့ ရွှေဘက်လှည့်လာတာမို့ ငွေဈေးနဲ့ ရွှေဈေးတွေကလည်း လှုပ်ရှားသွားပါတယ်။

မြန်မာနိုင်ငံဟာ Current Account ကိုလွှတ်ပေးထားပေမယ့် Capital Account ကိုထိန်းချုပ်ထားသေးတဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ASEAN Economic Community (AEC) မှာ ပါတဲ့ အချက်တွေအနက် Capital account ကိုဖွင့်ပေးရမယ်ဆိုတဲ့အချက်ကို ASEAN နိုင်ငံတိုင်းလိုလိုက စိုးရိမ်ကြပါတယ်။ Capital account ကိုဖွင့်ပေးလိုက်ရင် Capital flows တွေအမြောက်အမြား အလွယ်တကူဝင်ထွက်နိုင်မှာဖြစ်တဲ့အတွက် အဲဒီ Capital flows အဝင်အထွက်တွေရဲ့ အကျိုးသက်ရောက်မှုတွေကို ထိန်းနိုင်တဲ့ ငွေရေးကြေးရေးဆိုင်ရာ ကိရိယာတွေစုံလင်စွာမရှိသေးရင် နိုင်ငံရဲ့ Macroeconomic တည်ငြိမ်မှုကိုထိန်းဖို့ အလွန်ခက်ပါတယ်။ အာဆီယံ နိုင်ငံအများစုရဲ့ ငွေရေးကြေးရေးဈေးကွက်တွေက ရင့်ကျက်မှုမရှိသေးသလို ငွေရေးကြေးရေးဆိုင်ရာ ကိရိယာတွေစုံလင်စွာ မရှိသေးတဲ့အတွက် အာဆီယံနိုင်ငံအများစုက Capital flows တွေကို အကုန်လွှတ်မပေးရဲကြသေးပါဘူး။

အဲဒါကြောင့် AEC ဖြစ်လာရင် ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုစီးဆင်းမှု၊ ရင်းနှီး မြှုပ်နှံမှုစီးဆင်းမှုနဲ့ ကျွမ်းကျင်လုပ်သားစီးဆင်းမှုတွေကို Free flows လုပ်ဖို့ သဘောတူညီထားကြပေမယ့် Capital စီးဆင်းမှုကိုတော့ Free flow လုပ်မယ်လို့ အာမခံမှုလုံးဝမရှိဘဲ လက်ရှိထက်ပိုလွတ်လပ်တဲ့ Free flow of capital လို့သာပြောထားတာကို တွေ့ရပါတယ်။ Capital account ကိုလွှတ်ပေးလိုက်ရင်တော့ အခြားနိုင်ငံတွေရဲ့ Effects တွေဟာ မိမိနိုင်ငံကို ချက်ချင်းရောက်ရှိလာမှာဖြစ်ပါတယ်။ ဥပမာ-အမေရိကန်နိုင်ငံမှာ Bonds တွေအလွန်အမင်းဝယ်ယူပြီး Monetary stimulus ပြုလုပ်တာတွေကို လျှော့ချလိုက်တဲ့အခါမှာ Capital account ကိုလွှတ်ပေးထားတဲ့ အခြားနိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှုတွေ ချက်ချင်းထွက်သွားတဲ့အတွက် အဲဒီနိုင်ငံတွေမှာ ငွေကြေးဂယက်တွေ အများအပြား ကြုံခဲ့ရပါတယ်။ အဲဒီအချိန်မှာ အမေရိကန်နိုင်ငံဗဟိုဘဏ်ဟာ (မိမိလုပ်ရပ်ကြောင့် ဖြစ်ပေါ်လာမယ့် ဂယက်တွေကိုမကြည့်ဘဲ) လုပ်ချင်တာလုပ်တယ်လို့ နိုင်ငံအတော်များများက အပြစ်တင်ဝေဖန်ကြပါတယ်။ အမေရိကန်နိုင်ငံ ဗဟိုဘဏ်ကလည်း အခြားနိုင်ငံများမှာဖြစ်ပေါ်လာမယ့် ဂယက်တွေထက် မိမိနိုင်ငံရဲ့ ပြဿနာတွေကို ဦးစားပေးဖြေရှင်းနေရပါတယ်လို့ တုံ့ပြန်ခဲ့ရပါတယ်။

မြန်မာနိုင်ငံမှာ Capital account ကိုထိန်းချုပ်ထားသေးတဲ့အတွက် နိုင်ငံတကာရဲ့ဂယက်တွေကို မခံစားရသေးပါဘူး။ ဒါပေမယ့် အလွန်ကြီးထွားလာတဲ့ "အဝေး" လို့ခေါ်တဲ့ Informal ဈေးကွက်ကြီးကနေတစ်ဆင့် Capital flows တွေဟာ အရှိန်အဟုန်နဲ့ စီးဆင်းလျက်ရှိတာကို ဘယ်သူမှမငြင်းနိုင်ပါဘူး။ အဲဒီ Capital flows တွေဟာ အီလက်ထရောနစ်ပုံစံနဲ့ တရားဝင်စီးဆင်းနေတာ မဟုတ်ဘဲ Informal ဈေးကွက်ကြီးကတစ်ဆင့် စီးဆင်းနေတာဖြစ်တဲ့အတွက် ပိုပြီး ခန့်မှန်းရခက်ပါတယ်။ စီးဆင်းတဲ့ Patterns တွေ၊ Seasonal factors တွေ၊ သက်ရောက်မှုရှိနိုင်တဲ့အခြားကိန်းရှင်တွေ၊ သက်ရောက်တဲ့ အတိုင်းအတာတွေစတဲ့ Analyses တွေ ဘာမှလုပ်လို့ မရနိုင်ပါဘူး။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ငွေရေးကြေးရေးဆိုင်ရာ ကိရိယာတွေကလည်း ပြည့်စုံမှုမရှိသေးတဲ့အတွက် နိုင်ငံတကာရဲ့ ဂယက်တွေကို ထိန်းဖို့မလွယ်နိုင်ပါဘူး။ မြန်မာနိုင်ငံတွင် မကပါဘူး အခြားနိုင်ငံကြီးများဖြစ်တဲ့ ဩစတြေးလျနိုင်ငံနဲ့ ဥရောပနိုင်ငံများမှာတောင် နိုင်ငံတကာရဲ့ ဂယက်တွေကဖြစ်ပေါ်လာတဲ့ Effects တွေကို လွယ်လွယ်နဲ့ မထိန်းနိုင်ကြပါဘူး။ အဲဒီကြားထဲမှာ အခြားပြည်တွင်း Factors တွေကြောင့် ဖြစ်ပေါ်လာတဲ့ ဂယက်တွေလည်း ရှိနေပါသေးတယ်။

> အာဆီယံနိုင်ငံ အများစုရဲ့ ငွေရေးကြေးရေး ဈေးကွက်တွေက ရင့်ကျက်မှုမရှိသေးသလို ငွေရေးကြေးရေး ဆိုင်ရာ ကိရိယာတွေ စုံလင်စွာ မရှိသေးတဲ့အတွက် အာဆီယံနိုင်ငံ အများစုက Capital flows တွေကို အကုန် လွှတ်မပေးရဲကြသေးပါဘူး။

အခုတလောမှာလည်း ဘဏ်အချို့ကို ပိတ်သိမ်းမယ်ဆိုတဲ့ ကောလာဟလကနေတစ်ဆင့် ဘဏ်ပြဿနာတွေကိုကြုံတွေ့လာခဲ့ပါတယ်။ ဗဟိုဘဏ်က ငွေရေးကြေးရေးတည်ငြိမ်ဖို့ ဘဏ်တွေအားလုံးကို ကြီးကြပ်စိစစ်ရပါတယ်။ အဲဒီလိုစိစစ်တဲ့နေရာမှာ ဘဏ်တစ်ခုချင်းစီရဲ့ ကျန်းမာရေးအခြေအနေတွေကို Liquidity ratio, Capital adequacy ratio စတဲ့ အချိုးတွေနဲ့ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်စစ်ဆေးရပါတယ်။ ရှိသင့်တဲ့အချိုးမရှိရင် ချက်ချင်းခေါ်ယူသတိပေးပြီး ပြည့်မီအောင် ချက်ချင်းဆောင်ရွက်ခိုင်းရပါတယ်။ မဆောင်ရွက်နိုင်ရင် ဒဏ်ငွေများ ပေးဆောင်စေပါတယ်။ ဒါကလည်း နိုင်ငံတကာမှာ ဆောင်ရွက်တဲ့ Basel requirements တွေနဲ့ အညီဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒါတွေကိုရှင်းရင်းနဲ့ လွဲသွားတာတွေကိုလည်း တွေ့ရပါတယ်။ ဥပမာ ပုဂ္ဂလိကဘဏ်တွေက ဗဟိုဘဏ်မှာ Deposit တင်ပြီး အာမခံထားရပါတယ်လို့ ပြောတာတွေရှိလာပါတယ်။ အဲဒီမှာ Deposit insurance နဲ့ မှားကုန်ကြတာတွေကိုလည်း တွေ့ရပါတယ်။ ဘဏ်တိုင်းဟာ Settlement ပြုလုပ်ဖို့အတွက် ဗဟိုဘဏ်မှာ Current account ထားရှိရပါတယ်။ နောက်ပြီး Monetary policy အတွက်သတ်မှတ်တဲ့ Reserve requirement ကို ငွေသားအနေနဲ့ ဗဟိုဘဏ်မှာ ထားရှိရပါတယ်။ ဗဟိုဘဏ်မှာ Deposit တင်ထားတာမဟုတ်သလို ဗဟိုဘဏ်မှာ Deposit တင်ထားတဲ့အတွက် ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်တွေအတွက် အာမခံတာမဟုတ်ပါဘူး။ ပုဂ္ဂလိကဘဏ်တွေ ငွေကြေး အကျပ်အတည်းဖြစ်လာပြီး Interbank market ကတစ်ဆင့် ငွေချေးလို့မရတော့တဲ့အချိန်မှာ ဗဟိုဘဏ်က Lender of last resort အနေနဲ့ ဌင်းတို့ပြိုလဲမသွားအောင် ငွေထုတ်ချေးပေးမယ်ဆိုတဲ့ အာမခံချက်ကိုပေးတာဖြစ်ပါတယ်။ အဲဒီတော့ ငွေကြေးအကျပ်အတည်းကြုံပြီး ဘဏ်တွေပိတ်သိမ်းရတဲ့အဖြစ်မျိုး ဖြစ်စရာမရှိနိုင်ပါဘူး။

နိုင်ငံတကာရဲ့ ငွေရေးကြေးရေးကဏ္ဍမှာ စိန်ခေါ်မှုတွေပိုများလာသလို မြန်မာနိုင်ငံမှာလည်း စိန်ခေါ်မှုတွေ များလာပါတယ်။ အဲဒီစိန်ခေါ်မှုတွေကို မဖြေရှင်းနိုင်သေးတဲ့ ဗဟိုဘဏ်ကိုလည်း ဝိုင်းပြီး အပြစ်တင်ကြပါတယ်။ အဆိုးထဲကအကောင်းတစ်ခုကတော့ နိုင်ငံတကာက ဗဟိုဘဏ်တွေလို မြန်မာနိုင်ငံရဲ့ ဗဟိုဘဏ်ကရော လွတ်လပ်မှုရှိရဲ့လားဆိုတဲ့ မေးခွန်းတွေထွက်လာပါတယ်။ ဒါပေမယ့် ဘာကြောင့်ဗဟိုဘဏ်က လွတ်လပ်မှုရှိဖို့လိုတာလည်းဆိုတာကို ဆွေးနွေးတဲ့သူနည်းပါတယ်။ ဗဟိုဘဏ်တွေရဲ့ မူဝါဒဆိုင်ရာဆုံးဖြတ်ချက်တွေ အတော်များများက Popular မဖြစ်တဲ့အတွက် အဲဒီလိုဆုံးဖြတ်ချက်တွေကို ဝင်ရောက်မစွက်ဖက်နိုင်အောင် ဗဟိုဘဏ်တွေ ကိုလွတ်လပ်ခွင့်ပေးထားသင့်တာဖြစ်ပါတယ်။ စီးပွားရေးကပ်ဆိုက်ပြီး ပြန်နာလန်ထူလာအောင် ဆောင်ရွက်တဲ့ ဗဟိုဘဏ်တွေရဲ့ Expansionary policy ဆုံးဖြတ်ချက်တွေကို လူကြိုက်များနိုင်ပေမယ့် စီးပွားရေးတိုးတက်မှုအရှိန်အဟုန်များပြီး ဖြစ်ပေါ်လာတဲ့ ငွေကြေးဖောင်းပွမှုတွေကို ထိန်းချုပ်ဖို့ ဆောင်ရွက်တဲ့ ဗဟိုဘဏ်တွေရဲ့ Contractionary policy တွေကို ဘယ်သူမှမကြိုက်ကြပါဘူး။ အဲဒီအချိန်မှာ အချို့ဗဟိုဘဏ်တွေရဲ့ မူဝါဒဆုံးဖြတ်ချက်တွေဟာ Politically costly တောင်ဖြစ်နိုင်ပါသေးတယ်။ အဲဒီလိုအချိန်တွေမှာ ဗဟိုဘဏ်ရဲ့ မူဝါဒဆုံးဖြတ်ချက်တွေကို ဝင်ရောက်စွက်ဖက်လို့ မရနိုင်အောင်လို့ ဗဟိုဘဏ်တွေကို လွတ်လပ်ခွင့်ပေးထားရတာ ဖြစ်ပါတယ်။ ဒါပေမယ့် လုံးဝအလုံးစုံလွတ်လပ်တဲ့ ဗဟိုဘဏ်ဆိုတာလည်း မရှိသေးပါဘူး။ သို့သော် လွတ်လပ်စွာဆုံးဖြတ်ခွင့် အတော်များများကို ပေးထားကြရပါတယ်။ အများလက်ခံနိုင်တဲ့ အများကြိုက်တဲ့ မူဝါဒတွေကိုချမှတ်နိုင်ဖို့ ဗဟိုဘဏ်ကို လွတ်လပ်ခွင့်ပေးသင့်တယ်လို့ ထင်ရင်တော့ မှားပါလိမ့်မယ်။

နိုင်ငံတစ်နိုင်ငံမှာ တည်ငြိမ်တဲ့ Macroeconomic environment ကိုရရှိနိုင်ဖို့ ထိန်းချုပ်သင့်တာတွေကို ထိန်းချုပ်ကြပါတယ်။ ဒါပေမယ့် လူတိုင်းကတော့ ထိန်းချုပ်တယ်ဆိုတာကို ကြိုက်မှာမဟုတ်ပါဘူး။ ဥပမာ မြန်မာနိုင်ငံနဲ့ အနီးဆုံးဖြစ်တဲ့ ထိုင်းနိုင်ငံမှာ နိုင်ငံခြားငွေကြေး ဈေးကစားမှုတွေ မဖြစ်ပေါ်ဖို့ ထိန်းချုပ်မှုတွေ အခုအချိန်အထိ ရှိနေပါတယ်။ ထိုင်းလူမျိုးတွေရဲ့ FCD လို့ခေါ်တဲ့ Foreign Currency Deposit တွေထဲမှာ ပြည်ပကဝင်တဲ့နိုင်ငံခြားငွေ



ကိုပဲ သိမ်းထားနိုင်ပြီး ပြည်တွင်း Account transfer နဲ့ ဝယ်ယူထည့်သွင်းထားလို့ မရပါဘူး။ နိုင်ငံခြားငွေကို ကြိုက်သလောက်ထည့်သိမ်းထားခွင့်လည်း မရှိပါဘူး။ နိုင်ငံခြားငွေနဲ့ ပြည်ပကို ပေးချေစရာ Obligations တွေရှိရင် အထောက်အထားတွေတင်ပြပြီး အဲဒီပမာဏထက်ပိုတဲ့ နိုင်ငံခြားငွေကို FCD ထဲမှာထားလို့ မရပါ ဘူး။ တကယ်လို့ နိုင်ငံခြားငွေနဲ့ ပြည်ပကိုပေးချေစရာအတွက် အထောက် အထားမပြနိုင်ရင် ဒေါ်လာ ၅ သန်းထက်ပိုပြီး မထားရပါဘူး။ ၂၀၁၀ ခုနှစ်အထိ အထောက်အထားမပြနိုင်ရင် ဒေါ်လာ ၅ သိန်းထက်ပိုပြီး မထားရပါဘူး။ ၂၀၀၇ ခုနှစ်အထိ အထောက်အထားမပြနိုင်ရင် (တစ်ဦးချင်းစီရဲ့ ငွေစာရင်းမှာ) ဒေါ်လာ ၅ သောင်း (ကုမ္ပဏီတစ်ခုချင်းစီရဲ့ ငွေစာရင်းမှာ) ဒေါ်လာ ၂ သန်းထက် ပိုပြီးထားလို့ မရပါဘူး။ စတော့ဈေးကွက်တွေမှာ နိုင်ငံခြားသားတွေက ဝင်ရောက်ဈေးမကစားနိုင်အောင်လို့ Non Resident FCD တွေအပေါ် ထိန်းချုပ်မှုတွေလည်း အများကြီး ရှိပါတယ်။

မြန်မာနိုင်ငံမှာတော့ အဲဒီလိုထိန်းချုပ်မှုတွေမရှိတဲ့အတွက် "အဝေး" လို့ခေါ်တဲ့ Informal Hundi transfer တွေ၊ နိုင်ငံခြားငွေစာရင်းရှင်တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ရောင်းဝယ်တဲ့ Account transfer ဈေးကွက်တွေက ကြီးထွားလာပါတယ်။ အဲဒီစနစ်တွေကနေ Capital flows တွေ အရှိန်အဟုန်နဲ့ ဝင်ထွက်နေတာကို လည်းတွေ့ရပါတယ်။ အဲဒီ Capital flows တွေကဖြစ်ပေါ်လာတဲ့ Effects တွေကို ထိန်းနိုင်ဖို့လည်း ငွေရေးကြေးရေးဆိုင်ရာ ကိရိယာတွေ မစုံလင်သေးပါဘူး။ ဥပမာ-မိုးရွာတဲ့အချိန် ခေါင်မိုးပေါက်နေပြီး ရေမစိုအောင် သေသေချာချာ ကာနိုင်တဲ့ထီးတွေမရှိသေးဘဲ ရှိတဲ့ပစ္စည်းအချို့နဲ့ မိုးကာနေရသလို ဖြစ်နေပါတယ်။ ခေါင်မိုးလုံအောင်လုပ်ဖို့က အဓိကဆိုပေမယ့် အဲဒီခေါင်မိုးပြင်ဖို့ အတွက် ကိရိယာအနည်းငယ်သာရှိပြီး အိမ်သားအချို့ကလည်း ခေါင်းမိုးရဲ့ အချို့နေရာတွေကို ဖောက်ပြီး ရေခံနေတာနဲ့တူနေပါတယ်။ အဲဒီအချိန်မှာ ရေမစိုအောင်ထီးလိုက်ရှာရ၊ ပေါက်နေတဲ့ခေါင်မိုးကို ရှိတဲ့ပစ္စည်းနဲ့ ပြုပြင်ရ၊ ခေါင်မိုးဖောက်နေတဲ့အိမ်သားတွေကိုလည်း ပြောလို့မရ၊ အိမ်ထဲက အခြားအိမ်သားတွေကလည်း မိုးရေစိုလို့ ဝိုင်းဆဲနေတဲ့အခြေအနေမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့နေရတယ်လို့ ဆိုရမှာပါ။

ဘယ်လိုအခြေအနေပဲ ရောက်နေပါစေ ရှိတဲ့ပစ္စည်းနဲ့ မိုးမယိုအောင်၊ မိုးယိုနေတာတွေကို ပိုပြီး လုံခြုံအောင်ကာနိုင်ဖို့နဲ့ ရှိတဲ့ပစ္စည်းနဲ့ ခေါင်မိုးကို ပြုပြင်နိုင်ဖို့က အရေးကြီးပါတယ်။ အဲဒါကြောင့် Deposit auction, Reserve requirement စတဲ့ ရနိုင်တဲ့ နည်းလမ်းပေါင်းစုံနဲ့ ဗဟိုဘဏ်က Contractionary monetary policy ကို ကျင့်သုံးနေပါတယ်။ မြန်မာငွေကျပ်လာတော့မှ မြန်မာငွေတန်ဖိုးအရမ်းကျဆင်းခြင်းကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ Secondary bond market မရှိသေးတဲ့အတွက် နိုင်ငံတကာမှာ ကျင့်သုံးတဲ့ Open Market Operations (OMO) နည်းလမ်းကိုတော့ မသုံးနိုင်သေးပါဘူး။ Secondary bond market ဖြစ်လာနိုင်ဖို့ အရင်ဦးဆုံး Market driven interest rates တွေရှိဖို့လိုပါတယ်။ အဲဒါကြောင့် Treasury bills တွေကို Scriptless လို့ခေါ်တဲ့ အီလက်ထရောနစ်ပုံစံ ပြောင်းပြီး Treasury securities auction ကိုစလုပ်ရတာဖြစ်ပါတယ်။ နောက်ပြီး Bonds တွေကိုလည်း အီလက်ထရောနစ်ပုံစံပြောင်းဖို့ လုပ်နေပါတယ်။ Treasury security auction ကနေတစ်ဆင့် သက်တမ်းအမျိုးမျိုးရှိတဲ့ Market driven yields တွေကိုရရှိနိုင်မှာဖြစ်ပြီး Yield curve ကိုဆွဲနိုင်မှာ ဖြစ်ပါတယ်။ Yield curve ရလာမှသာ Currency forward ဈေးကွက်တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီ Currency forward ဈေးကွက်ဟာလည်း နိုင်ငံခြား ငွေကြေးတည်ငြိမ်ရေးမှာ အဓိကကျပါတယ်။ အဲဒီအချိန်ကျမှ Repo (Repurchase Agreement) ဈေးကွက်ပေါ်လာပြီး အဲဒီ Repo တွေကတစ်ဆင့် Interbank money market တွေကျယ်ပြန့်လာကာ OMO ကိုလည်း တွင်ကျယ်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အဲဒါတွေအပြင် အခြားဆောင်ရွက်စရာတွေ အများကြီးရှိနေပါသေး တယ်။ တစ်နိုင်ငံလုံးဘဏ်စနစ်ကို လွယ်ကူစွာသုံးစွဲနိုင်ဖို့၊ ဘဏ်စာရင်းရှိတဲ့ သူတွေရော မရှိတဲ့သူတွေပါ ငွေသားတွေ အများကြီးသယ်ယူစရာမလိုဘဲ အီလက်ထရောနစ်စနစ်နဲ့ မြန်မာကျပ်ငွေပိုက်ဆံတွေကို ပြည်တွင်းမှာသာမက ပြည်ပမှာပါ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ဖို့၊ တရားမဝင် ဈေးကွက်တွေနေရာမှာ လွယ်ကူချောမွေ့တဲ့ တရားဝင်ဈေးကွက်တွေ ဖြစ်လာနိုင်ဖို့ စတဲ့ ဆောင်ရွက်စရာတွေ အများကြီးရှိနေပါသေးတယ်။ အဲဒါတွေ ဆောင်ရွက်နိုင်အောင်လည်း Mobile banking စနစ်၊ Mobile payment စနစ်၊ Debit and credit card payment စနစ်၊ e-commerce စနစ် စတာတွေကိုလည်း အကောင် အထည်ဖော် ဆောင်ရွက်နေပါတယ်။ အခုဆိုရင် Mobile banking တွေ သုံးလို့ရနေပါပြီ။ မိုဘိုင်းဖုန်း ဒါမှမဟုတ် Cyber banking စနစ်ကတစ်ဆင့် ငွေလွှဲတာတွေကို ဘဏ်အချို့မှာ လုပ်လို့ရနေပါပြီ။ မတူညီတဲ့ဘဏ်စာရင်းအချင်းချင်း အပြန်အလှန် Cyber banking နဲ့ လွှဲနိုင်အောင်လည်း Payment switch တွေလုပ်နေပါပြီ။ Real time gross settlement system (RTGS) ကိုလည်း ဒီနှစ်ကုန်မှာ စတင်သုံးနိုင်မှာဖြစ်ပါတယ်။ ကျပ်ငွေနဲ့ Debit card တွေအပြင် Credit card တွေကိုပါ ထုတ်ခွင့်ပြုထားပါပြီ။ JCB, CUP, Visa, Master တွေနဲ့ချိတ်ဆက်ပြီး ကျပ်ငွေနဲ့ အသုံးပြုတဲ့ Debit card တွေ Credit card တွေကို နိုင်ငံတကာမှာသုံးလို့ ရနိုင်အောင်လည်း ဆောင်ရွက်နေပါတယ်။ E-commerce စနစ်တွေကိုလည်း ခွင့်ပြု ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

အခုဆိုရင် အခွန်အခအတွေကို မိုဘိုင်းဖုန်းနဲ့ပဲဖြစ်ဖြစ် ကွန်ပျူတာနဲ့ပဲဖြစ်ဖြစ် e-commerce စနစ်နဲ့ Electronically ပေးလို့ရနေပါပြီ။ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက ပထမဦးဆုံးအဖြစ် Commercial tax ကျပ်သိန်းပေါင်း တစ်သောင်းနှစ်ထောင်ကျော်ကိုအီလက်ထရောနစ် e-commerce စနစ်ကိုသုံးပြီး ဩဂုတ်လဆန်းမှာ ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍကြီးတစ်ခုလုံး အလုံးစုံတိုးတက်သွားနိုင်ဖို့ ချက်ချင်းဆောင်ရွက်လို့ မရနိုင်သေးပေမယ့် ဆောင်ရွက်သင့်တာမှန်သမျှ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော့်ရဲ့ အညတရ သဘောထား (Humble opinion) လေးကို ကြိုးစားဖော်ပြထားခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော့်ကို သင်ကြားခဲ့ဖူးသော ဆရာ၊ ဆရာမများ၊ မသင်ကြားခဲ့ဖူးသော်လည်း မြင်ဆရာ၊ ကြားဆရာအဖြစ် ကျွန်တော်က မှတ်သားနာယူခဲ့ရဖူးသော ဆရာ၊ ဆရာမများအားလုံးဟာ ကျွန်တော့်ထက် အဆပေါင်းမြောက်များစွာ ပိုပြီးနားလည်တတ်ကျွမ်းတဲ့အတွက် ကျွန်တော့် ဖော်ပြမှုမှာ အမှားများရှိလျှင် ဆက်လက်သင်ကြားထောက်ပြပေးပါခင်ဗျား။

## (WTO)၏ EIF လုပ်ငန်းစဉ်အောက်ရှိ (Tier 1 Project) အတွက် ကျွမ်းကျင်သူများ ခေါ်ယူခြင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ် EIF လုပ်ငန်းစဉ်အောက်ရှိ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းစီမံချက် (Tier 1 Project) သည် ၂၀၁၅ ခုနှစ် တတိယလေးပတ်မှစ၍ (၃)နှစ်ကြာ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ဖြစ်ပါသည်။ Tier 1 Project ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ ၎င်း Tier 1 Project ကို ထိရောက်စွာ ဆောင်ရွက် နိုင်ရန်အတွက် စီမံချက်လျာထားချက်ပါ အစီအစဉ်အရ Finance Expert (၁) ဦး၊ Procurement (၁)ဦးနှင့် Economic Expert(၁)ဦးတို့ကို ပြင်ပမှ ခေါ်ယူခန့်ထားသွားမည်ဖြစ်ပါသည်။

စီမံချက်ကာလအတွင်း စီမံချက်ပါလုပ်ငန်းများ စီမံခန့်ခွဲနိုင်ရန်အတွက် အရည်အချင်းပြည့်မီသော မြန်မာနိုင်ငံသား (သို့မဟုတ်) အခြားနိုင်ငံသားခံယူထားသော မြန်မာလူမျိုး Finance Expert (၁) ဦး၊ Procurement (၁)ဦး နှင့် Economic Expert(၁)ဦး လစ်လပ်လျက်ရှိပါသည်။ သတ်မှတ်အရည်အချင်းပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အသေးစိတ်အချက်အလက်များနှင့်အတူ ၂၁-၉-၂၀၁၅ ရက်နေ့အထိ နောက်ဆုံးထားပေးပို့လျှောက်ထားနိုင်ပါသည်။

(က) သတ်မှတ်အရည်အချင်း Finance Expert (၁) ဦး
- (၁) စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ မဟာဘွဲ့ ရရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး (၂) နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိပါက ပိုမိုကောင်းမွန်ပါသည်။
- (၃) အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ ကျွမ်းကျင်စွာ ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူ ဖြစ်ရမည်။
- (၄) ကွန်ပျူတာ ကျွမ်းကျင်ရမည်။
- (၅) ဆက်ဆံရေးကောင်းမွန်ရမည်။
- (၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (၇) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (၈) လိုအပ်ပါက ပြည်တွင်းခရီးသွားလာနိုင်သူ ဖြစ်ရမည်။

(ခ) သတ်မှတ်အရည်အချင်း Procurement (၁) ဦး
- (၁) Facility Management ဆိုင်ရာ ဒီပလိုမာ (သို့) တက္ကသိုလ်မှ ဘွဲ့ရရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက် အနည်းဆုံး (၂) နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိပါက ပိုမို ကောင်းမွန်ပါသည်။
- (၃) အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ ကျွမ်းကျင်စွာ ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူဖြစ်ရမည်။
- (၄) ကွန်ပျူတာ ကျွမ်းကျင်ရမည်။
- (၅) ဆက်ဆံရေးကောင်းမွန်ရမည်။
- (၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (၇) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (၈) လိုအပ်ပါက ပြည်တွင်းခရီးသွားလာနိုင်သူ ဖြစ်ရမည်။

(ဂ) သတ်မှတ်အရည်အချင်း Economic Expert (၁) ဦး
- (၁) Economic ဆိုင်ရာမဟာဘွဲ့ ရရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး (၂) နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည် ဖော်မှုဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိပါက ပိုမိုကောင်းမွန်ပါသည်။
- (၃) အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ ကျွမ်းကျင်စွာ ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူဖြစ်ရမည်။
- (၄) ကွန်ပျူတာ ကျွမ်းကျင်ရမည်။
- (၅) ဆက်ဆံရေးကောင်းမွန်ရမည်။
- (၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (၇) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (၈) လိုအပ်ပါက ပြည်တွင်းခရီးသွားလာနိုင်သူ ဖြစ်ရမည်။

(ဃ) တာဝန်ထမ်းဆောင်ရမည့်နေရာ - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော်

(င) တာဝန်ထမ်းဆောင်ရမည့်ကာလ - (၁)နှစ်မှ(၃)နှစ်

(စ) Finance Expert ၊ Procurement Expert နှင့် Economic Expert တို့၏ တာဝန်ဝတ္တရားများ (Terms of Reference) ကိုအောက်ဖော်ပြပါတာဝန်ခံများထံတွင် တောင်းယူနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ဦးကိုကိုလေး ၊ ညွှန်ကြားရေးမှူး၊
ကုန်သွယ်ရေးဦးစီးဌာန ရုံးအမှတ်(၃) ၊ နေပြည်တော်
ဖုန်း -၀၆၇-၄၀၈၃၁၅ /၀၆၇-၄၀၈၄၁၁၊
ဖက်စ် - ၀၆၇-၄၀၈၃၁၁

ဒေါ်သိန်းနုခိုင်၊ ဒုတိယညွှန်ကြားရေးမှူး
ကုန်သွယ်မှုသင်တန်းကျောင်း၊ ရန်ကုန်တိုင်း ဒေသကြီးရုံး၊
ကုန်သွယ်ရေးဦးစီးဌာန၊ အမှတ်-၂၂၈-၂၄၀ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့
ဖုန်း- ၀၁-၃၇၁၂၀၄၊ ၀၉-၅၁၂၄၄၇၆
ဖက်စ်- ၀၁-၂၅၀၈၇၁

## ပြောင်း

### ဈေးကောင်းရနေတဲ့ ရှမ်းပြောင်း

ဒေသရဲ့ အဓိကထွက်ကုန်တစ်မျိုးဖြစ်တဲ့ ပြောင်းက ဒီနှစ်မှာ ဈေးကောင်းရနေပါတယ်။ ပေါ်ကာစကတည်းက ဈေးကောင်းခဲ့တာ ရာသီကုန်ချိန်ထိပါပဲ။ မနှစ်ကထွက်ခဲ့တဲ့ မိုးပြောင်းတွေကတော့ ဈေးကွက်မှာ ပစ္စည်းလက်ကျန်မရှိသလောက်ဖြစ်သွားပြီး ကုန်ခါနီးလေ ဈေးကလည်းကောင်းလေပါပဲ၊ ပြည်တွင်းသုံး တိရစ္ဆာန်အစာစပ်စက်ရုံတွေရယ်၊ မူဆယ်ဝယ်လက်တွေရယ် ဝယ်လိုအား ကောင်းခဲ့တာကြောင့် ဈေးကလည်း အရင်နှစ်ကထက်ကို ကောင်းခဲ့ပါတယ်၊ ဒီတစ်ပတ်တော့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ အထွက်များတဲ့ ဆီဆိုင်ပြောင်းနဲ့ ရပ်စောက် ပြောင်း (ရေသွင်းပြောင်း)တွေ ဈေးကွက်ကို ဝင်လာပါတယ်။ အစိုဓာတ်တွေများနေသေးလို့ အရောင်းအဝယ် သိပ်မဖြစ်သေးပါဘူး။

လက်ကျန်မိုးပြောင်းတွေလည်း ပစ္စည်းပြတ်ခါနီးမှာ ရေသွင်းပြောင်းတွေဝင်လာတော့ ဈေးကွက်မှာ ပစ္စည်းမပြတ်သွားတော့ဘူးလို့ သိရပါတယ်။ ရေသွင်းပြောင်းက စိုက်ဧကလည်းနည်း ရာသီချိန်ကလည်း တစ်လ၊ တစ်လခွဲခန့် သာရှိပါတယ်။ ရေသွင်းပြောင်းနည်းသွားချိန်မှာ စိုက်ဧကများတဲ့ မိုးပြောင်းတွေထွက်တဲ့အချိန်ဖြစ်လို့ ရှမ်းပြည်မှာ ပြောင်းကို တစ်နှစ်ပတ်လုံး အရောင်းအဝယ်ပြုလုပ်လို့ရတယ်လို့ သိရပါတယ်။ ဈေးကွက်ကို အသစ်ဝင်လာတဲ့ ရေသွင်းပြောင်းကတော့ အစိုဓာတ်ကိုမူတည်ပြီး တစ်ပိဿာကို ၅၀၀ ကျပ်မှ ၅၅၀ ကျပ်ဈေးပေါက်ပါတယ်။ ပြောင်းဟောင်းတွေကတော့ တစ်ပိဿာ ၆၃၀ ကျပ်မှ ၆၅၀ ကျပ် ဈေးပေါက်နေတယ်လို့ တောင်ကြီးဈေးကွက်မှ သိရှိရပါတယ်။ **ဧခိုင်-တောင်ကြီး**

### လက်ကျန်နည်းပေမယ့် ပြောင်းကိုတရုတ်ဝယ်လက်ပုံမှန်ရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ တတိယပတ်တွင် ကန်ဒေါ်လာ ၂ ဒသမ ၃၆၄ သန်းဖိုးရှိ ပြောင်း ၇၈၇၉ တန်ခွဲနဲ့ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ သုည ဒသမ ၂၉၀ သန်းဖိုးရှိပြောင်း တန်ချိန် ၁၀၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်က မူဆယ်စခန်းတစ်ခုတည်းမှသာ ပြောင်းတန်ချိန် ၁၁၄၆၀ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ပြောင်းတင်ပို့မှု ၂၅၈၀ တန်ခွဲထိ လျော့နည်းသွားခဲ့တာတွေ့ရပါတယ်။ ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် တရုတ်ဝယ်လက်က ပုံမှန် ဝယ်လိုအားရှိနေတယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ယခင်တစ်ပတ်က ၃၇၇၉၈၄ ကျပ်ရှိရာမှ ယခုသီတင်းပတ်တွင် ၃၈၄၇၆၁ ကျပ်ကို မြင့်တက်လာတာ တွေ့ရပါတယ်။ စီပီအစေ့ထုတ်ပြောင်းမျိုးကို အမြို့မြို့အနယ်နယ်၌ တွင်ကျယ်စွာ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း၊ ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့ စီပီ အစေ့ထုတ်ပြောင်းကို အိမ်နီးချင်းနိုင်ငံတွေက ဝယ်လက်ရှိလို့ အချို့ဒေသများတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ စီပီအစေ့ထုတ်ပြောင်းကို နည်းပညာအသုံးပြုပြီး ဘီယာချက် ရာတွင်လည်းကောင်း၊ ကွေကာကဲ့သို့ ဖြည့်စွက်အစာအဖြစ် လည်းကောင်း၊ တိရစ္ဆာန်အစာအဖြစ်လည်းကောင်း အသုံးပြုကြတယ်လို့ လေ့လာသိရှိရပါတယ်။ **မော်မော်အောင်**

## သကြား

### မူဆယ်ကုန်သွယ်ရေးဇုန်မှ တန်ချိန် တစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်တရုတ်နိုင်ငံသို့ ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်တာကာလအတွင်းမှာ ကန်ဒေါ်လာ ၆ ဒသမ ၉၆၆ သန်း တန်ဖိုးရှိ သကြားဖြူ ၁၁၆၀၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်ထက် သကြားဖြူ ၉၇၆၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။တရုတ်မှ ဝယ်လိုအားများခြင်းနှင့် တင်ပို့မှုများခြင်းကြောင့် ဇူလိုင်လကုန်ပိုင်းက ဈေးအနည်းငယ်မြင့်တက်ခဲ့တဲ့ သကြားဈေးမှာ ယခုသီတင်းပတ်အတွင်းမှာတော့ ဈေးငြိမ်လျက်ရှိနေပါတယ်။သကြားဖြူ(ရှယ်) တစ်ပိဿာလျှင် ၁၁၃၀ ကျပ်မှ ၁၁၆၀ ကျပ်အထိ ပေါက်ဈေးရှိတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **မြင့်မြင့်မာ**

## ဝါ

### မူဆယ်ကုန်သွယ်ရေးဇုန်မှ ငွေချည် -၆ ဝါဂွမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ တတိယပတ်အတွင်း ကန်ဒေါ်လာ ၁၆၁၇၀၀ တန်ဖိုးရှိ ငွေချည်-၆ ဝါ ၇၃ တန်ခွဲတင်ပို့ ခဲ့ပါတယ်။ယခင်သီတင်းပတ်က တန် ၆၀ သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ဝါဂွမ်းပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ ရမည်းသင်းမြို့နယ်ရှိ ဝါပွဲရုံများ၊ အဝယ်ဒိုင်များမှ အနယ်နယ်အရပ်ရပ်က ထွက်ရှိတဲ့ ဝါတွေကို ဝယ်ယူစုဆောင်းပြီး ဝါဂွမ်းနဲ့ ဝါစေ့ အဖြစ် ကြိတ်ခွဲရောင်းချကာ ကြိတ်ခွဲရရှိတဲ့ ဝါဂွမ်းကို ဖိစက်နဲ့ဖိပြီး စနစ်တကျ ထုပ်ပိုးကာ မန္တလေးရှိစက်ရုံများနဲ့ ပြည်ပဝယ်လက်များသို့ တင်ပို့ရောင်းချကြတယ်လို့ ဝါကြိတ်စက်လုပ်ငန်းရှင်တစ်ဦးရဲ့ပြောကြားချက်အရ သိရပါတယ်။ **မော်မော်အောင်**

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ ရော်ဘာတင်ပို့မှုလျော့ကျ

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မလေးရှား၊ စင်ကာပူ၊ ကိုရီးယားနဲ့ တရုတ်နိုင်ငံများသို့ ကန်ဒေါ်လာ သုည ဒသမ ၅၅၉ သန်းဖိုးရှိ ရော်ဘာ ၅၆၈ တန်ခန့်ကို ဩဂုတ်လ ၁၆ ရက်မှ ၂၂ ရက်နေ့ထိကာလအတွင်းမှာ တင်ပို့ခဲ့ပါတယ်။နိုင်ငံအလိုက်တင်ပို့မှုတွေကတော့ မလေးရှားနိုင်ငံသို့ RSS-2 တန် ၂၁၀၊ MSR- 20 ၁၇ တန်၊ MSR- 50 ၁၈ တန်၊ စင်ကာပူနိုင်ငံသို့ MSR-20 ၉၇ တန်ကျော်၊ ကိုရီးယားနိုင်ငံသို့ MSR-20 ၁၀၁ တန်ခန့်နဲ့ တရုတ်နိုင်ငံသို့ RSS-2 ၁၂၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၈၀ လျော့နည်းခဲ့ပါတယ်။

နိုင်ငံတကာ ရော်ဘာဈေးမှာလည်း ဆက်တိုက်ကျဆင်းနေကြောင်းသိရပါတယ်။ နိုင်ငံတကာရော်ဘာဈေးကျတာနဲ့အတူ မြန်မာ့ရော်ဘာ FOB ဈေးလည်း ထပ်မံကျဆင်းသွားပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၉၅၀-၁၀၅၀ |
| Concentrate | တစ်တန်လျှင် | ဒေါ်လာ ၈၀၀-၉၀၀ |
| Latex 60% DRC | | |

**ယဉ်ယဉ်အေး**

## မျိုးကောင်းမှ အရည်အသွေးကောင်းမည်

ဩဂုတ်လ ၁၅ ရက်မှ ၂၁ ရက်နေ့ထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၇၂၀ သန်းဖိုးရှိ ရော်ဘာ ၅၂၉ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်မှ RSS-3 ၄၆၃ တန်နဲ့ ချင်းရွှေဟော်မှ RSS-3 ၆၆ တန် တင်ပို့နိုင်ခဲ့တာဖြစ်ပြီး ယခင်တစ်ပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှသာ RSS-3 တန် ၃၅၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၇၉ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ရော်ဘာပိုမိုတင်ပို့နိုင်ခဲ့သလို မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးကလည်း ယခုတစ်ပတ်မှာ ပြန်လည်မြင့်တက်လာတာတွေ့ရပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၇၅၁၇၆၁ ကျပ်ရှိနေရာမှ ယခုတစ်ပတ်မှာ ၁၇၈၃၁၆၇ ကျပ်သို့ ပြန်လည်မြင့်တက်လာခြင်း ဖြစ်ပါတယ်။ ယမန်နှစ်ကာလတူဈေးကတော့ ၁၅၇၅၈၅၁ ကျပ်ဖြစ်ပါတယ်။

မြန်မာ့ရော်ဘာ အရည်အသွေးမြှင့်တင်ရေး၊ ဈေးကောင်းရရှိစေရေးတွက် ရော်ဘာအရည်အသွေး စစ်ဆေးတဲ့ ဓာတ်ခွဲခန်းတစ်ခုကို လှည်းကူးရှိ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာန (CTQM)မှာ ထားရှိပြီးဖြစ်ပါတယ်။ အရည်အသွေးစစ်ဆေးရာမှာ ဂျပန်နိုင်ငံရဲ့ နည်းပညာနဲ့ ထိုင်းနဲ့ မလေးရှားနိုင်ငံမှပညာရှင်များက ကူညီစစ်ဆေးသွားမယ်လို့ သိရပါတယ်။ အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (International Rubber Research and Development Board-IRRDB) အဖွဲ့၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းပြီး တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ရော်ဘာမျိုးများ အပြန်အလှန်ဖလှယ်ခြင်း၊ ရော်ဘာခြံတွေမှာ ရော်ဘာအစေးလှီးသရုပ်ပြ ပြုလုပ်ခြင်း၊ ရော်ဘာခြံများ အပြန်အလှန် ကြည့်ရှုခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဂျပန်နိုင်ငံ JICA တို့ပူးပေါင်း၍ ရော်ဘာဈေးကွက် လေ့လာရေးလုပ်ငန်း၊ ရော်ဘာဘုတ်အဖွဲ့များထူထောင်ရေးနဲ့ ရော်ဘာအရည်အသွေးစစ်ဆေးတဲ့ ဓာတ်ခွဲခန်းပေါ်ပေါက်စေရေး၊ အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာလုပ်ငန်းစီမံချက်နဲ့ ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ရော်ဘာလုပ်ငန်းအတွက် လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် အစိုးရနဲ့ ပုဂ္ဂလိကလုပ်ငန်းများမှ ကဏ္ဍအလိုက်၊ လုပ်ငန်းအဆင့်အလိုက် ပါဝင်နိုင်ရန်ဆောင်ရွက်ခြင်း၊ နိုင်ငံရဲ့ ဘတ်ဂျက်နဲ့ မလုံလောက်ပါက အပြည်ပြည်ဆိုင်ရာ ရော်ဘာအသင်းရဲ့ အကူအညီရယူခြင်း စတဲ့ နည်းလမ်းတွေနဲ့ လာမယ့် ၂၀၁၆ ခုနှစ်မှာ အကောင်အထည်ဖော်သွားဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ စိုက်ပျိုးတဲ့ ရော်ဘာခြံတွေအနက် ခြံကြီးတွေထက် ခြံငယ်တွေက ပိုပြီးများပြားတဲ့အတွက် ခြံငယ်တွေဖွံ့ဖြိုးတိုးတက်ဖို့၊ အမျိုးသားပို့ကုန်မဟာဗျူဟာ အစီအစဉ် အကောင်အထည်ဖော်ရာမှာ ထည့်သွင်းလုပ်ဆောင်ပေးနေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်းလုံးမှာ ရော်ဘာလိုအပ်ချက်ဟာ အမြဲတမ်းရှိနေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာတော့ ရော်ဘာကိုအခြေခံတဲ့ ကုန်ထုတ်လုပ်ငန်းငယ်လေးတွေသာရှိတာကြောင့် အသုံးပြုမှုနည်းပါးနေသေးတာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ပြည်ပက ရင်းနှီးမြှုပ်နှံမှုသူတွေရော ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေပါ အဲဒီလိုအပ်ချက်ကိုသိမြင်ပြီး ပြည်တွင်းမှာ တာယာစက်ရုံကြီးတွေ ထူထောင်လာခဲ့မယ် ဆိုရင်တော့ ပြည်တွင်းအသုံးပြုမှုပမာဏ များပြားလာမှာဖြစ်ပါတယ်။

ရော်ဘာကို အခြေခံတဲ့ အသေးစားအလတ်စားစက်မှုလုပ်ငန်းတွေ ယခုရှိနေတာထက်ပိုမို တိုးတက်ဖို့လိုသလို အရည်အသွေးပြည့်မီတဲ့ ရော်ဘာကုန်ထုတ်လုပ်ငန်းတွေအဖြစ်ရပ်တည်နိုင်အောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရော်ဘာစိုက်ပျိုးသူ တောင်သူတွေအနေနဲ့ စိုက်နည်းစနစ် မှန်ကန်ဖို့လိုသလို မှန်ကန်တဲ့ ရော်ဘာမျိုးတွေကို ရွေးချယ်စိုက်ပျိုးကြဖို့ လိုအပ်လှပါတယ်။ ရော်ဘာပင်တစ်ပင်ဟာ ခုနစ်နှစ်တာကြာမှသာ သူ့ရဲ့အရည်အသွေးကောင်းမကောင်းကို သိရှိနိုင်မှာဖြစ်ပါတယ်။

စိုက်ပျိုး လိုက်တဲ့ ရော်ဘာပင်ဟာ အရည်အသွေးမကောင်းခဲ့ဘူးဆိုရင် အနည်းဆုံး ၁၄ နှစ်ခန့်စောင့်မှသာ မျိုးကောင်းတဲ့ အရည်အသွေးကောင်းတဲ့ ရော်ဘာကိုရမှာဖြစ်ပါတယ်။ဒါကြောင့် မျိုးစေ့မမှန် ပင်မသန်ဆိုတဲ့စကားလို မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးကြပါလို့ နှိုးဆော်တိုက်တွန်း လိုက်ပါတယ်။ **ယဉ်ယဉ်အေး**

# ၂၀၁၅ ခုနှစ် ပြည်တွင်းဈေးကွက် စားသုံးဆီဈေးအပြောင်းအလဲကို လေ့လာပါက မြေပဲဆီဈေးသိသာစွာ မြင့်လာသော်လည်း စားအုန်းဆီဈေးကျလာ

|ကျော်မြင့်|

မြန်မာနိုင်ငံသည် စားသုံးဆီရရှိရန် မြေပဲ၊နှမ်းနေကြာ ၊ မုန်ညှင်း၊ ပန်းနှမ်းကို ရေမြေဒေသပေါ် အခြေခံပြီး ရာသီကာလအလိုက် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသတွင် နှစ်ရှည်ပင်ဖြစ်သည့် ဆီအုန်းသီးနှံကိုလည်း တိုးချဲ့စိုက်ပျိုးကြသည်ဟု သိရသည်။

မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ စားသုံးဆီ ထုတ်လုပ်မှုမှာ ပြည်တွင်းသုံးစွဲမှုကို ဖူလုံရန် ဖြည့်ဆည်းနိုင်ခြင်းမရှိသောကြောင့် ပြည်ပမှစားအုန်းဆီတင်သွင်းပြီး ဖြည့်စွက်သုံးစွဲကြောင်း သိရှိရသည်။သို့သော် မြန်မာနိုင်ငံအလယ်ပိုင်းမိုး နည်းရပ်ဝန်းဒေသသည် ဆီထွက်သီးနှံကို အဓိကစိုက်ပျိုး ထုတ်လုပ်ပြီး စားသုံးဆီပိုလျှံသောဒေသကြီးဖြစ်သည်။

ပြည်တွင်းဈေးကွက်တွင် ဒေသထုတ်ကုန် မြေပဲဆီ၊ နှမ်းဆီနှင့် ပြည်ပမှတင်သွင်းသည့် စားအုန်းဆီဟူ၍ အဓိကအားဖြင့် စားသုံးဆီသုံးမျိုးကို အရောင်းအဝယ်ပြုလုပ်ကြသည်။ စားအုန်းဆီသည် ပြည်တွင်းဈေးကွက်တွင် ဈေးအချိုဆုံးသော စားသုံးဆီအမျိုးအစားဖြစ်သည်။ စားသုံးသူများသည် မိသားစုဝင်ငွေ (Family income) ကြိုက်နှစ်သက်မှု (Preference)များပေါ် အခြေခံပြီး စားသုံးဆီကိုရွေးချယ်ဝယ်ယူစားသုံးကြသည်။ ဥပမာ- မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နှမ်းဆီကို ဝယ်လိုအားသိသာစွာနည်းပါးပြီး နှမ်းစိုက်ပျိုးသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ ကျေးလက်ဒေသနှင့် မြို့ပြဒေသများမှ နှမ်းဆီကို နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည်။ မိသားစု ဝင်ငွေနည်းသော စားသုံးသူများသည် ဈေးချိုသော စားအုန်းဆီကို ဝယ်ယူ စားသုံးကြသည်။

**ကုန်သွယ်မှုမူဝါဒ (Trade policy)။** ၂၀၁၁ ခုနှစ်မှစ၍ အရည်အသွေးကောင်းသော စားအုန်းဆီကို ပုဂ္ဂလိကပိုင်းမှ တင်သွင်းရန်ခွင့်ပြုအားပေးခြင်းများ ပြောင်းလဲဆောင်ရွက်ခဲ့သည်။

**ဇယား-၁။ ဆီထွက်သီးနှံနှင့် စားအုန်းဆီကုန်သွယ်မှုမူဝါဒ**

| အကြောင်းအရာ | ၂၀၁၁ ခုနှစ်မတိုင်မီ | ၂၀၁၁ ခုနှစ် |
|---|---|---|
| **၁။ဆီထွက်သီးနှံ** | | |
| နှမ်းဖြူ နှင့် နှမ်းနက် | ပြည်ပတင်ပို့ရန်ခွင့်ပြု | ပြည်ပတင်ပို့ရန်ဆက်လက်ခွင့်ပြု |
| အခြားနှမ်းအရောင် (အနီ၊အညို၊ အဝါများ | ပြည်ပတင်ပို့ရန်ခွင့်မပြု | ပြည်ပတင်ပို့ရန်ခွင့်ပြု |
| မြေပဲဆန် | ပြည်ပတင်ပို့ရန်ခွင့်မပြု | ပြည်ပတင်ပို့ရန်ခွင့်ပြု |
| **၂။ စားအုန်းဆီ** | ပုဂ္ဂလိကမှတင်သွင်းရန်ခွင့်မပြု | အရည်အသွေးကောင်းစားအုန်းဆီများ ပုဂ္ဂလိကမှ တင်သွင်းရန် ခွင့်ပြုအားပေး |

**မြန်မာနိုင်ငံ၏စားအုန်းဆီတင်သွင်းမှု။** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ စားအုန်းဆီကို ပုံမှန်ပင်လယ်ရေကြောင်းဖြင့် တင်သွင်းခြင်း၊ နယ်စပ်မှ တင်သွင်းခြင်းအရ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တန်ချိန် ငါးသိန်းကျော်တင်သွင်းသည်ဟုသိရသည်။ မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသဖြစ်သည့် မွန်ပြည်နယ်၊ တနင်္သာရီဒေသများတွင် အိမ်နီးချင်းထိုင်းနိုင်ငံမှလာသော စားအုန်းဆီကို အားထားရောင်းဝယ်စားသုံးကြသည်။

**ဇယား-၂။ မြန်မာနိုင်ငံ၏စားအုန်းဆီတင်သွင်းမှုအခြေအနေ**

| ခုနှစ် | ပုံမှန် | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | အရေအတွက် (တန်ချိန်) | တန်ဖိုး (ကန်ဒေါ်လာသန်း) | အရေအတွက် (တန်ချိန်) | တန်ဖိုး (ကန်ဒေါ်လာသန်း) | အရေအတွက် (တန်ချိန်) | တန်ဖိုး (ကန်ဒေါ်လာသန်း) |
| ၂၀၁၃-၂၀၁၄ | ၅၀၄၁၉၇ | ၄၆၅. ၉၄၁ | ၄၀၈၇ | ၂. ၈၉၃ | ၅၀၈၂၈၄ | ၄၆၈. ၈၃၄ |
| ၂၀၁၄-၂၀၁၅ | ၄၉၉၀၉၉ | ၄၇၉. ၅၀၉ | ၃၂၇၇ | ၂. ၈၉၉ | ၅၀၂၃၇၆ | ၄၈၂. ၄၀၈ |
| ၂၀၁၅-၂၀၁၆ (ဇူလိုင်လ ၁၀ရက်ထိ) | ၁၇၈၈၀၇ | ၁၄၈. ၃၉၉ | ၂၉၁၀ | ၂. ၁၇၃ | ၁၈၁၇၁၇ | ၁၅၀. ၅၇၂ |

ဇာစ်မြစ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**ပြည်တွင်းဈေးကွက်စားသုံးဆီဈေး အခြေအနေ။** ၂၀၁၅ ခုနှစ် ဩဂုတ်လတတိယပတ်ပျမ်းမျှဈေးအရ ပြည် ၊ အောင်လံ၊ မန္တလေး၊ မုံရွာ၊ မြင်းခြံ၊ တောင်ကြီး၊ မကွေး၊ ပခုက္ကူနှင့်ရန်ကုန်တို့တွင် မြေပဲဆီ တစ်ပိဿာ ပျမ်းမျှဈေးသည် ၄၈၀၀-၇၃၃၃ ကျပ်ရှိပြီး ကန်ဒေါ်လာအားဖြင့် တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၂၉၂- ၃၅၀၁ရှိသည်။ ထို့အတူ နှမ်းဆီ တစ်ပိဿာပျမ်းမျှဈေးသည် ၃၅၆၇ - ၄၅၀၀ ကျပ်ရှိပြီး ကန်ဒေါ်လာအားဖြင့် တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၇၀၃- ၂၁၄၈ ရှိသည်။ စားအုန်းဆီတစ်ပိဿာ ပျမ်းမျှ ဈေးသည် ၁၄၀၅-၁၅၅၂ ကျပ်ဖြစ်ပြီး၊ တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၇၁ - ၇၃၀ ရှိသည်။ ဈေးကွက်အလိုက် မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီဈေးများကို ဇယား-၂ တွင် ဖော်ပြထားပါသည်။

**ဇယား-၂။ ဈေးကွက်အလိုက်မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ ယခုတစ်ပတ် ပျမ်းမျှဈေး (၂၀၁၅ ခုနှစ် ဩဂုတ်လ တတိယပတ်)**

| ဈေးကွက် | မြေပဲဆီ (ကျပ်/ ပိဿာ) | နှမ်းဆီ (ကျပ်/ ပိဿာ) | စားအုန်းဆီ (ကျပ်/ ပိဿာ) | မြေပဲဆီ= နှမ်းဆီ (ပိဿာ) | မြေပဲဆီ= စားအုန်းဆီ (ပိဿာ ) | နှမ်းဆီ= စားအုန်းဆီ (ပိဿာ) |
|---|---|---|---|---|---|---|
| အောင်လံ | ၄၈၀၀ | ၄၅၀၀ | ၁၅၃၀ | ၁. ၀၇ | ၃. ၁၄ | ၂. ၉၄ |
| တောင်ကြီး | ၅၀၀၀ | - | ၁၅၂၉ | | ၃. ၂၇ | |
| ပြည် | ၆၀၀၀ | ၄၃၅၀ | ၁၄၅၀ | ၁. ၃၈ | ၄. ၁၄ | ၃. ၀၀ |
| မကွေး | ၆၅၀၀ | ၄၁၄၂ | ၁၅၃၀ | ၁. ၅၇ | ၄. ၂၅ | ၂. ၇၁ |
| ပခုက္ကူ | ၆၅၀၀ | ၄၀၁၇ | ၁၅၀၇ | ၁. ၆၂ | ၄. ၃၁ | ၂. ၆၇ |
| မြင်းခြံ | ၆၆၂၅ | ၃၅၆၇ | ၁၅၅၀ | ၁. ၈၆ | ၄. ၂၇ | ၂. ၃၀ |
| မုံရွာ | ၆၆၃၃ | ၃၉၂၅ | ၁၅၅၂ | ၁. ၆၉ | ၄. ၂၇ | ၂. ၅၃ |
| ရန်ကုန် | ၆၆၆၇ | - | ၁၄၀၅ | - | ၄. ၇၅ | - |
| မန္တလေး | ၇၃၃၃ | ၃၉၆၇ | ၁၄၇၉ | ၁. ၈၅ | ၄. ၉၆ | ၂. ၆၈ |
| ပျမ်းမျှ | ၆၂၂၉ | ၄၀၆၇ | ၁၅၀၄ | ၁. ၅၃ | ၄. ၁၄ | ၂. ၇၀ |

ဇာစ်မြစ်။ www.etrademyanmar.com

ဇယား-၂ ကို အခြေခံ၍ မြေပဲဆီ တစ်ပိဿာသည် နှမ်းဆီ ပိဿာမည်မျှနှင့် ညီမျှသနည်း။ မြေပဲဆီ တစ်ပိဿာသည် စားအုန်းဆီ မည်မျှနှင့် ညီမျှသနည်း။ နှမ်းဆီ တစ်ပိဿာသည် စားအုန်းဆီ မည်မျှနှင့် ညီမျှသနည်းဟု စိစစ်လေ့လာပါက မြေပဲဆီသည်ဈေးအမြင့်ဆုံးဖြစ်ပြီး နှမ်းဆီသည် ဒုတိယဈေး အမြင့်ဆုံးဖြစ်သည်။ မြေပဲဆီတစ်ပိဿာသည် နှမ်းဆီ နှစ်ပိဿာခန့်နှင့် ညီမျှပြီး၊ မြေပဲဆီ တစ်ပိဿာသည် စားအုန်းဆီ ငါးပိဿာခန့်နှင့် ညီမျှသည်။ နှမ်းဆီတစ်ပိဿာသည် စားအုန်းဆီ သုံးပိဿာခန့်နှင့် ညီမျှသည်။

**ဇယား-၃။ ယခုတစ်ပတ်ပျမ်းမျှဈေးအရ မြေပဲဆီနှင့် ညီမျှသည့် နှမ်းဆီ၊ စားအုန်းဆီပိဿာ**

| စားသုံးဆီ | အနိမ့်ဆုံး (ပိဿာ) | အမြင့်ဆုံး (ပိဿာ) |
|---|---|---|
| မြေပဲဆီတစ်ပိဿာ=နှမ်းဆီ | ၁. ၀၇ | ၁. ၈၆ |
| မြေပဲဆီတစ်ပိဿာ=စားအုန်းဆီ | ၃. ၁၄ | ၄. ၉၆ |
| နှမ်းဆီတစ်ပိဿာ=စားအုန်းဆီ | ၂. ၃၀ | ၂. ၉၄ |

**ဇာစ်မြစ်။ www.etrademyanmar.com**

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် နှမ်းဆီမှာ မြေပဲဆီထက် ဈေးမြင့်နေသော်လည်း နောက်ပိုင်းလများတွင် မြေပဲဆီ မှာ နှမ်းဆီထက် ဈေးပိုမြင့်လာခဲ့သည်။ ပုံ-၁ ကိုကြည့်ရှုရန်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ မြေပဲဆီနှင့် နှမ်းဆီမှာ ဈေးကွာဟချက်နည်းခဲ့သည်။ ၂၀၁၃ ခုနှစ်မှစ၍ နှမ်းဆီဈေးမှာ မြေပဲဆီထက် ဈေးပိုမြင့်လာခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် မြေပဲဆီက နှမ်းဆီထက် ဈေးပိုမြင့်လာခဲ့သည်။ မြေပဲဆီဈေးသည် ၂၀၀၈မှ ၂၀၁၅ ခုနှစ်အထိ ရှစ်နှစ်တာကာလတွင်း ၂၀၁၅ ခုနှစ်တွင်အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ ၂၀၀၈ ခုနှစ်အတွင်း မြေပဲဆီဈေးမှာ တစ်ပိဿာ ၄၉၀၀ ကျပ်ဖြစ်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ်အတွင်း တစ်ပိဿာ ၆၀၀၀ ကျပ်ကျော်ထိဖြစ်လာခဲ့သည်။ မန္တလေးတွင် မြေပဲဆီဈေးမှာ တစ်ပိဿာ ၇၀၀၀ ကျပ်ကျော်ထိဖြစ်လာခဲ့သည်။

**ပုံ-၁။ မန္တလေး မြေပဲဆီ၊ နှမ်းဆီလအလိုက်ပျမ်းမျှလက်ကား ရောင်းဈေး (၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ)**




၂၀၁၄ ခုနှစ် ဩဂုတ်လ တတိယပတ်တွင် မန္တလေး မြေပဲဆီ ဈေးသည် တစ်ပိဿာကို ၄၀၀၀ ကျပ်ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လ တတိယပတ်တွင် မန္တလေးမြေပဲဆီဈေးသည် တစ်ပိဿာကို ၇၃၀၀ ကျပ်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် ဩဂုတ်လတတိယပတ် မန္တလေး မြေပဲဆီဈေးသည် အချိန်တူကာလ ၂၀၁၄ ခုနှစ်ထက် ၈၃ ရာခိုင်နှုန်း ဈေးပိုမြင့်သည်။

➲စာမျက်နှာ ၂၈ သို့

# မြစ်ကြီးနားမြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲအခမ်းအနားများ အရှိန်အဟုန်မြှင့်ဆောင်ရွက်



ကချင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ အထောက်အကူပြု လူမှုအသင်းအဖွဲ့ NGO အဖွဲ့အစည်းများနှင့်အတူ ဩဂုတ်လ ၁၄ ရက်နေ့တွင် ရှမ်းစုတောင်ရပ်ကွက်ရှိ အလက (၃) ထ (ခွဲ)၊ ၁၈ ရက်နေ့တွင် အောင်နန်းရိပ်သာရပ်ကွက်ရှိ အထက (၃)၊ ၂၀ ရက်နေ့တွင်မြို့သစ်ရပ်ကွက်ရှိ အမက (၁၈)၊ ၂၁ ရက်နေ့တွင် အောင်နန်းရိပ်သာရပ်ကွက်ရှိ အမက (၁၅)နှင့် ၂၆ရက်နေ့တွင် အောင်နန်းရိပ်သာရပ်ကွက်ရှိ အထက (၂) တို့တွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအကြောင်း သိကောင်းစရာများနှင့် ကျောင်းကျန်းမာရေးပညာပေးဟောပြောဆွေးနွေးပွဲ အခမ်းအနားများအသီးသီး ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် သက်ဆိုင်ရာကျောင်းအုပ်ကြီးများက မိတ်ဆက်အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်မြင့်နှင့် ဒုတိယ-ဦးစီးမှူး ဦးဘောမ်ဇုံးတို့က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးတို့တွင် အစိုးရ ဝန်ထမ်းများနှင့် ပြည်သူလူထုအားလုံးပါဝင်ဆောင်ရွက်ပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ NGO အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကျောင်းနေအရွယ် ကျောင်းသူကျောင်းသားများမှစ၍ ကျန်းမာရေး အသိပညာ ဗဟုသုတများ ရရှိလာစေရန် ရည်ရွယ်ချက်များဖြင့် ကျောင်းများတွင် ဟောပြောဆွေးနွေးပွဲများ ကျင်းပရခြင်း ဖြစ်ကြောင်းကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးသွားခဲ့ပါသည်။

ဆက်လက်၍ ကချင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာ တင်ထွန်းဦးက ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဓာတုဆိုးဆေးကင်းစင်တဲ့ အစားအသောက်များ၊ အဟာရ ပြည့်ဝသော အစားအသောက်များကို အသိ၊ သတိနှင့် ယှဉ်၍ ဗဟုသုတရှိရှိ ရွေးချယ်ဝယ်ယူစားသောက်နိုင်ရေး၊ စားသုံးမှုပုံစံကို အကျိုးရှိစွာ စားသုံးတတ်ဖို့ အာဟာရမဖြစ်တဲ့ အစားအသောက်ကို ဝယ်ယူစားသုံးမိရင် မိမိသာ ရောဂါရမှာဖြစ်ခြင်းကြောင့် ကျောင်းသူကျောင်းသားများအနေဖြင့် လိုချင်တဲ့ ပန်းတိုင်ကို မရောက်ရှိခင် လမ်းခုလတ်တွင် ကျန်ရှိသွားမှာဖြစ်တဲ့အတွက် ကျန်းမာရေးနှင့် ညီညွတ်မျှတသော အစားအသောက်များကို ကိုယ်ပိုင်အသိဉာဏ်ပညာဖြင့် ချင့်ချိန်စားသုံးနိုင်ရေး ပညာပေးဆွေးနွေးသွားခဲ့ပါသည်။

ကျောင်းကျန်းမာရေးတာဝန်ခံ ဒေါက်တာဖြိုးနန္ဒာဆွေက ကျောင်းသားများ တစ်ကိုယ်ရည်ကျန်းမာရေးနှင့် သွေးလွန်တုပ်ကွေးအကြောင်း၊ ဒေါက်တာအေးအိဖြိုးက သွားဖက်ဆိုင်ရာသိကောင်းစရာများအကြောင်း ဒုတိယဦးစီးမှူး ဦးဝင်းသိန်းဦးမှ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းများအကြောင်း၊ အထောက်အကူပြု လူမှုအသင်း အဖွဲ့ NGO မှ တာဝန်ခံ ဒေါ်တွမ်ဖန်မှ ကျွတ်ကျွတ်အိတ်နှင့် သဘာဝဘေးအန္တရာယ် ဇာတ်လမ်းတိုလေးကို ပရိုဂျက်တာဖြင့် ပြသခြင်း၊ အစားအသောက်များကို စားသုံးရန် သင့်မသင့်ခွဲခြားသိရှိနိုင်ရန် နမူနာပြသခြင်းများနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးဌာနမှ ဝန်ထမ်းများက စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာ သိကောင်းစရာစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။

ဟောပြောပွဲများကို ကချင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးဌာနမှ ဝန်ထမ်းများ၊ ကချင်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့၊ NGO အဖွဲ့များ၊ အလက (၃) ထ(ခွဲ) မှ ကျောင်းသားကျောင်းသူ ၁၀၀၂ ဦး၊ အထက (၃) မှ ကျောင်းသားကျောင်းသူ ၃၈၅၆ ဦး၊ အမက (၁၈) မှ ကျောင်းသားကျောင်းသူ ၃၈၀ ဦး၊ အမက (၁၅) မှ ကျောင်းသားကျောင်းသူ ၁၁၀ ဦး၊ အထက (၂) မှ ကျောင်းသားကျောင်းသူ ၂၅၂၀ ဦး၊ စုစုပေါင်း ၇၈၇၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မောင်မောင်ခိုင်၊ မြစ်ကြီးနား**

## ကန့်ဘလူမြို့နယ် အထက်တန်းကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနဟာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၂၅ ရက်က ကန့်ဘလူမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း အမှတ် (၁) နဲ့ (၂) တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဆွေးနွေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညို၊ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ကန့်ဘလူမြို့နယ်တာဝန်ခံ၊ ရေဦးမြို့နယ် တာဝန်ခံ၊ တန့်ဆည်မြို့နယ်တာဝန်ခံတို့မှ ဟောပြောဆွေးနွေးကြပါတယ်။ ဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းဈေးသည်များ၊ လေ့လာသူများ စုစုပေါင်း ၉၆၀ ဦး တက်ရောက်ခဲ့ကြပြီး၊ ကျောင်းဈေးတန်းများသို့လည်း ကျောင်းအုပ်ဆရာ၊ ဆရာမကြီးတို့နှင့်အတူ လှည့်လည်စစ်ဆေး အသိပညာ ပေးခဲ့ကြောင်းသိရပါတယ်။

**စောမောင်-ကန့်ဘလူ**

## ထားဝယ်မြို့ပေါ်ရှိ မုန့်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေး

တနင်္သာရီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ထားဝယ်မြို့ပေါ်ရှိ မုန့်လုပ်ငန်းရှင်များအား ဩဂုတ်လ ၂၀ ရက်က တိုင်းဒေသကြီး ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ ထုတ်လုပ်ရောင်းချမှုများနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပွဲမှာ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက မြို့ပေါ်ကျောင်းများရှိ မုန့်ဈေးတန်းတွင် သွားရောက်စစ်ဆေးစဉ် တွေ့ရှိချက်များကိုလည်းကောင်း၊ ထုတ်လုပ်ရောင်းချနေသည့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များကိုလည်းကောင်း၊ ရှင်းလင်းပြောကြားပြီး ဥပဒေလုပ်ထုံးလုပ်နည်းများအား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာတဲ့လုပ်ငန်းရှင်များရဲ့ မေးမြန်းချက်များအား ပြန်လည်ဖြေရှင်းဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပွဲသို့ မုန့်မျိုးစုံလုပ်ငန်းရှင် ၂၀ ဦးတက်ရောက်ခဲ့ကြောင်း သိရပါတယ်။

**ကျော်စွာဝင်း - ထားဝယ်**

## မြင်းမူမြို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

စားသုံးသူပြည်သူများ ကျန်းမာရေးနှင့်အညီ စားသောက်နေထိုင်နိုင်ရန်အတွက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းအသိပညာပေး ဆောင်ရွက် လျက်ရှိရာ စစ်ကိုင်းတိုင်း ဒေသကြီး မြင်းမူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၅ ရက်က ကျင်းပခဲ့ပါတယ်။

ဟောပြောပွဲမှာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်က အမှာစကား ပြောကြားပြီး စစ်ကိုင်းခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က စားသုံးသူ အကာအကွယ် ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဒေါ်ခိုင်မို့မို့က ဟင်းချိုမှုန့်၊ စားသုံးဆီများတွင် ဓာတုပစ္စည်းများ ရောနှောရောင်းချနေမှုနဲ့ နောက်ဆက်တွဲဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ဒေါ်ကေသီအောင်က ကလေးငယ်များအနေဖြင့် ပတ်ဝန်းကျင်တွင် ရောင်းချနေသော ဓာတုပစ္စည်းများပါဝင်သည့် မုန့်မျိုးစုံကိုစားမိသောကြောင့် ကလေးများတွင် ဦးနှောက်အာရုံကြောဆိုင်ရာများ၊ ကင်ဆာရောဂါများ၊ မှတ်ဉာဏ်ချို့ယွင်းမှုရောဂါများ ဖြစ်ပွားရခြင်းအကြောင်းကိုလည်းကောင်း၊ မြင်းမူမြို့နယ် တာဝန်ခံ ဒေါ်သင်းယုနွယ်က ဆေးလိပ်၊ အရက်၊ ဘီယာ နှင့် ကွမ်းများစားသုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ကျန်းမာရေးပြဿနာများအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ပါတယ်။

အလားတူ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို မြင်းမူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ နေ့လယ်ပိုင်းမှာ ဆက်လက်ကျင်းပပြုလုပ်ပြီး စစ်ကိုင်းခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများက အသိပညာပေးဟောပြောခဲ့ကြပါတယ်။

အသိပညာပေးဟောပြောပွဲများသို့ မြင်းမူမြို့ အမှတ်(၁)နဲ့ အမှတ်(၂)အခြေခံပညာ အထက်တန်း ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနဲ့ ကျောင်းဈေးသည်များ တက်ရောက်ခဲ့ကြပါတယ်။

**MIRT**

## ပုသိမ်မြို့ပေါ်ရှိ ကျောင်းများတွင် ရောင်းချနေသော အစားအစာများအား ခွင့်မပြုဆိုးဆေးပါဝင်မှုရှိမရှိ စစ်ဆေး၍ ပညာပေးဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒေါက်တာမျိုးထွန်းကျော်နဲ့အဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနဲ့ သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းပါဝင်လျက် နိုင်ငံပိုင်သတင်းစာများ မှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော အစားအစာများတွင် ခွင့်မပြုဆိုးဆေးပါဝင်သည့် စားသုံးရန်မသင့်သော အစားအစာများ ရောင်းချမှုရှိ၊ မရှိ သိရှိနိုင်ရန် ပုသိမ်မြို့ပေါ်ရှိ အလက ၁၊ ၆၊ အထက ၄၊ ၆ ကျောင်းမုန့် ဈေးတန်းဆိုင်များသို့ ဩဂုတ်လ ၂၆ ရက်နေ့က သွားရောက်စစ်ဆေးခဲ့ပါတယ်။

ကျောင်းမုန့်ဈေးတန်းရှိ အစားအစာရောင်းချတဲ့ ဆိုင်များအား သွားရောက်စစ်ဆေးရာတွင် စားသုံးရန်မသင့်သော ရေရှည်ဘေးအန္တရာယ်ဖြစ်စေနိုင်သော မုန့်များ၊ ခွင့်မပြုဆိုးဆေးများ ပါဝင်သော မုန့်များ ရောင်းချခြင်း မပြုရန်၊ စားသုံးရန် သင့်၊ မသင့်အား ခွဲခြားသိစေရန် ဓာတ်ပုံများ၊ ခွင့်မပြု အစားအသောက်စာရင်းများအား ပြသ၍ ပညာပေးဆွေးနွေးခဲ့ပါတယ်။ ထို့နောက် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား တရားဝင်ညွှန်ကြားထားတဲ့ အစားအစာများနှင့် ခွင့်မပြု ဆိုးဆေးပါဝင်သော မုန့်များရဲ့ ဘေးအန္တရာယ်ဖြစ်စေနိုင်မှုများ၊ တန်ဖိုးနည်း အာဟာရမရှိ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများ ရောင်းချခြင်း မပြုရန် ဓာတ်ပုံများနှင့် ခွင့်မပြုမုန့်စာရင်းများကိုလည်း ကျောင်းများတွင် ပေးအပ်ခဲ့ပါတယ်။

ယခင်နှစ်က တိုင်းအတွင်း ကျောင်းကျန်းမာရေးအဖွဲ့များရှိတဲ့ ပုသိမ်မြို့နယ်အပါအဝင် မြို့နယ် ၈ မြို့နယ်ရှိ ကျောင်းပေါင်း ၁၄၀ မှ ကျောင်းမုန့်ဈေးတန်းဆိုင်များမှာ ရောင်းချနေတဲ့ မုန့်အမျိုးအစား ၆၃၈ မျိုး ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ စားသုံးရန်မသင့် ခွင့်မပြုဆိုးဆေးများပါဝင်နေ သော မုန့်အမျိုးအစား ၁၅ မျိုးကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ ပညာပေးကာလ ပြီးဆုံး၍ ယခုနှစ် ၎င်းမုန့်များကိုတွေ့ရှိရင် သိမ်းဆည်းမှာဖြစ်ပြီး မိမိတို့ စစ်ဆေးခဲ့သော ကျောင်းလေးကျောင်းတွင် ခွင့်မပြုဆိုးဆေးပါဝင်သော မုန့်များ မတွေ့ရှိခဲ့ကြောင်း ဒေါက်တာမျိုးထွန်းကျော်က ပြောပါတယ်။

ဆက်လက်၍ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှူး ဒေါက်တာပြည့်ဖြိုး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာန၊ စားသုံးသူရေးရာဌာနမှ ဦးစီးမှူး ဦးဇော်ဝင်းတို့သည် ပုသိမ်မြို့တွင်းရှိ အမက ၉၊ အလက ၂၊ ၃၊ အထက ၁၊ ၂၊ ၃၊ ၅ ကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းဆိုင်းများတွင် ခွင့်မပြုဆိုးဆေး ပါဝင်မှုရှိ၊ မရှိ သွားရောက်စစ်ဆေး ပညာပေးဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး၊ အောင်ထွန်း- ပုသိမ်**

## မုဒုံမြို့နယ်ရှိ စာသင်ကျောင်းများတွင် စားသုံးသူအသိပညာပေး လုပ်ငန်းများနှင့် ထုတ်ကုန်ပစ္စည်းများ လုံခြုံမှုဆိုင်ရာလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



မွန်ပြည်နယ် (မုဒုံမြို့နယ်) အထက (ကွေ့ဝမ်း) နှင့် အ ထက (၃) ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဆောင်ရွက်ခြင်းနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ အသေးစားကုန်ထုတ်လုပ်မှု စွမ်းဆောင်ရည်ဆု တတိယဆုနှင့် မွန်ပြည်နယ်တွင် ပထမဆုရရှိထားသည့် ဆွိတီ (Sweety) ဟင်းမွှေးမဆလာ ထုတ်လုပ်သည့်လုပ်ငန်းတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရှိရပါသည်။

မုဒုံမြို့နယ်တွင် ဩဂုတ်လ ၂၁ ရက် နံနက် ၁၀ နာရီအချိန်တွင် အ. ထ. က (ကွေ့ဝမ်း) ၌ ကျောင်းအုပ် ဆရာကြီး ဦးမင်းဌေးဦးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း ၃၁၀ ဦး၊ နေ့လယ် ၁၃း၀၀ နာရီ အချိန်တွင် မုဒုံ အ. ထ. က (၃) ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဦးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၃၆၅ ဦးတို့အား စားသုံးသူ အကာအကွယ်ပေး ဆွေးနွေးခြင်းအား ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အသိပညာပေးဆွေးနွေးပွဲ များနှင့် ထုတ်ကုန် လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းများအတွက် မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင် ဦးဆောင်၍ ဌာနခွဲတာဝန်ခံများဖြစ်သော ဦးချိုဝင်း ဒုတိယဦးစီးမှူး၊ ဦးနေဇင်သက် ဒုတိယဦးစီးမှူး၊ ဦးဝင်းမြတ် ဒုတိယဦးစီးမှူး၊ ဦးသူရဇော် ဒုတိယဦးစီးမှူးနှင့် မုဒုံနယ်တာဝန်ခံ ဦးလှအောင် အကြီးတန်းစာရေးတို့ နှင့်အတူ လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးတို့ နှင့် ဆရာ၊ ဆရာမများမှ စားသုံးသူ အသိပညာပေး ဆောင်ရွက်ခြင်းအား ပိုမိုသိရှိနိုင်ခဲ့ပြီး စားသုံးရန်မသင့်သည့် အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများအား ပါဝါပွိုင့်များဖြင့် ရှင်းလင်းပြသခဲ့ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ဖြင့် ပိုမိုထိရောက်သော အသိပညာပေးလုပ်ငန်းများဖြစ်၍ ဆက်လက်၍ ပိုမိုဆောင်ရွက်ပေးပါရန် ပြောဆိုခဲ့ပါသည်။

၁၅း၀၀ နာရီအချိန်တွင် မုဒုံမြို့မ (၄) ရပ်ကွက်၊ စိန်ချယ်လမ်းရှိ ဒေါ်စိန်မမနှင့် မိသားစုများ စုပေါင်းလုပ်ကိုင်လျက်ရှိသော ၂၀၁၃-၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ အသေးစား ကုန်ထုတ်လုပ်မှု စွမ်းဆောင်ရည် တတိယဆုနှင့် မွန်ပြည်နယ်တွင် ပထမဆုရရှိထားသည့် ဆွိတီ (Sweety) ဟင်းမွှေးမဆလာ ထုတ်လုပ်သည့် လုပ်ငန်းသို့ သွားရောက်ပြီး စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ အခန်း(၇) ပုဒ်မ (၈)ပါ စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များအတိုင်း လိုက်နာဆောင်ရွက် ထုတ်လုပ်နိုင်ရေး ဆွေးနွေးညှိနှိုင်း အကြံပြုခြင်းတို့အား ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ ဆွိတီ (Sweety) ဟင်းမွှေး မဆလာ ထုတ်လုပ်ရေး လုပ်ငန်းရှင်များမှလည်း မိမိတို့ လုပ်ငန်းအားအသိအမှတ်ပြု၍ ယခုကဲ့သို့ ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ထုတ်လုပ်နိုင်ရေးအတွက် လာရောက်ဆွေးနွေးပေးပါ၍ မိမိတို့ထုတ်လုပ်သောကုန်စည်အား စားသုံးသူမှပိုမိုယုံကြည်စွာဖြင့် သုံးစွဲနိုင်သည့် အကျိုးကျေးဇူးများရရှိပြီး မိမိတို့လုပ်ငန်း၏ ပုံရိပ် (image) ပိုကောင်းနိုင်ပါသဖြင့် လက်ရှိထုတ်လုပ်သည့်ကုန်ပစ္စည်းများတွင် ဥပဒေပါအတိုင်းပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း နှင့် ယခုလိုလာရောက်ဆွေးနွေးအကြံပြုမှုများအတွက် ကြိုဆိုဝမ်းမြောက်ပါကြောင်း တို့အား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

Cho Win (Mon Consumer)

## ဝက်လက်မြို့နယ်နှင့် ခင်ဦးမြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အတွင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ အကာအကွယ် ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ရွှေဘိုခရိုင်ဦးစီးမှူး ဦးကျော်ငွေ ဦးစီးသည့် ဝန်ထမ်း ၅ ဦးသည် ဩဂုတ်လ ၂၅ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာ အထက်တန်းကျောင်း(ခွဲ)သို့ နံနက်ပိုင်းတွင် သွားရောက် ပညာပေးဟောပြောခဲ့ရာ ကျောင်းသား/သူ ၅၁၁ ဦး၊ ဆရာ/မ ၁၇ ဦး ပေါင်း ၅၂၈ ဦးတို့တက်ရောက်ကြပါသည်။ ဟောပြောပွဲအပြီးတွင် မုန့်ဆိုင်တန်းသို့ သွားရောက်၍ အန္တရာယ်ရှိ မုန့်မျိုးစုံနှင့် အစားအသောက်များမရောင်းချရေး ဆွေးနွေးမှာကြားခဲ့ပါသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်မြအေးက ယခုကဲ့သို့ လာရောက်ဆွေးနွေးဟောပြောသော ရွှေဘိုခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးနှင့်တကွ ဝန်ထမ်းများကို အထူးပင် ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့ပါသည်။

နေ့လယ်ပိုင်းတွင် ဝက်လက်မြို့နယ် သရက်ကြီး အလယ်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပညာပေး ဟောပြောခဲ့ရာ ကျောင်းသား/ကျောင်းသူ ၁၈၀ ဦး၊ ဆရာ/ဆရာမ ၅ ဦး၊ ပေါင်း ၁၈၅ ဦးတို့ တက်ရောက်ကြပါသည်။ ကလေးငယ်ကျောင်းသား/ကျောင်းသူများ အဓိကစားသုံးလျက်ရှိသော အန္တရာယ်ရှိ မုန့်မျိုးစုံအကြောင်းကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဩဂုတ်လ ၂၆ ရက်နေ့တွင် ရွှေဘိုခရိုင် ဦးစီးမှူး ဦးဆောင်သော ဝန်ထမ်း ၆ ဦးသည် ရွှေဘိုခရိုင် ခင်ဦးမြို့နယ်သို့ သွားရောက်၍ နံနက်ပိုင်းတွင် ခင်ဦးမြို့အထက်တန်းကျောင်း၌ သွားရောက် ဟောပြောခဲ့ရာ ကျောင်းသား/သူ ၁၀၀၀ ဦး ၊ ဆရာ/ဆရာမ ၂၀ ဦး ၊ အခြားမှ စိတ်ပါဝင်စား၍ လာရောက် နားထောင်သူ ၁၀ ဦး၊ဈေးသည် ၁၅ ဦး ပေါင်း ၁၀၄၅ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ နေ့လယ်ပိုင်းတွင် ခင်ဦးမြို့နယ် မုံလှကျေးရွာ အထက်တန်းကျောင်း (ခွဲ)သို့ သွားရောက်၍ ပညာပေးဟောပြောခဲ့ရာ ကျောင်းသား/သူ ၂၅၀ ဦး၊ ဆရာ/ဆရာမ ၁၅ ဦး၊အခြားမှ ၁၀ ဦး ပေါင်း ၂၇၅ ဦး တက်ရောက်ကြပါသည်။

၎င်းနောက် ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများမှ ကျောင်းသား ကျောင်းသူများနှင့် တက်ရောက်လာကြသူများအား စားသုံးသူ အကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ မုန့်ဈေးဆိုင်များအား စားသုံးသူအကာအကွယ်ပေးရေးရှုထောင့်အရ ပညာပေးဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဦးကျော်ငွေက စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာများနှင့် စားသုံးသူအကာအကွယ် ပေးရေးဥပဒေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး ဝက်လက်မြို့နယ် တာဝန်ခံ ဦးသိန်းဝင်းက အန္တရာယ်ရှိ (Entertainment)များအကြောင်း၊ဝန်ဆောင်မှုများအကြောင်းနှင့် မူမမှန်သော စားသုံးဆီများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ၎င်းနောက် ခရိုင်ဦးစီးမှူးရုံးမှ ဒေါ်ညိုညိုက အန္တရာယ်ရှိ စားသောက်ကုန်များအကြောင်း၊ဟင်းချိုမှုန့်များအကြောင်း၊ ဒေါ်ဝင်းဝင်းသန်းက ဆေးလိပ်၊ အရက်၊ဘီယာ၊ကွမ်း၊ မူးယစ်ဆေးဝါးတို့၏ ဘေးဥပဒ်အန္တရာယ်များအကြောင်း၊ ဒေါ်ထွေးထွေးအေးက စားသောက်ကုန်များတွင် အန္တရာယ်ရှိ မုန့်မျိုးစုံ၊ အချိုရည်၊ဂျယ်လီ၊အကင်များနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှု သိကောင်းစရာများ အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းဟောပြောခဲ့ပါသည်။ခင်ဦးမြို့နယ်တွင် မြို့နယ်တာဝန်ခံ ဦးမျိုးအောင်က ဆေးလိပ်၊ အရက်၊ဘီယာ၊ကွမ်း၊ မူးယစ်ဆေးဝါးတို့၏ ဘေးဥပဒ်အန္တရာယ်များအကြောင်း၊ဒေါ်မြစိန်က အန္တရာယ်ရှိ မုန့်မျိုးစုံအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ရွှေဘိုခရိုင်အတွင်း မြို့နယ်များရှိ အ. ထ. က၊ အ. လ. က စာသင်ကျောင်းများသို့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ အရှိန်အဟုန်မြှင့် ဆက်လက် ကွင်းဆင်းဆောင်ရွက် သွားကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ထွေးထွေးအေး(ရွှေဘို)**

# CP Five Star မှ စားသုံးသူများအား Honda Insight Hybrid ကား ခြောက်စီးကို ကံစမ်းမဲဖောက်ပေးမည်

CP ၏တံဆိပ်ခွဲဖြစ်သည့် CP Five Star သည် စားသုံးသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် အကြီးဆုံးသောအရောင်းမြှင့်တင်ရေး အစီအစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအကြီးဆုံးသော အရောင်းမြှင့်တင်ရေးအစီအစဉ်တွင် စားသုံးသူများအား Honda Insight Hybrid ကားခြောက်စီးကိုကံစမ်းမဲများပြုလုပ်၍ ပြည်သူများအား ကျေးဇူးတုံ့ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကံစမ်းမဲတွင် CP မှထုတ်လုပ်သည့် ကုန်ပစ္စည်းများအား ကျပ် ၂၀၀၀ ဖိုး ပြည့်အောင်ဝယ်သူတိုင်း ကံစမ်းမဲတစ်စောင်ရရှိမည်ဖြစ်ပြီး CP Five Star အစီအစဉ်တွင် ပါဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို ဩဂုတ်လ ၁၆ ရက်နေ့မှစတင်ခဲ့ပြီး နိုဝင်ဘာလ ၁၆ ရက်နေ့အထိ လုပ်ဆောင်မည်ဖြစ်သည်။ စက်တင်ဘာလ ၁၈ ရက်နေ့မှစတင်၍ နှစ်ပတ်လျှင် တစ်ကြိမ် သောကြာနေ့တိုင်း ကံစမ်းမဲများဖွင့်လှစ်ပေးမည်ဖြစ်သည်။

CP Five Star အနေဖြင့် အဆိုပါအစီအစဉ်ကို ပြည်သူများ ပိုမိုစိတ်ဝင်စားမှုရှိလာစေရန်အတွက် CP Five Star အဖွဲ့သားများသည် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ CP Five Star ဆိုင်များ၏ ရှေ့တွင် CP ကြက်ရုပ်ဝတ်စုံများဝတ်ဆင်၍ စားသုံးသူများအား ဆွဲဆောင်မှုများပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

CP ကုမ္ပဏီသည် Keep Moving for Your Happiness အစီအစဉ်ကို CP Five Star နှင့်အတူ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး စားသုံးသူများ၏ ပျော်ရွှင်ကျေနပ်မှုကိုရရှိစေရန်အတွက် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

CP Five Star သည် စားသုံးသူများအား အရည်အသွေးကောင်းမွန်ခြင်း၊ ဘေးကင်းသော အစားအစာများကို ရောင်းချခြင်း၊ အရသာ ကောင်းမွန်အောင် ပြုလုပ်ထားခြင်း၊ သင့်တင့်မျှတသောဈေးနှုန်းဖြင့်ရောင်းချခြင်း၊ စားသုံးသူများ စိတ်ကျေနပ်မှုရရှိစေရန် အကောင်းဆုံးဝန်ဆောင်မှုများပေးခြင်းစသည့်ဝန်ဆောင်မှုများဖြင့် စားသုံးသူများ၏ ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

CP ကုမ္ပဏီသည် ၂၀၀၆ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင် CP ကြက်သား၊ ကြက်ကင်၊ ကြက်ကျော်နှင့်ကြက် အူချောင်းများကိုအရည်အသွေးမြင့်မားစွာ ထုတ်လုပ်ရောင်းချလျက်ရှိပြီး စားသုံးသူများအား သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် CP သည် ၂၀၁၄ခုနှစ်တွင် နိုင်ငံတစ်ဝန်းတွင် ဆိုင်ခွဲပေါင်း ၂၀၀ ကျော်ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ယခုအခါတွင် CP Five Star ကို ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၄)လမ်း | ၇၅၀ စ/ပေ | (၅) လွှာ | ၃၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၀၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ဖဆပလ | (၁၂.၅×၅၀)ပေ | (ပ) ထပ် | ၈၅၀ သိန်း | | ၀၉/၂၅၀/၃၇၂၅၈ |
| ၃။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | ၂၁၀၀ စ/ပေ | (ပ) လွှာ၊ အဆင့်မြင့်ပြင်ပြီး | ၁၄ သိန်း | ၁လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၀၀၀ စ/ပေ | (၇)လွှာ၊ ကြိုပွိုင့် | ၁၄၀၀သိန်း | ၇၅ရာခိုင်နှုန်းပြီးစီး ဓာတ်လှေကားပါ | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | ကွန်ဒို | ကမာရွတ်မြို့နယ်၊ ကန်လမ်း | ၁၉၀၀ စ/ပေ | MB(2)M(1) | ၂၆၀၀ သိန်း | တိုက်သစ်အသင့်နေ ဓာတ်လှေကားပါ | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | တိုက်ခန်း | ကမာရွတ်မြို့နယ်၊ ဗဟိုလမ်း | (၁၂.၅×၅၀) | (၄)လွှာ၊ ပြင်ဆင်ပြီး | ၄၅၀ သိန်း | | ၀၉/၇၉/၆၉၄၄၃၄၉ |
| ၇။ | မြေ | လှည်းကူးမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းအနီး | (၄၀×၆၀) (၈၀×၆၀) | မြေသီးသန့် | ၅၀ သိန်း ၈၅ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | မြေ | ရွှေပြည်သာမြို့နယ်၊ ကွက်သစ် | (၄၀×၆၀) | မြေသီးသန့် | ၆၀၀ သိန်း | နေရာကောင်း | ၀၉/၅၀/၁၇၂၆၂ |
| ၉။ | မြေ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | (၄၀×၆၀) | မြေသီးသန့် | ၇၅၀ သိန်း | နေရာကောင်း | ၀၉/၅၀/၁၇၂၆၂ |

# သမဝါယမဘဏ်မှ CB-MPU Credit Card ကို ပထမဦးဆုံးအဖြစ် စတင်ထုတ်ဝေ




သမဝါယမဘဏ် (CB Bank) မှ ပထမဦးဆုံး အကြွေးဝယ်ကတ်ကို စတင် ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအကြွေးဝယ်ကတ် (Credit Card) ကို CB-MPU Credit Card ဟုခေါ်ဝေါ်ထားပြီး MPU ကတ် သုံးစွဲခွင့်ရရှိသည့်နေရာတိုင်းတွင် အဆိုပါ အကြွေးဝယ်ကတ်ကို သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအကြွေးဝယ်ကတ်ကို Classic Card , Gold Card , Platinum Card ဟူ၍ သုံးမျိုးသုံးစားခွဲခြားထားပြီး CB-MPU Credit Card လျှောက်ထားရာတွင် ပေးဆောင်ရမည့်ကတ်တန်ဖိုးမှာ Classic Card အတွက် ကျပ်တစ်သောင်း၊ Gold Card အတွက် ကျပ် တစ်သောင်းငါးထောင်၊ Platinum Card အတွက် ကျပ်ငါးသောင်း သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါကတ်အား CB Bank ရုံးချုပ်နှင့် CB Bank ၏ ဘဏ်ခွဲများအားလုံးတွင် အသက် ၂၁နှစ်ပြည့်ပြီးသူတိုင်း လျှောက်ထားနိုင်ကြောင်း သိရသည်။ လျှောက်ထားရာတွင် ဘဏ်မှ သတ်မှတ်ထားသည့်အထောက်အထားများ ပြည့်စုံစွာ ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။

CB-MPU Credit Card မှ သုံးစွဲသည့် ငွေပမာဏအား အတိုးကင်းလွတ်ခွင့်ပေးထားပြီး အတိုးကင်းလွတ်ခွင့်ကာလမှာ အများဆုံးရက်ပေါင်း ၄၅ ရက်ရရှိမည်ဖြစ်ကြောင်း သိရသည်။ အတိုးကင်းလွတ်ခွင့်ကာလ ကျော်လွန်ပါက အတိုးတွက်ချက်ခြင်းကို သုံးစွဲထားသည့် ငွေပမာဏပေါ်တွင် တွက်ချက်သွားမည်ဖြစ်ပြီး တွက်ချက်မည့် အတိုးနှုန်းမှာ ၁၃ ရာခိုင်နှုန်း ဖြစ်ပါကြောင်း သိရသည်။

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက်ဇ် (၂၀၀၉) | 9F | ၈၅ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | နီဆန်း(နတ်) (၂၀၀၉) | 1G | ၈၅ သိန်း | 1.5 ဓာတ်ဆီ |
| ၃။ | တိုယိုတာ (ရက်တစ်) | 7E | ၈၅ သိန်း | 1 .3 ဓာတ်ဆီ |
| ၄။ | မတ်(ခ်)တူး (99) | 1E | ၉၀ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | မတ်(ခ်)တူး(၂၀၀၁) | 9D | ၁၀၅ သိန်း | 2.0 ဓာတ်ဆီ |
| ၆။ | တိုယိုတာ/ခရောင်း(၂၀၀၄) | 2H | ၁၄၀ သိန်း | |
| ၇။ | အာအေဗီ (၄) (၂၀၀၄) | 1K | ၂၁၅ သိန်း | |
| ၈။ | ဘယ်(လ်)တာ | SE | ၁၀၅ သိန်း | 1 .3 ဓာတ်ဆီ |
| ၉။ | အပ်ကား (မီနီ) | | ၅၆ သိန်း | |
| ၁၀။ | ဟိုက်ဂျက် (၂၀၀၆) | | ၅၈ သိန်း | |

# Huawei မှ ရေဘေးသင့် မြန်မာပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

Huawei ကုမ္ပဏီသည် မြန်မာနိုင်ငံတွင်းရှိ ရေဘေးသင့်ပြည်သူများသို့ အလှူငွေနှင့်ထောက်ပံ့ပစ္စည်း ကျပ်သိန်းသုံးထောင်ဖိုးခန့်ကို လှူဒါန်းလျက်ရှိပြီး ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လည်း ပါဝင် ကူညီသွားမည်ဖြစ်ကြောင်း Huawei ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဆက်သွယ်ရေးနည်းပညာနယ်ပယ်တွင် ဦးဆောင်နေသည့် Huawei ကုမ္ပဏီသည် မြန်မာနိုင်ငံအနှံ့အပြားတွင် ရေလွှမ်းမိုးမှုဒဏ်ခံစားနေရသည့် ဒေသများသို့ ငွေကြေးနှင့်အခြေခံလိုအပ်သည့်အရာများအား ကူညီနိုင်ရန် ကျပ်သိန်းသုံးထောင်ကို သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

Huawei ၏ကူညီထောက်ပံ့ရေးလုပ်ငန်းစဉ်တွင် ရေတိုလုပ်ငန်းအဖြစ် အရေးပေါ်လိုအပ်နေသည့်ပစ္စည်းများကို ဦးစွာထောက်ပံ့ကူညီပေးမည်ဖြစ်ပြီး ရေရှည်ထောက်ပံ့လှူဒါန်းမည့် အစီအစဉ်အတွက် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည့်နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် Huawei ကုမ္ပဏီသည် အဓိက ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT ၊ တယ်လီနော၊ အော်ရီဒူး၊ MECTel တို့နှင့်လက်တွဲ၍ အချိန်မရွေး ကူညီဆောင်ရွက်သည့် အဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းကာ ဆက်သွယ်ရေး ဝန်ဆောင်မှုများကို အမြန်ဆုံးပြန်လည်ရရှိစေရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသည်။

“ဒါဟာ တစ်ကြိမ်တည်းပြီးစီးသွားမည့်လှူဒါန်းမှု မဟုတ်ပါဘူး။ ကျွန်တော်တို့ Huawei အနေနဲ့ လိုအပ်တဲ့နေရာတွေမှာ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်တဲ့အကူအညီတွေကို ရေရှည် အစီအစဉ်နဲ့ ဆက်လက်ပံ့ပိုးပေးသွားမှာပါ။ ကျွန်တော်တို့အနေနဲ့ ရေဘေးသင့် ပြည်သူတွေအားလုံးနဲ့ ထပ်တူထပ်မျှ ခံစားရပါတယ်”ဟု Huawei ၏ မန်နေးဂျင်းဒါရိုက်တာ Mr. Liman Zhang က ပြောကြားခဲ့သည်။

**မယ်သီတာ**

သင့်ကျန်းမာရေး

# အစာအိမ်အနာမဟုတ်တဲ့ အစာမကြေရောဂါ

ဒေါက်တာလွင်သန့်

***မေး။*** ***။အစာမကြေဖြစ်နေတတ်တာ လေး၊ ငါးနှစ်လောက်ရှိ ပြီဆရာ။ စားလိုက်ရင်ရင်ပြည့်နေတယ်။ အဲဒါဘာဆေးတွေဆောင်ဖို့၊ ရှောင်ဖို့လိုမယ်ဆိုတာ ရှင်းပြပေးပါဆရာ။***

***ဦးထွန်းထွန်း (လယ်ဝေး)***

***ဖြေ။*** အစာမကြေရောဂါဟာ အစာအိမ်အနာကြောင့် အဖြစ်များ တယ်။ အချို့လူနာတွေမှာ အစာအိမ်အနာမရှိဘဲ၊ အစာမကြေ ရောဂါခံစားရတာကို တွေ့ရှိရတယ်။ အမျိုးသမီးတွေက အမျိုးသားတွေထက် အဖြစ်များပါတယ်။

**ရောဂါလက္ခဏာ။** ရောဂါလက္ခဏာတွေက အစာမကြေခြင်း၊ ဗိုက်နာခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေတက်ခြင်း၊ ဗိုက်တင်းခြင်း၊ လေထိုးခြင်း၊ ရင်ပူခြင်း၊ လေချဉ်တက်ခြင်းတို့ဖြစ် နိုင်ပါတယ်။

**အခြားလက္ခဏာ။** ခြေလက်အေးခြင်း၊ ရင်တုန်မောပန်းခြင်း၊အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်များခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အကြောတက်ခြင်း၊ မျက်ကြောတက်ခြင်း၊ မျက်စိကြည့်မကောင်းခြင်း၊ ခံတွင်းပျက်ခြင်းဖြစ်နိုင်ပါတယ်။

**ရောဂါဖြစ်ရတဲ့အကြောင်းရင်း။** အစာအိမ်ရောင်ခြင်း၊ အစာအိမ်အတွင်း အက်ဆစ်အထွက်များခြင်း၊ အစာအိမ်ကြွက်သား ပုံမှန်အလုပ်မလုပ်ခြင်း၊ ဦးနှောက်နဲ့ အစာအိမ်ဆက်သွယ်ထားတဲ့ အာရုံကြောပုံမှန်မဟုတ်ခြင်း၊ စိုးရိမ်စိတ်နဲ့အတွေးများခြင်း၊ ရောဂါအကြောက်လွန်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဆေးအမျိုးမျိုးစားခြင်းနဲ့ အခြားရောဂါများဖြစ်နိုင်တယ်။

**အရေးကြီးရောဂါလက္ခဏာများ။** သိသိသာသာ ပိန်ခြင်း၊ သွေးအန်ခြင်း၊ ဝမ်းအမည်းသွားခြင်း၊ အလုံးအကျိတ်ပေါ်ခြင်း၊ ဝမ်းသွားလျှင်သွေးပါခြင်း၊ မျက်စိဝါခြင်း၊ ရေဖျဉ်းစွဲခြင်း လက္ခဏာများဖြစ်ပေါ်လာပါက မိသားစုဆရာဝန်နဲ့ ပြသရမယ်။

**လိုအပ်တဲ့စမ်းသပ်မှုများ။** အာထရာ ဆောင်းရိုက်ခြင်း၊ အစာအိမ်မှန်ပြောင်းကြည့်ခြင်း၊ သွေးစစ်ခြင်းနဲ့ လိုအပ်တဲ့စမ်းသပ်မှုများ ပြုလုပ်ဖို့လိုတယ်။

**ရောဂါရှင်များလိုက်နာရန်။** အစာကိုတစ်ကြိမ်တည်း အများကြီး မစားဘဲ နည်းနည်းနဲ့ မကြာခဏစားဖို့၊ ပူလွန်း၊ စပ်လွန်း၊ ချဉ်လွန်းတဲ့ အစာမစားဖို့၊ နို့နှင့်နို့ထွက်ပစ္စည်းမသောက်၊ မစားဖို့၊ လက်လုပ်ချဉ်၊ အသုတ်၊ ချဉ်ဖတ်ရှောင်ဖို့လိုသလို အစိုးရိမ်မလွန်ဖို့၊ လက်ဖက်ရည်၊ ကော်ဖီလျှော့ဖို့၊ ဆေးလိပ်၊ ကွမ်းဖြတ်ဖို့၊ အရက်၊ ဘီယာရှောင်ဖို့၊ ဖြတ်ဖို့၊ စားလိုက်လို့ ရောဂါလက္ခဏာပိုဆိုးလာရင် အဲဒီအစားအစာကို ရှောင်ဖို့ (ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ မုန်လာဥ၊ မုန့်ဟင်းခါး) စိတ်ကိုပျော်အောင်ထားဖို့ နေ့စဉ်နာရီဝက် လေ့ကျင့်ခန်း(အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူး)လုပ်ဖို့ မိမိဝါသနာပါရာလုပ်ဖို့၊ (ဥပမာ သီချင်းနားထောင်၊တီဗွီကြည့်ဖို့)အကိုက်အခဲပျောက်ဆေးမစားဖို့၊ စိုးရိမ်ပူပင်စိတ်လျှော့ဖို့၊ အချိန်ပေးပြီး စိတ်ရှည်ရှည်ဆေးကုသဖို့၊ သုံးလခန့်ဆေးစားဖို့ လိုအပ်ပါတယ်။

**ကုသနိုင်တဲ့နည်းလမ်းတွေက** အစာအိမ်ဆေး၊ ဗိုက်အောင့် ပျောက်ဆေး၊ အစာခြေအင်ဇိုင်းပါဆေးစားခြင်း၊ (အင်ဇိုင်းပလပ် စားခြင်း၊ လေဆေးစားခြင်း) စိတ်ငြိမ်ဆေးသောက်ခြင်း၊ အစား အသောက်၊ အနေအထိုင်ဆင်ခြင်ခြင်းနဲ့၊ အခြားအား ဆေး(ဘီကွန်ပလက်)စားခြင်း၊ ဘာသာတရားလိုက်စားစေခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဘာသာရေးစာအုပ်ဖတ်ခြင်း၊ အလှူလုပ်ခြင်းများ၊ ရောဂါမဖြစ်ဟု ကိုယ့်ကိုယ်ကိုနှလုံးသွင်းပြီး လုပ်စရာရှိတာ ရှာဖွေလုပ်ကိုင်ခြင်း၊ အစား၊ အနေအအိပ်မှန်ခြင်းတို့ လိုအပ်ပါတယ်။

**အရေးပေါ်ဖြစ်ရင်** ခရီးသွားစဉ်၊ အလုပ်တစ်ခုကို မလုပ်မဖြစ် လုပ်ရရင် စာမေးပွဲဖြေနေစဉ်စတဲ့ မလွှဲမသွေလုပ်ရမယ့် အခြေအနေများမှာ အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်ခဲ့ရင်၊ အလုပ်မပျက်ရအောင်၊ စားနေသောက်နေကျ အစာအိမ်ဆေး၊ ဗိုက်အောင့်ပျောက်ဆေး အမြဲဆောင်ထားသင့်ပါတယ်။ မိသားစုဆရာဝန်နဲ့ တိုင်ပင်ပါ။

**သုံးသပ်ချက်။** အစာအိမ်နာမဟုတ်တဲ့ အစာမကြေရောဂါဟာ ဆိုးရွားလာရင်၊ အစာအိမ်အနာထိဖြစ်လာနိုင်လို့ ရောဂါနုစဉ်ကတည်းက ဆရာဝန်နဲ့ စနစ်တကျပြသပြီး ညွှန်ကြားမှုလိုက်နာဖို့လိုမယ်။

# အီးယူနှင့် မြန်မာတို့ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးတော့မည်

၂၀၁၁ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမရှိခဲ့ဘဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသာရှိခဲ့သည်။ ထိုစဉ်က နိုင်ငံပေါင်း ခုနစ်နိုင်ငံခန့်နှင့်သာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အနောက်နိုင်ငံများ၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး ပိတ်ဆို့မှုများကြောင့် ၂၀၁၁ ခုနှစ်မတိုင်မီအထိ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ မရှိသလောက် ပင်နည်းပါးခဲ့သည်။

သို့သော် ၂၀၁၁ ခုနှစ်နောက်ပိုင်း စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးပြီးနောက် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ပေါ်ခဲ့သည်။

ထိုကာလအတွင်းတွင် ဂျပန်၊ ကိုရီးယား၊ အစ္စရေးနိုင်ငံတို့နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရ သည်။

“အရင်တုန်းက မလုပ်နိုင်ခဲ့တဲ့ အရာတွေဒီလေးနှစ်တာကာလအတွင်းမှာ လုပ်နိုင်ခဲ့ပါတယ်။ နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ အရေးကြီးတဲ့နိုင်ငံကြီး သုံးနိုင်ငံနဲ့လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်”ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတော်အစိုးရသည် ရင်းနှီးမြှုပ်နှံမှုဆိုင် ရာ သဘောတူစာချုပ်ကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ လ ၁၅ ရက်နေ့တွင် ဂျပန်နိုင်ငံအစိုးရနှင့် လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကိုရီးယားနိုင်ငံအစိုးရနှင့် လည်းကောင်း၊ ၂၀၁၄ ခုနှစ်အောက်တိုဘာလ ၅ရက်နေ့တွင် အစ္စရေးနိုင်ငံ အစိုးရနှင့်လည်းကောင်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဟောင်ကောင်နှင့်လည်း စေ့စပ်ညှိနှိုင်းမှုများ ပြီးစီးပြီဖြစ်ရာ မကြာခင်အချိန်တွင် လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်ကြောင်း ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

အလားတူ ကနေဒါ၊ ရုရှား၊ မွန်ဂို လီးယား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသဘောတူစာချုပ်များကို ရေးထိုးရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း သိရသည်။ ယင်းကဲ့သို့လက်မှတ်ရေးထိုးရန် ကမ်းလှမ်းလျက်ရှိသည့်နိုင်ငံများမှာ အီရန်၊ ဆားဘီးယား၊ ဘဲလားရုစ်၊ ကာတာနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် အီးယူနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကာအကွယ်ပေးရေးသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် လုပ် ဆောင်နေမှုများမှာ အတော်လေးခရီးပေါက်နေပြီဖြစ်ကြောင်း၊ အီးယူနှင့်ညှိနှိုင်းဆွေးနွေးမှုများကို ၂၀၁၄ခုနှစ်မှ စတင်လုပ် ဆောင်လျက်ရှိကြောင်း၊ ယခု လာမည့်စက်တင်ဘာလလယ်ပိုင်းတွင် တတိယအကြိမ်မြောက်အဖြစ် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့လုပ်ဆောင်ပြီးပါက အီးယူနှင့် မြန်မာတို့သည် နှစ်ဖက်ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး သဘောတူစာချုပ် (Investment Protection Agreement) ကို လက်မှတ်ရေးထိုးနိုင်မှာဖြစ်ကြောင်း၊ အကြောင်း ညီညွတ်ပါက လာမည့်စက်တင်ဘာလလယ်ခန့်တွင်ကျင်းပမည့် တတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲတွင် လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

အီးယူအဖွဲ့ဝင် တစ်နိုင်ငံချင်းအနေဖြင့် အခြားသောနိုင်ငံများနှင့် တစ်နိုင်ငံချင်းစီအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် သဘောတူစာချုပ်များ အများအပြားချုပ်ဆိုခဲ့ကြသော်လည်း အီးယူအဖွဲ့တစ်ဖွဲ့လုံးအနေဖြင့်မူ တစ်နိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် မြန်မာနိုင်ငံအနေဖြင့်မူ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကာအကွယ်ပေးရေးသဘောတူစာချုပ် (Investment Protection Agreement) ကို အီးယူအဖွဲ့ကြီးနှင့် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် အီးယူအဖွဲ့ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့် ပထမဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်လာနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိဟုဆို

မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံသူများကြောင့် အလုပ်အကိုင် အခွင့်အလမ်း ခုနစ်သိန်းကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

၁၉၈၈ခုနှစ်မှစ၍ ယခုဘဏ္ဍာနှစ် ဇူလိုင်လကုန်အထိ ရင်းနှီးမြှုပ်နှံမှုအားလုံးမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၆၉၄၀၇၇ ဦး ဖန်တီးပေးထားပြီး ယင်းတို့အနက်မှ ၄၆ရာခိုင်နှုန်းမှာ လက်ရှိအစိုးရ တာဝန်ယူပြီးနောက်ပိုင်း ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများက ဖန်တီးပေးထားခြင်း ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်မှ၂၀၁၁ခုနှစ်အထိ အလုပ်အကိုင်ပေါင်း ၃၆၅၇၅၃ အထိ ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၁-၁၂မှ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ လေးနှစ်တာကာလအတွင်း ၃၂၈၃၂၄ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

“ဘာကြောင့်ကာလတိုအတွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ သုံးသိန်းကျော် ဖန်တီးပေးနိုင်သလဲဆိုရင် ကုန်ထုတ်လုပ်မှုကဏ္ဍပိုင်းမှာ အဓိက ရင်းနှီးမြှုပ်နှံတွေ ဝင်လာခဲ့လို့ပါ။ နောက်တစ်ခုက လုပ်သားအင်အား အများအပြား ကို အသုံးပြုရတဲ့လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ များပြားလာလို့ဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်း တစ်ခုကြောင့် စက်ရုံအလုပ်ရုံများတွင် လုပ်သား အင်အား အများအပြားအလုပ်ရရှိခြင်းသည် တိုက်ရိုက်အလုပ်အကိုင်အခွင့်အလမ်းရရှိခြင်းပင်ဖြစ်သည်။

ထို့ပြင် သွယ်ဝိုက်သောနည်းဖြင့် အလုပ်အကိုင်ရရှိခြင်းများလည်းရှိနေသေးသည်။ ယင်းတို့မှာ စက်ရုံအလုပ်ရုံတစ်ရုံ တည်ဆောက်လိုက်ခြင်းကြောင့် ပန်းရံ၊ လက်သမားစသူတို့အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြသကဲ့သို့ အဆိုပါစက်ရုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ စက်ရုံများမှထွက်ရှိလာသည့် ကုန်ပစ္စည်းများကို ရောင်းချခြင်းမှလည်း အလုပ်အကိုင်အခွင့်အလမ်းများ အများအပြား ရရှိနိုင်ကြောင်းဖြင့် ၎င်းက ရှင်းပြခဲ့သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်ပမှစက်ရုံတစ်ရုံလာရောက်တည်ဆောက်၍ ကုန်ထုတ်လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုပါက လုပ်ခလစာနှင့်အခြားခံစားခွင့်များ အပါအဝင် နိုင်ငံသားအလုပ်သမားများအား တစ်လလျှင် ဒေါ်လာ ၁၀၀ ရရှိရေးအတွက် ဆောင်ရွက်ပေးရန် ညွှန်ကြားထားပြီးနိုင်ငံတော်မှ အနိမ့်ဆုံးလုပ်ခလစာပေါ်ပေါက်လာပါက အဆိုပါစည်းမျဉ်းအတိုင်း လိုက်နာရမည်ဖြစ်သည်ဟု ၎င်းကဆိုသည်။ **မယ်သီတာ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၃၁-၈-၂၀၁၅ မှ ၆-၉-၂၀၁၅ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးတွင်လေလံအပြိုင်ဆွဲရတတ်သောလုပ်ငန်းများ ပေါ်ပေါက်လာတတ်ပါသည်။ အောင်မြင်မှုရှိနိုင်ပါသည်။ မိမိလုပ်ကိုင် ဆောင်ရွက်ချက်များ ဆုံးဖြတ်ချက်မှန်ကန်နေလိမ့်မည်။ အကျိုးတူ စီးပွားရေးလုပ်ငန်းပိုင်ရှင်တို့နှင့်တိုင်ပင်ဆွေးနွေးလုပ်ကိုင်နေရတတ်သည်။ ဓာတုပစ္စည်း၊ ငွေလဲလှယ်၍ လုပ်သောဘဏ်လုပ်ငန်းများ အကျိုးပေးအားကောင်းနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အဆုတ်ဝေဒနာခံစားရတတ်သည်။အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှု ရှိနေတတ်ပါသည်။

**ယတြာ။ အရဟံဂုဏ်တော် တစ်နေ့ကိုးပတ်စိပ်ပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ချင်တာတွေ များပြားခြင်း ကြောင့်အလုပ်ကြွေးတင်သလိုမျိုးရှိတတ်ပါသည်။ စီးပွားရေး လုပ်ငန်းတွင်ဆန်၊ ပဲ၊ ဂျုံ၊ ရေနှင့်ရေထွက်ပစ္စည်းများ ကောင်းကျိုးပေး တတ်ပါသည်။ ပညာရေးတွင် စိတ်ပညာ၊ ဥပဒေပညာရပ်တို့ဖြင့် အောင်မြင်မှုရတတ်ပါသည်။ ကျန်းမာရေးတွင်ဆေးမြီးတိုနှင့် မကုသသင့်ပါ။ ရောဂါတခြားဆေး တခြားဖြစ်တတ်သည်။ အချစ်ရေးတွင် အဆိုးနှင့်အကောင်းရောထွေးနေတတ်သည်။အိမ်ထောင်ပြုရန်စိတ်ကူးကို အကောင်အထည်မဖော်နိုင် ဖြစ်နေတတ်ပါသည်။

**ယတြာ။ ဘုရားတွင် သစ်သီးသွမ်းကပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမျှော်လင့်ဘဲ လုပ်ကိုင်ဆောင်ရွက်ရသော လုပ်ငန်းများ ရှိတတ်ပါသည်။ ရွှေ၊ ငွေ၊ ရတနာပစ္စည်းများ အကျိုးပေးကောင်းပြီး အောင်မြင်ဖြစ်ထွန်းမှု ရှိလိမ့်မည်။ ပညာရေးနှင့်ပတ်သက်၍ အခက်အခဲရှိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်အနေအထိုင် မှားယွင်းမှုကြောင့် ရောဂါခံစားရတတ်သည်။ မိမိချစ်သူက အချစ်ပေါ့နေလိမ့်မည်။ အိမ်ထောင်ပြုရန် စိတ်ကူးရှိနေတတ်သည်။

**ယတြာ။ ဘုရားတွင်ထီး၊ ယပ်နှင့် သပိတ်အတွင်း အစားအစာများထည့်၍လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ရင်နှီးမြုပ်နှံမှုများနေတတ်သည်။ ဘာသာခြားများ၏ ကူညီပံ့ပိုးမှုလည်း ရရှိနေတတ်ပါသည်။ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ အကျိုးပေးအားကောင်းနေတတ်ပါသည်။ ဉာဏ်ပညာထက်မြက်သည်နှင့် အမျှချမ်းသာပြီး၊ စုဆောင်းမှုပြုနိုင်မည် ဖြစ်ပါသည်။ ကျန်းမာရေးအနေဖြင့် အရေပြားတွင်ဖြစ်တတ်သောယားယံသည့်ရောဂါ၊ သွေးနှင့်ပတ်သက်သောရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အနစ်နာခံတတ်သောသဘော ရှိနေတတ်ပါသည်။

**ယတြာ။ ဘုရားတွင် ယပ်အနီရောင်တစ်ချောင်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများအောင်မြင်ပိုင်ဆိုင်မှု ရှိနေတတ်သော်လည်း အကျိုးတူစီးပွားရေးတွင် အနှောင့်အယှက်ကြုံရတတ်သည်။ ဓာတုပစ္စည်း၊ ဓာတ်ငွေ့ပစ္စည်းဆိုင် လုပ်ငန်းအကျိုးပေးတတ်ပါသည်။ ဝင်ငွေ များအား ကောင်းပြီးထင်ပေါ်ကျော်စောမှုရှိတတ်သည်။ ကျန်မာရေးအနေဖြင့် အစာအိမ်လေနာ၊ ဝမ်းဗိုက်အောင့်ရောဂါတို့ ခံစားရမှုရှိတတ်သည်။ အချစ်ရေးတွင် ကံကောင်းနေမည်။ စိတ်တိုင်းကျ ချစ်သူတွေ့မည်။ အိမ်ထောင်ရေး သာယာနေတတ်ပါသည်။

**ယတြာ။ အသက်ကြီးသူအားဆေးဝါးလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် သတိထား၍လုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် ကောင်းကျိုးချမ်းသာ ကို ရရှိမည် ။သတိမထားဘဲ လုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် အရှုံးနှင့် ရင်ဆိုင်ရတတ်သည်။ စားသောက်ကုန် လူသုံးကုန်ပစ္စည်းများနှင့်အကျိုးဖြစ်ထွန်းမှု အားကောင်းနေလိမ့်မည်။ ကျန်းမာရေး စိုးရိမ်စရာမရှိပါ။ အချစ်ရေးတွင် နှစ်ကိုယ်တူနီးဖို့အရေး ဆွေးနွေးနေရတတ်ပါသည်။ အိမ်ထောင်ရေးသင့်တင့်ကောင်းမွန်နေမည်။

**ယတြာ။ ဘေးဘယာကင်းရန် ပဲထမင်းလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းကိစ္စတို့တွင် အခက်အခဲ အနည်းငယ်တို့နှင့် ရင်ဆိုင်နေရတတ်သည်။လာဘ်လာဘများတန့်နေတတ်ပါသည်။ အကြီးအကဲ ဆရာသမားများ၏ ကူညီမှုထောက်ပံ့မှုကိုရတတ်ပါသည်။ လျှပ်စစ်ပစ္စည်း၊ မိုဘိုင်းဖုန်းများ၊ ကွန်ပျူ တာများနှင့်အကျိုးပေးတတ်ပါသည်။ ကျန်းမာရေး ကောင်းမွန်နေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အသိတရားနှင့် ထိန်းသိမ်းဆက်ဆံနိုင်လျှင် အကောင်းဆုံးဖြစ်လာလိမ့်မည်။

**ယတြာ။ ပရိတ်တရား ရွတ်ဖတ်ပူဇော်ပါ။**

# ပုလဲမြို့နယ်၊ လက်ပုကန်ကျေးရွာမှ ပြည်တွင်းပြည်ပစျေးကွက်ဝင် ချည်ထည်များထုတ်လုပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ လက်ပုကန်ကျေးရွာမှာ ချင်းတိုင်းရင်းသား ရိုးရာဝတ်စုံလုံချည်နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ ကြိုက်နှစ်သက်သော ဝတ်စုံရက်လုပ်မှုလုပ်ငန်းဖြင့်အသက်မွေး လုပ်ကိုင်သူ ၁၂၅ ဦးရှိပါတယ်။

မြန်မာအမျိုးသမီးများအတွက်ဆိုရင် ၇၅ လက်မကွင်း အကျယ်တစ်ထည် ၁၂၀၀၀ ကျပ် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် အကြိုက် ၆၀ လက်မ ကွင်းအကျယ် လုံးစောင်းတစ်ထည် ၁၅၀၀၀ ကျပ်၊ ထူးတစ်ထည် ၅၀၀၀၀ ကျပ်နှင့် ချင်းရိုးရာ (ဆင်သဲနသီး) ၆၀ လက်မ (ကွင်းကျယ်) ၁၅၀၀၀ ကျပ်ရောင်းချရကြောင်း သိရှိခဲ့ရပါတယ်။

ရက်ကန်းရက်လုပ်ခအဖြစ် တစ်ထည်လျှင် ကျပ်၇၀၀၀ ပေးရပြီး နှစ်ရက်ကြာအောင်ရက်လုပ်ရကြောင်းနှင့် ရက်ကန်းတစ်စင်အတွက် ချည်ထည်ပစ္စည်းအပါအဝင် ၄၅၀၀၀၀ ကျပ်ရင်းနှီးရကြောင်း၊ ရက်ကန်းပညာ တတ်သော်လည်း အရင်းအနှီးမရှိ၍ ရက်ကန်းမရက်နိုင်သူ ၇၀ ဦးရှိကြောင်း၊ ရက်ကန်းပညာကို အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တွင် သွားရောက်သင်ယူရကြောင်းကို လက်ပုကန်ကျေးရွာ ရက်ကန်းပိုင်ရှင် ဦးအောင်မျိုးက ပြောပြပါတယ်။ ရက်လုပ်ပြီး အထည်များကို မုံရွာမြို့သို့ ဖောက်သည်ပေးသွင်းကြောင်းလည်း သိရပါတယ်။

**သန်းပို-ယင်းမာပင်**

# ကလေးရေဘေးအတွက် ကယ်ဆယ်ရေးပစ္စည်းများအား မုံရွာမြို့တော်ခန်းမ အလှူခံစခန်းမှ ဆက်လက်ပေးပို့

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးဖြစ်ပွားခဲ့ရာဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းပေးမည့် အလှူခံဌာနများကို တိုင်းဒေသကြီးအစိုးရရဲ့ စီမံမှုနဲ့ ဖွင့်လှစ်ထားရှိတဲ့အနက် မုံရွာမြို့တော်ခန်းမ အလှူခံစခန်းကို ဩဂုတ်လ ၁ ရက်နေ့မှစပြီး ဖွင့်လှစ်ခဲ့ပါတယ်။

သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ပြည်သူတွေ အခုလို ရေဘေးဒုက္ခခံစားနေရချိန်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့အတူ အစိုးရလူမှုအဖွဲ့အစည်းများနဲ့ ပြည်သူတို့ နိုင်ရာတာဝန်များ ပေါင်းစုကူညီခြင်းဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အထောက်အပံ့ဖြစ်စေတာတွေ့ရပါတယ်။

မုံရွာမြို့တော်ခန်းမ ရေဘေးအလှူခံစခန်းသို့ အစိုးရဌာနဆိုင်ရာများဖြစ်ကြတဲ့ ကယ်ဆယ်ရေးနဲ့ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လူခြောက်ဦးဆံ့ မိုးကာတဲ အလုံး ၅၀၀၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အထပ်သား ၉၉၅ ချပ်၊ ရေဦးနဲ့ ဒီပဲယင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီများက ငွေကျပ် ၁၇ ဒသမ ၅ သိန်း၊ ဆန် ၈၀ အိတ်၊ ဆီ ၂၅ ပိဿာ၊ ဗလာစာအုပ် ၁၅၉ ဒါဇင်နဲ့ အဝတ်အစားအိတ် ၉၉ အိတ်၊ စာရင်းစစ်ချုပ်ရုံးနဲ့ ခရိုင်မြို့နယ် စာရင်းစစ်ရုံးများမှ ငွေကျပ် ၁၁ ဒသမ ၅ သိန်းတို့ကို ယခုတစ်ပတ်အတွင်း လှူဒါန်းခဲ့ကြပါတယ်။

လူမှုအဖွဲ့အစည်းများဖြစ်ကြတဲ့ ငြိမ်းအေးအရေးပေါ် ကယ်ဆယ်ရေး ကွန်ရက်(ရုံးချုပ်) လူအောင်ဘော်ဒါ မိသားစု၊ ရှမ်းပြည်တောင်ပိုင်း နန့်စန်မြို့နယ် မတ်ကျန်ပြည်သူ့စစ်ဌာနေအဖွဲ့တို့မှ ဆန် ၅၂၅ အိတ်၊ ရေသန့် တစ်လီတာ ၁၅၀၀ ကဒ်၊ ရေသန့် ၅ လီတာဘူး ၁၀၀၊ အဝတ်အထည် ၄၅ ထုပ်နဲ့ မုန့်၊ ဗလာစာအုပ်၊ ဆေး၊ ဆပ်ပြာတို့ လာရောက်လှူဒါန်းခဲ့သလို ပုဂ္ဂလိကအဖွဲ့အစည်းနဲ့ ပြည်သူများအနေနဲ့ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ် ရပ်ကွက်ကြီး ၄ ရေလည်ကျောင်းတိုက်ဆရာတော်မှ အနှစ် ၃၀ အတွင်း အလှူခံရရှိတဲ့ ပဒုံမ္မာကြာသက်န်း ၁ စုံ၊ လှူဖွယ်ပစ္စည်း ၃၄ မျိုးတို့ကို လာရောက်လှူဒါန်းခဲ့ကြပါတယ်။

အဆိုပါ လှူဒါန်းပစ္စည်းများ ကလေးမြို့သို့ အမြန်ဆုံးရောက်ရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှုနဲ့အတူ မုံရွာမြို့တော်ခန်းမစခန်းမှ မုံရွာဇက်ဆိပ်သို့ ဆက်လက်တင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

➲စာမျက်နှာ ၂၃ မှအဆက်

**ပုံ-၂။ မလေးရှားစားအုန်းဆီ (f.o.b.Malaysia)လအလိုက်ပျမ်းမျှစျေး (၂၀၀၉ မှ ၂၀၁၅ ခုနှစ် ဩဂုတ်လထိ)**




**ပုံ-၃။ မန္တလေးနှင့် ရန်ကုန် လအလိုက်ပျမ်းမျှ စားအုန်းဆီစျေး ပြောင်းလဲမှု ( ၂၀၀၉ မှ ၂၀၁၅ ဩဂုတ်လထိ)**




မလေးရှားစားအုန်းဆီ (f.o.b.Malaysia)တင်သွင်းရသည့် စျေးမှာ ၂၀၁၁ ခုနှစ်တွင် စျေးအမြင့်ဆုံး ဖြစ်ခဲ့သည်။ ၂၀၁၁ ခုနှစ် တစ်နှစ်ပတ်လုံး ပျမ်းမျှစျေးအရ စားအုန်းဆီ (RBD palm oil)သည် တစ်တန်ကို ကန်ဒေါ်လာ ၁၁၃၇ ဖြစ်ပြီး (RBD palm olein) သည်တစ်တန်ကို ကန်ဒေါ်လာ ၁၁၅၄ ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် (RBD palm oil) သည် တစ်တန်ကို ကန်ဒေါ်လာ ၄၈၇ ဒသမ ၅ ဖြစ်ပြီး၊ (RBD palm olein)သည် တစ်တန်ကို ကန်ဒေါ်လာ ၄၉၇ ဒသမ ၅ ထိဖြစ်လာသည်။

မလေးရှားစားအုန်းဆီ (f.o.b.Malaysia) စျေးသည် ၂၀၁၁ ခုနှစ်တွင် စျေးအမြင့်ဆုံးဖြစ်ခဲ့ပြီးနောက်ပိုင်းတွင် ဆက်တိုက်စျေးကျလာခဲ့သည်။ ပြည်ပမှတင်သွင်းသည့် မလေးရှားစားအုန်းဆီ (f.o.b. Malaysia) စျေးကျလာသောကြောင့် ပြည်တွင်းစျေးကွက်တွင် စားအုန်းဆီစျေးကျလာခဲ့သည်။ ပုံ-၂ နှင့် ပုံ-၃ ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။



# မြို့ကြီးများ၏ ၃၁-၈-၂၀၁၅ မှ ၄-၉-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၃၁-၈-၂၀၁၅) | အင်္ဂါ(၁-၉-၂၀၁၅) | ဗုဒ္ဓဟူး(၂-၉-၂၀၁၅) | ကြာသပတေး(၃-၉-၂၀၁၅) | သောကြာ(၄-၉-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၈°C/၈၃°F | ၅၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| ရန်ကုန်မြို့ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| မန္တလေးမြို့ | ၅၀% ၃၃°C/၉၂°F | ၇၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F |
| မြစ်ကြီးနား | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၂°F |
| လားရှိုး | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F |
| လွိုင်ကော် | ၅၀% ၂၇°C/၈၁°F | ၈၀% ၂၆°C/၇၉°F | ၇၀% ၂၄°C/၇၆°F | ၆၀% ၂၆°C/၇၈°F | ၆၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၈၀% ၂၃°C/၇၃°F | ၇၀% ၂၂°C/၇၂°F | ၇၀% ၂၂°C/၇၂°F | ၆၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၂°F |
| မော်လမြိုင် | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| ဘားအံ | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၇၀% ၂၇°C/၈၁°F | ၇၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၃°F |
| တောင်ငူ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F |
| မုံရွာ | ၅၀% ၃၃°C/၉၂°F | ၈၀% ၃၂°C/၉၀°F | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၈°F | ၄၀% ၃၂°C/၈၉°F |
| ပုသိမ် | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| မြိတ် | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၄°F |
| စစ်တွေ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F |
| မကွေး | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၃၁°C/၈၇°F | ၃၀% ၃၁°C/၈၇°F |
| ဖလမ်း | ၆၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၁°C/၆၉°F | ၈၀% ၂၁°C/၇၀°F | ၈၀% ၂၂°C/၇၂°F |



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြောက်ကိုရီးယားစက်မှုဇုန်တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ လူ ၄၀ ခန့် သေဆုံး

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံနယ်စပ်ဒေသအနီး မြောက်ကိုရီးယားနိုင်ငံပိုင် Rajin မြို့၏ အရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၄၀ ဦးခန့်သေဆုံးပြီး လူပေါင်း ၁၁၀၀၀ ကျော်မှာ ရေဘေးဒုက္ခနှင့် တွေ့ကြုံနေရကြောင်း ဘေဂျင်းရှိ နိုင်ငံတကာကြက်ခြေနီတပ်ဖွဲ့က ရိုက်တာသတင်းဌာနသို့ သတင်းပေးပို့ခဲ့သည်။

အဆိုပါ Rajin မြို့သည် မြောက်ကိုရီးယားနိုင်ငံမြောက်ပိုင်း ဟန်ယောင်းပြည်နယ်ရှိ ရာဆင်အထူးစီးပွားရေးစက် မှုဇုန်တည်ရှိရာ မြို့တစ်မြို့ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုများကြောင့် လူ ၄၀ ခန့်သေဆုံးခဲ့ရကြောင်း၊ မိုးရေချိန် ၂၅၀ မီလီမီတာ( ၉ ဒသမ ၅လက်မ)အထိ ရွာသွန်းခဲ့သဖြင့် ရာဆင်အထူးစီးပွားရေး စက်မှုဇုန်အတွင်းတွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ သုံးနာရီအတွင်း ရွာသွန်းခဲ့သည့် မိုးရေချိန်သည် ၆လက်မအထိရှိခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။

ရေလွှမ်းမိုးမှုဖြစ်ပွားသည့် Rajin မြို့တွင် ရောက်ရှိနေသည့် တရုတ်နိုင်ငံသား ၄၈၄ ဦးကို ကယ်တင်နိုင်ရန် တရုတ်နိုင်ငံမှ အာဏာပိုင်များနှင့် မြောက်ကိုရီးယားဒေသဆိုင်ရာ အာဏာပိုင်များက ကြိုးပမ်းလျက်ရှိသည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းက ဖော်ပြထားသည်။

အဆိုပါ Rajin မြို့တွင် ကုန်သွယ်မှုနှင့်ပတ်သက်သည့် ကုန်စည်ပြပွဲတစ်ခုကို ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် တရုတ်နိုင်ငံသားအများအပြားမှာ အဆိုပါဒေသသို့ ရောက်ရှိနေခြင်းဖြစ်ပြီး တခြားသော နိုင်ငံခြားသားဧည့်သည်များလည်း ရောက်ရှိနေကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံ၌ ဩဂုတ်လ လဆန်းပိုင်းကလည်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လူပေါင်း ၂၁ ဦး သေဆုံးခဲ့ရပြီး နေအိမ်ပေါင်း ၃၄၀၀ ကျော် ရေလွှမ်းမိုးမှုကို ခံစားခဲ့ရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

**မယ်သီတာ**

# တိုင်ဖွန်း ဂိုနီကြောင့် ဖိလစ်ပိုင်၊ ဂျပန်နှင့် ရုရှားနိုင်ငံတို့တွင်ပါ ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပွား

ပစိဖိတ်သမုဒ္ဒရာအတွင်းတွင် ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ဂိုနီကြောင့် ဖိလစ်ပိုင်၊ ဂျပန်နှင့် ရုရှားနိုင်ငံတို့တွင် လေပြင်းများတိုက်ခတ်ခဲ့ကာမိုးရွာသွန်းမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် အနည်းဆုံးလူ ၄၀ ခန့်သေဆုံးပြီးဒဏ်ရာရရှိသူ အများအပြားရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်တို့က သတင်းထုတ်ပြန်ခဲ့သည်။

ယင်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော် မနီလာမြို့၏ မြောက်ဘက် ကီလိုမီတာ ၁၅၀ အကွာရှိ ပန်ဂါစီယန်ဒေသကို ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ မုန်တိုင်းတိုက်ခတ်ပြီးသော်လည်း အဆိုပါဒေသတွင် မိုးများဆက်



တိုက်ရွာသွန်းနေသဖြင့် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်းဒေသဆိုင်ရာ အာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ထားသည်ဟုဆိုသည်။

ထို့ပြင် အဆိုပါမုန်တိုင်းသည် ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ ကျူးရှူးကျွန်းကို ဆက်လက်ဖြတ်သန်းတိုက်ခတ်ခဲ့ရာ ကျူးရှူးကျွန်းပေါ်ရှိ ကူမာမိုတိုနှင့် ဟီရိုရှီးမားစီရင်စုဒေသများရှိ ပြည်သူများမှာ မုန်တိုင်းဒဏ်ကိုခံစားခဲ့ကြရသည်ဟု ဆိုသည်။

မုန်တိုင်းသည် တစ်နာရီလျှင် လေတိုက်နှုန်း ၁၁၂မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့မှုကြောင့် လူ ၂၆ ဦးဒဏ်ရာရရှိခဲ့ကာ လေးဦးသေဆုံးခဲ့ရကြောင်း၊ မုန်တိုင်းနှင့်အတူ မိုးရွာသွန်းမှုများကြောင့် မြေပြိုမည့်အန္တရာယ်များနှင့်လည်း ရင်ဆိုင်နေရကြောင်း ဂျပန်နိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဗဟိုအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမုန်တိုင်းဂိုနီသည် အားပျော့သွားခြင်းမရှိဘဲ ဆက်လက်အားကောင်းခဲ့ကာ ရုရှားနိုင်ငံအရှေ့ပိုင်းကမ်းခြေသို့ ဆက်လက်တိုက်ခတ်ခဲ့ကြောင်း၊ တိုင်ဖွန်း ဂိုနီသည် ဂျပန်ပင်လယ်ပြင်ကို ဖြတ်သန်းကာ အင်အားကောင်းစွာဖြင့် ရုရှားနိုင်ငံအရှေ့ပိုင်းကမ်းခြေရှိ နာဟိုဒကါမြို့သို့ ဩဂုတ်လ ၂၇ ရက်နေ့ ညပိုင်းက ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ရုရှားနိုင်ငံ မိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းများ တိုက်ခတ်ခဲ့ရာ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်းဖြင့် အေပီသတင်းဌာနက ရေးသားဖော်ပြထားသည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.33 Monday August 31 2015

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌရာထူးတွင် ရွေးချယ်ခံမည့်သူမရှိ၍ လက်ရှိဥက္ကဋ္ဌ ဦးဇော်ဇော်သာ ဆက်လက်တာဝန်ယူသွားဖွယ်ရှိ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌရာထူးနေရာအတွက် ရွေးကောက်တင်မြှောက်ပွဲပြုလုပ်ရန် ဩဂုတ် ၂၆ ရက် နောက်ဆုံးထား၍ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရန် ထုတ်ပြန်ကြေညာခဲ့သည်။

သို့သော် ဩဂုတ်လ ၂၅ရက်နေ့အထိ ကိုယ်စားလှယ်လောင်းအမည်စာရင်းအား လာရောက်တင်သွင်းသူ တစ်ဦးမျှမရှိသဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ လက်ရှိဥက္ကဋ္ဌ ဦးဇော်ဇော်သာ ဆက်လက်တာဝန်ယူသွားဖွယ်ရှိနေကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် ၃/၂၀၁၅ ကို ဩဂုတ်လ ၂၇ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ရာထူးအတွက် ရွေးကောက်ပွဲဆိုင်ရာဥပဒေစည်းမျဉ်း ပုဒ်မ ၁၄ ပထမပိုင်းအရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌလောင်းအဖြစ် ဦးဇော်ဇော်က ဩဂုတ် ၂၆ရက်နေ့တွင် ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဥက္ကဋ္ဌလောင်းအဖြစ် ဦးဇော်ဇော်က အမည်စာရင်းတင်သွင်းကြောင်းကို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေစည်းမျဉ်းပုဒ်မ ၁၄ ဒုတိယပိုင်းအရ အများပြည်သူသိရှိစေရန် ကြေညာအပ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေစည်းမျဉ်းပုဒ်မ ၁၅အရလည်း စက်တင်ဘာလ ၅ ရက်နေ့တွင်ဥက္ကဋ္ဌလောင်းအဖြစ် အတည်ပြုခြင်း ရှိ/မရှိ ထပ်မံကြေညာပေးမည်ဖြစ်ပါကြောင်း ဖော်ပြထားသည်။



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် လက်ရှိဥက္ကဋ္ဌ ဦးဇော်ဇော်သာလျှင် ဆက်လက် တာဝန်ယူသွားဖွယ်ရှိသည်ဟု ဆိုသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အား ဦးဇော်ဇော် ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူသည့်အချိန်မှ စတင်ကာ အောင်မြင်မှုအချို့ကို ရယူနိုင်ခဲ့သည်။ အပျော်တမ်းဘောလုံးအဖွဲ့ အဆင့်မှ ဆုကြေးစား ဘောလုံးအဆင့်သို့ရောက်ရှိလာခဲ့သည်။

ထို့ပြင် မြန်မာ့ဘောလုံးအားကမ္ဘာက သိရှိစေရန်လည်း ငွေအား လူအား စိုက်ထုတ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ ဥက္ကဋ္ဌ ဦးဇော်ဇော်လက်ထက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံအကောင်းဆုံးအဖွဲ့ချုပ်ဆုကို နှစ်နှစ်ဆက်တိုက် ရရှိခဲ့သည်။

## မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင်အဖြစ် ရန်အောင်ကျော်ကို ရွေးချယ်

ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်ရှိနေသည့် မြန်မာ့လက်ရွေးစင်အသင်း၏အသင်းခေါင်းဆောင်အဖြစ် ရန်အောင်ကျော်ကို ရွေးချယ်ထားကြောင်း သိရသည်။

ယူအေအီးအသင်းနှင့် ခြေစမ်းပွဲ၊ ကူဝိတ်အသင်းနှင့် ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတို့တွင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းအတွက် ရွေးချယ်ထားသည့် ယခင်အသင်းခေါင်းဆောင်ခင်မောင်လွင်မှာ မြန်မာ့လက်ရွေးစင်အသင်း ပြန်လည်ဖွဲ့စည်းရာတွင် ပါဝင်လာခြင်းမရှိသဖြင့် အသင်းခေါင်းဆောင် ပြန်လည်ရွေးချယ်ရခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရွေးစင်အသင်းမှာ အသင်းခေါင်းဆောင်က ရန်အောင်ကျော်ဖြစ်လာမှာပါ။ အသင်းရဲ့လေ့ကျင့်ရေးအစီအစဉ်ကိုလည်း သူပဲဦးဆောင်ပြီး လုပ်နေတာပါ"ဟု မြန်မာ့လက်ရွေးစင်အသင်း၏ ပြန်ကြားရေးတာဝန်ခံ ဦးဇော်မင်းထိုက်က ပြောကြားခဲ့သည်။

ရန်အောင်ကျော်သည် မြန်မာနေရှင်နယ်လိဂ်စတင်ခဲ့သည့် ၂၀၀၉ ခုနှစ်ကတည်းကပင် ရန်ကုန်ယူနိုက်တက်အသင်းတွင် ပါဝင်ခဲ့သူဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမစတင်မီက ဒုတိယတန်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ဆာရာအသင်းတွင် ပါဝင်ကစားခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။ ရန်အောင်ကျော်သည် ၂၀၁၀ ပြည့်နှစ် အာရှဖိတ်ခေါ်ပြိုင်ပွဲမှစတင်ကာ မြန်မာ့လက်ရွေးစင်ကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်ကြောင်း သိရသည်။

## တီမောကို ကံကောင်း၍ သရေကျခဲ့ရခြင်းဟု မြန်မာ ယူ-၁၉အသင်းနည်းပြချုပ် ဂတ်ဆီဇီပြောကြား



အာဆီယံယူ-၁၉ချန်ပီယံရှစ်အုပ်စုပွဲစဉ်တွင် တီမောအသင်းကို နာကျင်အချိန်ပို၌ရရှိခဲ့သည့် သွင်းဂိုးဖြင့် သရေကျခဲ့ပြီးနောက် မြန်မာ ယူ-၁၉အသင်းနည်းပြချုပ် ဂတ်ဆီဇီက ကစားသမားအချို့၏ အားထုတ်မှုကို ဝေဖန်ခဲ့ပြီး ကံကောင်းသောကြောင့်သာ သရေကျခဲ့ရခြင်းဟု ဆိုလိုက်သည်။

မြန်မာယူ-၁၉အသင်းသည် ယခုပွဲတွင် ပွဲချိန် ၁ မိနစ်မပြည့်မီကတည်းက တီမောအသင်း၏ ဦးဆောင်မှုကို ခံခဲ့ရပြီး နာကျင်အချိန်ပို ၂မိနစ်တွင် ချေပဂိုး ပြန်ရခဲ့သောကြောင့်သာ ရှုံးပွဲမကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

"ကစားသမားအချို့ဟာ ကွင်းထဲရောက်ရင်ကိုယ့်အင်္ကျီရင်ဘတ်မှာ တပ်ထားတဲ့အလံအတွက် အင်တိုက်အားတိုက်ကြိုးစားရမယ်ဆိုတာကို မေ့သွားကြတယ်။ တီမောလိုအားနည်းတဲ့အသင်းကိုတောင် ကျွန်တော်တို့အနိုင်မကစားနိုင်ခဲ့ပါဘူး။ ဒီနေ့ပွဲမှာ အားနည်းချက်များစွာ ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ကံကောင်းလို့ သရေကျခဲ့တာပါ"ဟု မြန်မာယူ-၁၉အသင်းနည်းပြချုပ် ဂတ်ဆီဇီက ဖွင့်ဟခဲ့သည်။

မြန်မာ ယူ-၁၉အသင်းသည် ပွဲစစချင်းမှာပင် ရုတ်တရက် အငိုက်မိကာ တီမောအသင်း၏ ဦးဆောင်ခြင်းကို ခွင့်ပြုခဲ့ရသည်။ ယင်းနောက်တွင် ချေပဂိုး ပြန်လည်ရရှိရန်အားထုတ်ခဲ့သော်လည်း ပထမပိုင်း ပွဲချိန်တစ်လျှောက် ကစားပုံဆိုးရွားခဲ့ပြီး တီမောအသင်းကသာ မြန်မာအသင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်မူ မြန်မာအသင်းက အသာစီးရလာခဲ့ပြီးတီမောအသင်းကို ဖိကစားလာခဲ့သည်။ အပိုင်ဂိုးသွင်းခွင့်များလည်းရရှိခဲ့သော်လည်း တိုက်စစ်မှူးများ အားနည်းခဲ့သောကြောင့် ဂိုးမရခဲ့ပေ။ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီးနောက် နာကျင်အချိန်ပို ၄ မိနစ်တွင်မူ မြန်မာအသင်း ချေပဂိုးရခဲ့သည်။ ယင်းဂိုးကို နာကျင်အချိန်ပို ၂ မိနစ်အရောက်တွင် ဘယ်ခြမ်း လက်ပစ်ဘောမှတစ်ဆင့်တိုက်စစ်မှူး အောင်ဇင်ဖြိုးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်

မြန်မာယူ-၁၉အသင်းသည် လက်ရှိအချိန်တွင် ပွဲစဉ် နှစ်ပွဲ ကစားပြီးချိန်၌ ရမှတ် လေးမှတ်ရရှိထားသည်။ မြန်မာယူ-၁၉ အသင်းသည် လာမည့် ဩဂုတ် ၂၉ ရက်တွင် မလေးရှားအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

## ရေဘေးသင့်ပြန်လည်ထူထောင်ရေးရန်ပုံငွေပွဲအဖြစ် မြန်မာနှင့် နယူးဇီလန် ခြေစမ်းပွဲ စက်တင်ဘာလ ၇ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



ရေဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေအထူးခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့၏ နိုင်ငံတကာခြေစမ်းပွဲကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့၊ ညနေ ၆ နာရီ၌ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခြေစမ်းပွဲတွင် မြန်မာနိုင်ငံ အနေဖြင့် ပထမဆုံးကမ္ဘာ့အဆင့်နာမည်ကြီးဘောလုံးအသင်း တစ်သင်းကို ဖိတ်ခေါ်ခြေစမ်းကစားခြင်းဖြစ်ပြီး ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် နိုင်ငံတကာအတွေ့အကြုံကောင်းများ ရရှိနိုင်မည့်အပြင် ဘောလုံးဝါသနာရှင် ပရိသတ်များအတွက်လည်း ဥရောပထိပ်တန်းလိဂ်များတွင် ကစားနေသော နယူးဇီလန် ဘောလုံးသမားများ၏ ခြေစွမ်းကို မျက်ဝါးထင်ထင် ကြည့်ရှုခံစားခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာခြေစမ်းပွဲကြီးမတိုင်မီတွင်လည်း နိုင်ငံ့လက်ရွေးစင်ကစားသမားဟောင်းများနှင့် အတူ ရုပ်ရှင်နှင့် ဂီတလောကမှ နိုင်ငံကျော်သရုပ်ဆောင်များ၊ အဆိုကျော်များအား နှစ်သင်းခွဲပြီး ယင်းနေ့ ညနေ ၃ နာရီခွဲမှ ၄နာရီခွဲအထိ အထူးခြေစမ်းပွဲတစ်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါရေဘေးရန်ပုံငွေအထူးခြေစမ်းပွဲမတိုင်ခင် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းပိုင်ရှင်ကြီးများ၊ စေတနာရှင်စပွန်ဆာ ကုမ္ပဏီကြီးများနှင့် အခြားအလှူရှင်များ၏ အလှူငွေပေးအပ်ပွဲအစီအစဉ်များကိုလည်းထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းခြေစမ်းပွဲအတွက် အထူးတန်းကျပ် ၅၀၀၀နှင့်ပရိသတ် အများစုကြည့်ရှုနိုင်စေရန် ရိုးရိုးတန်း ကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်အထူးတန်းလက်မှတ်တစ်စောင်ဝယ်တိုင်း မြန်မာအသင်းအင်္ကျီတစ်ထည်စီကိုလည်း မေတ္တာလက်ဆောင်အဖြစ် ပေးသွားမည်ဖြစ်ပြီး အထူးတန်း ဧရိယာအတွင်း ကားပါကင်၌ ဖွင့်လှစ်ထားမည့် ပျော်စရာဂိမ်းအစီအစဉ်များတွင်လည်း အနုပညာရှင်များနှင့်အတူ တပျော်တပါး ပါဝင်ကစားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အထူးခြေစမ်းပွဲမှရရှိမည့် ကွင်းဝင်ကြေးအားလုံးနှင့် အလှူငွေအားလုံးကို ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပြန်လည်လှူဒါန်းသွားမည်ဖြစ်ပါသည်။

အဆိုပါ ခြေစမ်းပွဲနှင့်ပတ်သက်သည့် အသေးစိတ်အစီအစဉ်များကို ကြိုတင်အသိပေး တင်ပြသွားနိုင်ရန် လာမည့် စက်တင်ဘာလ ၁ ရက်နေ့၊ မွန်းလွဲ ၁ နာရီ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုအခါတွင် ယူအေအီးလက်ရွေးစင်အသင်းနှင့်ခြေစမ်းကစားရန်ယူအေအီးနိုင်ငံသို့ ရောက်ရှိနေကြောင်း သိရသည်။

# ကမ္ဘာ့အမြန်ဆုံးလူသားဘွဲ့ကို အူစိန်ဘို့သ် ဆက်လက်ခံယူ

## မီတာ ၂၀၀ ပြိုင်ပွဲတွင်လည်း အနိုင်ရရှိပြီး ပရိသတ်များအား နှုတ်ဆက်ရာ ကင်မရာမင်း၏ထရော်လီနှင့်တိုက်မိ၍ လဲကျခဲ့ရ



တရုတ်နိုင်ငံ ပေကျင်းတွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ ကမ္ဘာ့အမြန်ဆုံးလူသားဘွဲ့ ရွေးချယ်ပွဲကို ဩဂုတ်လ ၂၃ရက်ကကျင်းပခဲ့ရာ အူစိန်ဘို့သ်က ၎င်း၏ပြိုင်ဘက် ဂျပ်စတင်ဂက်လင်းကို တစ်စက္ကန့်၏ ၁၀၀ ပုံတစ်ပုံ (သုညဒသမ၀၀၁စက္ကန့်) ဖြင့် အနိုင်ရယူကာ ကမ္ဘာ့အမြန်ဆုံးလူသားဘွဲ့ကို ထပ်မံရရှိသွားခဲ့သည်။

အဆိုပါပွဲတွင် အူစိန်ဘို့သ်သည် စံချိန် ၉ ဒသမ ၉၇ စက္ကန့်ဖြင့် အကောင်းဆုံးပြေးနိုင်ခဲ့သော်လည်း ၂၀၀၉ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲတွင် ၎င်းကိုယ်တိုင် တင်ထားခဲ့သည့် စံချိန် ၉ ဒသမ ၅၈စက္ကန့်ကို မမီသေးဘဲရှိနေသည်။ ထို့ပြင် ဂျပ်စတင်ဂက်လင်း၏ အကောင်းဆုံးစံချိန်ဖြစ်သည့် ၉ ဒသမ ၁၄ စက္ကန့်ကိုလည်း လိုက်မမီသေးဘဲရှိနေသည်။

ထို့ပြင် အူစိန်ဘို့သ်သည် မီတာ ၂၀၀ပွဲစဉ်ကို ဩဂုတ်လ ၂၇ရက်နေ့က ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ စံချိန် ၁၉ ဒသမ ၅၅ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ အဆိုပါပွဲတွင် ၎င်း၏ပြိုင်ဘက် ဂက်လင်းသည် အူစိန်ဘို့သ်၏နောက် ဒုတိယနေရာမှ ပန်း၀င်ခဲ့သည်။ ဂက်လင်းသည် စံချိန်၁၉ဒသမ ၇၄စက္ကန့်ဖြင့် အူစိန်ဘို့သ်ကို ထပ်မံအရှုံးပေးခဲ့ရသည်။

အူစိန်ဘို့သ်နှင့် ဂက်လင်းတို့သည် တာစထွက်သည်မှ မီတာ ၈၀ အထိ အတူတူယှဉ်ပြေးခဲ့ကြသော်လည်း မီတာ ၈၀ ကျော်သည်နှင့် အူစိန်ဘို့သ်သည် ၎င်းပြေးနေကြ ထုံးစံအတိုင်း အရှိန်မြှင့်တင်ခဲ့သည်။ ဂက်လင်းသည်အူစိန်ဘို့သ်၏ ပြေးနှုန်းအတိုင်း လိုက်ပါပြေးခဲ့သော်လည်း စက္ကန့်နှစ်ဆယ်နီးပါး ပြတ်ကျန်ခဲ့ရသည်။

မီတာ ၁၀၀ ပြေးပွဲတွင် နှာတစ်ဖျားအသာဖြင့် အနိုင်ရခဲ့သည့် အူစိန်ဘို့သ်သည် ယခုမီတာ ၂၀၀ ပြေးပွဲတွင်မူ ဂက်လင်းကို ပန်း၀င်ခါနီးတွင် ဖြတ်ထားနိုင်ခဲ့သည်။

ပန်း၀င်ပြီးနောက်အူစိန်ဘို့သ်သည် ၎င်းအားအားပေးကြသည့် တရုတ်ပြည်သူများအား လက်ဆွဲနှုတ်ဆက်ခဲ့သည်။

ထိုသို့ လက်ဆွဲနှုတ်ဆက်နေစဉ် ၎င်း၏လှုပ်ရှားမှုမှန်သမျှကို စဉ်ဆက်မပြတ်မှတ်တမ်းတင်လျက်ရှိသည့် ကင်မရာမင်း၏ ထရော်လီနှင့် တိုက်မိခဲ့သဖြင့် လဲကျခဲ့ရသည်။

အဆိုပါကင်မရာမင်းသည် အူစိန်ဘို့သ်၏နောက်သို့ လိုက်ပါမှတ်တမ်းတင်ရင်း ဆုပေးသည့်စင်မြင့်၏ ဒေါက်တိုင်နှင့် ၎င်းထရော်လီ၏ဘီးတို့ ၀င်တိုက်မိခဲ့သည်။ ထို့နောက် ထရော်လီသည် လမ်းကြောင်းပြောင်းကာ ပရိသတ်များအား နှုတ်ဆက်နေသည့် အူစိန်ဘို့သ်၏နောက်မှနေ၍ ၀င်တိုက်ခဲ့ကြောင်း။ ယင်းကဲ့သို့တိုက်ခဲ့သဖြင့် အူစိန်ဘို့သ်သည် နောက်ပြန်ကျွမ်းထိုးကာကျခဲ့ပြီး ကင်မရာမင်းမှာလည်း ကျွမ်းထိုးမှောက်ခုံကျခဲ့ရကြောင်း သတင်းများက ဖော်ပြထားသည်။

လဲကျခဲ့ပြီးနောက်အူစိန်ဘို့သ်သည် ၎င်း၏ခြေထောက်များတွင် ဒဏ်ရာရရှိခြင်း ရှိမရှိကိုသေချာစွာ စမ်းသပ်ကြည့်ခဲ့ကြောင်း သိရသည်။

"သူ ကျွန်တော့်ကိုသတ်ဖို့ကြိုးစားတာပါ။ ဒါပေမယ့် သူ ဘယ်လိုလုပ်လိုက်သလဲဆိုတာ ကျွန်တော်မသိပါဘူး။ ဒါဟာ ကျွန်တော့်အတွက် အတွေ့အကြုံသစ်တစ်ခုရတယ်လို့ ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။



## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ မဲခွဲဆုံးဖြတ်

# ယူအီးအက်ဖ်အေ၏ အကောင်းဆုံး ဘောလုံးသမားဆုကို ဘာစီလိုနာမှ မက်ဆီရရှိ

၂၀၁၅ခုနှစ်အတွက် ဥရောပချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ မဲခွဲပွဲကို ဩဂုတ်လ ၂၇ရက်နေ့က ပြင်သစ်နိုင်ငံ၊ မိုနာကိုတွင် ကျင်းပခဲ့သည်။ ဥရောပချန်ပီယံလိဂ်အုပ်စု (၈)စုတွင် အင်္ဂလန်အသင်းများအားလုံး အုပ်စုကြပ်ထဲတွင် ကျရောက်နေပြီး ဗလင်စီယာအသင်း တစ်သင်းတည်းသာ အုပ်စုချောင်နေသည်ဟု ဆိုသည်။

အုပ်စု(က)တွင် ပီအက်စ်ဂျီ၊ ရီးရဲလ်မက်ဒရစ်၊ ရှက်တာဒိုးနတ်၊ မာလ်မို၊ အုပ်စု(ခ)တွင် ပီအက်စ်ဗွီ၊ မန်ယူ၊ CSKA မော်စကို၊ ၀ုဗ်ဘတ်၊ အုပ်စု(ဂ)တွင် ဘင်ဖီကာ၊ အက်သလက်တီကိုမက်ဒရစ်၊ ဂါလာတာဆာရေး၊ အက်စတန်နာ၊ အုပ်စု (ဃ)တွင် ဂျူဗင်တပ်စ်၊ မန်စီတီး၊ ဆီဗီလာ၊ မိုချင်ဂလပ်ဘတ်၊ အုပ်စု(င) တွင် ဘိုင်ယန်မြူးနစ်၊ အာဆင်နယ်၊ အိုလံပီယာကို့စ်၊ ဒိုင်နမိုဇာဂရက်၊အုပ်စု(စ) တွင် ချဲလ်ဆီး၊ ပေါ်တို၊ ဒိုင်နမိုကိဗ်၊ မက်ဆာဘီတဲလ်အဗစ်၊ အုပ်စု(ဆ)တွင် ဇင်းနစ်၊ ဗလင်စီယာ၊ လိုင်ယွန်နှင့် ဂရန့်တို့ပါ၀င်ကြောင်း သိရသည်။

ထို့နောက် ယူအီးအက်ဖ်အေ၏ အကောင်းဆုံးကစားသမားများကို ရွေးချယ်ချီးမြှင့်ရာ ဘာစီလိုနာအသင်းမှတိုက်စစ်မှူးလီယွန်နယ်မက်ဆီက ရီးရဲလ်မက်ဒရစ် တိုက်စစ်မှူး ရော်နယ်ဒိုကိုကျော်ဖြတ်ကာ အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည်။

အဆိုပါဆုအတွက် ဆန်ကာတင်ကစားသမားများအဖြစ် မက်ဆီ၊ ရော်နယ်ဒိုနှင့် လူးဝစ္စဆွာရက်တို့ကိုရွေးချယ်ခဲ့ပြီး မက်ဆီက ရော်နယ်ဒိုနှင့် ဆွာရက်တို့ကိုကျော်ဖြတ်ကာ အကောင်းဆုံးကစားသမားဆုကို ရယူခဲ့ခြင်းဖြစ်သည်။

ယူအီးအက်ဖ်အေ၏ အကောင်းဆုံး အမျိုးသမီးဘောလုံးသမားဆုကို ဂျာမနီလက်ရွေးစင်အသင်းမှ တိုက်စစ်မှူး ဆီလာဆာဆစ်က ရရှိသွားခဲ့သည်။ အသက် ၂၇ နှစ်အရွယ်သာရှိသေးသည့် ဆာဆစ်သည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၆ရက်က ဘောလုံးသမားဘ၀မှ အနားယူသွားခဲ့ပြီဖြစ်သည်။

## အမေရိကန်ဒေါ်လာ ၁၉သန်းနီးပါးတန်ဖိုးရှိသည့် တိုက်ခန်းတစ်ခန်းကို ရော်နယ်ဒို ၀ယ်ယူ

ရီးရဲလ်မက်ဒရစ်အသင်း၏ တိုက်စစ်မှူးစီရော်နယ်ဒိုသည် အမေရိကန်နိုင်ငံ နယူးယောက်ရှိ ထရမ့်တာဝါငါးထပ်ရှိ အခန်းတစ်ခန်းကို ၀ယ်ယူခဲ့ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။ အဆိုပါတိုက်ခန်းသည် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅သန်းတန်ကြေးရှိပြီး ၂၅၀၉ စတုရန်းပေကျယ်ဝန်းကြောင်း၊ အဆိုပါတာဝါ၏ပိုင်ရှင်မှာ အမေရိကန်သမ္မတလောင်း ရီပတ်ဘလစ်ကင်ပါတီမှ ဒေါ်လ်နယ်လ်ထရမ့်ပိုင်ဆိုင်သည့် တာဝါဖြစ်ကြောင်းသတင်းတွင် ဖော်ပြထားသည်။

ရော်နယ်ဒို၀ယ်ယူသည့်အခန်းသည် အထူးသီးသန့် စီစဉ်ထားသည့် အခန်းများအနက် တစ်ခန်းဖြစ်ပြီး အိပ်ခန်းသုံးခန်းပါ၀င်သည့် အထက်တန်းကျကျနေနိုင်သည့် အခန်းတစ်ခန်းဖြစ်ကြောင်း သိရသည်။

ရော်နယ်ဒိုသည် ယခုနှစ်ဆန်းပိုင်းက ၎င်း၏အတူနေချစ်သူနှင့်လမ်းခွဲခဲ့ပြီးနောက် ယခုကဲ့သို့ အမေရိကန်၌နေထိုင်ရန် တိုက်ခန်း၀ယ်ယူထားခြင်းသည် အမေရိကန်၌ အခြေချရန် စီစဉ်နေခြင်းဖြစ်သည်ဟု သတင်းများကဖော်ပြထားသည်။ ရော်နယ်ဒိုသည် ပြင်သစ်စီးပွားရေးမဂ္ဂဇင်း ဖိုဘီ၏ဖော်ပြချက်အရ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ကစားသမားစာရင်းတွင် ပါ၀င်လျက်ရှိသည်။

၎င်းသည် မန်ချက်စတာယူနိုက်တက်တွင် ရှိနေစဉ်ကလည်း ချက်ရှိုင်းယားတွင် နေအိမ်တစ်လုံးကို၀ယ်ယူခဲ့ပြီး ရီးရဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ခဲ့ရာတွင် အဆိုပါနေအိမ်အား အမေရိကန်ဒေါ်လာ ၁ ဒသမ ၄သန်းဖြင့် ရောင်းချခဲ့သည်။ အဆိုပါအခန်းအား ရော်နယ်ဒို-၀ယ်ယူရခြင်းမှာ ၂၀၁၈ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်နှင့် စာချုပ်ကုန်ဆုံးပြီးနောက် အမေရိကန်နိုင်ငံ၏မေဂျာလိဂ်ကလပ် အသင်းတစ်သင်းနှင့်ချိတ်ဆက်ကူးပြောင်းရန် စီစဉ်ထားခြင်းကြောင့်ဖြစ်သည်ဟု သတင်းများတွင် ဖော်ပြထားသည်။

## အစာမကြေသည့်ဝေဒနာကြောင့် ဒတ်စတင်ဂျွန်ဆင် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရ




အမေရိကန်ဂေါက်သီးသမား ဒတ်စတင်ဂျွန်ဆင်သည် အစာမကြေသည့် ဝေဒနာကို ခံစားနေရသဖြင့် ကျင်းပလျက်ရှိသည့် ပရို-အာမေချာဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာ့အဆင့် ခုနစ်နေရာတွင် ရောက်ရှိနေသည့် ဂျွန်ဆင်သည် ပြီးခဲ့သည့် ပီဂျီအေချန်ပီယံရှစ်ပြိုင်ပွဲတွင်အဆင့် ၁၇နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဆုကြေး အမေရိကန်ဒေါ်လာ ၂၉၃,၀၀၀ ရရှိခဲ့သည်။

သို့သော် ၎င်းသည် ဩဂုတ်လ ၂၇ရက်နေ့ကစတင်ကျင်းပလျက်ရှိသည့် ပရို-အာမေချာ ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ဘာကလေ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၀င်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်တော့ကြောင်း သတင်းများကဖော်ပြထားသည်။

၎င်းသည် ပြိုင်ပွဲ၀င်မည့်နေ့ နံနက်ပိုင်းတွင် အစာမကြေဖြစ်ကာ ရင်ဘတ်အောင့်သည့်ဝေဒနာကို ခံစားခဲ့ရသဖြင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

ဂျွန်ဆင်သည် အဆိုပါပြိုင်ပွဲ၏ ပထမနေ့ပွဲစဉ်ဖြစ်သည့် ခုနစ်ကျင်းမြောက်သို့အရောက်တွင် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းကတည်းက ဖြစ်ခဲ့သည့် အစာမကြေသည့်ဝေဒနာ ပြန်လည်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲကို တစ်ဝက်တစ်ပျက်မှ နုတ်ထွက်ခဲ့ရခြင်းဖြစ်ကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဂျွန်ဆင်အား မိသားစုဆရာဝန်နှင့် ကုသလျက်ရှိပြီး အမြန်ဆုံး ပြန်လည်ကျန်းမာလာမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ဂျွန်ဆင်သည် အဆိုပါပရို-အာမေချာပွဲ၏ ဒုတိယမြောက်နုတ်ထွက်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည့် ပထမဆုံး နုတ်ထွက်ခဲ့သူမှာ ပီဂျီအေချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် ဂျေဆင်ဒေးပင်ဖြစ်သည်။ ဂျေဆင်ဒေးသည် ပြိုင်ပွဲမတိုင်မီ နှစ်ရက်အလိုတွင် နောက်ကျောအောင့်သည့် ဝေဒနာကြောင့် အဆိုပါပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

Vol: 15, No.33 Monday August 31 2015



# အာဆီယံနှင့် ဖူးပေါင်းလာသော အိန္ဒိယနှင့် IAFTA

|သိန်းမြင့်ဝေ|

၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းမှစတင်ပြီး ကမ္ဘာတစ်ဝန်းရှိ ဒေသဆိုင်ရာ ကုန်သွယ်မှုသဘောတူညီချက်များ (Regional trade agreements) စဉ်ဆက်မပြတ် တိုးတက်လျက်ရှိသည်။ ဤတိုးတက်မှုဖြစ်စဉ်အတွင်း အိန္ဒိယနိုင်ငံသည် နှစ်ပေါင်းများစွာပါဝင်ခြင်း မရှိခဲ့ပေ။ သို့ရာတွင် ဒိုဟာဆွေးနွေးပွဲ (Doha Round) အဆုံးမသတ်ခြင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) အတွင်း ငြိမ်းငွေ့ဖွယ်ကောင်းသော စေ့စပ်ညှိနှိုင်းမှုများက အိန္ဒိယနိုင်ငံအား လွတ်လပ်သောကုန်သွယ်မှု (Free-trade) နှင့် ပေါင်းစပ်ပါဝင်စေခဲ့သည်။

၁၉၉၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ၎င်း၏အရှေ့မျှော်စီးပွားရေးပေါ်လစီ (Look East Policy) ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ကုန်သွယ်မှုနှင့် မဟာဗျူဟာမြောက်ဆက်ဆံရေးတိုးတက်စေရန် ဆုံးဖြတ်ခဲ့သည်။ ဈေးကွက်တိုးချဲ့ရန်၊ ဒေသတွင်း၌ တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကို ချေဖျက်ရန်၊ အိန္ဒိယနိုင်ငံကို စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် မြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့သည်။

### အိန္ဒိယ–အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်

တိုးတက်မှုကို ဆက်လက်မြှင့်တင်သည့်အနေဖြင့် အိန္ဒိယ-အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးသဘော တူညီချက် (India-Asean FTA-IAFTA)ကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံရှိခဲ့သော အာဆီယံ-အိန္ဒိယ ကုန်သွယ်မှုသည် ၂၀၁၀ ပြည့်နှစ်တွင် ကန်ဒေါ်လာ ၅၀ ဘီလီယံရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ကန်ဒေါ်လာ ၇၄ ဘီလီယံထိ တိုးတက်ခဲ့ပါသည်။ ဤအချက်က အိန္ဒိယဈေးကွက်သည် အာဆီယံ၏ စတုတ္ထမြောက်အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်ကြောင်း သက်သေပြနေပါသည်။ ထို့ပြင် ၂၀၂၂ ခုနှစ်တွင် အိန္ဒိယ-အာဆီယံကုန်သွယ်မှုကို ကန်ဒေါ်လာ ဘီလီယံ ၁၀၀ မျှော်မှန်းထားသည်။ အာဆီယံ-အိန္ဒိယ၏ လက်ရှိဆောင်ရွက်ဆဲဖြစ်သော ဒေသဆိုင်ရာဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Regional Comprehensive Economic Partnership- RCEP) ကလည်း ကန်ဒေါ်လာ ဘီလီယံ ၁၀၀ ပြည့်မီရေးမျှော်မှန်းချက်ကို အထောက်အကူပြုနိုင်ပါသည်။အာဆီယံ၏ ပထမ၊ ဒုတိယနှင့် တတိယအများဆုံး ကုန်သွယ်ဖက်များမှာ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ ဖြစ်ကြသည်။

**IAFTA သည် အာရှဈေးကွက်တွင် လွှမ်းမိုးလျက်ရှိသော တရုတ်၏ စီးပွားရေးကို တစ်နည်းနည်းဖြင့် ဟန့်တားရာ ရောက်သည်။**

အိန္ဒိယနိုင်ငံသည် စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်ဟူသော အာဆီယံအဖွဲ့ဝင် ၄ နိုင်ငံနှင့် ကုန်သွယ်မှုသဘောတူညီချက်ကို ချုပ်ဆိုပြီး ပိုမိုကုန်သွယ်လျက်ရှိပါသည်။ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့်လည်း ကုန်စည်များစွာအပေါ် အကောက်ခွန်လျှော့ချခြင်းအားဖြင့် လွတ်လပ်သော ကုန်သွယ်မှုကို ဆောင်ရွက်လျက်ရှိသည်။ ကျန်အဖွဲ့ဝင် လေးနိုင်ငံဖြစ်သည့် လာအို၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ မြန်မာနိုင်ငံတို့နှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

### အလားအလာကောင်းသော IAFTA

လူဦးရေ ၁ ဒသမ ၈ ဘီလီယံရှိပြီး ဂျီဒီပီ (GDP) အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅ ထရီလီယံရှိသော IAFTA သည် ကမ္ဘာပေါ်ရှိ အကြီးမားဆုံးသော FTA များတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ IAFTA က အာဆီယံနှင့် အိန္ဒိယတို့အတွက် ကြီးမားသော စီးပွားရေးတိုးတက်မှုအခွင့်အလမ်းများကို ဖြစ်စေသည်။ အာဆီယံ သွင်းကုန်များ၏ ၂ ဒသမ ၁ ရာခိုင်နှုန်းသည် အိန္ဒိယဈေးကွက်မှဖြစ်ကြောင်း သိရှိရသည်။

တရုတ်-အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (CAFTA) အရ တရုတ်ထုတ်ကုန်များသည် အာဆီယံဈေးကွက်အတွင်း ဈေးနှုန်းသက်သာလျက်ရှိသည်။ ထို့ကြောင့်အိန္ဒိယနိုင်ငံသည် ယင်း၏ကုန်သွယ်မှု ဝေစု (Trade share) ကို ထိန်းထားရန်အတွက် IAFTA လိုအပ်ပါသည်။ ကုန်စည်များ (Goods) ကိုသာမကဘဲ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု (Service & investment) တိုးတက်ရေးအတွက် IAFTA ကို အသုံးချနိုင်မည်ဆိုပါလျှင် အိန္ဒိယသည် ပိုမိုကြီးမားသော အကျိုးတရားများကိုရရှိနိုင်မည်ဖြစ်သည်။

IAFTA သည် အိန္ဒိယနိုင်ငံလုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဈေးကွက်ပိုမိုရရှိစေနိုင်ကြောင်း အိန္ဒိယကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ပြောကြားသည်။ အာဆီယံသည် ဝန်ဆောင်မှုများကို အဓိကတင်သွင်းသည့်ဒေသ (A net importer of services) ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် အာဆီယံ၏ ဝန်ဆောင်မှုတင်သွင်းမှုသည် ကန်ဒေါ်လာ ဘီလီယံ ၁၈၀ ရှိခဲ့သည်။

အာဆီယံ-အိန္ဒိယရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံသည် စည်းမျဉ်းစည်းကမ်းပြုပြင်ပြောင်းလဲမှုများ (Institutional reforms) နှင့် ပေါ်လစီပြောင်းလဲမှုများ (Policy changes) လိုအပ်နေသည်။ အဆိုပါပြုပြင်ပြောင်းလဲ မှုများသည် နိုင်ငံ၏ စီးပွားရေးဒဏ်ခံနိုင်မှုကို မြှင့်တင်ရန်၊ ပို့ကုန်ယှဉ်ပြိုင်နိုင်မှု (Export competitiveness) ကိုမြှင့်တင်ရန်၊ အိန္ဒိယစီးပွားရေးပတ်ဝန်းကျင်တိုးတက်စေရန် လိုအပ်သည်။

တစ်ဖန် IAFTA သည် အိန္ဒိယ၏ လုပ်သားဈေးကွက် ပြုပြင်ပြောင်းလဲမှုများ (Labor market reforms) ကိုလည်း ဖြစ်စေသည်။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယသည် တရုတ်နှင့် ယှဉ်ပြိုင်၍ ပို့ကုန်တင်ပို့ရန် ကြိုးပမ်းနေ သောကြောင့် ဖြစ်သည်။ အဆိုပါများပြားသော ပြုပြင်ပြောင်းလဲမှုများက အိန္ဒိယပြည်တွင်းစီးပွားရေးကို တိုးတက်စေပါသည်။ ထို့ပြင် IAFTA သည် အာရှဈေးကွက်တွင် လွှမ်းမိုးလျက်ရှိသော တရုတ်၏ စီးပွားရေးကို တစ်နည်းနည်းဖြင့် ဟန့်တားရာရောက်သည်။

### IAFTA ၏ ဆိုးကျိုးများ

IAFTA သည် အိန္ဒိယအတွက် ဖော်ပြပါကောင်းကျိုးများအပြင် ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေသည်။ ဆိုးကျိုးမှာ အာဆီယံနိုင်ငံအချို့နှင့် ကုန်သွယ်ရာတွင် အိန္ဒိယ၏ ကုန်သွယ်မှုလက်ကျန် (Trade balance) ကို အနုတ် လက္ခဏာဆောင်စေခြင်း ဖြစ်သည်။ ဥပမာ-တရုတ်ကဲ့သို့သော နိုင်ငံတချို့က အာဆီယံဈေးကွက်မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ခြင်းမျိုး ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယပြည်တွင်းဈေးကွက်သည် ဈေးနှုန်းသက်သာသည့် သွင်းကုန်များ၏ စိန်ခေါ်မှုကို ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်သည်။ ကြိုတင်ပြင်ဆင်ထားခြင်း မရှိပါက အင်ဒိုနီးရှား အပါအဝင် အာဆီယံနိုင်ငံတချို့နှင့် ကုန်သွယ်ရာတွင် အိန္ဒိယအတွက် ကုန်သွယ်ရေးလိုငွေပြမှု (Trade deficit) ကို ရင်ဆိုင်ရပါမည်။

### အပေါင်းလက္ခဏာဖွံ့ဖြိုးတိုးတက်မှု

ခြုံငုံသုံးသပ်ပါလျှင် IAFTA သည် နှစ်ဦးနှစ်ဖက်အတွက် အပေါင်းလက္ခဏာဖွံ့ဖြိုးတိုးတက်မှု (Positive development) ကို ပေးစွမ်းကြောင်း တွေ့ရှိရပါသည်။ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့တွင် အလုပ်လုပ်သော အသက်အရွယ် (Working-age population) သည် ကျဆင်းနေသည်။ အိန္ဒိယနိုင်ငံ၏ Working-age population သည် မြင့်တက်နေသောကြောင့် အာဆီယံဈေးကွက်အတွက် အကျိုးများစေနိုင်သည်။ ထို့ပြင် အိန္ဒိယသည် ကမ္ဘာပေါ်တွင် သတင်းအချက်အလက်နည်းပညာ ပိုင်းတွင် ဦးဆောင်နိုင်ငံဖြစ်သည့်အပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှုရှိသော နိုင်ငံလည်း ဖြစ်ပါသည်။

ဤအချက်များအရ AFTA သည် အိန္ဒိယ၏ လက်ရှိစီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးနိုင်သကဲ့သို့ အာရှတိုက်အတွင်း စီးပွားရေးအင်အားကြီးနိုင်ငံ တည်ထောင်ရေးအတွက်လည်း အထောက်အကူ ဖြစ်စေနိုင်သည်။

Source: thejakartaglobe.com

# မန္တလေးတိုင်းဒေသကြီး ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဩဂုတ်လ ၂၄ ရက် မန္တလေးတိုင်းဒေသကြီးထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၁၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးသို့ တိုင်းဒေသကြီး ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသူနှင့်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ခဲ့ကြပါတယ်။

တိုင်းဒေသကြီး ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ကော်မတီက ကုန်ပစ္စည်းထုတ်လုပ်မှုများနဲ့ ဆက်စပ်နေသလို အရည်အသွေးရှိ စံချိန်စံညွှန်းမီစားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်လာစေရန်နဲ့ ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မတီမှ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စားသောက်ကုန် ထုတ်လုပ်ရောင်းချသူများ အသိပညာပေးဟောပြောဆွေးနွေးပွဲကို စက်တင်ဘာလဆန်းပိုင်းတွင် သင့်တော်မည့်နေရာ၌ စီစဉ်ကျင်းပမည်ဖြစ်ကြောင်း၊ စဉ့်ကိုင်မြို့နယ် ခန်လူးကျေးရွာတွင် စားသုံးရန်မသင့်ဆိုးဆေးများသုံးစွဲ၍ ထုတ်လုပ်နေသော ငရုတ်သီးမှုန့်လုပ်ငန်းရှင်များကို ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဌာနပေါင်းစုံပါဝင်သော ပူးပေါင်းအဖွဲ့မှ သင်တန်းပေး၍ အမှတ်တံဆိပ်များဖြင့် စနစ်တကျ ထုတ်လုပ်ရောင်းချစေရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ကော်မတီဝင်များက စားဆီများအား စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်စေရေး၊ စားသုံး သူများအား အန္တရာယ်ဖြစ်စေသော ဆိုးဆေးပါ ငရုတ်သီးမှုန့်နှင့် စားသုံးဆီများအား တခြားအရာများနှင့် ရောနှောရောင်းချမှုများကိုလည်းကောင်း၊ စားသောက်ကုန်တွင် သုံးစွဲသော ဆိုးဆေးကို ရောင်းချရာတွင် အဝတ်အထည်သုံးဆိုးဆေးနှင့် စားသောက်ကုန်သုံး ဆိုးဆေးများကိုခွဲခြား ရောင်းချစေရန် ပညာပေးခြင်းများ ပြုလုပ်ရန်လိုကြောင်း၊ FDA မှ စားသုံးရန် မသင့်ဟု ထုတ်ပြန်ထားသော စားသောက်ကုန်များကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်အတွက် သက်ဆိုင်ရာဌာနများသို့ ပေးပို့ဖြန့်ဝေသွားမည်ဖြစ်ကြောင်း အသီးသီး ဆွေးနွေးပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**တင်ချစ်ကောင်း - စားသုံးသူ မန္တလေး**

## ပခုက္ကူမြို့တွင် EDNA Myanmar မှ Enterprise Development Day (လုပ်ငန်းဖွံ့ဖြိုးမှု မြှင့်တင်ရေးနေ့) ဆွေးနွေးပွဲကျင်းပ

ဩဂုတ်လ ၂၃ ရက် နံနက်က ပခုက္ကူမြို့ အမှတ် (၁) ရပ်ကွက်၊ ပြည်သာယာခန်းမမှာ ပခုက္ကူခရိုင်၊ ပခုက္ကူ ကမ္မ၊ မြစ်ခြေ၊ ရေစကြို၊ မြိုင်မြို့နယ်များရှိ ကျေးရွာများမှ အာရှစွန့်ဦးတီထွင် စီးပွားရေးစွမ်းဆောင်ရည် ဖွံ့ဖြိုးမှုကွန်ယက် (မြန်မာ)မှ တစ်ပိုင်တစ်နိုင်နှင့် အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ အတွက် စွန့်ဦးတီထွင်စီးပွားရေးစွမ်းဆောင်မှုနည်းပညာနှင့် လုပ်ငန်းဖွံ့ဖြိုးမှု မြှင့်တင်ရေး ဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။ ဆွေးနွေးပွဲကို NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် EDNA Myanmar က ကျင်းပခဲ့ကြောင်းနှင့် ဆွေးနွေးပွဲသို့ မိတ္ထီလာ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ ကမ္မ၊ မြစ်ခြေ၊ ရေစကြို၊ မြိုင်တို့မှ သင်တန်းသား၊ သင်တန်းသူများ၊ ဧည့်သည်တော်များ အပါအဝင် ၄၅၀ ဦးတက်ရောက်ခဲ့ကြောင်း၊ ပထမဦးစွာ EDNA Myanmar မှ ဦးနေလင်းစိုးက အခမ်းအနားကျင်းပရခြင်းအကြောင်း ပြောကြားပြီး စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြတဲ့ ချည်ထည်ရက်ကန်းလုပ်ငန်းရှင် ဒေါ်ကြည်ငွေနှင့် ချင်းတွင်းသားရေဖိနပ်လုပ်ငန်းရှင် ဦးရဲထွဋ်တို့က လုပ်ငန်းလုပ်ဆောင်ရာတွင် ဆောင်ရွက်လုပ်ကိုင်ခဲ့မှုအဆင့်ဆင့် ဈေးကွက်ထိုးဖောက်ပုံ၊ ပစ္စည်းအရည်အသွေးယှဉ်ပြိုင်ရပုံ၊ တွေ့ကြုံရတဲ့ အခက်အခဲတို့ကို ဟောပြောဆွေးနွေးပြီး ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဦးက ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အသေးစား အလတ်စား၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်သော SMEs ၏ အဓိပ္ပာယ်လုပ်ငန်းအမျိုးအစား၊ အားသာချက်၊ အားနည်းချက်၊ အရေးပါမှု၊ အဟန့်အတားဖြစ်စေတတ်သော အချက်၊ လုပ်ငန်းလမ်းကြောင်း၊ လုပ်ငန်းအောင်မြင်စေသောအချက် စီးပွားရေးလုပ်ဆောင်မှု လုပ်ငန်းစီမံခန့်ခွဲမှု ကျွမ်းကျင်ခြင်း၊ သွင်းအားစုလုပ်ငန်းစီမံကိန်း၏ ပါဝင်ပတ်သက် သတ်မှတ်သင့်သည့် လက္ခဏာရပ်များ စသည်တို့ကို အကျယ်တဝင့် ဆွေးနွေးပို့ချခဲ့ပါတယ်။ ဆွေးနွေးပွဲအပြီး တက်ရောက်လာသူများမှ သိလိုသည့်အချက်များကို မေးမြန်းကြပြီး စီးပွားရေးလုပ်ငန်းရှင်နှင့် မြှင့်တင်စားသုံးခရိုင်ဦးစီးမှူးတို့က ပြန်လည် ဆွေးနွေးရှင်းလင်းခဲ့ကြောင်း သိရပါတယ်။ **မြင့်ဦး - ပခုက္ကူ**

# ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံးတွင် ကုန်သွယ်ရေးနှင့် ကမ္ဘာ့ဈေးကွက်ချိတ်ဆက်ရေး (Trade & Global Supply Chain Training) သင်တန်းဖွင့်လှစ်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အတွက် ကုန်သွယ်မှုကဏ္ဍဟာ အရေးပါလှပါတယ်။ ကုန်သွယ်မှုနှင့် ပတ်သက်ပြီး Supply Chain Process တစ်ခုလုံးကို စလယ်ဆုံး သိမြင် နားလည်သဘောပေါက်ဖို့ လိုအပ်ပါတယ်။ ဒေသတွင်း SME လုပ်ငန်းများတွင်လည်း ‘အ’ သုံးလုံးဆိုသော အသိပညာ၊ အတတ်ပညာ၊ အတွေးအမြင်များ ပေါင်းစပ်ပြီး လုပ်ကိုင်ပါက၊ ထုတ်ကုန် အရည်အသွေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို နိုင်ငံတကာနှင့် ကုန် သွယ်မှုကဏ္ဍများ ချိတ်ဆက်လုပ်ကိုင် ခြင်းဖြင့် ပြည်ပဝင်ငွေများ တိုးပွားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါ ကြောင့် ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ




ကြီးမှူး၍ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကုန် သွယ်မှု အခြေခံသဘောတရားများကို စီးပွားရေးလုပ်ငန်းများ၊ ဌာနတွင်း လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စေရန် ရည်ရွယ်၍ ကုန်သွယ်ရေးနှင့် ကမ္ဘာ့ဈေးကွက် ချိတ်ဆက်ရေးသင်တန်း(Trade & Global Supply Chain Training ) အား ဩဂုတ်လ ၂၂ ရက်နေ့က ပြည်ခရိုင်ဦးစီးမှူးရုံး သင်တန်းခန်းမမှာ ဖွင့်လှစ်ခဲ့ပါတယ်။

သင်တန်းဖွင့်ပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေဆန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်ခရိုင်ဦးစီးမှူး ဦးမြင့်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့ပါတယ်။

အဆိုပါ သင်တန်းမှာ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ(Import & Export Training) ကမ္ဘာ့ဈေးကွက်ချိတ်ဆက်ရေး စီမံခန့်ခွဲမှု (Global Supply Chain)၊ SMEs လုပ်ငန်းများ၏ စွန့်ဦးတီထွင်မှု (Entrepreneurship for SMEs)၊ မြန်မာနိုင်ငံ၏အာဆီယံစီးပွားရေး(AEC Business in Myanmar )၊ B2B စီးပွားရေး မဟာဗျူဟာများ (G2G & B2B Business Strategy) စသည့် စီးပွားရေးဆိုင်ရာ ခေါင်းစဉ်များအား Future Myanmar ( Consulting Training Service )နှင့် Bagan Trade.com (B2B International Trading) မှ မန်နေဂျင်းဒါရိုက်တာ ဦးဇင်ဖြိုးပိုင်က ရှင်းလင်းဆွေးနွေး ပို့ချခဲ့ပါတယ်။ အဆိုပါသင်တန်းအားလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ စုစုပေါင်း ၈၁ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း - ပြည်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.33 Monday August 31 2015

# မဲခေါင်ဒေသခွဲက စီးပွားရေးဖွံ့ ဖြိုးမှုနယ်မြေသစ်တစ်ခုဖြစ်လာနိုင်

ဂျပန်နိုင်ငံက မဲခေါင်ဒေသခွဲအတွက် ပေးထားတဲ့ ကတိကဝတ်တွေကို အကောင်အထည်ဖော်နိုင်မယ်ဆိုရင် အင်ဒိုချိုင်းနားဒေသရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အာမခံချက်ပေးနိုင်မှာဖြစ်ပြီး၊ ဒေသတွင်းမှာ ဖွံ့ဖြိုးတိုးတက်မှု အလားအလာရှိတဲ့ နယ်မြေသစ်တစ်ခုဖြစ်လာနိုင်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ယာယီဝန်ကြီးပန်ဆိုရာဆက်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဘာနားမားသတင်းမှာ ဖော်ပြထားပါတယ်။

"မဲခေါင်ဒေသမှာ နေထိုင်လျက်ရှိတဲ့ လူဦးရေက အာဆီယံဒေသတွင်း နေထိုင်သူဦးရေရဲ့ တစ်ဝက်(လူဦးရေသန်း၂၄၀)ရှိတဲ့အတွက် မဲခေါင်ဒေသရဲ့ဖွံ့ဖြိုးမှု အလားအလာက လွန်စွာကြီးမားပါတယ်။ အကောင်အထည်ဖော်မယ့် အစီအစဉ်တွေက ဝင်ငွေနိမ့်ကျတဲ့နိုင်ငံတွေအတွက် ပိုပြီး အကျိုးဖြစ်ထွန်းစေနိုင်ပါတယ်"လို့ ဩဂုတ် ၂၄ ရက်က ကွာလာလမ်ပူမှာကျင်းပတဲ့ (၇) ကြိမ်မြောက် မဲခေါင်ဂျပန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးမှာ သူက သတင်းထောက်တွေကိုပြောပါတယ်။

၂၀၁၅ ခုနှစ် တိုကျိုမဟာဗျူဟာသစ် (New Tokyo Strategy 2015) သဘောတူညီချက် မူကြမ်းအရ ရေးဆွဲထားတဲ့ ကနဦးအစီအစဉ်တွေကို စီမံကိန်းနဲ့အညီ တိုးတက်အောင် ဆောင်ရွက်ဖို့ မဲခေါင်ဒေသခွဲမှ အာဆီယံစီးပွားရေးဝန်ကြီးတွေနဲ့ ဂျပန်နိုင်ငံစီးပွားရေးဝန်ကြီးတို့က အစည်းအဝေးမှာ ထပ်မံအတည်ပြုခဲ့ကြကြောင်း သူက ပြောပါတယ်။ ၂၀၁၆ ခုနှစ်ကစပြီး သုံးနှစ်အတွင်း တရားဝင်ဖွံ့ဖြိုးမှု အကူအညီ (Official Develop ment Assistance-ODA) ယန်းဘီလီယံ ၇၅၀ ပေးဖို့ ဂျပန်နိုင်ငံက ကတိပြုခဲ့ပါ တယ်။

အဲဒီအကူအညီကို လမ်းပန်းဆက်သွယ်မှု တိုးမြှင့်ရေးအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးမှာ အသုံးပြုမယ့်အပြင် လုပ်သားများရဲ့ ကျွမ်းကျင်မှုနဲ့ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေး အတွက်ပါ အသုံးပြုသွားမှာဖြစ်ကြောင်း ပန်က ပြောပါ တယ်။

မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များကို ၂၀၀၈ ခုနှစ်က ချုပ်ဆို ခဲ့ပြီး၊ ဂျပန်နိုင်ငံနဲ့အတူ ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ ထိုင်း၊ ဗီယက်နမ် စတဲ့ အာဆီယံငါးနိုင်ငံ ပါဝင်ပါတယ်။

# အာဆီယံဘဏ်တို့က နည်းပညာအကူအညီဖြင့် ကျေးလက်ဒေသအရောက် ခရီးဆန့်မည်

ဝေးလံခေါင်းပါးတဲ့ ဒေသများသို့မဟုတ် လူနေနည်းပါးတဲ့ ဒေသများအထိ ဘဏ်ဝန်ဆောင်မှုပေးနိုင်ရေးအတွက် အာဆီယံဘဏ်တို့က နည်းပညာအသုံးပြု ဆောင်ရွက်လျက်ရှိကြောင်းနဲ့ ဒီလိုအသုံးပြုနေတဲ့အထဲမှာ အင်ဒိုနီးရှားဘဏ်တစ်ဘဏ်ဖြစ်တဲ့ PT Bank Rakyat Indonesia (BRI) လည်း ပါဝင်လျက်ရှိကြောင်း ကွန်ပျူတာဝိကလဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ဘဏ်လုပ်ငန်းနဲ့ အဆက်အသွယ်မရှိသလောက် ဖြစ်နေတဲ့ ဝေးလံခေါင်းပါးတဲ့ ကျွန်းစုများမှာ နေထိုင်ကြသူတွေကို ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် BRI က ရွေ့လျားဘဏ်တစ်ဘဏ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ BRI ရဲ့ရွေ့လျားဘဏ်တစ်ဘဏ်ဖြစ်တဲ့ Teras BRI Kapal က Thousand Islands ကျွန်းစုမှာ ဘဏ်လုပ်ငန်းကို ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်တော့မှာဖြစ်ပြီး၊ Ternate (မြောက်ပိုင်း မာလူကူ)၊ ဘောဘော(အရှေ့တောင်ပိုင်းဒေသဆူလာဝေစီ)နဲ့ တန်ဂျွန်းဆီလာ (မြောက်ပိုင်း ကလီမန်တန်) ဒေသတွေမှာ ရွေ့လျားဘဏ်လုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပါတယ်။

ဘဏ်က ဆောင်ရွက်ပေးမယ့် ဝန်ဆောင်မှုတွေက BRI ဘဏ်ရဲ့ ဘဏ်ခွဲတွေဆောင်ရွက်နေတဲ့လုပ်ငန်းတွေအတိုင်း ဆောင်ရွက်ပေးမှာဖြစ်ပြီး၊ ငွေစုစာရင်း၊ ချေးငွေနဲ့ငွေလွှဲလုပ်ငန်းတွေကိုပါ ဆောင်ရွက်မှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အလိုအလျောက်ငွေထုတ်စက် (အေတီအမ်)တွေကိုပါ တပ်ဆင်အသုံးပြုသွားမှာဖြစ်ပါတယ်။

အိုင်တီနည်းပညာကို ကျောထောက်နောက်ခံပြုပြီး ဝေးလံခေါင်းပါးတဲ့ဒေသတွေကို ဘဏ်လုပ်ငန်းနဲ့ ဆက်သွယ်ဆောင်ရွက်ရာမှာ ဘဏ်ဝန်ဆောင်မှုပေးတဲ့အလုပ်က အာဆီယံဒေသနဲ့စိမ်းနေတဲ့ လုပ်ငန်းတစ်ခုတော့ မဟုတ်ပါဘူး။ ဒီလိုဝန်ဆောင်မှုပေးနိုင်ဖို့အတွက် အသုံးပြုတဲ့နည်းလမ်းတွေထဲမှာ ရွေ့လျားဘဏ်လုပ်ငန်း နည်းပညာ (Mobile Banking Technology)၊ ငွေထုတ်ပေးတဲ့ရုံတွေနဲ့ အခြေခံဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးတဲ့ မြေပြင်ကွင်းဆင်းအဖွဲ့စတာတွေကို အသုံးပြုပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနည်းပညာတွေထဲမှာ ဘဏ်လုပ်ငန်းအားလုံးကို အထောက်အကူ ပေးနိုင်မယ့် စမတ်ဖုန်း အပလီကေးရှင်းများကို အသုံးပြုဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးမှာ စာရွက်လွတ်အသုံးပြုနိုင်မယ့် နည်းပညာတွေအထိ တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း အာရှပစိဖိတ်ဒေသရှိ IDC Financial Insights မှ လေ့လာဆန်းစစ်ရေးမှူး ဟိုဆီဂွျန်က ပြောပါတယ်။

# အာဆီယံဒေသတွင်း စီးပွားရေးဘက်စုံပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းမှုများတိုးတက်

ကမ္ဘာ့အကြီးမားဆုံး ကုန်သွယ်မှုသဘောတူညီချက်ရရှိရေးအတွက် စေ့စပ်ညှိနှိုင်းမှုများကို ဆောင်ရွက်ရာမှာ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)က သမိုင်းတင်လောက်တဲ့ တိုးတက်မှုတွေရရှိထားကြောင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူထားတဲ့ မလေးရှားနိုင်ငံရဲ့ပြောကြားချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ မြို့မှာ ဆွေးနွေးလျက်ရှိတဲ့ အာဆီယံဝန်ကြီးများက အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီးနောက် ဒေသဆိုင်ရာဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူညီချက်ကို ဩဂုတ်လ ၂၄ ရက်နေ့က ရရှိခဲ့ပါတယ်။

(၄၇)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးများသို့ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြပါတယ်။

"ကမ္ဘာတစ်ဝန်းမှာ ဖိအားပေးမှုတွေရှိနေတာကို ထင်ထင်ရှားရှား တွေ့မြင့်ရမှာပါ။ ဒါပေမယ့် အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေက ကမ္ဘာပေါ်မှာ




အင်အားခိုင်မာတောင့်တင်းမှုအရှိဆုံး ဒေသဖြစ်တာကြောင့် ဒီသဘောတူညီချက်အမျိုးမျိုးကို ဆက်လက် အကောင်အထည်ဖော်နိုင်မှ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ သာယာဝပြောမှုကို ကျွန်တော်တို့ ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ နားလည်သဘောပေါက်ထားပါတယ်"လို့ ဩစတြေးလျနိုင်ငံ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီး အင်ဒရူးရော့ဘ်က ပြောပါတယ်။

အာဆီယံနဲ့ လွတ်လပ်စွာကုန် သွယ်ဖက်နိုင်ငံတွေ စေ့စပ်ညှိနှိုင်းရရှိထားပြီးဖြစ်တဲ့ လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်တွေအနက် RCEP ကလည်း တစ်ခုအပါဝင်ဖြစ်ပါ တယ်။

ဆွေးနွေးညှိနှိုင်းရာမှာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအပြင် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ နယူးဇီလန်နိုင်ငံတွေလည်း ပါဝင်လျက်ရှိရာ ဒီနိုင်ငံတွေရဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု(ဂျီဒီပီ)က ကမ္ဘာ့စုစုပေါင်း ဂျီဒီပီရဲ့ ၃၀ ရာခိုင်နှုန်းနီးပါး ပါဝင်လျက်ရှိပါတယ်။

# အာဆီယံဒေသမှာ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာမယ်လို့ခန့်မှန်း

ကမ္ဘာပေါ်မှာ မျက်မှောက်ကာလ အခက်အခဲတွေရှိနေပေမယ့် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုတွေက အလားအလာကောင်းတွေ အများအပြား ရှိနေတယ်လို့ ခန့်မှန်းနိုင်ကြောင်း Maybank Group ဥက္ကဋ္ဌနဲ့ အမှုဆောင်ချုပ် ဒါတွတ်အဗ္ဗဒူဖားရစ် အလိုင်ယပ်စ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး စတားအွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

အာဆီယံဒေသက ၂၀၁၄ ခုနှစ်အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃၆ ဘီလီယံရရှိခဲ့တဲ့အနက် ၂၀ ရာခိုင်နှုန်းက အာဆီယံဒေသတွင်းကနေရရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်ပါတယ်။

တရုတ်နိုင်ငံမှာဖြစ်ပွားနေတဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုက ရင်းနှီးမြှုပ်နှံသူတွေ ခန့်မှန်းထားတာထက် ကျော်လွန်နေတဲ့အတွက် ဒီနှေးကွေးကျဆင်းမှုက ဈေးကွက်တွေကို အထိတ်တလန့်ဖြစ်စေခဲ့ကြောင်း ဩဂုတ် ၂၅ ရက်နေ့က မနီလာမြို့မှာပြုလုပ်တဲ့ Investment ASEAN ဆွေးနွေးပွဲမှာ သူကသတင်းထောက်တွေကို ပြောပါတယ်။

အာဆီယံဒေသက ၁၉၉၇ ခုနှစ် အာရှငွေကြေးအကျပ်အတည်းကာလကို ဖြတ်ကျော်ပြီး၊ မလေးရှားနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံတွေမှာ အရန်ငွေကြေးနဲ့လက်ကျန်ရှင်းတမ်းတွေ ခိုင်မာတိုးတက်လာတဲ့အတွက် ကံကောင်းတဲ့အနေအထားကို ရောက်ရှိနေပြီဖြစ်ကြောင်း ဖားရစ်က ပြောပါတယ်။

"ကမ္ဘာ့စီးပွားရေးနှေးကွေးကျဆင်းမှုက မလွဲမသွေဖြစ်လာမယ်လို့ ခန့်မှန်းထားပေမယ့် အာဆီယံဒေသမှာ စီးပွားရေးအခြေခံကောင်းမွန်တဲ့အတွက် ဒေသတွင်းစီးပွားရေးတွေ အလျင်အမြန် တိုးတက်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"လို့ သူကပြောပါတယ်။

ကိစ္စရပ်အားလုံးပုံမှန်အနေအထားဖြစ်လာပြီး၊ မရေရာမှုတွေ ကွယ်ပျောက်သွားတာနဲ့ တစ်ပြိုင်နက် ရင်းနှီးမြှုပ်နှံသူတွေများပြားလာ မယ်လို့ ဖားရစ်ကပြောပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ဖိလစ်ပိုင်ကျေးလက်ဖွံ့ဖြိုးမှုအစီအစဉ်ကို ကမ္ဘာ့ဘဏ်ကပြန်လည်သုံးသပ်

ဖိလစ်ပိုင် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ် (Philippine Rural Development Program-PRDP)အရ အကောင်အထည်ဖော်လျက်ရှိတဲ့ စီမံကိန်းများရဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကမ္ဘာ့ဘဏ်မှ အဖွဲ့တစ်ဖွဲ့က ပြန်လည် လေ့လာသုံးသပ်လျက်ရှိကြောင်း ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြထားပါတယ်။

ကမ္ဘာ့ဘဏ်အဖွဲ့ကို PRDP လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဆာမစ်ဆန်ဒါဒပ်ကဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ဩဂုတ်လ စာရင်းအရ အစီအစဉ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး (Infrastructure Development-I-BUILD) အစီအစဉ်အရ အခြေခံအဆောက်အအုံစီမံကိန်းများအတွက် ပီဆို ၁၀ ဒသမ ၉၆ ဘီလီယံအတည်ပြုထားပါတယ်။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှု အစီအစဉ် (Enterprise Development-I-REAP) အရ လယ်ယာစိုက်ပျိုးရေးနဲ့ သားငါးထုတ်ကုန်များကို ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းနဲ့ ဈေးကွက်တင်ပို့ခြင်း လုပ်ငန်းများအတွက် ပီဆို ၁ ဒသမ ၆၂ ဘီလီယံ ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနရဲ့ အဆိုအရ ပီဆို ၂၉၇ ဒသမ ၆၁ သန်းနဲ့ ဆောင်ရွက်နေတဲ့ အခြေခံအဆောက်အအုံစီမံကိန်း ၁၀ ခုမှာ ယခုအခါ အကောင်အထည်ဖော်ဆောင်ရွက်နေဆဲဖြစ်ပြီး ၅၀ ရာခိုင်နှုန်းကို အကောင်အထည်ဖော်ထားပြီးဖြစ်ပါတယ်။ ပီဆို ၂ ဒသမ ၀၂ ဘီလီယံနဲ့ ဆောင်ရွက်နေတဲ့ အခြားအခြေခံအဆောက်အအုံစီမံကိန်း ၃၃ ခုရဲ့ အကောင်အထည်ဖော်မှု အခြေအနေက ၅၀ ရာခိုင်နှုန်းအောက်မှာသာရှိပါတယ်။

အခြေခံအဆောက်အအုံတည်ဆောက်ရေး တစ်ဆင့်ခံကန်ထရိုက်လုပ်ငန်း ၁၆ ခုအတွက် ပီဆို ၆၁၆ ဒသမ ၈၅ သန်းကို ကန့်ကွက်ရန် မရှိကြောင်းစာကို ဒုတိယဆင့်ထုတ်ပေးထားပြီး တစ်ဆင့်ခံကန်ထရိုက်စီမံကိန်း ၁၂၄ ခုအတွက် ပီဆိုရှစ်ဘီလီယံကို ထောက်ပံ့ငွေအဖြစ် အတည်ပြုထားပြီး ကန့်ကွက်ရန်မရှိကြောင်း အတည်ပြုစာကို ပထမဆင့် ထုတ်ပေးထားပြီးဖြစ်ကြောင်း အေဂျင်စီကပြောပါတယ်။

# ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ထိန်းထားနိုင်ရန် ထွန်းသစ်စနိုင်ငံများက ငွေကြေးတန်ဖိုးကျဆင်းမှုကိုလွှတ်ပေးထား



တရုတ်နိုင်ငံက ယွမ်တန်ဖိုးချထားတာနဲ့ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မယ့် အခြေအနေတွေကြောင့်ဒေါ်လာတန်ဖိုး မြင့်တက်တာတွေ ဖြစ်ပွားလာပြီးနောက်ပိုင်း ပို့ကုန်တွေရဲ့ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကို ဆက်လက် ထိန်းထားနိုင်ဖို့အတွက် ကမ္ဘာ့ထွန်းသစ်စဖွံ့ဖြိုးဆဲနိုင်ငံတွေက မိမိတို့ရဲ့ငွေကြေးများ တန်ဖိုးကျဆင်းလာတာကို ထိန်းသိမ်းခြင်းမပြုဘဲ ခွင့်ပြုထားကြကြောင်း အေအက်ဖ်ပီ သတင်းမှာ ဖော်ပြထားပါတယ်။

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ယခုနှစ် စက်တင်ဘာလအတွင်း အတိုးနှုန်းတွေ မြှင့်တင်ပေးလိမ့်မယ်လို့ ယူဆထားကြတဲ့အတွက် ယခင်ရက်သတ္တပတ်အတွင်းက အာရှဒေသရှိ ထွန်းသစ်နိုင်ငံတွေရဲ့ နိုင်ငံသုံးငွေကြေးတန်ဖိုးတွေ ကျဆင်းလာခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စု ဗဟိုဘဏ်က စက်တင်ဘာလထဲမှာ အတိုးနှုန်းတွေ မြှင့်တင်ပေးလိုက်ရင် ငွေကြေးတွေ ပြည်ပကို စီးထွက်သွားမှာကို ထွန်းသစ်စနိုင်ငံတွေက စိုးရိမ်လျက်ရှိကြောင်းနဲ့ တရုတ်ယွမ်ငွေကြေးတန်ဖိုး ဆက်လက်ကျဆင်းမှုနဲ့ ကမ္ဘာ့စီးပွားရေးတိုးတက်နှုန်းနှေးကွေးမှုတွေကြောင့်လည်း ဒေါ်လာ၊ ယူရိုနဲ့ ယန်းငွေတန်ဖိုးတွေကို မြင့်တက်လာစေခဲ့ကြောင်း Societe Generel မှ လေ့လာဆန်းစစ်ရေးမှူး ကစ်ဂျူက ပြောပါတယ်။

ထွန်းသစ်စနိုင်ငံတွေရဲ့ ပို့ကုန်လုပ်ငန်းတွေ အဓိကမှီခိုအားထားနေရတဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ဈေးနှုန်းတွေကျဆင်းမှု အပါအဝင် တခြားအကြောင်း တရားများကလည်း ငွေကြေးတန်ဖိုးကို ကျဆင်းစေခဲ့ပါတယ်။ တချို့အစိုးရတွေကလည်း မိမိတို့ငွေကြေးတန်ဖိုးများကို ချပေးကြပါတယ်။

# မလေးရှားနိုင်ငံက အထူးစီးပွားရေးကော်မတီဖွဲ့စည်းမည်

မလေးရှားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန် ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် မလေးရှားနိုင်ငံအစိုးရက အထူးစီးပွားရေးကော်မတီတစ်ရပ်ကို ထူထောင်မှာဖြစ်ကြောင်း ဝန်ကြီးချုပ်ဒါတွတ်ဆရီနာဂျစ်တွန်ရာဇတ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဘာနားမားသတင်းမှာ ဖော်ပြပါတယ်။

“ကော်မတီရဲ့ရည်ရွယ်ချက်က ၂၀၀၈ ခုနှစ်က စတင်တည်ဆောက်ခဲ့တဲ့ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး၊ မလေးရှားနိုင်ငံသားအားလုံးရဲ့ဘဝ သာယာဝပြောဖို့နဲ့ အရည်အသွေးပိုမိုမြင့်မားဖို့အတွက် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်၊ ရည်ရွက်ချက်နဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်ကို ကော်မတီက မကြာမီထုတ်ပြန်တော့မှာဖြစ်ပါတယ်”လို့ ဩဂုတ်လ ၂၅ ရက်နေ့မှာ ကျင်းပတဲ့ ၂၀၁၅ ခုနှစ် အမျိုးသားအခွန်ဆိုင်ရာ ကွန်ဖရင့်မှာ သူကပြောပါတယ်။ ယခင်ကရရှိထားတဲ့ စီးပွားရေးဖွံ့ဖြိုးမှုအရှိန် မြင့်မားတဲ့အတွက် ဒီစံချိန်ကို ဆက်လက်ထိန်းသိမ်းသွားဖို့ အစိုးရကဆုံးဖြတ်ထားပြီးဖြစ်ကြောင်း နာဂျစ်က ပြောပါတယ်။

ယခုလက်ရှိဖြစ်ပေါ်နေတဲ့ မရေရာမှုတွေနဲ့ စိန်ခေါ်မှုတွေဖြစ်ပေါ်နေချိန်မှာ ပြည်တွင်းစီးပွားရေး အခြေအနေ၊ လက်ရှိဖြစ်ပေါ်နေတဲ့ စီးပွားရေးနဲ့ ငွေကြေးဖြစ်ပေါ်တိုးတက်မှုနဲ့ စီးပွားရေးအပေါ် ယုံကြည်မှုအခြေအနေကို နားလည်ကြောင်း နာဂျစ်က ပြောပါတယ်။

“ယခင်ရက်သတ္တပတ်က ပြည်တွင်း၊ ပြည်ပဘဏ္ဍာရေးအဖွဲ့အစည်းတွေ၊ စီးပွားရေးပညာရှင်တွေနဲ့ လေ့လာဆန်းစစ်ရေးမှူးတွေ တွေ့ဆုံခဲ့ပြီးနောက် စီးပွားရေးနဲ့ ကော်ပိုရိတ်ခေါင်းဆောင်တွေနဲ့ ဩဂုတ်လ ၂၄ ရက်နေ့မှာ တွေ့ဆုံခဲ့ပါတယ်။ လာမယ့်ရက်သတ္တပတ်တွေမှာလည်း အစည်းအဝေးတွေကို ဆက်လက်ကျင်းပမှာဖြစ်ပါတယ်”လို့ သူကပြောပါတယ်။

မလေးရှားနိုင်ငံရဲ့ စီးပွားရေးအခြေခံတွေက ခိုင်မာနေဆဲဖြစ်ကြောင်း ဝန်ကြီးချုပ်ကပြောပါတယ်။ မလေးရှားရဲ့ ကုန်သွယ်မှုနဲ့ နိုင်ငံခြားငွေပေးငွေယူ ရှင်းတမ်းပိုငွေများလည်း ဆက်လက်မြင့်မားလျက်ရှိကြောင်း ရာဂျစ်က ပြောပါတယ်။

မလေးရှားနိုင်ငံရဲ့ အလုပ်လက်မဲ့အခြေအနေက ၂၀၁၅ ခုနှစ်မေလမှာ ၃ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး၊ ငွေကြေးဖောင်းပွမှုနှုန်းကလည်း ဆက်လက်နိမ့်ကျနေတဲ့အတွက် အလုပ်သမားဈေးကွက် တည်ငြိမ်နေကြောင်း သူကပြောပါတယ်။



# စင်ကာပူနိုင်ငံမှာ လုပ်ငန်းချဲ့ထွင်ဖို့ အမေရိကန်ကုမ္ပဏီများရဲ့ စိတ်ဝင်စားမှုကျဆင်း

စင်ကာပူရှိ အမေရိကန်ကုန်သည်ကြီးများအသင်းက ဩဂုတ် ၂၆ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အာဆီယံစီးပွားရေးလုပ်ငန်း အလားအလာ စစ်တမ်း (ASEAN Business Outlook Survey ) နောက်ဆုံးအစီရင်ခံစာအရ စင်ကာပူနိုင်ငံမှာ အမေရိကန်ကုမ္ပဏီများက လုပ်ငန်းချဲ့ထွင်ရန် စိတ်ဝင်စားမှုက ၂၀၁၅ ခုနှစ်မှာ ကျဆင်းခဲ့ကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်ကုမ္ပဏီတွေက အာဆီယံဒေသမှာ စီးပွားရေးလုပ်ငန်းတွေ ဆက်လက်ချဲ့ထွင်ဖို့အတွက် သတိထားဆောင်ရွက်နေကြကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အစီရင်ခံစာကို ပြုစုရာမှာ အာဆီယံဒေသမှာရှိတဲ့ အမေရိကန်စီးပွားရေးလုပ်ငန်းများရှိ အကြီးတန်း အမှုဆောင် အရာရှိ ၄၇၁ ဦးထံမှ စစ်တမ်းကောက်ယူပြုစုခဲ့တာဖြစ်ပါတယ်။

စစ်တမ်းမှာ ပါဝင်သူများအနက် ၁၂ ရာခိုင်နှုန်းက စင်ကာပူမှာ လုပ်ငန်းချဲ့ထွင်ဖို့ စီစဉ်ထားကြောင်း ပြောကြားခဲ့တဲ့အတွက် ယခင်တစ်နှစ်က ရှိခဲ့တဲ့ ၁၈ ရာခိုင်နှုန်းနဲ့နှိုင်းယှဉ်ရင် ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် ဝင်ငွေအလားအလာကို ကြည့်ပါက ယခင်နှစ်နဲ့ နှိုင်းယှဉ်ရင် ၂၀၁၅ ခုနှစ်မှာ အမြတ်ပိုမိုရရှိလိမ့်မယ်လို့ ခန့်မှန်းသူ သုံးပုံနှစ်ပုံရှိပါတယ်။

ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် လုံခြုံမှု၊ တည်ငြိမ်တဲ့အစိုးရ၊ နိုင်ငံရေးစနစ်နဲ့ အဂတိလိုက်စားမှု ကင်းရှင်းခြင်း စတဲ့ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တွေက အကောင်းမြင်ဘက်မှာ ရှိနေဆဲဖြစ်ကြောင်း စစ်တမ်းမှာဖော်ပြထားပါတယ်။ ဒါပေမယ့် သူတို့ရဲ့အဓိကစိုးရိမ်မှုက အလုပ်သမားစရိတ်မြင့်တက်မှု၊ အိမ်ခြံမြေနဲ့ရုံးခန်းငှားရမ်းခစတဲ့ ကုန်ကျစရိတ်နဲ့ပတ်သက်တဲ့ကိစ္စတွေဖြစ်ပါတယ်။

ဒေသတစ်ခုလုံးကို ခြုံကြည့်မယ်ဆိုရင် အာဆီယံဒေသတစ်ခုလုံးမှာ လာမယ့်ငါးနှစ်အတွင်း ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာမယ်လို့ယုံကြည်သူ ၈၆ ရာခိုင်နှုန်းရှိခဲ့ရာ ယခင်တစ်နှစ်က ရှိခဲ့တဲ့ ၈၉ ရာခိုင်နှုန်းနဲ့ လွန်ခဲ့တဲ့နှစ်နှစ်အတွင်းက ရှိခဲ့တဲ့ ၉၁ ရာခိုင်နှုန်းကနေ ပြန်လည်ကျဆင်းလာတာကို တွေ့ရပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

## ဗဲရှစ်

တရုတ်နိုင်ငံစီးပွားရေး တိုးတက်နှုန်း နှေးကွေးမှုကြောင့် ဖြစ်ပေါ်လာတဲ့ဂယက်ရိုက်ခတ်မှုကို "ခုခံတိုက်ဖျက်နိုင်မယ့်နည်းလမ်းတွေ" ဥရောပနိုင်ငံများမှာ ရှိနေကြောင်း ဥရောပစီးပွားရေးရာကော်မရှင်နာ Pierre Moscovici ရဲ့ ဩဂုတ် ၂၇ ရက်မှာ ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

## သန်းဟိုအာ(ဗီယက်နမ်)

ကမ္ဘာ့ဈေးကွက်တွေမှာ ဗီယက်နမ်ကုမ္ပဏီတွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်ကောင်းမွန်စေဖို့အတွက် ဗီယက်နမ်အစိုးရရဲ့ အကူအညီ လိုအပ်ကြောင်း ဩဂုတ်လ ၂၇ ရက်က ဗီယက်နမ်မှာ ကျင်းပတဲ့ ၂၀၁၅ ခုနှစ် ဆောင်းဦးရာသီစီးပွားရေးဖိုရမ်မှာ ဗီယက်နမ်နိုင်ငံရှိ ကမ္ဘာ့ဘဏ်မှ စီးပွားရေးပညာရှင် ဆန်းဒိမဟာဂျန်ရဲ့ ပြောကြားချက်ကို ကိုးကားပြီးဗီယက်နမ် သတင်းအေဂျင်စီက သတင်းဖော်ပြပါတယ်။

## မနီလာ

ဖိလစ်ပိုင်လူမျိုးဈေးဝယ်ထွက်သူအများစုက အလှကုန်ပစ္စည်းများကို ပိုမိုဝယ်ယူလာကြကြောင်း ၂၀၁၄ ခုနှစ် ဇွန်လမှ ၂၀၁၅ ခုနှစ်ဇွန်လအတွင်း ကျေးလက်နဲ့မြို့ပြဒေသရှိ ဖိလစ်ပိုင်လူမျိုး ၃၀၀၀ ကျော်ကို စစ်တမ်းဖော်ပြထားတဲ့ Kantar World-panel ရဲ့အစီရင်ခံစာကို ကိုးကားပြီး အင်ကွာရာနက်သတင်းမှာ ဖော်ပြထားပါတယ်။

## ရှန်ဟဲ(ပေကျင်း)

နှေးကွေးကျဆင်းနေတဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးကြောင့် တရုတ်နိုင်ငံရှိ ဘဏ်ကြီးများရဲ့ အကျိုးအမြတ်ရရှိမှုအခြေအနေမှာ ခြောက်နှစ်အတွင်း အကျိုးအမြတ်များ အနည်းဆုံးအထိ ကျဆင်းခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ်က ၎င်းတို့အတွက် ခက်ခဲတဲ့နှစ်တစ်နှစ်အဖြစ် ရောက်ရှိလာလိမ့်မယ်လို့ တရုတ်နိုင်ငံရှိ အကြီးဆုံးဘဏ်ကြီးများက သတိပေးထားကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

**USA**

# ဒေါ်လာတန်ဖိုး မြင့်တက်မှုနဲ့ ယွမ်တန်ဖိုးနိမ့်ကျမှုကြောင့် အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှု အလားအလာကို ထိခိုက်စေ

အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်မှုနဲ့ တရုတ်ငွေကြေးတန်ဖိုးချမှုတွေကြောင့် အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအလားအလာကို ထိခိုက်စေခဲ့ကြောင်းနဲ့ ယခုနှစ်မှာ အတိုးနှုန်းကို တိုးမြှင့်ပေးလိမ့်မယ်လို့ ယုံကြည်ကြောင်း အမေရိကန်ဗဟိုဘဏ်ထိပ်တန်း အရာရှိတစ်ဦးက ဩဂုတ်လ ၂၄ ရက်နေ့က ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

၂၀၀၉ ခုနှစ်နှစ်လည်က ဖြစ်ပွားခဲ့တဲ့ မဟာစီးပွားပျက်ကပ်ကနေ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးနာလန်ထူမှုက နှစ်အလိုက် ပျမ်းမျှတိုးတက်မှုနှုန်း ၂ ဒသမ ၁ ရာခိုင်နှုန်းရှိမှာဖြစ်တဲ့အတွက် ဒုတိယကမ္ဘာစစ်နောက်ပိုင်း စီးပွားရေးနာလန်ထူမှုအခြေအနေတွေနဲ့ကြည့်ရင် ဖွံ့ဖြိုးမှုနှေးကွေးနေတဲ့သဘော ရှိကြောင်း အတ္တလန္တာဗဟိုဘဏ်ဥက္ကဋ္ဌနဲ့ ပြည်ထောင်စုလွတ်လပ်တဲ့ ဈေးကွက်ကော်မတီဝင် (Faderal Open Market Committee) ဒန်းနစ်လောခ်ဟတ်က ပြောပါတယ်။

"လောလောဆယ်မှာ ဒေါ်လာတန်ဖိုးမြင့်တက်မှု၊ တရုတ်ယွမ်ငွေကြေးတန်ဖိုးချထားမှုနဲ့ ရေနံဈေးနှုန်းတွေ ဆက်လက်ကျဆင်းနေမှု စတဲ့ အဖြစ်အပျက်တွေက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း အတက်အကျကို ခန့်မှန်းရာမှာ အရေးပါတဲ့အချက်တွေ ဖြစ်ပါတယ်။" လို့ ကယ်လီဖိုးနီးယားပြည်နယ် ဘာကလေမှာကျင်းပတဲ့ ဖိုရမ်တစ်ခုမှာ လော့ဟတ်က ပြောပါတယ်။

"ကျွန်တော့်တစ်ဦးတည်း အမြင်အရ ဖွံ့ဖြိုးမှုအတန်အသင့်တော့ရှိမယ်။ အရှိန်အဟုန်ရဲ့ တိုးတက်မှုမရှိနိုင်ဘူးလို့ ထင်ပါတယ်။ ဒီအလားအလာအတိုင်းသာဖြစ်မယ်ဆိုရင် ငွေကြေးမူဝါဒ ပုံမှန်အနေအထားရောက်ရှိမှု တစ်နည်းအားဖြင့် အတိုးနှုန်းမြှင့်တင်မှုက ယခုနှစ်အတွင်း တစ်ချိန်မဟုတ်တစ်ချိန်ဖြစ်လာမှာပါ" ဟုသူကပြောသည်။

**EU**

# ဂရိတတိယကယ်တင်မှုချေးငွေအစီအစဉ်ကို ဂျာမန်ပါလီမန်က ထောက်ခံ

ဂရိနိုင်ငံအတွက် တတိယအကြိမ် ကယ်တင်မှုချေးငွေကို ဂျာမန်ပါလီမန်က ထောက်ခံမဲပေးလိုက်တာကြောင့် ဂရိနိုင်ငံကို ချေးငွေ ယူရို ၈၆ ဘီလီယံထုတ်ပေးဖို့ ဥရောပသမဂ္ဂက အတည်ပြုပေးဖို့အတွက် လိုအပ်နေတဲ့ အခက်အခဲတစ်ခုကို ဖယ်ရှားပေးနိုင်ပြီဖြစ်ပါတယ်။



ဂရိနိုင်ငံဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေး အစီအမံတွေထဲက အများစုကြီးကို ဂရိပါလီမန်က အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း ဂျာမန်ဘဏ္ဍာရေးဝန်ကြီး ရှွန်းဘလာက ပြောပါတယ်။

ဂရိနိုင်ငံ ကယ်တင်မှုချေးငွေကို ဆက်လက် ထောက်ပံ့သင့်ကြောင်း ဂျာမန်ပြည်သူများနဲ့ သူမပါတီကလက်ခံနိုင်ဖို့အတွက် ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်က အပြင်းအထန်ကြိုးစားခဲ့ရပါတယ်။

ကယ်တင်မှု အစီအစဉ်ကို မာကယ်ရဲ့ မဟာမိတ်ပါတီဖြစ်တဲ့ ဆိုရှယ်ဒီမိုကရက်ပါတီနဲ့ အတိုက်အခံပါတီဖြစ်တဲ့ ဂရင်းပါတီတို့ရဲ့ ထောက်ခံမှုအရ ဂျာမန်အောက်လွှတ်တော်ကိုယ်စားလှယ် ၄၅၄ ဦးက ထောက်ခံမဲ၊ ၁၁၃ ဦးက ကန့်ကွက်မဲနဲ့ ၁၈ ဦးကကြားနေမဲပေးခဲ့ပါတယ်။

ရှေးရိုးစွဲ ကိုယ်စားလှယ်များရဲ့ ဆန့်ကျင်မှုများရှိနေပေမယ့် ဩဂုတ်လ ၂၇ ရက်နေ့မှာ ဂျာမန်ပါလီမန် ကိုယ်စားလှယ်များက ဂရိနိုင်ငံရဲ့ တတိယမြောက် ကယ်တင်မှုချေးငွေကို အတည်ပြုခဲ့ကြပါတယ်။

ဆုံးရှုံးနိုင်ခြေရှိနိုင်တဲ့ အန္တရာယ်များကို လက်သင့်ခံပြီးနောက် ဂရိပါလီမန်က အစီအမံအများစုကို အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ အာဏာရလစ်ဘရယ်ပါတီက ကယ်တင်မှုချေးငွေနဲ့ပတ်သက်ပြီး သံသယဖြစ်စရာတွေ အများကြီးရှိခဲ့တယ်လို့ ပြောကြားခဲ့ပေမယ့် နယ်သာလန်အောက်လွှတ်တော်ကလည်း ဂရိကယ်တင်မှုချေးငွေကို အတည်ပြုပေးခဲ့ပါတယ်။ နယ်သာလန်မှာရှိတဲ့ ဥပဒေပြုသူတွေကလည်း ဩဂုတ်လ ၂၇ ရက်နေ့မှာ အတည်ပြုပေးခဲ့ပါတယ်။

**SOUTH ASIA**

# နိုင်ငံခြားသားများအတွက် ပညာရေးနဲ့ ဥပဒေရေးရာဝန်ဆောင်မှုများကို အိန္ဒိယအစိုးရက ဆောင်ရွက်ပေးမည်

အိန္ဒိယနိုင်ငံရဲ့ ဝန်ဆောင်ကဏ္ဍကို မြှင့်တင်ပေးရန် ရည်မှန်းချက်ဖြင့် ပညာရေးနဲ့ဥပဒေရေးရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးမယ့်စီမံကိန်းကို အိန္ဒိယအစိုးရက ရေးဆွဲလျက်ရှိကြောင်း ပီတီအိုင်သတင်းမှာ ဖော်ပြထားပါတယ်။

အိန္ဒိယလိုနိုင်ငံမျိုးအတွက် ဝန်ဆောင်မှုကဏ္ဍကို ဖြေလျှော့မှုတွေပြုလုပ်ပေးဖို့ဆိုတာက ဖြည်းဖြည်းချင်းဆောင်ရွက်ဖို့လိုအပ်ပြီး နိုင်းနိုင်းချိန်ချိန်နဲ့ ဆောင်ရွက်သွားရမယ့်လုပ်ငန်းဖြစ်ပါကြောင်း ယခုဆောင်ရွက်မှုမှာကနဦးအဆင့်မျှသာရှိသေးကြောင်းနဲ့ လမ်းညွှန်မှုအစီအစဉ် (Road Map) ကို ပြင်ဆင်ပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအတွင်းဝန် ရီတာတီးရိုရှားက ပီတီအိုင်သတင်း ဌာနကို ပြောပါတယ်။

ပညာရေးကဏ္ဍကို ဖွင့်လှစ်ပေးမယ့်နည်းလမ်းကို ရှင်းလင်းတင်ပြရာမှာ အွန်လိုင်းသင်တန်းများကို ဆောင်ရွက်သွားဖို့ ပထမဦးဆုံးရွေးချယ်ထားကြောင်း အတွင်းဝန်က ပြောပါတယ်။

" အင်ဒီရာဂန္ဒီအမျိုးသားလွတ်လပ်သောတက္ကသိုလ် (India Gandhi National Open University) ကလည်း အစီအစဉ်တချို့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဒီလိုနာမည်ကောင်းရှိပြီးသား နည်းပညာတက္ကသိုလ်တွေရှိမယ်ဆိုရင် အွန်လိုင်းသင်တန်းတွေကနေတစ်ဆင့် တခြားနိုင်ငံတွေအတွက် လေ့ကျင့်ရေးသင်တန်းတွေ ပေးနိုင်မှာ ဖြစ် ပါတယ်။ ဒါကလည်းခြေလှမ်းတစ်လှမ်းဖြစ်ပါတယ် " လို့သူက ပြောပါတယ်။

နိုင်ငံခြားသားတွေအတွက်ပေးမယ့် ဥပဒေရေးရာ ဝန်ဆောင်မှုအကြောင်းကို ပြောကြားရာမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အိန္ဒိယဘားကောင်စီ (Bar Concil of India-BCI) နဲ့ပူးပေါင်းဆောင် ရွက်ဖို့ ရည်မှန်းထားကြောင်းနဲ့ ဒီကိစ္စအတွက် (Society for India Law firms) များနဲ့ ဆွေးနွေးညှိနှိုင်းနေတယ်လို့ ပြောပါတယ်။

**EAST ASIA**

# အပြည်ပြည်ဆိုင်ရာ လုပ်ငန်းများနဲ့ ပူးပေါင်း ဆောင်ရွက်မှုကြောင့် တောင်ကိုရီးယား ဆေးဝါးလုပ်ငန်းတိုးတက်

ကမ္ဘာ့မိတ်ဖက် လုပ်ငန်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ တောင်ကိုရီးယားဆေးဝါးကုမ္ပဏီတွေက ပြည်တွင်းဈေးကွက်မှ ဖောက်ထွက်ပြီး ပိုမိုကြီးမားတဲ့ ဈေးကွက်ထဲကို ဝင်နိုင်ဖို့ပိုမိုကြိုးပမ်းလာကြကြောင်း ကိုရီးယားဟာရယ်သတင်းမှာ ဖော်ပြထားပါတယ်။

တောင်ကိုရီးယားကုမ္ပဏီများရဲ့ ဆေးဝါးသစ် ထုတ်လုပ်နိုင်မှုစွမ်းရည်ကို ပင်လယ်ရပ်ခြားမှာ အသိအမှတ်ပြုခံနေရပြီး ယခုအခါ တောင်ကိုရီးယားကုမ္ပဏီတွေက နိုင်ငံရပ်ခြားရှိ နာမည်ကြီး ဆေးဝါးကုမ္ပဏီကြီးများနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်လာကြပြီး အသစ်တီထွင်ဖော်စပ်ထားတဲ့ ဆေးဝါးတွေကို အောင်မြင်စွာ တင်ပို့လာနိုင်တာကို တွေ့ရပါတယ်။

ယခုလစောစောပိုင်းက တောင်ကိုရီးယားဆေးဝါးကုမ္ပဏီဖြစ်တဲ့ "ဟန်မီဆေးဝါး" ထုတ်လုပ်ရေးက ဂျာမနီဆေးဝါးကုမ္ပဏီကြီးဖြစ်တဲ့ Boehringer Ingelhaim နဲ့ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး အဆုတ်ကင်ဆာကုသရေးဆေးဝါး တတိယမျိုးဆက်ကို ဈေးကွက်တင်ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။

အလားတူသဘောတူစာချုပ်ကို အမေရိကန်အခြေစိုက် အယ်လီလီအင်ကုမ္ပဏီနဲ့ မတ်လအတွင်းက ချုပ်ဆိုနိုင်ခဲ့ပါတယ်။ စာချုပ်အရ ဆေးယဉ်ရောဂါကုသရေး HM 71224 ကိုတင်ပို့နိုင်မှာဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၆၉၀ အထိရရှိမှာ ဖြစ်ပါတယ်။ HM 71224 ဆေးခန်းတွေမှာ စမ်းသပ်ကုသမှု အဆင့်နှစ်ကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။

တခြားနိုင်ငံစုံ ဆေးဝါး ကော်ပိုရေးရှင်းကြီးတွေကလည်း လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ တောင်ကိုရီးယားဆေးဝါးတွေကို ကမ္ဘာ့ဈေးကွက်တွေမှာ တင်ပို့ရောင်းချပေးခဲ့ပါတယ်။

ဒီကုမ္ပဏီကြီးတွေထဲမှာ ယူကေအခြေစိုက် ဂလက်ဇိုစမစ်ကလိုင်း Merck Sharp & Dohme နဲ့ ပြင်သစ်နိုင်ငံက Sanofi တို့လည်း ပါဝင်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်




စတော့ဈေးနှုန်းတွေမြင့်တက်လာပေမယ့် ထွန်းသစ်စ အာရှနိုင်ငံတွေရဲ့ ငွေကြေးတွေ ဩဂုတ်လ ၂၈ ရက်က တန်ဖိုးကျဆင်းတာကို တွေ့ရတဲ့အပြင် ရက်သတ္တပတ်အလိုက် ကျဆင်းမယ့် အလားအလာတွေ ဆက်လက်တွေ့မြင်နေရပါတယ်။ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း မတည်ငြိမ်မှုအပေါ် စိုးရိမ်မှုမြင့်တက်လာခြင်းနဲ့အတူ စီးပွားရေးအပေါ်ယုံကြည်မှု ကျဆင်းနေတာကိုလည်း တွေ့မြင်နေရပါတယ်။

ဒါပေမယ့် တရုတ်ဗဟိုဘဏ်က ယွမ်ငွေကြေးတန်ဖိုး မြှင့်တင်ဖို့အတွက် ဝင်ရောက် စွက်ဖက်လာတာကြောင့်လည်းကောင်း၊ တောင်ကိုရီးယားနဲ့ တရုတ်(တိုင်ပေ)တို့မှ လအကုန်မှာ ငွေကြေးရှင်းလင်းဖို့ ပို့ကုန်လုပ်ငန်းရှင်များရဲ့ ပြည်တွင်းငွေကြေးကို ဝယ်လိုအားမြင့်မားလာတဲ့အတွက် သက်ဆိုင်ရာ နိုင်ငံသုံးငွေကြေးတွေရဲ့ တန်ဖိုးတွေမြင့်တက်လာပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုကြောင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ထိခိုက်မှုတွေဖြစ်ပေါ်နေတဲ့အတွက် စိုးရိမ်မှုတွေလွန်ကဲနေချိန်မှာ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကိန်းဂဏန်းတွေ မြင့်မားလာတာနဲ့ တိုက်ဆိုင်လျက်ရှိနေတာတွေ့ရပါတယ်။

လွန်ခဲ့တဲ့ရက်သတ္တပတ်အတွင်းမှာ တရုတ်နိုင်ငံရဲ့ စတော့ဈေးကွက်တွေ ၂၀ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့တဲ့အတွက် ကမ္ဘာ့ဒုတိယအကြီးဆုံးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုအတွက် စိုးရိမ်မှုဖြစ်ပေါ်စေကာ ကမ္ဘာ့ငွေကြေး ဈေးကွက်တွေမှာ ကသောင်းကနင်း ဖြစ်လာစေခဲ့ပါတယ်။

**တရုတ်ယွမ်**

တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးဌာနက ဗဟိုဘဏ်ရဲ့ ဖလှယ်နှုန်းကို ဩဂုတ်လ ၂၈ ရက်နေ့မှာ သုည ဒသမ ၉၉ ရာခိုင်နှုန်းမြှင့်တင်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၃၉၃၆ ယွမ်နှုန်း သတ်မှတ်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ပြည်တွင်း ရှယ်ယာဈေးကွက် ပြန်လည်နာလန်ထူလာချိန်မှာ ဘဏ်များနဲ့ ပို့ကုန်လုပ်ငန်းရှင်များက ဒေါ်လာကို ပြန်လည်ရောင်းချလာတဲ့အတွက် ရူပီးငွေကြေးတန်ဖိုးက သုည ဒသမ ၁၀ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၀၄ ရူပီးနှုန်းရှိခဲ့ပါတယ်။ ဘဏ်အချင်းချင်း ငွေကြေးဖလှယ်ရာမှာ ဩဂုတ်လ ၂၆ ရက်က တစ်ဒေါ်လာကို ၆၆ ဒသမ ၁၄ ဒေါ်လာနှုန်းရှိရာမှ နောက်တစ်နေ့ဈေးအဖွင့်မှာ တစ်ဒေါ်လာကို ၆၅ ဒသမ ၉၅ ရူပီးနှုန်းအထိ ရူပီးတန်ဖိုး မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ရူပီးငွေကြေးတန်ဖိုးက တစ်ရက်အတွင်းမှာပင် မတည်မငြိမ်ဖြစ်ကာ တစ်ဒေါ်လာကို ၆၆ ဒသမ ၁၄ ရူပီးအထိ ပြန်လည်ရောက်ရှိခဲ့ပါတယ်။

**ဂျပန်ယန်း**

တိုကျိုဈေးကွက်မှာ ဒေါ်လာတန်ဖိုးက ယန်းငွေနဲ့ ဖလှယ်ရာမှာ ၁၂၁ ဒသမ ၅၀ ယန်းနှုန်း အောက်မှာရှိနေတာကို တွေ့ရပါတယ်။ ဩဂုတ်လ ၂ ရက်နေ့ ညနေငါးနာရီက ဒေါ်လာနဲ့ ယန်းဖလှယ်နှုန်းမှာ နယူးယောက်ဈေးကွက်မှာ တစ်ဒေါ်လာကို ၁၂၀ ဒသမ ၉၈ ယန်းနှုန်းနဲ့ တိုကျိုဈေးကွက်မှာ ၁၂၀ ဒသမ ၄၃ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီအချိန်က တိုကျိုဈေးကွက်ရှိ ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၂၁ ဒသမ ၀၂ ယန်းနှုန်းသို့ ရောက်ရှိခဲ့ပါတယ်။

ယူရိုငွေကြေး ဖလှယ်နှုန်းက ဩဂုတ်လ ၂၇ ရက်ညနေက နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၂၄၁ ဒေါ်လာနဲ့ ၁၃၆ ဒသမ ၉၈ ယန်းနှုန်းဖြင့် လည်းကောင်း တိုကျိုဈေးကွက်မှာ ၁ ဒသမ ၁၃၀၈ဒေါ်လာနဲ့ ၁၃၆ ဒသမ ၁၉ယန်းနှုန်းဖြင့်လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၂၄၄ ဒေါ်လာနှုန်းနဲ့ ၁၃၆ ဒသမ ၀၇ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

အပြည်ပြည်ဆိုင်ရာ ဈေးကွက်မှာ ရင်းဂစ်တန်ဖိုး မြင့်တက်လာမယ့် အလားအလာတွေ တွေ့ရှိနေရတဲ့အတွက် ဩဂုတ်လ ၂၈ ရက်နေ့က ဈေးကွက်အဖွင့်မှာ ရင်းဂစ်ငွေကြေးတန်ဖိုးကဒေါ်လာနဲ့ဖလှယ်ရာမှာ ဆက်လက်မြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

ရင်းဂစ်ငွေကြေးရဲ့ ဖလှယ်နှုန်းက ဩဂုတ်လ ၂၇ ရက်နေ့မှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၂၉၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ကိုးနာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၀၆၀ ရင်းဂစ်နှုန်းအထိရောက်ရှိကာ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

ဒေါ်လာငွေကြေး တန်ဖိုးက တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရက်သတ္တတစ်ပတ်အတွင်း အမြင့်ဆုံးကိုရောက်ရှိခဲ့ပြီး ဒေါ်လာမြင့်တက်မှုအရှိန်နဲ့အတူ ရင်းဂစ်တန်ဖိုးကလည်း လိုက်ပါ မြင့်တက်လာကြောင်း ငွေကြေးဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

ရင်းဂစ်ငွေကြေးတန်ဖိုးက တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်းမြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ဩဂုတ်လ ၂၆ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ဒုတိယသုံးလပတ် စုစုပေါင်းပြည်တွင်းကုန်ထုတ်လုပ်မှု (ဂျီဒီပီ) ကိန်းဂဏန်းတွေက စီးပွားရေးပညာရှင်များရဲ့ ခန့်မှန်းချက်ထက်ကျော်လွန်သဖြင့် ရင်းနှီးမြှုပ်နှံသူတို့ရဲ့ ယုံကြည်မှုမြင့်တက်လာသဖြင့်လည်းကောင်း လကုန်ပိုင်းငွေပေးငွေယူရှင်းရန်အတွက် ပို့ကုန်လုပ်ငန်းရှင်များရဲ့ ဝမ်ငွေကြေး ဝယ်လိုအားမြင့်မားခဲ့သဖြင့်လည်းကောင်း ဒေါ်လာနဲ့ ဖလှယ်ရာမှာ တောင်ကိုရီးယား ဝမ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။အမေရိကန်ဒေါ်လာနဲ့ တောင်ကိုရီးယားဝမ်ငွေ လဲနှုန်းက ဩဂုတ် ၂၇ ရက်က တစ်ဒေါ်လာကို ၁၁၅၈ ဒသမ ၂ ဝမ်နှုန်းရှိခဲ့ရာမှာ ၂၈ ရက်နေ့မှာ ၁၁၇၆ ဒသမ သုညဝမ်နှုန်း ရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေကို ဗဟိုဘဏ်က ပြည်ပဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းတွေဖွင့်ပေးလိုက်တဲ့အတွက် ပြည်ပစီးထွက်ငွေတွေမြင့်မားလာမှာကို စိုးရိမ်မှုကြောင့် ဘတ်ငွေတန်ဖိုးက ခြောက်နှစ်အတွင်း ဖလှယ်နှုန်းများအနက် အနိမ့်ဆုံးအထိ ကျဆင်းခဲ့ပါတယ်။

ထိုင်းဘတ်ငွေတန်ဖိုးက ဗန်ကောက်မှာ ဩဂုတ်လ ၂၈ ရက်နေ့ နေ့လယ် ၁နာရီ ၃၈ မိနစ်မှာ သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး တစ် ဒေါ်လာကို ၃၅ ဒသမ ၈၄၃ ဘတ်နှုန်း ရှိခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## ထိုင်းဗဟိုဘဏ်က နိုင်ငံခြားငွေဖလှယ်နှုန်းမူဝါဒကို ပြောင်းလဲမယ့် အလားအလာရှိ

ထိုင်းနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာမှာ ထိုင်းဗဟိုဘဏ်က ဗဟိုဘဏ်အတိုးနှုန်းကိုပြုပြင်မယ့်အစား နိုင်ငံခြားငွေဖလှယ်နှုန်းမူဝါဒကို ပြောင်းလဲမယ့်အလားအလာရှိနေတဲ့အတွက် ငွေကြေးမူဝါဒအသစ်ကို လိုက်နာဆောင်ရွက်နိုင်ဖို့ပြင်ဆင်ထားကြရန် ထိုင်းစီးပွားရေးလုပ်ငန်းများနဲ့ ရင်းနှီးမြှုပ်နှံသူတွေကို တိုက်တွန်းထားကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

ဒီအခြေအနေကို ကြည့်ခြင်းအားဖြင့် ထိုင်းဗဟိုဘဏ်က အတိုးနှုန်းများထပ်မံလျှော့ချမည့်လက္ခဏာကို မတွေ့ရတော့သလို ငွေကြေးဖောင်းပွမှုကလည်း ပြဿနာမဟုတ်တော့ဘဲ ပို့ကုန်ကျဆင်းမှုက အဓိကပြဿနာဖြစ်နေတာကို ပြသလျက်ရှိနေကြောင်း CIMB Thai Bank ရဲ့ သုတေသနဌာနအကြီးအကဲ အမွန်သက်ချောလာက ပြောပါတယ်။ တရုတ်နိုင်ငံက ယွမ်ငွေကြေးတန်ဖိုးကို လျှော့ချပြီးနောက် အခြားနိုင်ငံတွေကလည်း သူတို့ရဲ့ပို့ကုန်လုပ်ငန်းတွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ထိန်းထားနိုင်ဖို့ ငွေတန်ဖိုးတွေ လျှော့ချခဲ့သလို စင်ကာပူနိုင်ငံကလည်း သူ့နိုင်ငံရဲ့ငွေကြေးတန်ဖိုးကို လျှော့ချလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ယခုနှစ်ပထမနှစ်ဝက်မှာ ထိုင်းဗဟိုဘဏ်က သူ့ရဲ့မူဝါဒအတိုးနှုန်းကို လျှော့ချပေးခဲ့ပေမယ့် နိုင်ငံရဲ့ စီးပွားရေးက တိုးတက်လာတာကို မတွေ့ရသေးပါဘူး။ ဒါကြောင့် ထိုင်းဗဟိုဘဏ်က အတိုးနှုန်းပြန်ညှိပေးမယ့်အစား ငွေကြေးဖလှယ်နှုန်းမူဝါဒကို သတ်မှတ်ပေးသွားမှာ ဖြစ်ကြောင်း အမွန်သက်ကပြောပါတယ်။

ဒီလိုဆောင်ရွက်မှသာ ထိုင်းနိုင်ငံက လူလတ်တန်းစားဝင်ငွေထောင်ချောက်၊ ငွေဖြစ်လွယ်မှုထောင်ချောက်၊ စီးပွားရေးအပေါ်ယုံကြည်မှုထောင်ချောက်နဲ့ လူဦးရေမြင့်တက်မှုထောင်ချောက်တို့ကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။

## ယန်းငွေတန်ဖိုးလျင်မြန်စွာ မြင့်တက်လာခြင်းကို ဂျပန်စီးပွားရေးဝန်ကြီးသတိပေး

ဂျပန်ယန်းငွေတန်ဖိုး လျင်မြန်စွာမြင့်တက်မှုကို ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက ဩဂုတ် ၂၆ ရက်မှာ သတိပေးပြောကြားလိုက်ပြီး တရုတ်နိုင်ငံအနေနဲ့ ကမ္ဘာ့ဈေးကွက်ထဲမှာ အထိတ်အလန့်ဖြစ်အောင် လုပ်ဆောင်လျက်ရှိနေကြောင်း ဝေဖန်ပြောကြားခဲ့ပါတယ်။

တရုတ်နိုင်ငံစီးပွားရေးနဲ့ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့နဲ့ ပတ်သက်ပြီး ထိတ်လန့်ကြောက်ရွံ့မှုတွေကြောင့် ဂျပန်ယန်းငွေနဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာ တန်ဖိုးက ခုနစ်လအတွင်း ဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းများအနက် အနိမ့်ဆုံးသို့ရောက်ရှိခဲ့ပြီးနောက်ပိုင်း အာဆိုရဲ့ ဝေဖန်ပြောကြားချက်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ဒေါ်လာတန်ဖိုးမှာ ယခင်ရက်သတ္တပတ်က တစ်ဒေါ်လာကို ၁၂၄ ယန်းထိရှိခဲ့ပါတယ်။ ဒါပေမယ့် အာဆိုရဲ့ ဝေဖန်ချက်ထွက်ပေါ်ပြီးနောက်ပိုင်း တိုကျိုဈေးကွက်မှာ ဒေါ်လာတန်ဖိုးက ၁၁၉ ဒသမ ၆၀ ယန်းထိ ကျဆင်းခဲ့ပါတယ်။ နယူးယောက်ဈေးကွက်မှာ တစ်ဒေါ်လာကို ၁၁၈ ဒသမ ၅၁ ယန်းအထိ ကျဆင်းခဲ့ပါတယ်။

ယူရိုတန်ဖိုးက တစ်ယူရိုကို ၁၃၇ ဒသမ ၅၅ ယန်းကနေ ၁၃၇ ဒသမ ၉၅ ယန်းထိ မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ယူရိုနဲ့ ဒေါ်လာ ဖလှယ်ရာမှာတော့တစ်ယူရိုကို ၁ ဒသမ ၁၆၀၆ ဒေါ်လာကနေ ၁ ဒသမ ၁၅၃၈ ဒေါ်လာအထိ ကျဆင်းခဲ့ပါတယ်။

တရုတ်နိုင်ငံမှာ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးကျဆင်းမှုအပေါ် စိုးရိမ်မှုကြောင့် ဖြစ်ပေါ်ရတဲ့ ကမ္ဘာ့စတော့ရှယ်ယာဈေးကွက် ကသောင်းကနင်းဖြစ်မှုနဲ့အတူ ကမ္ဘာ့စီးပွားရေးတစ်ခုလုံးကိုပါ ဂယက်ရိုက်ခတ်လာတဲ့အတွက် ကုန်သည်တွေကို ဝရုန်းသုန်းကားဖြစ်တဲ့ကာလမှ လုံခြုံစိတ်ချစွာမှီခိုစရာ အဖြစ်ယူဆထားတဲ့ ဂျပန်ယန်းငွေဘက်သို့ တွန်းပို့ပေးသလိုဖြစ်ခဲ့ပါတယ်။



# မျက်နှာကို ပလတ်စတစ် ဆာဂျရီပြုလုပ်ခဲ့တဲ့ ဖန်ပင်းပင်း

တရုတ်နိုင်ငံရဲ့မင်းသမီးချောတစ်ဦးဖြစ်တဲ့ ဖန်ပင်းပင်းဟာ သူ့ရဲ့မျက်နှာကို ခွဲစိတ်ကုသမှုခံယူပြီး ပလတ်စတစ်ဆာဂျရီပြုလုပ်ခဲ့တယ်လို့ အာရှပေ့ါနယူးဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။



အာရှအဆင့်ကနေ ဟောလိဝုဒ်အထိ တက်လှမ်းလာခဲ့တဲ့ ဖန်ပင်းပင်းဟာ X : Man စီးရီးတွဲတစ်တွဲဖြစ်တဲ့ Day of the Future Past နဲ့ IRON Man 3 ဇာတ်ကားမှာလည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။

တရုတ်နိုင်ငံရဲ့ရုပ်ရှင်လောကမှာ သူ့ရဲ့အလှနဲ့ ထူးခြားလှတဲ့သူ့ရဲ့သရုပ်ဆောင်ချက်တွေကြောင့် ဟောလိဝုဒ်အထိ တက်လှမ်းခဲ့ရတာဖြစ်တယ်လို့ ဆိုပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဖန်ပင်းပင်းဟာ အရွယ်ရောက်လာတာနဲ့ အမျှ ပင်ပန်းမှုဒဏ်ကြောင့် မျက်နှာပြင်မှာ ထင်ပေါ်လာတဲ့ အရေးအကြောင်းတွေကို ဖယ်ရှားဖို့နဲ့ သူ့ရဲ့မျက်နှာကို အမြဲထာဝစဉ်နုပျိုနေစေဖို့ ခွဲစိတ်ပြုပြင်ပြီး ပလတ်စတစ်ဆာဂျရီလုပ်ခဲ့တာဖြစ်တယ်လို့ သတင်းတွေမှာ ဖော်ပြထားပါတယ်။

ဒါပေမယ့်လည်း အဲဒီလို ပလတ်စတစ်ဆာဂျရီလုပ်ပြီး သူ့ရဲ့နုနယ်ပျိုမြစ်မှုကို ထိန်းသိမ်းထားမယ်ဆိုတာ မဟုတ်ဘူးလို့ ဖန်ပင်းပင်းရဲ့ မန်နေဂျာဖြစ်သူက ပြန်လည်ရှင်းပြထားပါတယ်။

ဖန်ပင်းပင်းဟာ တရုတ်လူမျိုးဖြစ်တာကြောင့် သူ့ရဲ့ မျက်လုံးနဲ့ နှုတ်ခမ်းတွေကိုတော့ ခွဲစိတ်ပြုပြင်ထားတာ သေချာပါတယ်လို့ အဲဒီသတင်းမှာ ရေးသားဖော်ပြခဲ့ပါတယ်။

# လာမယ့်အောက်တိုဘာအတွင်း ရုံတင်ပြသမယ့် လူကုန်ကူးမှုပညာပေးဇာတ်ကား Difret

အငြင်းပွားဖွယ်ရာစကားသံတွေကြောင့် ဇာတ်ကားပြသမယ့်ရက်ကို ရွှေ့ဆိုင်းထားခဲ့ရတဲ့ Difret ဇာတ်ကားကို လာမယ့် အောက်တိုဘာ ၂၃ရက်မှာ ပြသမယ်လို့ ထုတ်ဖော်ကြေညာလိုက်ပြီဖြစ်ပါတယ်။




အဲဒီ Dirfret ဇာတ်ကားကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၅ရက်နေ့မှ ပြသမယ်လို့ ထုတ်ဖော်ကြေညာခဲ့ပေမယ့် ဇာတ်ကားနဲ့ပတ်သက်ပြီး အငြင်းပွားဖွယ်ရာစကားသံတွေနဲ့ ပြင်းထန်လှတဲ့ ဝေဖန်ချက်တွေကြောင့် ပြသမယ့်ရက်ကို ရွှေ့ဆိုင်းခဲ့ရတာဖြစ်ပါတယ်။ အဲဒီဇာတ်ကားရဲ့ နောက်ခံအကြောင်းရင်းက ဖြစ်ရပ်မှန်ကို အခြေခံထားတာကြောင့် ခုလိုဝေဖန်မှုတွေ ပြင်းထန်နေရတာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်ကားကို စတင်ဖြစ်ပေါ်လာဖို့ ဖန်တီးပေးခဲ့တဲ့သူကတော့ အီသီယိုးပီးယားက ရှေ့နေမလေးတစ်ဦးဖြစ်ပါတယ်။ သူဟာ အီသီယိုးပီးယားနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ကလေးသူငယ်လူကုန်ကူးမှုကို အခြေခံပြီး သူကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့အခြေအနေကို ဇာတ်လမ်းတစ်ခုအဖြစ် အသွင်ပြောင်းခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် အီသီယိုးပီးယားနိုင်ငံရဲ့ အမျိုးသမီးအများစုဟာ လူကုန်ကူးခံနေရတဲ့အပြင် လိင်ရဲ့ကျေးကျွန်အဖြစ်သို့ပါ ရောက်ရှိခဲ့ရတဲ့အကြောင်းကို ရိုက်ကူးပုံဖော်ထားတာ ဖြစ်ပါတယ်။

အဲဒီဇာတ်ကားမှာ စာရေးသူဟာ အီသီယိုးပီးယား မိန်းကလေးငယ်တွေရဲ့ အသက် ၁၄နှစ်အရွယ်ကတည်းက လိင်ရဲ့ကျေးကျွန်အဖြစ်နဲ့ နေထိုင်ကြရတာတွေကို ပီပီပြင်ပြင် သရုပ်ပေါ်အောင် ဖန်တီးနိုင်ခဲ့တာကြောင့် ဘာလင်ရုပ်ရှင်ပွဲတော်မှာ ပရိသတ်တွေက ပေးတဲ့ဆုကို ရရှိခဲ့ပါတယ်။

အဲဒီဇာတ်ကားကို ဟောလိဝုဒ်ရဲ့ ဒါရိုက်တာ၊ မင်းသမီးတစ်ဦးဖြစ်တဲ့ အိန်ဂျလီနာဂျိုလီကလည်း တွဲဖက်ဒါရိုက်တာအဖြစ်ပါဝင်ခဲ့တာကြောင့် ဝေဖန်မှုတွေ ပိုမိုထွက်ပေါ်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

# စစ်မှုထမ်းတော့မယ့် ပတ်ယိုချန်း



Kpop ရဲ့ မင်းသားချောတစ်ဦးဖြစ်တဲ့ ပတ်ယိုချန်းဟာ စစ်မှုထမ်းဆောင်ဖို့အတွက် နိုဆန်လေ့ကျင့်ရေးစင်တာကို သတင်းပို့လိုက်ပြီဖြစ်တယ်လို့ ဆိုပါတယ်။

သူ့ကို လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက စစ်မှုထမ်းဆောင်ဖို့အတွက် ခေါ်ယူထားခဲ့တာ ဖြစ်ပေမယ့် ဒီနှစ်မှသာ စစ်မှုထမ်းဆောင်ဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

သူ့ရဲ့သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ကင်ဂျီယောင်ဟာလည်း လွန်ခဲ့တဲ့ ငါးလလောက်ကတည်းက စစ်မှုထမ်းဆောင်နေပြီလို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အသက် ၂၉ နှစ်သာရှိသေးတဲ့ သရုပ်ဆောင် ပတ်ယိုချန်းဟာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေ အားလုံးကိုလက်စသတ်နိုင်ခဲ့ပြီးတဲ့နောက်မှာ စစ်မှုထမ်းဖို့ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

သူဟာ Miss Ripley, Rooftop Prince, I Miss You, Three Days, Girl Who Sees Smells စတဲ့ ဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့တယ်လို့ ဆိုပါတယ်။

ယိုချန်းဟာ သူ့ရဲ့အပြစ်ကင်းစင်လှတဲ့ မျက်နှာသွင်ပြင်နဲ့ သရုပ်ဆောင်ရာမှာလည်း ထူးချွန်လှတာကြောင့် ပရိသတ်တွေရဲ့ အားပေးမှုကို ရရှိနေတာဖြစ်ပါတယ်။




## ၂၀၁၆ မတ်လမှာ ဂီတလောကကို ပြန်လည်ဝင်ရောက်လာမယ်လို့ ထပ်မံကြေညာလိုက်တဲ့

# One Direction

One Direction အဖွဲ့ဟာ သူတို့ရဲ့အောင်မြင်ကျော်ကြားနေတဲ့ဂီတလောကကို ၂၀၁၆ခုနှစ်မတ်လမှာ ပြန်လည်ဝင်ရောက်လာမယ်လို့ ကြေညာလိုက်ပါ တယ်။

One Directionအဖွဲ့ဟာ သူတို့ရဲ့ကျန်းမာရေးအခြေအနေတွေကြောင့် ဂီတလောကကနေ ခေတ္တအနားယူမယ်လို့ထုတ်ဖော်ကြေညာခဲ့ပြီးတဲ့နောက် သူတို့အဖွဲ့ရဲ့ ပရိသတ်တွေကြားမှာ ဝေဖန်သံတွေ သောသောညံခဲ့ပါတယ်။

အဲဒီအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဇန်မာလစ် နုတ်ထွက်သွားပြီးတဲ့နောက် သူတို့အဖွဲ့ ပြိုကွဲသွားပြီဆိုတဲ့သတင်းတွေကလည်း တွစ်တာပေါ်မှာပလူပျံခဲ့ပါတယ်။

One Direction အဖွဲ့မှာ ကျန်ခဲ့တဲ့ အဖွဲ့ဝင်လေးဦးဖြစ်တဲ့ ဟယ်ရီစတိုင်၊ နေးလ်ဟိုရန်၊ လူးဝစ္စတော်မီလ်ဆင်နဲ့ Liam တို့ဟာ သူတို့အဖွဲ့ ပြိုကွဲသွားခြင်းမဟုတ်ကြောင်း တွစ်တာကနေတစ်ဆင့် ပြန်လည်ရှင်းပြခဲ့ပေမယ့် သူတို့ကိုချစ်တဲ့ ပရိသတ်တွေက လက်မခံခဲ့ပါဘူး။

အဲဒီလိုဖြစ်နေချိန်မှာ X Factor ရဲ့ဂျူရီတစ်ဦးဖြစ်တဲ့ ဆိုင်မွန်ကောဝဲလ်ကလည်း One Direction အဖွဲ့အနေနဲ့ သူ့ရဲ့X Factor စင်မြင့်ထက်မှာ နောက်ဆုံးအနေနဲ့ လာရောက်ဖျော်ဖြေပေးစေချင်တယ်လို့ ပြောကြားလိုက်တဲ့အတွက် ပရိသတ်တွေရဲ့စိုးရိမ်စိတ်တွေဟာ ပိုမိုမြင့်တက်လာခဲ့ပါတယ်။

"ကျွန်တော်တို့ ၂၀၁၆ခုနှစ် မတ်လအတွင်းမှာ ပရိသတ်တွေ ရှေ့မှောက်ကို ပြန်လည်ရောက်ရှိလာမှာပါ။ ပရိသတ်တွေနဲ့ ခေတ္တခဏလောက်သာ ခွဲခွာနေခဲ့တာပါ။ အားလုံးကိုချစ်ပါတယ်"လို့ ဟယ်ရီစတိုင်လ်က သူ့ရဲ့တွစ်တာကနေတစ်ဆင့် ပြောကြားခဲ့တာဖြစ်ပါတယ်။

MITS

## မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်

BGK 6012421

# မော်တော်ယာဉ်တင်သွင်းသူတို့အတွက် သတင်းကောင်း

မြန်မာကုန်ပစ္စည်း စစ်ဆေးရေး နှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (**MITS**) သည် မြန်မာနိုင်ငံသို့ တင်သွင်းလာသည့်မည်သည့် မော်တော်ယာဉ်အမျိုးအစားကိုမဆို စနစ်တကျ စစ်ဆေးပေးလျက်ရှိပါကြောင်း သတင်းကောင်းပေးလိုက်ပါတယ်။

ပြည်ပနိုင်ငံများမှတင်ပို့သော မော်တော်ယာဉ်များကိုသင်္ဘောမတင်မီ စစ်ဆေးခြင်း (Pre shipment Inspection - PSI) နှင့် မြန်မာနိုင်ငံဆိပ်ကမ်းသို့ဆိုက်ရောက်ချိန်တွင်ဆိပ်ကမ်းရောက်စစ်ဆေးခြင်း(DestinationSurvey)လုပ်ငန်းများကိုMITSစစ်ဆေးရေးမှူးများမှ တိကျစွာ စစ်ဆေးပေးလျက်ရှိပါတယ်။

**MITS** ရုံးခွဲများကို စိတ်ချယုံကြည်ရသည့် စစ်ဆေးရေးအဖွဲ့များဖြင့် ကိုရီးယားနိုင်ငံ နှင့် ဂျပန်နိုင်ငံတွင် တည်ထောင်ဖွင့်လှစ်ထားပြီး သင်္ဘောမတင်မီစစ်ဆေးခြင်း (**PSI**) လုပ်ငန်းကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် Pre shipment Inspection – PSI နှင့် Destination Survey များကိုစနစ်တကျ စစ်ဆေးခြင်းဖြင့် -





- ▶ နိုင်ငံတော်မှ သတ်မှတ်ထားသည့် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ မူဝါဒနှင့် ကိုက်ညီသည့် မော်တော်ယာဉ်များကို တင်သွင်းနိုင်ခြင်း။
- ▶ တိုက်ကြေကားများ၊ တင်ပို့နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဒဏ်ခံထားရသောကားများ၊ ရေ (ပင်လယ်ရေ)နစ်မြုပ်ထားသောကားများ၊ ခိုးရာပါကားများ တင်သွင်းလာခြင်းများ တွေ့ရှိပါက တင်ပို့သူအား အသိပေးခြင်းဖြင့် ကြိုတင်ဖြေရှင်းနိုင်ခြင်း။
- ▶ မှန်ကန်သော စာရွက်စာတမ်း စစ်ဆေးချက်များဖြင့် ဆိပ်ကမ်းရှင်းလင်းရေး (**Custom Clearance**) လုပ်ငန်းစဉ်များကို အချိန်နှင့် တစ်ပြေးညီ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း။
- ▶ စစ်ဆေးရရှိထားတဲ့ မော်တော်ယာဉ်ဆိုင်ရာအချက်အလက်အပြည့်အစုံကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ **Data Processing** အမှားအယွင်းမရှိ ထည့်သွင်းနိုင်ခြင်း။
- ▶ မိမိပေးချေရတဲ့ တန်ဖိုးငွေကြေးနဲ့ ထိုက်တန်သည့် အရည်အသွေးမှန်ကန်သော၊ လုံခြုံစိတ်ချရသော၊ ပတ်ဝန်းကျင်ထိခိုက်မှုကင်းရှင်းသော ကိုက်ညီမှန်ကန်ခြင်းများအား သင်္ဘောမတင်မီ စစ်ဆေးသိရှိနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။

ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံမှ မော်တော်ယာဉ်တင်သွင်းလိုတဲ့လူကြီး မင်းများအားလုံး **MITS** မှာ လုပ်ငန်း အပ်နှံပါက သင့်တင့်မျှတတဲ့ ဝန်ဆောင်ခနှုန်းထားဖြင့် လူကြီးမင်းတို့ စိတ်ကျေနပ်မှုအပြည့်အဝရရှိစေမှာဖြစ်ကြောင်း သတင်းပေးအပ်ပါတယ်။

မော်တော်ကားအရောင်းပြခန်းများ၊ မော်တော်ယာဉ်တင်သွင်းသူများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများအား လေးစားစွာကြိုဆိုလျက်

**MYANMAR INSPECTION & TESTING SERVICES LTD. (MITS)**
No. 124/128 Bo Aung Kyaw Street,Bohtataung Township, Yangon, Union of Myanmar
**Tel** - 95 1 380201, 95 1 380202, 95 1 380203, **Fax** - 95 1 380206



- ရောင်းမှား/ဝယ်မှားဖြစ်လို့ ဈေးနှုန်းတန်ဖိုးနှင့် ထိုက်တန်တဲ့ မော်တော်ယာဉ်ကိုမရရှိခြင်း။
- စာရွက်စာတမ်းများ အလွဲအမှားကြောင့် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းများ ကြန့်ကြာခြင်း။
- Mileage မှန်ကန်မှုမရှိသည့် မော်တော်ကားများကို တင်သွင်းမိ၍ ကား Accident ဖြစ်ခြင်း။
- မလိုအပ်ပဲကုန်ကျစရိတ်ပိုမိုကုန် ကျခြင်း။
- ဒဏ်တပ်ခံရခြင်း၊ အသိမ်းခံရခြင်း။

စသည့်ဆိုးကျိုးများ ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချမှုရရှိစေဖို့ **MITS** မှာ လုပ်ငန်းအပ်နှံကြပါစို့။

# COMMERCE INTERNATIONAL


# CLMV နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံရန် အိန္ဒိယနိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၁၀၀ လျာထား

အာဆီယံဒေသတွင်းရှိ CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်) နိုင်ငံများရှိ ဈေးကွက်များကို အိန္ဒိယရင်းနှီးမြှုပ်နှံသူတို့ ထိုးဖောက်နိုင်ရေးအတွက် အကူအညီပေးရန် ရန်ပုံငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ လျာထားကြောင်း အိန္ဒိယနိုင်ငံက ကြေညာခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုအတွက် ဖွဲ့စည်းထားတဲ့ ကုမ္ပဏီများက CLMV နိုင်ငံများသို့ သွားရောက်၍ လုပ်ငန်းလုပ်ကိုင်ဖို့ ဆန္ဒရှိတဲ့ အိန္ဒိယရင်းနှီးမြှုပ်နှံသူများအတွက် စီစဉ်ဆောင်ရွက်ပေးမှာ ဖြစ်ကြောင်း အိန္ဒိယစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး နီမာလာစီသာရာမန်ရဲ့ ပြောကြားချက်ကို ကိုးကားပြီးနယူးစထရိတ်တိုင်းဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

"မကြာသေးမီကမှ ဆောင်ရွက်ခဲ့တဲ့ ဒီကနဦး ရန်ပုံငွေနဲ့ CLMV ဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံသူတွေကို အကူအညီပေးသွားမှာဖြစ်ပါတယ်" လို့ (၁၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနဲ့ အိန္ဒိယနိုင်ငံတို့ စေ့စပ်ညှိနှိုင်းရေး အစည်းအဝေးကို တက်ရောက်ပြီးနောက်ပိုင်း သူမက ပြောပါတယ်။




အာဆီယံ-အိန္ဒိယ စီးပွားရေးလုပ်ငန်းကောင်စီကလည်း ပြန်လည်သက်ဝင်လှုပ်ရှားလာတော့မှာဖြစ်ကြောင်း သူမကပြောပါတယ်။

ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအဆင့်ကို မြှင့်တင်နိုင် ဖို့အတွက် နယ်ပယ် ၁၁ ခုကို ဖြေရှင်းဆောင်ရွက်သွားကြဖို့ စီးပွားရေးဝန်ကြီးတွေက အစည်းအဝေးမှာ သဘောတူခဲ့ကြပါတယ်။

နိုင်ငံတစ်ခုချင်းစီက မိမိတို့စိတ်ဝင်စားတဲ့ နယ်ပယ်တစ်ခုခုကိုရွေးပြီး စီးပွားရေးလုပ်ငန်းကောင်စီနဲ့ ဆွေးနွေးကြဖို့ အကြံပြုထားကြောင်းလည်း ပြောပါတယ်။

အပြည်ပြည်ဆိုင်ရာ စံနှုန်းအရ အသိအမှတ်ပြုခံထားရတဲ့ အိန္ဒိယကျွမ်းကျင်အတတ်ပညာရှင်တွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် အာဆီယံနိုင်ငံတွေအတွက် အကျိုးစီးပွားဖြစ်စေမှာ ဖြစ်ကြောင်း ဝန်ဆောင်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် အာဆီယံ-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်မှုနဲ့ပတ်သက်ပြီး နီမာလာက ပြောကြားပါတယ်။

ယခုကဲ့သို့ ဆောင်ရွက်ရာမှာ အိုင်တီဝန်ဆောင်မှုလုပ်ငန်းများအတွက်သာ ကန့်သတ်မထားဘဲ တခြားကဏ္ဍများမှ ကျွမ်းကျင်အတတ်ပညာရှင်များကိုလည်း ပါဝင်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း သူမက ပြောပါတယ်။

**UNT**

♦ ♦ ♦


## စိုက်ပျိုးရေးသမားများအားထားရာ .........

## မာလာမြိုင်

### စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၄၊ ၀၁-၅၀၄၆၀၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၁၊၀၂-၃၀၇၉၀



Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

**SINOR LINES** RO/RO Service for Myanmar

<< August And September Sailing Schedule >>

DATE : 31st August 2015

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.7.2015 | 27.7.2015 | 25.7.2015 | | 22.7.2015 | | 4.8.2015 | 8.8.2015 | |
| | S/O CUT | | | | | | | | 22.7.2015 | 23.7.2015 | 21.7.2015 | | | | | | |
| MV.CITY OF MUMBAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.8.2015 | 9.8.2015 | 10.8.2015 | | | | | 15.8.2015 | 22.8.2015 | 30.8.2015 |
| | S/O CUT | | | | | | | 4.8.2015 | 5.8.2015 | 6.8.2015 | | | | | | | |
| MV.HOEGH CHENNAI V.16 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.8.2015 | 27.8.2015 | 25.8.2015 | | 22.8.2015 | | | 8.9.2015 | |
| | S/O CUT | | | | | | | | 22.8.2015 | 23.8.2015 | 21.8.2015 | | | | | | |
| MV.CITY OF MUMBAI V.23 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.9.2015 | 9.9.2015 | 10.9.2015 | | | | | | 21.9.2015 | 29.9.2015 |
| | S/O CUT | | | | | | | 4.9.2015 | 5.9.2015 | 6.9.2015 | | | | | | | |
| MV.HOEGH CHENNAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.9.2015 | 26.9.2015 | 24.9.2015 | | 21.9.2015 | | 5.10.2015 | 9.10.2015 | |
| | S/O CUT | | | | | | | | 21.9.2015 | 22.9.2015 | 20.9.2015 | | | | | | |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.10.2015 | 9.10.2015 | 10.10.2015 | | | | | 18.10.2015 | 22.10.2015 | 30.10.2015 |
| | S/O CUT | | | | | | | 4.10.2015 | 5.10.2015 | 6.10.2015 | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်သုံးနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။